စာရင်းဝင်ရန် ဖွင့်ဟကြေညာစာတမ်း ၂၀၂၀ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့

ဤစာတမ်းသည် အရေးကြီးသော စာတမ်းဖြစ်ပါသည်။ လူကြီးမင်း အနေဖြင့် အချက်အလက်များအား တစ်စုံတစ်ရာ သံသယ ရှိလျှင် မည်သို့ဆောင်ရွက်သင့်ကြောင်း လူကြီးမင်း၏ ဥပဒေ ဆိုင်ရာ၊ ဘဏ္ဍာရေး ဆိုင်ရာ၊ အခွန် ဆိုင်ရာ သို့မဟုတ် အခြား ကျွမ်းကျင်ပညာရှင် အကြံပေးပုဂ္ဂိုလ်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။

ဤစာရင်းဝင်ကုမ္ပဏီဖြစ်ရန်ဖွင့်ဟကြေညာစာတမ်းကို အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ("ကုမ္ပဏီ") က ရန်ကုန်စတော့အိပ်ချိန်း ("YSX") တွင် မိမိတို့၏ ထုတ်ဝေ၊ ထည့်ဝင်ပြီးသော အစုရှယ်ယာ မတည်ငွေရင်း ("အစုရှယ်ယာများ") ၏ ၁၀၀ % စာရင်းဝင်ခြင်း နှင့် စပ်လျဉ်း၍ ထုတ်ဝေသည် ("စာရင်းဝင်ခြင်း")။

စာရင်းမဝင်မီက အစုရှယ်ယာများကို မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားနေရာတွင်ဖြစ်စေ မည်သည့် စတော့အိတ်ချိန်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များဆိုင်ရာ အိတ်ချိန်း တစ်ခုခုတွင် စာရင်းဝင်ထားခြင်း သို့မဟုတ် ဈေးနှုန်းဖော်ပြခြင်းမပြုခဲ့ပါ။ ကုမ္ပဏီသည် ၂၀၁၈ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့ တွင် အလားအလာညွှန်းတမ်း တစ်စောင် (၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့ တွင် ဖြည့်စွက်ချက်စာတမ်းဖြင့် ပြင်ဆင်ထားသည့်အတိုင်း) ထုတ်ပြန်ခဲ့ပြီး ယင်းအရ အစုရှယ်ယာအသီးသီးအတွက် ကမ်းလှမ်းတန်ဖိုး ၅,၀၀၀ ကျပ် ဖြင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူ ၅၉၆ ဦး က အစုရှယ်ယာ ၄၉၇,၅၉၈ စုကို အောင်မြင်စွာဝယ်ယူထားပြီး ဖြစ်ပါသည်။ ကုမ္ပဏီ၏ အစုရှယ်ယာအားလုံးကို အမျိုးအစားခွဲမထားဘဲ ထပ်တူညီသော အခွင့်အရေးနှင့် အကျိုးခံစားခွင့်များရှိပါသည်။

အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံရာ၌ ဆုံးရှုံးနိုင်ခြေများရှိပြီး ယင်းတို့ကို စာမျက်နှာ [၂၃] မှစတင်သော "***အပိုင်း ၂ စာရင်းဝင်ခြင်းဆိုင်ရာ သတင်းအချက်အလက် - ဆုံးရှုံးနိုင်ခြေရှိသည့်အကြောင်းရင်းများ***" တွင် ဖော်ပြထားပါသည်။

မိမိတို့၏ ရှယ်ယာများကို (၁) မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၂ (c) အရ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ် (၂) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ "နိုင်ငံခြားကုမ္ပဏီ" အဖြစ် သင့်လျော်စွာဖွဲ့စည်းထူထောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အစုအဖွဲ့ တစ်ခု နှင့် နိုင်ငံခြားစီရင်ပိုင်ခွင့်တစ်ခုရှိ ဥပဒေများအပါအဝင် အခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထူထောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အစုအဖွဲ့တစ်ခုခု (စုပေါင်း၍ "မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများ") ထံ နောက်ပိုင်းတွင် ထုတ်ဝေမှု သို့မဟုတ် လွှဲပြောင်းမှု သို့မဟုတ် အခြားနည်း စွန့်လွှတ်မှု တစ်ရပ်ရပ်သည် မြန်မာနိုင်ငံသားမဟုတ်သောရင်းနှီးမြှုပ်နှံသူများက တိုက်ရိုက်ကိုင်ဆောင်ထားသော အစုရှယ်ယာ စုစုပေါင်းရာခိုင်နှုန်း မှာ ၃၅ % ထက် နည်းမှသာလျှင် ("သတ်မှတ်ပမာဏ(Threshold)") သက်ရောက်မှုရှိနိုင်မည်ဖြစ်ပြီး သတ်မှတ်ပမာဏ နှင့် စပ်လျဉ်း၍ မြန်မာအစိုးရ သို့မဟုတ် YSX က နောက်ပိုင်း ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ သို့မဟုတ် ကြေညာချက် များ နှင့်အညီဖြစ်စေရမည်။ ထို့ပြင် မြန်မာနိုင်ငံသားမဟုတ်သည့် ရင်းနှီးမြှုပ်နှံသူများက တိုက်ရိုက်ကိုင်ဆောင်ထားသော အစုရှယ်ယာ စုစုပေါင်း ရာခိုင်နှုန်းမှာ သတ်မှတ်ပမာဏ သို့မဟုတ် ကုမ္ပဏီက YSX ထံ အသိပေးထားသည့် အတိုင်း သို့မဟုတ် YSX က .သတ်မှတ်ပေးထားသည့်အတိုင်း ကုမ္ပဏီက သတ်မှတ်နိုင်သော အခြားသော သတ်မှတ်ပမာဏ တစ်ရပ်ရပ် ကို ကျော်လွန်သွားပါက မိမိတို့၏ အစုရှယ်ယာများကို မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများထံ နောက်ပိုင်းတွင် ထုတ်ဝေမှု သို့မဟုတ် လွှဲပြောင်းမှု သို့မဟုတ် အခြားနည်း စွန့်လွှတ်မှု တစ်ရပ်ရပ်ကို ကန့်သတ်နိုင်သည်။ အစုရှယ်ယာ အရောင်းအဝယ် နှင့် ငွေပေးချေမှုများ အားလုံးကို မြန်မာကျပ်ဖြင့်သာ ပြုလုပ်ပါမည်။

ဤဖွင့်ဟကြေညာစာတမ်းမှာ မြန်မာနိုင်ငံပြင်ပတွင် ဖြန့်ချိရန် မဟုတ်ဘဲ ဤတွင်လွှမ်းခြုံဖော်ပြသော အစုရှယ်ယာများအရောင်းအဝယ်ပြုခွင့်မှာ မြန်မာနိုင်ငံတွင်သာနှင့် မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံတွင်ဖွဲ့စည်းထူထောင်သော ပြည်တွင်း ကုမ္ပဏီများ (ဆိုလိုသည်မှာ (ကုမ္ပဏီများဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း) နိုင်ငံခြားကုမ္ပဏီတစ်ခုမဟုတ်သည့် ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုခု) နှင့် မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများ ထံ ရောင်းဝယ်နိုင်သည် (မြန်မာနိုင်ငံသားမဟုတ်သည့် ရင်းနှီးမြှုပ်နှံသူများ ထံ နောက်ပိုင်းတွင် ထုတ်ဝေမှု သို့မဟုတ် လွှဲပြောင်းမှု သို့မဟုတ် အခြားနည်း စွန့်လွှတ်မှု ဖြစ်စဉ်တစ်ရပ်ရပ်တွင် မြန်မာနိုင်ငံသားမဟုတ်သောရင်းနှီးမြှုပ်နှံသူများ က တိုက်ရိုက်ကိုင်ဆောင်ထားသော အစုရှယ်ယာ စုစုပေါင်းရာခိုင်နှုန်း မှာ သတ်မှတ်ပမာဏ သို့မဟုတ် ကုမ္ပဏီက YSX ထံ အသိပေးထားသည့် အတိုင်း သို့မဟုတ် YSX က သတ်မှတ်ပေးထားသည့်အတိုင်း ကုမ္ပဏီက သတ်မှတ်နိုင်သော အခြားသော သတ်မှတ်ပမာဏ တစ်ရပ်ရပ် ထက် နည်းမှသာလျှင် သက်ရောက်မှုရှိနိုင်သည်။ မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူ တစ်ဦးအနေဖြင့် အစုရှယ်ယာများနှင့်စပ်လျဉ်း၍ လူကြီးမင်း၏ အခွင့်အရေး များကို စွန့်လွှတ်ရန် သို့မဟုတ် ကျင့်သုံးရန် လူကြီးမင်း၏ လုပ်ဆောင်နိုင်စွမ်းနှင့်ပတ်သက်၍ သံသယတစ်စုံတစ်ရာရှိပါက ဥပဒေရေးရာ၊ ဘဏ္ဍာရေးရာ၊ အခွန်ရေးရာ နှင့် အခြားသက်မွေးပညာရှင် အကြံပေးပုဂ္ဂိုလ်များနှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ "အပိုင်း ၂ စာရင်းဝင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ - အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအတွက် အရေးပါသောအချက်များ" ကိုကြည့်ပါ)။

AMATA

HOLDING
PUBLIC CO., LTD.

(ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၀၄၅၆၁၅)

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၇ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ပေးရန်တာဝန် ကန့်သတ်ထားလျှက် ဖွဲ့စည်းတည်ထောင်သည်)

စာရင်းဝင်ခြင်းဆိုင်ရာ ဘဏ္ဍာရေးအကြံပေး
Myanmar Securities Exchange Centre

သို့

ရန်ကုန်စတော့အိတ်ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်။

အစုရှယ်ယာများထုတ်ဝေသည့်ကုမ္ပဏီ၏ အမည်	:	အမတဟိုး(လ်)ဒင်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်
ကိုယ်စားပြုသူ၏အမည်နှင့် ရာထူး	:	ဦးဝင်းအောင် ဥက္ကဋ္ဌ
လျှောက်လွှာတင်သွင်းသည့် နေ့စွဲ	:	၂၀၂၀ ခုနှစ်၊ ဇွန်လ ၃၀ရက်
မှတ်ပုံတင်ထားသည့်ရုံးလိပ်စာ	:	အမှတ်၁၀၊အင်းယားရိပ်သာလမ်း၊ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။
ဆက်သွယ်ရန် လိပ်စာ	:	အထက်ဖော်ပြပါ ရုံးလိပ်စာ အတိုင်းဖြစ်ပါသည်။
ဖုန်းနံပါတ်	:	+၉၅-၉-၈၉၉၀၄၄၀၇၇၊ +၉၅-၉-၈၉၉၀၄၄၀၈၈၊ +၉၅-၉-၈၉၉၀၄၄၀၉၉
ဖက်စ်	:	+၉၅-၁-၆၅၇၆၉၀
အီးမေး(လ်)	:	info@amataholding.com

ကုမ္ပဏီ၏ဘဏ္ဍာရေး အကြံပေး အမည်	:	မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ၂၁-၂၅ ၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် (MEB) ပထမ ထပ် (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။
ကုမ္ပဏီ၏ ဥပဒေအကြံပေးအမည်	:	Allen & Gledhill (Myanmar) Co., Ltd Junction City Tower၊ အမှတ် ၁၈-၀၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။
ကုမ္ပဏီ၏ စာရင်းစစ်အမည်	:	Khin Su Htay & Associates Limited အခန်းအမှတ် ၅၊ တိုက်အမှတ် ဂ/၁၊ မြေညီထပ်၊ နှင်းဆီလမ်း၊ Yuzana Highway Complex၊နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။
အစုရှယ်ယာများထုတ်ဝေသည့်ကုမ္ပဏီ၏အမြဲအသုံးပြုမည့်ဘဏ်	:	ကမ္ဘောဇောဏ် လီမိတက် အမှတ် (၃၃၊၃၉)၊ မဟာဗ ဘဏ်လမ်းနှင့်နွားလလမ်း ထောင့်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။ မြဝတီဘဏ်လီမိတက် အမှတ် (၁၅၁)၊ ဝါးတန်းလမ်း၊ Myawaddy Luxury Complex၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။

<u>စာရင်းဝင်ခြင်း</u>

တင်သွင်းမည့် အစုရှယ်ယာ အမျိုးအစား	:	သာမန်အစုရှယ်ယာ
တင်သွင်းမည့် စတော့အိပ်ချိန်း	:	ရန်ကုန်စတော့အိပ်ချိန်း

<u>ဖွင့်ဟကြေညာစာတမ်းအား အများပြည်သူကြည့်ရှုနိုင်မည့်နေရာ</u>

ကုမ္ပဏီရုံးခန်း အမည်	:	အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အမှတ် ၁၀၊ အင်းယားရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။ မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ၂၁-၂၅ ၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် (MEB) ပထမထပ် (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။

ဤစာရင်းဝင်ရန် ဖွင့်ဟကြေညာစာတမ်း အရ မည်သည့်အစုရှယ်ယာကိုမျှ ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းထားခြင်းမရှိပါ။

အကြောင်းအရာ	မာတိကာ	စာမျက်နှာ
အပိုင်း ၁။	စာရင်းဝင်ခြင်းဆိုင်ရာ အကျဉ်းချုပ်	၆
အပိုင်း ၂။	စာရင်းဝင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ	၂၀
အပိုင်း ၃။	အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ	၅၈
အပိုင်း ၄။	အစုရှယ်ယာထုတ်ဝေသည့်ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအဖွဲ့၊ အစုရှယ်ယာရှင်များ၊ အစုရှယ်ယာများဆိုင်ရာ သတင်းအချက်အလက်များ	၁၃၄
အပိုင်း ၅။	ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက်ချက်များ	၁၆၄
အပိုင်း ၆။	ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ	၁၈၉
အပိုင်း ၇။	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်	၁၉၁
အပိုင်း ၈။	မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်	၁၉၂
အပိုင်း ၉။	လုပ်ငန်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ ဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ်	၁၉၉
အပိုင်း ၁၀။	အခွန်ဆိုင်ရာ ကိစ္စရပ်များ	၂၀၅
အပိုင်း ၁၁။	အခြားသတင်းအချက်အလက်များ	၂၀၇
အပိုင်း ၁၂။	အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာများ၏လက်မှတ်များ	၂၀၉

<u>အပိုင်း ၁။ စာရင်းဝင်ခြင်းဆိုင်ရာ အကျဉ်းချုပ်</u>

<u>၁-၁။ ရင်းနှီးမြှုပ်နှံလိုသူများ သတိပြုရမည့်အချက်များ</u>

ဤဖွင့်ဟကြေညာစာတမ်းကို ရန်ကုန်စတော့အိတ်ချိန်းရှိ မိမိတို့၏ ရှိရင်းစွဲအလုံးစုံ ထုတ်ဝေ၊ ထည့်ဝင်ရောင်းချပြီးသော အစုရှယ်ယာ မတည်ငွေရင်းများအားလုံး စာရင်းဝင်ခြင်းအတွက် ရည်ရွယ်၍ ပြုစုထားခြင်းဖြစ်ပြီး ကုမ္ပဏီ၏အစုရှယ်ယာသစ်များ ဝယ်ယူရန် အများပြည်သူကို ဖိတ်ခေါ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းအတွက်ပြုစုထားခြင်း မဟုတ်ပါ။ ကုမ္ပဏီ၏ အစုရှယ်ယာများကို မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံတွင်ဖွဲ့စည်းထူထောင်သော ပြည်တွင်းကုမ္ပဏီများ (ဆိုလိုသည်မှာ (ကုမ္ပဏီများဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း) နိုင်ငံခြားကုမ္ပဏီတစ်ခုမဟုတ်သည့် ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုခု) နှင့် မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများ (မြန်မာနိုင်ငံသားမဟုတ်သည့် ရင်းနှီးမြှုပ်နှံသူများ ထံ နောက်ပိုင်းတွင် ထုတ်ဝေမှု သို့မဟုတ် လွှဲပြောင်းမှု သို့မဟုတ် အခြားနည်း စွန့်လွှတ်မှု ဖြစ်စဉ်တစ်ရပ်ရပ်တွင် မြန်မာနိုင်ငံသားမဟုတ်သောရင်းနှီးမြှုပ်နှံသူများ က တိုက်ရိုက်ကိုင်ဆောင်ထားသော အစုရှယ်ယာ စုစုပေါင်းရာခိုင်နှုန်းမှာ သတ်မှတ်ပမာဏ (Threshold) သို့မဟုတ် ကုမ္ပဏီက YSX ထံ အသိပေးထားသည့် အတိုင်း သို့မဟုတ် YSX က သတ်မှတ်ပေးထားသည့်အတိုင်း ကုမ္ပဏီက သတ်မှတ်နိုင်သော အခြားသော သတ်မှတ်ပမာဏ တစ်ရပ်ရပ်ထက် နည်းမှသာလျှင် သက်ရောက်မှုရှိနိုင်သည်) က သာ ဝယ်ယူနိုင်သည်။ ထို့ပြင် မြန်မာနိုင်ငံသားမဟုတ်သည့် ရင်းနှီးမြှုပ်နှံသူများက တိုက်ရိုက်ကိုင်ဆောင်ထားသော အစုရှယ်ယာ စုစုပေါင်းရာခိုင်နှုန်းမှာ သတ်မှတ်ပမာဏ သို့မဟုတ် ကုမ္ပဏီက YSX ထံ အသိပေးထားသည့် အတိုင်း သို့မဟုတ် YSX က သတ်မှတ်ပေးထားသည့်အတိုင်း ကုမ္ပဏီက သတ်မှတ်နိုင်သော အခြားသော သတ်မှတ်ပမာဏ တစ်ရပ်ရပ်ကို ကျော်လွန်သွားပါက မိမိတို့၏ အစုရှယ်ယာများကို မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများ ထံ နောက်ပိုင်းတွင် ထုတ်ဝေမှု သို့မဟုတ် လွှဲပြောင်းမှု သို့မဟုတ် အခြားနည်းစွန့်လွှတ်မှု တစ်ရပ်ရပ်ကို ကန့်သတ်နိုင်သည်။ အစုရှယ်ယာများနှင့်စပ်လျဉ်း၍ လူကြီးမင်း၏ အခွင့်အရေး များကို စွန့်လွှတ်ရန် သို့မဟုတ် ကျင့်သုံးရန် လူကြီးမင်း၏ လုပ်ဆောင်နိုင်စွမ်းနှင့်ပတ်သက်၍ သံသယတစ်စုံတစ်ရာရှိပါက၊ ဥပဒေရေးရာ၊ ဘဏ္ဍာရေးရာ၊ အခွန်ရေးရာ နှင့် အခြားသက်မွေးပညာရှင် အကြံပေးပုဂ္ဂိုလ်များနှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်[၁]။

မှတ်ချက် -

၁။ နောက်ထပ်သတင်းအချက်အလက်အတွက်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် က ထုတ်ပြန်ခဲ့သော ၁၃စာ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ ကို ရည်ညွှန်းပါသည်။ ယင်းတွင် အခြားအရာများနှင့်အတူ အချို့သော အခြေအနေများတွင် မြန်မာနိုင်ငံသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများ၏ မဲပေးပိုင်ခွင့်များကို ကန့်သတ်ထားနိုင်သည့် အချက်လည်းပါဝင်ပါသည်။

စာရင်းဝင်ရန်အတွက် ဤဖွင့်ဟကြေညာစာတမ်းကို ဒါရိုက်တာများက အတည်ပြုပါသည်။ ဤတွင် ပါဝင်သော သတင်းအချက်အလက်များ၏ တိကျမှုနှင့် ပြည့်စုံမှုအတွက် ဒါရိုက်တာအသီးသီးက အပြည့်အဝ တာဝန်ယူပါသည်။ ကျိုးကြောင်းဆီလျော်သော စုံစမ်းမေးမြန်းမေးမြန်းမှုများ ပြုလုပ်ပြီး သူ၊သူမ၏ အကောင်းဆုံး အသိပညာဗဟုသုတ နှင့် ယုံကြည်မှု အရ ဤဖွင့်ဟကြေညာစာတမ်းတွင် မှားယွင်းသော သို့မဟုတ် လှည့်ဖျားထားသော ထုတ်ပြန်ချက်မျိုး မရှိကြောင်း သို့မဟုတ် ထုတ်ပြန်ချက် တစ်ရပ်ရပ်ကို မှားယွင်းစေသော သို့မဟုတ် လှည့်ဖျားရာရောက်စေသော အခြားအချက်အလက်များ ချန်လှပ်ထားခြင်းမျိုးမရှိကြောင်း ဒါရိုက်တာအသီးသီးက အာမခံပါသည်။

ရန်ကုန်စတော့အိတ်ချိန်းက ဤဖွင့်ဟကြေညာစာတမ်းကို မှတ်ပုံတင်ခြင်း နှင့် အတည်ပြုခြင်းသည် စာရင်းဝင်ရန်အတွက် ဥပဒေအရ သို့မဟုတ် စည်းမျဉ်းစည်းကမ်းအရ သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ပြီးဖြစ်သည်ဟု ညွှန်ပြရာမရောက်စေရသကဲ့သို့ ရန်ကုန်စတော့အိတ်ချိန်းက (က) ကမ်းလှမ်းသော အစုရှယ်ယာများကို ဝယ်ယူရန် ထောက်ခံပေးခြင်း၊ (ခ) ဤဖွင့်ဟကြေညာစာတမ်းတွင် ပါဝင်သော သတင်းအချက်အလက်၊ ယူဆလက်ခံထားမှုများ နှင့် ထုတ်ပြန်ချက်များ၏ တိကျမှန်ကန်မှုအတွက် တာဝန်ယူခြင်း၊ သို့မဟုတ် (ဂ) ဤဖွင့်ဟကြေညာစာတမ်းတွင် ပါဝင်သော သတင်းအချက်အလက် နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူများ ကြုံလာရနိုင်သော ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက်တာဝန်ယူခြင်း ဟု ညွှန်ပြရာ မရောက်စေရ။

စာရင်းဝင်ခြင်းနှင့်စပ်လျဉ်းသော တိကျမှု နှင့် ဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်ရန် စာရင်းဝင်ခြင်း၏ ရည်ရွယ်ချက်၊ ဆုံရှုံးနိုင်ခြေ ပုံဖော်မှု (risk profile)၊ လူကြီးမင်း၏ ဘဏ္ဍာရေးအနေအထား အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားပြီး လူကြီးမင်း၏ ကိုယ်ပိုင်တန်ဖိုးဖြတ်မှုဖြင့်သာ မှီခိုသင့်ပါသည်။ ဤဖွင့်ဟကြေညာ စာတမ်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ လူကြီးမင်းထံတွင် သံသယတစ်စုံတစ်ရာရှိပါက လူကြီးမင်း၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ သို့မဟုတ် အတိုင်ပင်ခံများ၊ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းများ နှင့် အခြားသက်မွေးပညာရှင် အကြံပေးများနှင့် တိုင်ပင်သင့်ပါသည်။

ဤ ဖွင့်ဟကြေညာစာတမ်း တွင် ဖော်ပြထားခြင်းမရှိသော၊ ပါဝင်ခြင်းမရှိသော သတင်းအချက်အလက်များ နှင့်စပ်လျဉ်း၍ ကိုယ်စားပြုတင်ပြချက်တစ်စုံတစ်ရာလုပ်ဆောင်ရန်အတွက် အခြား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အခွင့်အာဏာအပ်နှင်းထားခြင်းမရှိပါ။ ထို့ပြင် ယင်းသို့ ပါဝင်ခြင်းမရှိသော မည်သည့် သတင်းအချက်အလက် သို့မဟုတ် မည်သည့်ကိုယ်စားပြုတင်ပြချက်ကိုမျှ ကျွန်ုပ်တို့ ကိုယ်တိုင် သို့မဟုတ် ကျွန်ုပ်တို့ကိုယ်စား သဘောတူခွင့်ပြု ထားသည်ဟု မှတ်ယူခြင်းမပြုရပါ။ ဤ ဖွင့်ဟကြေညာစာတမ်း အား ပေးပို့ခြင်းသည် လည်းကောင်း၊ ဤစာတမ်းအတွင်းတစ်စုံတစ်ရာ ကမ်းလှမ်းမှု၊ ရောင်းချမှု သို့မဟုတ် လွှဲပြောင်းမှု လုပ်ဆောင်ခြင်းသည် လည်းကောင်း၊ ဤ ဖွင့်ဟကြေညာ စာတမ်း ထုတ်ပြန်သည့်နေ့နောက်ပိုင်း မည်သည့်နေ့ရက်တွင်မဆို ဤ ဖွင့်ဟကြေညာစာတမ်း အတွင်း ပါရှိသော သတင်းအချက်အလက်အား မှန်ကန်ကြောင်း တင်ပြခြင်း ဖြစ်သည်ဟု ဖြစ်စေ၊ ဤစာတမ်း၏ ရက်စွဲ

နောက်ပိုင်း၌ ကျွန်ုပ်တို့၏ ကိစ္စများ၊ အခြေအနေများ၊ မျှော်မှန်းချက်များ သို့မဟုတ် ကျွန်ုပ်တို့၏ အစုရှယ်ယာများ အပေါ် မလိုလားအပ်သော အရေးကြီးသည့် ပြောင်းလဲမှု ဖြစ်စေရန် ကျိုးကြောင်းသင့်လျော်သည့် အခွင့်အလမ်း ရှိသော အပြောင်းအလဲ သို့မဟုတ် တိုးတက်မှု တစ်စုံတစ်ရာ ဖြစ်ပေါ်ထားခြင်း မရှိကြောင်း တင်ပြခြင်း ဖြစ်သည်ဟု ဖြစ်စေ၊ မည်သည့် အခြေအနေတွင်မျှ မမှတ်ယူရပါ။ ထိုသို့သော အရေးကြီးသည့် အပြောင်းအလဲများ ဖြစ်ပေါ်ခြင်း ရှိပြီး၊ သက်ဆိုင်ရာဥပဒေများ အရ နှင့်/သို့မဟုတ် အာဏာပိုင် တစ်ရပ်ရပ်၏ သတ်မှတ်ချက် အရ ဖွင့်ဟကြေညာရန် လိုအပ် လျှင် ကျွန်ုပ်တို့သည် ထိုအပြောင်းအလဲများနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်မည်ဖြစ်ပါသည်။ ရင်းနှီး မြှုပ်နှံသူများ အနေဖြင့် ထိုသို့သော ကြေညာချက်တို့ကို သတိဖြင့် စောင့်ကြည့်နေသင့်ပြီး အဆိုပါ ကြေညာချက်များကို ထုတ်ပြန်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူတို့အား အကြောင်းကြားပြီး ဖြစ်သည်ဟု မှတ်ယူရပါမည်။ သက်ဆိုင်ရာဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်းထားသည်မှအပ ဤစာတမ်းအတွင်း ပါရှိသော သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုဖြင့် စပ်လျဉ်း၍ ကျွန်ုပ်တို့က သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ မည်သည့် တွဲဖက်အဖွဲ့အစည်း၊ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်း၊ အေးဂျင့်၊ ကိုယ်စားလှယ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ်က သော်လည်းကောင်း မည်သည့် ကိုယ်စားပြုတင်ပြမှု၊ အာမခံမှု သို့မဟုတ် ကတိကဝတ်ကိုမျှ အတိအလင်း ဖြစ်စေ၊ သဘောသက်ရောက်စေသောသဘောဖြင့် ဖြစ်စေ လုပ်ဆောင်ခြင်း မရှိပါ။ ထို့ပြင် ဤစာတမ်းပါ အကြောင်းအချက်တို့သည် ကျွန်ုပ်တို့က သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ တွဲဖက်အဖွဲ့အစည်း၊ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်း၊ အေးဂျင့်၊ ကိုယ်စားလှယ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ်တစ်ဦးဦးကသော်လည်းကောင်း ပြုလုပ်သော ကိုယ်စားပြုတင်ပြချက် သို့မဟုတ် ကတိကဝတ် မဟုတ်ပါ။ ထိုသို့သော ကိုယ်စားပြုတင်ပြချက် သို့မဟုတ် ကတိကဝတ် အဖြစ် ယုံကြည် အားထားခြင်း မပြုရပါ။

မသက်ဆိုင်ကြောင်းရှင်းလင်းချက်

ဤဖွင့်ဟကြေညာစာတမ်းပါ အကြောင်းအရာများသည် ကုမ္ပဏီ နှင့် ကုမ္ပဏီက စိတ်ချအားထားရသည်ဟု ယုံကြည်သော အခြားရင်းမြစ်များက ပံ့ပိုးသည့် သတင်းအချက်အလက် နှင့် အချက်အလက်ကုန်ကြမ်းများ အပေါ် အခြေခံပါသည်။ ကုမ္ပဏီ၏ ဘဏ္ဍာရေး နှင့် ဥပဒေရေးရာအကြံပေးများသည် ယင်းသတင်းအချက် အလက် နှင့် အချက်အလက်ကုန်ကြမ်းများ၏ တိကျမှု သို့မဟုတ် ပြည့်စုံမှုအပေါ် ကိုယ်စားပြုခြင်း သို့မဟုတ် အာမခံခြင်း၊ ဖော်ပြခြင်း သို့မဟုတ် ညွှန်ပြခြင်း မပြုသကဲ့သို့ ဤဖွင့်ဟကြေညာစာတမ်းတွင် ပါဝင်သော မည်သည့်အချက်ကိုမျှ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာအကြံပေးများ၏ ကတိကဝတ်၊ ကတိအာမခံချက် သို့မဟုတ် ကိုယ်စားပြုမှု တစ်ခုအဖြစ် မှီခို အားထားခြင်း သို့မဟုတ် အနက်အဓိပ္ပာယ် ကောက်ယူခြင်းမပြုရ။ ဤဖွင့်ဟကြေညာစာတမ်းတွင် ပါဝင်သော သို့မဟုတ် ရည်ညွှန်းသော သတင်း အချက်အလက် နှင့် အချက်အလက်ကုန်ကြမ်းများ ၏ တိကျမှု သို့မဟုတ် ပြည့်စုံမှုအတွက် မည်သည့် ဘဏ္ဍာရေး သို့မဟုတ် ဥပဒေရေးရာ အကြံပေးများတွင်မှ တာဝန်ရှိမှု သို့မဟုတ် ပေးရန်တာဝန်ရှိမှု တစ်ရပ်ရပ် မရှိစေရ။

ဤဖွင့်ဟကြေညာစာတမ်းကို လက်ခံရရှိသော သို့မဟုတ် ကြည့်ရှုသော ပုဂ္ဂိုလ်အသီးသီးသည် ၎င်း၏ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက် သို့မဟုတ် ဤဖွင့်ဟကြေညာစာတမ်းတွင် ပါဝင်သော သတင်းအချက်အလက် သို့မဟုတ် အချက်အလက်ကုန်ကြမ်း ၏ တိကျမှု သို့မဟုတ် ပြည့်စုံမှုကို စုံစမ်းစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဘဏ္ဍာရေး နှင့် ဥပဒေရေးရာအတိုင်ပင်ခံများ သို့မဟုတ် ယင်းတို့နှင့်အလားတူ ဆက်နွယ်ပါဝင်သော ပုဂ္ဂိုလ်တစ်ဦးဦး အပေါ်မှီခိုအားထားခြင်းမပြုကြောင်း လက်ခံအသိအမှတ်ပြုရပါမည်။ ကုမ္ပဏီ၏ ဘဏ္ဍာရေး နှင့် ဥပဒေရေးရာအတိုင်ပင်ခံများသည် အထက်ဖော်ပြပါပုဂ္ဂိုလ်၏ အစုရှယ်ယာများတွင်ရင်းနှီးမြှုပ်နှံခြင်း၊ အစုရှယ်ယာများကိုဝယ်ယူခြင်း၊ တရားဝင်စျေးနှုန်းအဆိုပြုခြင်းတို့နှင့် စပ်လျဉ်း၍ အဆိုပါ ပုဂ္ဂိုလ်တို့နှင့် မည်သည့်ကိုယ်စားပြုဆောင်ရွက်ခြင်းမျှမရှိပါ။

<u>၁-၂။ ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများ</u>

ဤ ဖွင့်ဟကြေညာစာတမ်းတွင် ပါရှိသော ဖော်ပြချက်များ၊ သတင်းမီဒီယာကြော်ငြာများတွင် ပါရှိသော ဖော်ပြချက်များနှင့် စပ်လျဉ်း၍ ဤကုမ္ပဏီက သို့မဟုတ် ယင်း၏ကိုယ်စား ကျွန်ုပ်တို့၏ ဒါရိုက်တာများ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ဝန်ထမ်းများကပြုလုပ်သော ထုတ်ပြန်ချက်များ နှင့် ပြောဆိုချက်များတွင် ယခင်ကဖြစ်ပျက်ခဲ့သည့်ကိစ္စများမဟုတ်ဘဲ ကြိုတင်မျှော်မှန်းထား သည့် အကြောင်းအရာများ ပါဝင်ပါသည်။ လူကြီးမင်းအနေဖြင့် ယင်းကဲ့သို့သော ထုတ်ပြန်ချက်အချို့ကို "ယူဆသည်" ၊ "ကြိုတင်တွက်ချက်သည်"၊ "ခန့်မှန်းသည်" ၊ "မျှော်လင့်သည်" ၊ "ကြိုတင်မျှော်မှန်းသည်" ၊ "ယုံကြည်သည်" ၊ "စီစဉ်ထားသည်" ၊ "ရည်ရွယ်သည်" ၊ "(ဖြစ်)နိုင်သည်" ၊ "(ဖြစ်)နိုင်ခြေရှိသည်" ၊ "(ဖြစ်)လာလိမ့်မည်" ၊ "(ဖြစ်လာ)နိုင်သည်" ၊ "(ဖြစ်သွား)နိုင်သည်" ၊ "(ဖြစ်)သင့်သည်" သို့မဟုတ် အခြားအလားတူ အနာဂတ်အတွက် မျှော်မှန်းခြင်း စကားရပ်အသုံးအနှုန်းများအရ ဖော်ထုတ်သိရှိနိုင်ပါသည်။ သို့ရာတွင်၊ ထိုစကားရပ် အသုံးအနှုန်းများမှာ အနာဂတ်မျှော်မြင်ထုတ်ပြန်ချက်များအား ဖော်ထုတ်သိရှိနိုင်ရေးအတွက် တစ်ခုတည်း သောနည်းလမ်းမဟုတ်ကြောင်း လူကြီးမင်းသတိပြုရပါမည်။ ဤကုမ္ပဏီ၏ မျှော်မှန်းထားသည့် ဘဏ္ဍာရေး အနေအထား၊ စီးပွားရေးလုပ်ငန်း ဆိုင်ရာ မဟာဗျူဟာ၊ အစီအစဉ်များ၊ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်အားလုံးသည် ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများ ဖြစ်ကြပါသည်။ အောက်ပါတို့နှင့်စပ်လျဉ်းသော ဖော်ပြချက်များအပါအဝင် ယင်းကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများသည် အမှန်တကယ် ဖြစ်လာလိမ့်မည်ဟု အာမခံထားသည့်ကိစ္စများ မဟုတ်ဘဲ ကြိုတင်မျှော်မှန်းထားသောကိစ္စရပ်များသာ ဖြစ်ကြပါသည် -

- ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဝင်ငွေနှင့် အမြတ်ရရှိနိုင်စွမ်း၊
- ကျွန်ုပ်တို့ ကုမ္ပဏီ၏ အမြတ်ဝေစု ပေါ်လစီ၊
- ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်၊
- လုပ်ငန်းကဏ္ဍ အမျိုးအစားအလိုက် မျှော်မှန်း အလားအလာများ၊
- ကျွန်ုပ်တို့ ကုမ္ပဏီ၏ အခွင့်အလမ်း အလားအလာများ နှင့်

- ဤဖွင့်ဟကြေညာစာတမ်းတွင် ပါဝင်ဆွေးနွေးတင်ပြထားသည့် အတိတ်ကာလတွင် ဖြစ်ပွားခဲ့ပြီးသောကိစ္စများမဟုတ်သည့် အခြားအကြောင်းအရာများ။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အနာဂတ်၌ အမှန်တကယ် ဖြစ်ပေါ်ရရှိမည့် ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများသည် ဤဖွင့်ဟကြေညာစာတမ်းတွင်ပါဝင်သည့် ကြိုတင်မျှော်မှန်းထားသည့် အချက်တို့တွင် တင်ပြချက်များ သို့မဟုတ် ထင်ကြေးပေးမှုများတို့နှင့် များစွာကွာဟခြားနားနိုင်ကြောင်း သတိပေးအပ်ပါသည်။ ထိုသို့ကွာဟခြားနားရခြင်းမှာ သိထားပြီးဖြစ်သော၊ မသိရသေးသော မသေချာမရေရာမှုများ၊ ဆုံးရှုံးနိုင်ခြေများ နှင့် အခြားအကြောင်းရင်းများကြောင့် ဖြစ်နိုင်ပါသည်။ ထိုသို့သော မသေချာမရေရာမှုများ၊ ဆုံးရှုံးနိုင်ခြေ နှင့် အခြားအကြောင်းရင်းများနှင့် စပ်လျဉ်း၍ ဤဖွင့်ဟကြေညာစာတမ်း အတွင်း အထူးသဖြင့် ***"အပိုင်း ၂။ စာရင်းဝင်ခြင်း ဆိုင်ရာသတင်းအချက်အလက်များ -ဆုံးရှုံးနိုင်ခြေရှိသည့် အချက်များ"*** အပိုင်းတွင် အသေးစိတ် ဆွေးနွေး တင်ပြထားပါသည်။ သို့ရာတွင် ယင်းဆွေးနွေးချက်များသည် ပြီးပြည့်စုံသည်မဟုတ်ဘဲ ဤဖွင့်ဟ ကြေညာစာတမ်းပါ အခြားအပိုဒ်များတွင်လည်း ကျွန်ုပ်တို့၏ ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများအပေါ် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည့် အခြား ဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများ နှင့် အခြားအကြောင်းရင်း များကို ရှင်းလင်း တင်ပြထားမှုများပါရှိနိုင်ပါသည်။ အချို့သော ဆုံးရှုံးနိုင်ခြေတို့အကြောင်း ကျွန်ုပ်တို့ မသိရှိရသေးသည့်အပြင် ကျွန်ုပ်တို့က အရေးမကြီးဟု ယခုအချိန်တွင် ယုံကြည်ထားသော်လည်း နောင်တစ်ချိန်တွင် အရေးကြီးလာနိုင်သည့် အခြားဆုံးရှုံးနိုင်ခြေများလည်း ရှိနိုင်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီက ပြုလုပ်သော သို့မဟုတ် ပြုလုပ်သည်ဟု ဆိုနိုင်သော သို့မဟုတ် ကျွန်ုပ်တို့ကုမ္ပဏီကိုယ်စား တစ်စုံတစ်ယောက်က ပြုလုပ်သော ဤဖွင့်ဟကြေညာစာတမ်းတွင်ပါရှိသော ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများအားလုံးသည် ယင်းကဲ့သို့ ဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများ နှင့် အခြားအကြောင်းရင်းများ အားလုံးတို့အပေါ် မူတည်ပါသည်။ ယင်းကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများသည် ဤဖွင့်ဟကြေညာစာတမ်း ပြုစုသည့်နေ့ရှိ အခြေအနေသာဖြစ်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂတ်၌ အမှန်တကယ်ဖြစ်ပေါ်ရရှိမည့် ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများအနေဖြင့် ဤဖွင့်ဟကြေညာစာတမ်းပါ ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများအနေဖြင့် မျှော်မှန်းထားသော၊ အတိအလင်း သို့မဟုတ် အရိပ်အမြွက် ဖော်ပြထားသော ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများမှ များစွာကွာခြားရခြင်း၏ အကြောင်းရင်း ဖြစ်စေသည့် မသေချာမရေရာမှုများ၊ ဆုံးရှုံးနိုင်ခြေများ နှင့် အခြားအကြောင်းရင်းများရှိနိုင်သည့် အားလျော်စွာ ထိုထုတ်ပြန်ချက်များအပေါ် ယုံကြည်ကိုးစားမှု မထားရှိရန် လူကြီးမင်းအား ကျွန်ုပ်တို့ အကြံပြုပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂတ်၌ အမှန်တကယ် ဖြစ်ပေါ်ရရှိမည့် ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများသည် ထိုထုတ်ပြန်ချက်များတွင် ဆွေးနွေး တင်ပြထား သည့်အတိုင်းဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ကုမ္ပဏီကဖြစ်စေ၊ အခြားမည်သည့် ပုဂ္ဂိုလ်တို့ကဖြစ်စေ လူကြီးမင်းထံ ဝန်ခံကတိပြုခြင်းမရှိပါ။ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အနာဂတ်၌ အမှန်တကယ် ဖြစ်ပေါ်ရရှိမည့် ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများအနေဖြင့် ထိုကြိုတင်မျှော်မှန်းထားသည့် ထုတ်ပြန်ချက်များဖြင့် မျှော်မှန်းထားသည်တို့မှ

များစွာ ကွာခြားနိုင်ပါသည်။ ထို့ပြင် သတင်းအချက်အလက် အသစ်များ ရရှိလာခြင်း သို့မဟုတ် အနာဂတ်တွင် အခြားဖြစ်ရပ်များ ပေါ်ပေါက်ခြင်းတို့ ရှိပင်ရှိငြားလည်း အဆိုပါ ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများအား အချိန်နှင့်တစ်ပြေးညီ ဖြစ်စေရေးအတွက် ပြုပြင်ပြောင်းလဲရန် သော်လည်းကောင်း၊ မည်သည့် အကြောင်းရင်းကြောင့် ဖြစ်စေ နောင်ဖြစ်ပေါ်လာမည့် တိုးတက်မှုများ၊ ဖြစ်ရပ်များ သို့မဟုတ် အခြေအနေများအား ထင်ဟပ် ပေါ်လွင်စေရေးအတွက် အဆိုပါ ကြိုတင်မျှော်မှန်းထားသည့် ထုတ်ပြန်ချက်များအပေါ် တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲခြင်းများအား အများပြည်သူသို့ ထုတ်ပြန်ကြေညာရန်သော်လည်းကောင်း တာဝန်ယူသည်ဟု မမှတ်ယူရပါ။

တိကျသော အဓိပ္ပာယ် သတ်မှတ်ထားသည့် စကားရပ်များနှင့် အသုံးအနှုန်းများ

ဤဖွင့်ဟကြေညာစာတမ်း၌ "ကျပ်" သို့မဟုတ် "Ks" ဟူသော အသုံးအနှုန်းသည် မြန်မာနိုင်ငံ၏ တရားဝင် ငွေကြေး အမျိုးအစားကို ရည်ညွှန်းပါသည်။ "US$" ဟူသော အသုံးအနှုန်းတို့သည် အမေရိကန် ပြည်ထောင်စု၏ တရားဝင် ငွေကြေး အမျိုးအစားကို ရည်ညွှန်းပါသည်။

ဤဖွင့်ဟကြေညာစာတမ်း၌ ရှေ့နောက် စကားအဆက်အစပ်အရ အခြားနည်း လိုအပ်သည်မှအပ၊ "ကျွန်ုပ်တို့၏ ကုမ္ပဏီ"၊ "ဤကုမ္ပဏီ" ၊ "ကျွန်ုပ်တို့" ၊ "ကျွန်ုပ်တို့ကို / ကျွန်ုပ်တို့အား" "ကျွန်ုပ်တို့၏" "ကျွန်ုပ်တို့ကိုယ်တိုင်" ဟု သုံးနှုန်းဖော်ပြမှုများသည် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အား ရည်ညွှန်း ပါသည်။ ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်သူများ နှင့် ဒါရိုက်တာများဟု သုံးနှုန်းဖော်ပြမှုများသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများနှင့် ဒါရိုက်တာများအား ရည်ညွှန်းပါသည်။

တစ်ခု၊ တစ်ယောက် ကဲ့သို့ ဧကဝုစ်ကိန်း အနက်အဓိပ္ပာယ် ရှိသည့် အသုံးအနှုန်းတွင် သင့်လျော်ပါက အများ၊ ဗဟုဝုစ် ကိန်းဟူသော အနက်အဓိပ္ပာယ်လည်း ပါဝင်စေရမည့်အပြင်၊ အပြန်အလှန်အားဖြင့်လည်း အဓိပ္ပာယ်သက် ရောက်မှုရှိစေရမည်ဖြစ်သည်။ အမျိုးသား၊ ယောကျ်ား၊ ပုလ္လိင် အနက် အဓိပ္ပာယ် ရှိသည့် အသုံးအနှုန်းတွင် အမျိုးသမီး၊ မိန်းမ၊ ဣတ္ထိလိင် နှင့် (လိင်မထင်ရှား) နပုန်းပဏ္ဍုက်အနက် အဓိပ္ပာယ်လည်းပါဝင်စေရမည့်အပြင် အပြန်အလှန်အားဖြင့်လည်း အဓိပ္ပာယ်သက်ရောက်မှုရှိစေရမည်။

ဤဖွင့်ဟကြေညာစာတမ်းအတွင်း ပြဋ္ဌာန်းဥပဒေ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက် တစ်စုံတစ်ရာအား ရည်ညွှန်းချက်သည် အခါအားလျော်စွာ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြန်လည် ပြဋ္ဌာန်းထားသည့် ထိုပြဋ္ဌာန်းဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်အား ရည်ညွှန်းခြင်းဖြစ်သည်။ ကုမ္ပဏီများ ဥပဒေ သို့မဟုတ် ယင်း ကို ပြင်ဆင်ထားပါက ပြင်ဆင်သည့်ဥပဒေတွင် ပါရှိသည့်အဓိပ္ပာယ် အသုံးအနှုန်း တစ်စုံတစ်ရာ ကို ဤ ဖွင့်ဟကြေညာစာတမ်း အတွင်း အသုံးပြုရာတွင် သင့်လျော်ပါက ယင်းကုမ္ပဏီများ ဥပဒေ သို့မဟုတ် ကုမ္ပဏီများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

ဤဖွင့်ဟကြေညာစာတမ်းအတွင်း နေ့ရက် တစ်ရက်ရှိ အချိန် တစ်စုံတစ်ရာကို ရည်ညွှန်းရာ၌ သီးခြားဖော်ပြသည်မှ လွဲ၍ မြန်မာစံတော်ချိန်ကို ဆိုလိုသည်။

မြန်မာအက္ခရာစာလုံးများဖြင့် ရေးသားသည့် အမည်အချို့ကို အင်္ဂလိပ်စာဖြင့် ရေးသားသည့် အမည်များ အဖြစ်ဘာသာပြန်ထားပါသည်။ ယင်းသို့သော ဘာသာပြန်ချက်များသည် လူကြီးမင်းများ အဆင်ပြေစေရန် အတွက်သာဖြစ်ပြီး မြန်မာအာဏာပိုင်များထံတွင် မှတ်ပုံတင်ထားခြင်း ရှိချင်မှ ရှိမည် ဖြစ်ပါသည်။ ထိုပြင် အင်္ဂလိပ်စာဖြင့် ရေးသားသည့် အမည်များသည် သက်ဆိုင်ရာ မြန်မာအက္ခရာတို့အား ကိုယ်စားပြုပါသည်ဟု မမှတ်ယူသင့်ပါ။

ဤဖွင့်ဟကြေညာစာတမ်းပါ ဇယားများ၊ ဂရပ်ပုံများ၊ ရုပ်ပုံကားချပ်များတွင် ယှဉ်တွဲပြထားသော တန်ဖိုးများနှင့် ယင်းတို့၏ စုစုပေါင်းတန်ဖိုးတို့ အကြား ကွဲလွဲမှု တစ်စုံတစ်ရာသည် ကိန်းပြည့်အဖြစ် ပြောင်းလဲမှုကြောင့်သာ ဖြစ်ပါသည်။ ဤဖွင့်ဟကြေညာစာတမ်း၌ ကိန်းပြည့်ပြောင်းမှု နည်းနာ အချို့ကို အသုံးပြုထားပါသည်။ သို့ဖြစ်၍ အချို့ သော ဇယား၊ ဂရပ်ပုံ သို့မဟုတ် ရုပ်ပုံကားချပ်တို့တွင် ဖော်ပြထားသော စုစုပေါင်း ကိန်းဂဏန်း တန်ဖိုးသည် ယင်းတို့ ရှေ့တွင် ရှိသော ကိန်းဂဏန်း တန်ဖိုးများ၏ သန်ရာနည်း အတိုင်း ပေါင်းလဒ်ဖြင့် ထပ်တူ ညီချင်မှ ညီမည် ဖြစ်ပါသည်။

ဤဖွင့်ဟကြေညာစာတမ်းပါ အသေးစိတ်အချက်အလက်များကို ***"အပိုင်း ၁။ စာရင်းဝင်ခြင်းဆိုင်ရာ အကျဉ်းချုပ်- အဓိပ္ပာယ် ဖွင့်ဆိုချက်များ"*** အပိုဒ်တွင် ကြည့်ရှုပါရန်။

ဤဖွင့်ဟကြေညာစာတမ်း မိတ္တူများကို အောက်ပါနေရာဌာနများတွင် ရုံးချိန်အတွင်း စုံစမ်း တောင်းခံ ရယူနိုင်ပါသည်-

ကျွန်ုပ်တို့၏မှတ်ပုံတင် ရုံးခန်း

အမှတ် (၁၀)၊ အင်းယားရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။

ဘဏ္ဍာရေးအကြံပေး

မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

၂၁-၂၅ ၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် (MEB) ပထမထပ်၊ (ရန်ကုန်တိုင်းဒေသကြီးရုံး)၊

ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။

၁-၃။ အဓိပ္ပာယ် ဖွင့်ဆိုချက်များ

အေအိုင်စီ (“AIC”)		မြန်မာနိုင်ငံတွင်ဖွဲ့စည်းထူထောင်ထားပြီး (ကုမ္ပဏီ၏ ရှယ်ယာရှင်များဖြစ်သကဲ့သို့ ဒါရိုက်တာများပါ ဖြစ်ကြသော) ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင် တို့က အလုံးစုံ ပိုင်ဆိုင်သော Amata International Co., Ltd.
"အကျုံးဝင်ဥပဒေများ" (“Applicable Laws”)		အာဏာပိုင် တစ်ရပ်ရပ်၏ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများ အပါအဝင် အခါအားလျော်စွာ အာဏာတည် သက်ရောက်လျက် ရှိသော ဥပဒေများ၊ ပြဋ္ဌာန်းဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများ
“ဘုတ်အဖွဲ့" သို့မဟုတ် "ဒါရိုက်တာအဖွဲ့"		အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ဘုတ်အဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့
လုပ်ငန်း (“Business”)		အပန်းဖြေဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း နှင့် Oriental Ballooning အမှတ်တံဆိပ်ပါ လူစီးမီးပုံးပျံ ဝန်ဆောင်မှု လုပ်ငန်း
"ကုမ္ပဏီများ အက်ဥပဒေ"		(အခါအားလျော်စွာ ပြင်ဆင်ပြဋ္ဌာန်းထားသည့်) ၂၀၁၇-ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ
"ကုမ္ပဏီ" (“Company”)		အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် "ကျွန်ုပ်တို့" ၊ "ကျွန်ုပ်တို့၏" ၊ "ကျွန်ုပ်တို့ ကုမ္ပဏီ" စသော စကားရပ်များတွင် ဆက်စပ်ရာ အဓိပ္ပာယ် ရှိကြသည်။
ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း		ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း
“DICA”		ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (Directorate of Investment and Company Administration)
ဖွင့်ဟကြေညာစာတမ်း		၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲ ပါ ဖွင့်ဟကြေညာစာတမ်း
"ဒါရိုက်တာများ" (“Directors”)		***"အပိုင်း၄။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအဖွဲ့၊ အစုရှယ်ယာရှင်များ၊ အစုရှယ်ယာများဆိုင်ရာ သတင်းအချက်အလက်များ "*** တွင် ဖော်ပြထားသည့် ဤဖွင့်ဟကြေညာစာတမ်းပါနေ့ရက်တွင် ဖော်ပြပါရှိသည့် ကျွန်ုပ် တို့ကုမ္ပဏီ၏ ဒါရိုက်တာများ
"အမှုဆောင် အရာရှိများ" (“Executive Officers”)		***“အပိုင်း၄။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအဖွဲ့၊ အစုရှယ်ယာရှင်များ၊ အစုရှယ်ယာများဆိုင်ရာ သတင်းအချက်အလက်များ’’*** တွင် ဖော်ပြထားသည့် ဤဖွင့်ဟကြေညာစာတမ်းပါနေ့ရက်တွင် ဖော်ပြပါရှိသည့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အလုပ်အမှုဆောင် အရာရှိများ

ဘဏ္ဍာရေးအကြံပေး(“Financial Adviser”)		မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
“FY” / "ဘဏ္ဍာရေးနှစ်"		မတ်လ ၃၁-ရက်နေ့ တွင် ကုန်ဆုံးသည့် သို့မဟုတ် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် မှစတင်၍ မြန်မာကုမ္ပဏီများအားလုံး၏ ဘဏ္ဍာရေးနှစ်သည် စက်တင်ဘာလ ၃၀ ရက် တွင် ကုန်ဆုံးရမည်။
"အစိုးရ၊အာဏာပိုင်" (“Governmental Authority”)		ဤဖွင့်ဟကြေညာစာတမ်းပါ စည်းကမ်းချက်များအရ လိုအပ်သည့်အတိုင်း ပြည်တွင်း၊ ပြည်ပ၊ ပြည်ထောင်စုအဆင့်၊ နိုင်ငံတော် အဆင့်၊ ပြည်နယ်၊တိုင်းဒေသကြီး အဆင့်၊ နယ်မြေလိုက် အဆင့် သို့မဟုတ် ဒေသန္တရ အဆင့်ရှိ အစိုးရ အာဏာပိုင်၊ အစိုးရသဘောဆောင် အာဏာပိုင်၊ တရားရုံး၊ အစိုးရ အဖွဲ့အစည်း သို့မဟုတ် ကိုယ်ပိုင်စည်းမျဉ်းခံ အဖွဲ့အစည်း၊ ကော်မရှင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့အစည်း သို့တည်းမဟုတ် ကြပ်မတ်ကွပ်ကဲရေး သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ သို့မဟုတ် အခြား အေဂျင်စီ၊ သို့တည်းမဟုတ် နိုင်ငံရေးအဖွဲ့ခွဲ သို့မဟုတ် အခြား အဖွဲ့ခွဲ၊ သို့မဟုတ် အထက်ပါအာဏာပိုင်အဖွဲ့အစည်းတို့၏ ဌာနခွဲ သို့မဟုတ် ဌာန တစ်ရပ်ရပ်။
အုပ်စု၊ လုပ်ငန်းစု (“Group”)		ကုမ္ပဏီနှင့် ၄င်း၏ လက်အောက်ခံ ကုမ္ပဏီများ
ဟိုတယ် ဝန်ဆောင်မှု (“Hotel Service”)		**အပိုင်း ၃။ “အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ - စီးပွားရေးလုပ်ငန်း အကြောင်းအသေးစိတ်ဖော်ပြချက်များ - လုပ်ငန်းသဘာဝ ဖော်ပြချက်”** တွင် အဓိပ္ပါယ် ဖွင့် ဆို ထား သည့်အတိုင်း
အိုင်အက်ဖ်စီ (“IFC”)		အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်း (International Finance Corporation)
IFC ချေးငွေဝန်ဆောင်မှု		၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့စွဲဖြင့် United International Group Limited (“UIG”) (ချေးငွေရယူသူ)၊ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင် (ထောက်ခံသူများ) နှင့် IFC (ငွေချေးပေးသူ) တို့အကြား ချုပ်ဆိုသော ပထမအရစ် အမေရိကန်ဒေါ်လာ ၈.၅ သန်း နှင့် ဒုတိယအရစ် အမေရိကန်ဒေါ်လာ ၅.၀ သန်းအထိ၊ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၃.၅ သန်းအထိ ချေးပေးမည့် အသွင်ပြောင်းလဲနိုင်သော ချေးငွေစာချုပ်။

		IFC ထံမှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ရက်စွဲဖြင့် "ဒုတိယ အရစ်ကတိကဝတ်ပြုစာ" (ပြင်ဆင်ချက်) အရ စုစုပေါင်း ချေးငွေပမာဏ သည် အမေရိကန်ဒေါ်လာ ၁၁.၅ သန်း ဖြစ်ပြီး ယင်းမှ နှစ်ကြိမ်ခွဲ၍ ထုတ်ပေးမည့် ဒုတိယအရစ်ပမာဏသည် အမေရိကန်ဒေါ်လာ ၃.၀ သန်းဖြစ်ပါသည်။ ဒုတိယအရစ်၏ ပထမအကြိမ်ထုတ်ပေးမှုသည် အမေရိကန်ဒေါ်လာ ၂.၂ သန်း နှင့်ညီမျှသောပမာဏ သို့မဟုတ် ထိုထက်နည်းသောပမာဏဖြစ်ရမည် ဖြစ်ပြီး ဒုတိယအကြိမ်ထုတ်ပေးမှုသည် အမေရိကန်ဒေါ်လာ ၀.၈ သန်း နှင့်ညီမျှသောပမာဏ သို့မဟုတ် ထိုထက်နည်းသော ပမာဏဖြစ်ရမည်ဖြစ်ကြောင်း သဘောတူညီထားပါသည်။
မြေ (“Land”)		***အပိုင်း ၃။ “အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ - စီးပွားရေးလုပ်ငန်း အကြောင်းအသေးစိတ်ဖော်ပြချက်များ - ကုမ္ပဏီ၏ အဆောက်အအုံ၊ စက်ပစ္စည်း နှင့် လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ”*** တွင် ဖော်ပြထားသည့် လုပ်ငန်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းစုမှ ငှားရမ်းထားသော မြေ။
နောက်ဆုံးတင်သွင်းသည့်နေ့ရက် (“Latest Practicable Date”)		၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့သည် ဤဖွင့်ဟကြေညာစာတမ်း အားတင်သွင်းသည့် နေ့ရက်အဖြစ် သတ်မှတ်သည်။
“MB”		Myanmar Ballooning Co., Ltd, ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၇၂၅၇၇၅) နှင့်မှတ်ပုံတင်ထားသည့် လုပ်ငန်းစုတစ်ခု၏ လက်အောက်ခံကုမ္ပဏီ
လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်း (“Oriental Ballooning Service”)		***“အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့်ကုမ္ပဏီ၏ သတင်းအချက်အလက်များ - စီးပွားရေးလုပ်ငန်းအကြောင်း အသေးစိတ်ဖော်ပြချက်များ - လုပ်ငန်းသဘာဝဖော်ပြချက်”*** တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း
အာမခံပေါင်နှံထားသော အစုရှယ်ယာများ “Pledged Shares”		***“အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့်ကုမ္ပဏီ၏ သတင်းအချက်အလက်များ - စီးပွားရေးလုပ်ငန်းအကြောင်း အသေးစိတ်ဖော်ပြချက်များ - Material Contracts”*** တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း
ယခင်အစုရှယ်ယာကမ်းလှမ်းရောင်းချမှု “Previous Offering”		ရှယ်ယာတစ်စုလျှင် ၅,၀၀၀ ကျပ်နှုန်းဖြင့် ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် ရက်စွဲပါ အလားအလာညွှန်းတမ်းအရစာရင်းသွင်းထားသော ရှယ်ယာ အစု ၂,၀၀၀,၀၀၀ အား ကမ်းလှမ်းခြင်း (၂၀၁၈ခုနှစ်၊ သြဂုတ်လ ၂၀ ရက် ရက်စွဲပါ အစားထိုးစာရွက်စာတမ်းပါ ပြင်ဆင်ချက်အရ) ကုမ္ပဏီသည် အစုရှယ်ယာ ၄၉၇,၅၉ ၈ စုအား မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူ ၅၉၆ ဦးမှ ရှယ်ယာတစ်စု လျှင် ၅၀၀၀ ကျပ် နှုန်းဖြင့် အောင်မြင်စွာ စာရင်းသွင်းခဲ့ပြီးဖြစ်သည်။
“REVPAR”		ငှားရမ်းလုပ်ကိုင်နိုင်သောအခန်းများမှ ရရှိသော ငှားရမ်းခဝင်ငွေ**(Revenue Par Available Room)**

"SECM"		မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်
ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (“Securities Exchange Law”)		(အခါအားလျော်စွာ ပြင်ဆင် ပြဋ္ဌာန်းထားသည့်) **၂၀၁၃ခုနှစ်၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (The Securities Exchange Law, 2013)**
"အစုရှင်များ" (“Shareholders”)		အစုရှယ်ယာများ၏ စာရင်းဝင် ပိုင်ရှင်များ
"အစုရှယ်ယာများ" (“Shares”)		ကျွန်ုပ်တို့ ကုမ္ပဏီ၏ မတည်ငွေရင်းပါ သာမန်အစုရှယ်ယာများ
“UIG”		**United International Group Limited,** ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၂၁၅၃၇၉၇) နှင့်မှတ်ပုံတင်ထားသည့် လုပ်ငန်းစုတစ်ခု၏ လက်အောက်ခံ ကုမ္ပဏီ
“YSX”		ရန်ကုန်စတော့အိတ်ချိန်း
ငွေကြေး အမျိုးအစားများ၊ ရေတွက်ပုံများနှင့် အခြား		
"ကျပ်" သို့မဟုတ် “Ks”		ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ တရားဝင် ငွေကြေး
"ရာခိုင်နှုန်း" သို့မဟုတ် "%"		ရာခိုင်နှုန်း
“US$”		အမေရိကန် ပြည်ထောင်စု၏ တရားဝင် ငွေကြေး

<u>၁-၄။ တာဝန်မရှိကြောင်းဖော်ပြချက်</u>

ဤဖွင့်ဟကြေညာစာတမ်း ကို သေချာစွာ ဖတ်ရှုသင့်ပြီး၊ ကျွန်ုပ်တို့ နှင့်/သို့မဟုတ် စာရင်းဝင်ခြင်း နှင့် ဆက်နွယ်၍ ဆောင်းပါးများ သို့မဟုတ် အခြားမီဒီယာများပါ သတင်းအချက်အလက် တစ်ရပ်ရပ်အပေါ် အမှီပြုအားထားခြင်း မပြုရန် အလေးအနက် သတိပေးအပ်ပါသည်။

မြန်မာနိုင်ငံရှိ သတင်းစာ နှင့် စာစောင် အချို့တွင် ကျွန်ုပ်တို့ကုမ္ပဏီမှ အများပြည်သူသို့ စာရင်းဝင်ခြင်း နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ ဘဏ္ဍာရေးသတင်းအချက်အလက်၊ အကျိုးအမြတ်ခန့်မှန်းချက်များ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာခန့်မှန်းခြေများ၊ လုပ်ငန်းတန်ဖိုးဖြတ်မှုများ နှင့် ကျွန်ုပ်တို့နှင့်ပတ်သက်သော အခြားသတင်းအချက်အလက် (“သတင်းအချက်အလက်များ”) အချို့ကို ဖော်ပြထားသည်များရှိပါသည်။ အဆိုပါသတင်းအချက်အလက်များသည် ကျွန်ုပ်တို့က အထောက်အထားပေးခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ခွင့်ပြုချက်အရ ဖော်ပြထားသော သတင်းအချက်အလက်များ မဟုတ်သည့်အတွက် အဆိုပါသတင်းအချက်အလက်များ၏ မှန်ကန်တိကျမှု သို့မဟုတ် ပြည့်စုံမှုတို့အတွက် ကျွန်ုပ်တို့ထံတွင် မည်သည့် တာဝန်ယူမှုမျှရှိမည်မဟုတ်ကြောင်း နှင့် ယင်းသတင်းအချက်အလက်တစ်ရပ်ရပ်နှင့် ယင်းတို့ကို အခြေခံသော ယူဆချက်များ၏ သင့်လျော်မှု၊ မှန်ကန်တိကျမှု သို့မဟုတ် ပြည့်စုံမှုတို့အတွက် ကျွန်ုပ်တို့က

မည်သည့်ကိုယ်စားပြုမှုမျှမရှိပါ။ ကျွန်ုပ်တို့ထံတွင် မည်သည့်တာဝန်ယူမှုမျှ မရှိကြောင်းကို ယင်းသတင်းအချက်အလက် တစ်ရပ်ရပ်နှင့် ဤဖွင့်ဟကြေညာစာတမ်း သတင်းအချက်အလက်တို့ကြား မကိုက်ညီမှုသို့မဟုတ် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် ယင်းတို့ကို ငြင်းဆိုအပ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်ချရာတွင် ဤဖွင့်ဟကြေညာစာတမ်းပါ သတင်းအချက်အလက်တို့ကိုသာ အခြေခံသင့်ကြောင်းနှင့် အခြားမည်သည့်သတင်းအချက်အလက်ကိုမျှ အားထားခြင်း မပြုကြပါရန် ရင်းနှီးမြှုပ်နှံသူများကို သတိပေးအပ်ပါသည်။

၁-၅။ ကုမ္ပဏီ၏ အနှစ်ချုပ်ရွေးချယ်ထားသော ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

ဘဏ္ဍာရေးခေါင်းစဉ်အကျဉ်းချုပ်	၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)	၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)
(ကျပ် သန်းပေါင်း)	၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်	၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်
<u>လက်ကျန်ရှင်းတမ်း</u>		
လက်ငင်း ရပိုင်ခွင့်များ	၅,၂၀၀	၁၃,၁၂၁
လက်ငင်း မဟုတ်သောရပိုင်ခွင့်များ	၄၉,၂၁၃	၄၅,၅၂၈
စုစုပေါင်းရပိုင်ခွင့်များ	**၅၄,၄၁၄**	**၅၈,၆၉၉**
လက်ငင်းပေးရန်တာဝန်များ	၂,၆၇၅	၄,၁၉၈
လက်ငင်း မဟုတ်သော ပေးရန်တာဝန်များ	၁၇,၃၂၄	၁၈,၅၉၃
စုစုပေါင်း ပေးရန်တာဝန်များ	**၂၀,၀၀၀**	**၂၂,၇၉၁**
ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)	**၃၄,၄၁၄**	**၃၅,၉၀၉**
<u>အရှုံးအမြတ်စာရင်း</u>		
စုစုပေါင်းရောင်းရငွေ	**၈,၄၁၉**	**၉,၀၄၆**
အခန်း /လူစီးမီးပုံးပုံ	၆,၃၆၅	၇,၀၀၁
အစားအသောက်နှင့် အဖျော်ယမကာ	၁,၅၇၂	၁,၅၉၇
အခြား	၄၈၃	၄၄၈
ရောင်းချမှုအတွက်ကုန်ကျစရိတ်	**၃,၃၉၂**	**၂,၉၂၁**
အကြမ်းအမြတ်	**၅,၀၂၈**	**၆,၁၂၅**
အခြားဝင်ငွေ	**၃၁,၂၁၀**	**၃၁,၃၁၂**
အခြားကုန်ကျစရိတ်	**၂,၉၀၄**	**၂,၇၇၂**
EBITDA	**၃၃,၃၃၄**	**၃၄,၆၆၄**
EBIT	**၃၁,၆၄၅**	**၃၃,၃၁၃**
အတိုးစရိတ်	၂၂၆	၉၃၆
နှစ်တစ်နှစ်အတွက် စုစုပေါင်း အသားတင်အမြတ် (အရှုံး)	**၃၃,၁၆၉**	**၃၂,၁၈၅**

မှတ်ချက်။ ဇယားပါ ကိန်းဂဏန်းများမှာ အနီးဆုံး သန်းဂဏန်းအပြည့်ဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

ကျွန်ုပ်တို့ကုမ္ပဏီမှာ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ တွင်မှ ဖွဲ့စည်းထူထောင်ထားခြင်းဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ဆိုလိုသည်မှာ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့ တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်) အတွက် စာရင်းစစ်အစီရင်ခံစာအစား စာရင်းစစ်က သုံးသပ်ပေးထားသည့် ခန့်မှန်းရေးဆွဲထားသော ဘဏ္ဍာရေးစာရွက်စာတမ်းများ (unaudited reviewed pro forma consolidated financials) ပုံစံဖြင့်သာ ကျွန်ုပ်တို့၏ ဘဏ္ဍာရေးအချက်အလက်များကို တင်ပြနိုင်ပါသည်။ (နောက်ထပ်သတင်းအချက်အလက်အတွက် ***"အပိုင်း ၆ - ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ"*** ကိုကြည့်ပါ။) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွက် စာရင်းစစ်အစီရင်ခံစာအစား စာရင်းစစ်က သုံးသပ်ပေးထားသည့် ခန့်မှန်းရေးဆွဲထားသော ဘဏ္ဍာရေးအချက်အလက်များ (unaudited reviewed pro forma consolidated financials) ကို ၁၂ လတာ ပုံမှန် ဘဏ္ဍာရေးအစီရင်ခံကာလအပေါ် အခြေခံပြီး တစ်သမတ်တည်း ဖွင့်ဟကြေညာမှုတစ်ရပ် ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ထည့်သွင်းပေးထားခြင်းဖြစ်သကဲ့သို့ မိမိတို့ကုမ္ပဏီ က ၂၀၁၇ခုနှစ် ဧပြီလ ၁ ရက်နေ့ တွင် ဖွဲ့စည်းထူထောင်ပါက နှင့် မိမိတို့ဖွဲ့စည်းထူထောင်အပြီးတွင် မိမိတို့ ကုမ္ပဏီလုပ်ငန်းစုနှင့် ပေါင်းစည်းလိုက်ပါက မိမိတို့၏ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များ မည်သို့ မည်ပုံရှိမည်ကို ဖော်ပြရန် အလို့ငှာ ထည့်သွင်းပေးထားခြင်းလည်းဖြစ်ပါသည်။

ပုံဆောင် သရုပ်ပြရည်ရွယ်ချက် သက်သက်အတွက်သာ ပြင်ဆင်ထားခြင်းဖြစ်ပြီး ဘဏ္ဍာရေး ရှင်းတမ်း ပေါင်းချုပ် သို့မဟုတ် အနာဂတ်ကာလများ၏ လုပ်ငန်းလည်ပတ်မှုများ ရလဒ် ကို ညွှန်ပြသည့်သဘောမဟုတ်ပါ။ ***"အပိုင်း ၆ - ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ"*** တွင် ၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် အတွက် စာရင်းစစ်ထားသော မိခင်ကုမ္ပဏီ နှင့် လက်အောက်ခံကုမ္ပဏီများ ပေါင်းစည်းတင်ပြထားသောဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များလည်း ပါဝင်ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် သည် ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့ မှ ၂၀၁၉ခုနှစ် စက်တင်ဘာလ ၃၁ ရက်နေ့ အထိ ၆ လသာ လွှမ်းခြုံမှုရှိပြီး ယင်းကာလမှာလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် မိမိတို့လုပ်ငန်း၏ အလုပ်ပါးသည့်ရာသီနှင့်လည်း တိုက်ဆိုင်နေသည်ကို အထူးတလည် သတိပြုမိစေလိုပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၁၉ ခုနှစ် မေလ ၁၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သော စာအမှတ် ၄(၁)/ဥစ-၂/ပတခ/၂၀၁၉)၅၂၂၉) အရ၊ မြန်မာကုမ္ပဏီများအားလုံး၏ ဘဏ္ဍာရေးနှစ်သည် စက်တင်ဘာလ၊ ၃၀ ရက်သို့ ပြောင်းလဲ လိုက်ပြီး ၂၀၁၉ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ စတင်သက်ရောက်ပါသည်။

အပိုင်း ၂။ စာရင်းဝင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ

၂-၁။ လက်ရှိ အစုရှယ်ယာမတည်ငွေရင်း

ဤကုမ္ပဏီကို ၁၉၁၄ခုနှစ်၊ ကုမ္ပဏီများအက်ဥပဒေ (မြန်မာကုမ္ပဏီများဥပဒေဖြင့် အစားထိုးဖျက်သိမ်းပြီးဖြစ်သည့်) အရ အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဟူသည့် အမည်ဖြင့် အများနှင့်သက်ဆိုင်သော ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ပြီး စာရင်းမဝင်မီတွင် အစုရှယ်ယာ ၁၀,၄၉၇,၅၉၈ စုကို ထုတ်ဝေ၊ ခွဲဝေထားပြီးဖြစ်သည်။

အောက်တွင်ဖော်ပြထားသည်မှာ ဖွင့်ဟကြေညာစာတမ်းထုတ်ပြန်သည့်ရက်စွဲနှင့်ကပ်ရပ် တစ်ဆက်တည်းရှေ့အလျင်ကျသော နှစ်နှစ်တာကာလအတွင်း ထုတ်ဝေခဲ့သော အစုရှယ်ယာအရေအတွက်နှင့် တန်ဖိုးပမာဏကို ဖော်ပြသော ဇယားဖြစ်သည်။

ရက်စွဲ	အစုရှယ်ယာရှင်	အစုရှယ်ယာ အရေအတွက်	အစုရှယ်ယာတန်ဖိုး ပမာဏ (ကျပ်)	အဖိုးစားနှာ (ကျပ်)
၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၁ရက်	ယခင်အစုရှယ်ယာ ကမ်းလှမ်း ရောင်းချမှုမှ ရင်းနှီးမြှုပ်နှံသူ ၅၉၆ ဦး	၄၉၇,၅၉၈	၂,၄၈၇,၉၉၀,၀၀၀	၂,၄၈၇,၉၉၀,၀၀၀
စုစုပေါင်း		**၄၉၇,၅၉၈**	**၂,၄၈၇,၉၉၀,၀၀၀**	**၂,၄၈၇,၉၉၀,၀၀၀**

၂-၂။ ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ်အဖွဲ့အစည်း၏ အသေးစိတ်အချက်အလက်

အမည်	:	မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
မှတ်ပုံတင်ထားသည့် လိပ်စာ	:	၂၁-၂၅ ၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် (MEB) ပထမထပ် (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။
ကုမ္ပဏီမှတ်ပုံတင်အမှတ်	:	၁၅၅၁၇၃၇၄
MIC ပါမစ်နံပါတ်	:	၁၇၄၉၆/
ငွေချေးသက်သေခံလက်မှတ် လိုင်စင်နံပါတ်	:	၀၀၂

တယ်လီဖုန်းနံပါတ်	:	+၉၅-၁-၃၇၈၆၄၇၊ ၃၈၇၀၃၁
ဖက်စ်နံပါတ်	:	+၉၅-၁-၃၈၇၀၃၂
ဝက်ဘ်ဆိုက်	:	http://www.msecmyanmar.com

၂-၃။ ငွေချေးသက်သေခံလက်မှတ်များပေးအပ်မှု

အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရာ၌ အာမခံပေါင်နှံထားသော အစုရှယ်ယာများ (Pledged Shares) မှလွဲ၍ ကျန်အစုရှယ်ယာများသည် စာရင်းဝင်ပြီးနောက်ပိုင်း၌ ထိတွေ့ကိုင်တွယ်နိုင်သော အစုရှယ်ယာလက်မှတ်များ ရှိမည်မဟုတ်ဘဲ၊ အစုရှယ်ယာရှင်များတွင် စာရင်းဝင်သည့်နေ့ရက်၌ ကုမ္ပဏီတွင်ပါဝင်သူများမှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသည့်အတိုင်း စာရင်းဝင်သည့်နေ့ရက်၏ ၈:၀၀နာရီ ထက်နောက်မကျစေဘဲ ၎င်းတို့၏ ငွေချေးသက်သေခံလက်မှတ်စာရင်းတွင် ထည့်သွင်းထားသည့် အစုရှယ်ယာအရေအတွက် အတိုင်း ရှိမည်ဖြစ်သည်။ သို့ရာတွင် အာမခံပေါင်နှံထားသော အစုရှယ်ယာများ (Pledged Shares) ကို ကိုင်ဆောင်ထားသော အစုရှယ်ယာရှင်များသည် ၎င်းတို့၏ အစုရှယ်ယာများကို **Scrip** ပုံစံ ဖြင့် ဆက်လက် ကိုင်ဆောင်သွားရမည်ဖြစ်ပြီး ၎င်းတို့၏ အစုရှယ်ယာကိုင်ဆောင်မှုကို **YSX** အထူးငွေစာရင်း တွင် ထင်ဟပ်ဖော်ပြသွားမည်ဖြစ်သည်။ သံသယကင်းရှင်းစေရန် ဖော်ပြရလျှင် အာမခံပေါင်နှံထားသော အစုရှယ်ယာများများကို ကိုင်ဆောင်ထားသော အစုရှယ်ယာရှင်များသည် အာမခံပေါင်နှံထားသော အစုရှယ်ယာများအပေါ် ရှိ အာမခံကို ပေးဆပ်ရှင်းလင်းခြင်းမပြုရသေးမီအထိ မြန်မာနိုင်ငံရှိ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနက်မှ တစ်ရပ်ရပ်နှင့် ငွေချေးသက်သေခံလက်မှတ်ငွေစာရင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိစေရဘဲ ယင်းအာမခံပေါင်နှံထားသော အစုရှယ်ယာများကို ကိုယ်စားပြုသော အစုရှယ်ယာ လက်မှတ်များကို မှန်ကန်ကြောင်း စိစစ်အတည်ပြုရန် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများထံ ထိတွေ့ကိုင်တွယ်နိုင်သော အခြေအနေဖြင့် တင်ပြရမည်။ နောက်ထပ်သတင်းအချက် အလက်အတွက် ***"အပိုင်း ၃ - အစုရှယ်ယာထုတ်ဝေသူအချက်အလက် - လုပ်ငန်းဖော်ပြချက် - အဓိကကျသောပဋိညာဉ်များ - IFC ချေးငွေဝန်ဆောင်မှု"*** ကို ကြည့်ပါ၊

၂-၄။ စာရင်းဝင်ခြင်း

ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများ စာရင်းဝင်ရန် လျှောက်ထားခြင်းဖြစ်သည်။ အတည်ပြုပြီးနောက် ခန့်မှန်းခြေတစ်လခန့်အကြာတွင် အစုရှယ်ယာများ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ပြီး ရောင်းဝယ်နိုင်ရန် ကုမ္ပဏီက မျှော်လင့်ပါသည်။ ဤဖွင့်ဟကြေညာစာတမ်းအရ မည်သည့် အစုရှယ်ယာကိုမျှ ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းထားခြင်းမရှိပါ။ ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်း၏ သတ်မှတ်ချက်များနှင့် စည်းမျဉ်းများအားလုံးကို လိုက်နာဆောင်ရွက်ရေး သေချာစေရန် ဒါရိုက်တာဘုတ်အဖွဲ့ကဆောင်ရွက်ပါမည်။

စာရင်းဝင်ပြီးနောက်၊ အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများသည် YSX မှတစ်ဆင့် မိမိတို့၏ အစုရှယ်ယာများကို ရောင်းဝယ်ကြလိမ့်မည်ဟု လတ်တလောမျှော်လင့်ထားပါသည်။ သို့ရာတွင် မိမိတို့၏ အစုရှယ်ယာများ ရောင်းဝယ်ရန် သက်ဝင်လှုပ်ရှားသော စျေးကွက်တစ်ရပ် ရှိလိမ့်မည်ဟု အာမခံချက်မရှိပါ။ ထပ်မံသိရှိလိုသည့် သတင်းအချက်အလက်အတွက် ***"အပိုင်း ၄ - မြန်မာ ငွေချေးသက်သေခံလက်မှတ် စျေးကွက်"*** အခန်းကို ကြည့်ပါ။

၂-၅။ စာရင်းဝင်ရန် ခန့်မှန်းကုန်ကျစရိတ်များ

စာရင်းဝင်ခြင်းနှင့်စပ်လျဉ်း၍ မိမိတို့ ပေးချေရန်ိုင်သော စုစုပေါင်းအသုံးစရိတ်မှာ ခန့်မှန်းခြေအားဖြင့် ကျပ် ၂၆၆,၀၀၀,၀၀၀ ဝန်းကျင်ဖြစ်ပြီး အောက်ပါအတိုင်း ခွဲခြမ်းပြထားသည် -

	ကျပ်
ပညာရှင် ဝန်ဆောင်ခများ	၂၄၅,၀၀၀,၀၀၀
အထွေထွေအသုံးစရိတ်များ	၈,၀၀၀,၀၀၀
ပုံနှိပ်နှင့် ကြော်ငြာခများ	၁၃,၀၀၀,၀၀၀
စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်များ	**၂၆၆,၀၀၀,၀၀၀**

၂-၆။ ထုတ်ဝေထားသည့် ရှယ်ယာအားလုံး၏ လက်ရှိတန်ဖိုး

နောက်ဆုံးတင်သွင်းသည့် နေ့ရက်အထိ ကုမ္ပဏီ၏ ထုတ်ဝေထားသည့် ရှယ်ယာအားလုံး၏ လက်ရှိတန်ဖိုး မှာ အောက်ပါအတိုင်းဖြစ်သည် -

	နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ
အစုရှယ်ယာ (သာမန်အစုရှယ်ယာ အရေအတွက်)	၁၀,၄၉၇,၅၉၈
အစုရှယ်ယာတန်ဖိုး စုစုပေါင်း (ကျပ်)	၃,၄၈၇,၉၉၀,၀၀၀
ကာလတို ကြွေးမြီပေါင်း	၁,၃၄၂,၄၅၆,၆၄၃
ကာလရှည် ကြွေးမြီပေါင်း	၁၈,၅၈၂,၅၈၂,၉၅၄
ကြွေးမြီစုစုပေါင်း (**က**)	**၁၉,၉၃၅,၀၄၉,၅၉၃**
အစုရှယ်ယာ တန်ဖိုး	၃,၄၈၇,၉၉၀,၀၀၀
ထိန်းသိမ်းထားရှိသော ဝင်ငွေများ	၃၀,၉၇၈,၈၆၇,၄၁၈

ငွေကြေးအမျိုးအစားပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အရန်ငွေ	-၂,၆၁၉,၆၃၇
ထိန်းချုပ်နိုင်စွမ်း မရှိသော အကျိုးစီးပွား	၁,၄၄၄,၃၆၀,၈၈၄
ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ *(ခ)*	**၃၅,၉၀၈,၅၉၈,၆၆၅**
ထုတ်ဝေထားသည့် ရှယ်ယာအားလုံး၏ လက်ရှိတန်ဖိုး (က+ခ)	**၅၅,၈၄၃,၆၄၈,၂၆၂**

အထက်ပါ ဇယားတွင် နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ မိမိတို့၏ ထုတ်ဝေထားသည့် ရှယ်ယာအားလုံး၏ လက်ရှိတန်ဖိုး ကို ဖော်ပြထားပါသည်။ ယင်းမှာ မိမိတို့၏ ၂၀၁၉ ခုနှစ်၊ မတ် လ ၃၁ ရက် နေ့စွဲပါ စာရင်းစစ်လက်ကျန်ရှင်းတမ်းမှ ထုတ်နှုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားသည်မှလွဲ၍ ၂၀၁၉ ခုနှစ်၊ မတ် လ ၃၁ ရက် နောက်ပိုင်း မိမိတို့၏ ထုတ်ဝေထားသည့် ရှယ်ယာအားလုံး၏ လက်ရှိတန်ဖိုး တွင် အဓိကကျသော အပြောင်းအလဲတစ်စုံတစ်ရာမရှိပါ။ အထက်ပါဇယားရှိ အချက်အလက်ကို ဤဖွင့်ဟကြေညာစာတမ်းတွင် ပါရှိသော ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဆက်စပ်မှတ်တမ်းများဖြင့် အတူယှဉ်တွဲ ကြည့်သင့်ပါသည်။

<u>၂-၃။ ဆုံးရှုံးနိုင်ခြေရှိသည့် အချက်များ</u>

ကျွန်ုပ်တို့၏ အစုရှယ်ယာများ၌ ရင်းနှီးမြှုပ်နှံခြင်းတွင် သိသိသာသာ ဆုံးရှုံးနိုင်ခြေများ ပါဝင်ပတ်သက်လျက်ရှိသဖြင့် ဤဖွင့်ဟကြေညာစာတမ်းအတွင်း အလေးထားဖော်ပြထားသော ဆုံးရှုံးနိုင်ခြေရှိသည့်အချက်များကို နားလည်သဘော ပေါက်သည့် ပုဂ္ဂိုလ်များ အတွက်သာ သင့်လျော်ပါသည်။ လူကြီးမင်းအနေဖြင့် ဤအပိုင်းအတွင်း ဖော်ပြထားသော အောက်ပါ ဆုံးရှုံးနိုင်ခြေ တစ်ခုချင်းကို လည်းကောင်း၊ ဤဖွင့်ဟကြေညာစာတမ်းအတွင်း ဖော်ပြထားသော အခြား သတင်းအချက်အလက်အားလုံးတို့ကို လည်းကောင်း ဂရုတစိုက် စဉ်းစားသုံးသပ်ပြီးမှသာ ကျွန်ုပ်တို့၏ အစုရှယ်ယာ များတွင် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ အဆုံးအဖြတ်ကို ပြုလုပ်သင့်ပါသည်။ ကျွန်ုပ်တို့သည် ဤစာတမ်းတွင် ဖော်ပြထားသည်တို့ထက်မကသော ဆုံးရှုံးနိုင်ခြေများကို ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။ အချို့သောဆုံးရှုံးနိုင်ခြေတို့ကို လက်ရှိအချိန်တွင် ကျွန်ုပ်တို့မသိသေးပါ။ လက်ရှိအချိန်တွင် အရေးမကြီးဟု မိမိတို့က ထင်မှတ်သော်လည်း နောင်တွင် အရေးကြီးသည့် ဆုံးရှုံးနိုင်ခြေများအဖြစ် ပြောင်းလဲသွားသည့် အရာများလည်း ရှိနိုင်ပါသည်။ ဖော်ပြပါ ဆုံးရှုံးနိုင်ခြေတို့ အနက် တစ်ရပ်ရပ် အမှန်တကယ် ဖြစ်ပွားခြင်းသည် ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အခြေအနေ၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ၊ ငွေသားစီးဆင်းမှု၊ စီးပွားရေးလုပ်ငန်းများ၊ မျှော်မှန်းချက်များ နှင့် အစုရှယ်ယာများ၌ တစ်စုံတစ်ရာ ရင်းနှီးမြှုပ်နှံထားမှုအား အရေးပါသော အတိုင်းအတာဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ထိခိုက် နစ်နာစေနိုင်ပါသည်။ ထိုအခါ အစုရှယ်ယာများ အရောင်းအဝယ် ပြုသည့် စျေးနှုန်း မတည်ငြိမ်ခြင်း သို့မဟုတ် ကျဆင်းခြင်း ဖြစ်လာနိုင်ပြီး၊ အစုရှယ်ယာများတွင် လူကြီးမင်း ရင်းနှီးမြှုပ်နှံထားမှု တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆုံးရှုံးရနိုင် ပါသည်။

ဤဖွင့်ဟကြေညာစာတမ်းတွင် ဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများနှင့် ပတ်သက်သော ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများလည်း ပါရှိပါသည်။ ဤဖွင့်ဟကြေညာစာတမ်း၏ ဤအပိုင်းနှင့် အခြားနေရာ တို့တွင် တင်ပြထားသော ကျွန်ုပ်တို့ ရင်ဆိုင်ရသည့် ဆုံးရှုံးနိုင်ခြေများအပါအဝင် အချို့သောအကြောင်းရင်းတို့ကြောင့် ကျွန်ုပ် တို့ကုမ္ပဏီက အမှန်တကယ်ရရှိသောရလဒ်များသည် အဆိုပါ ကြိုတင်မျှော်မှန်းထားသည့်အကြောင်းအရာများအပိုင်းတွင် ပါရှိသော ခန့်မှန်းရလဒ်များနှင့် အတိုင်းအတာတစ်ရပ်အထိကွာခြားနိုင်ပါသည်။ လူကြီးမင်းအနေဖြင့် ဤဖွင့်ဟကြေညာစာတမ်း ***"အပိုင်း ၁။ စာရင်းဝင်ခြင်းဆိုင်ရာ အကျဉ်းချုပ် - ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများ"*** အပိုဒ်တွင်ပါရှိသည့် ကြိုတင်မျှော်မှန်းထားသည့်အကြောင်းအရာများဆိုင်ရာ သတိပေးချက်ကိုလည်း ထည့်သွင်းစဉ်စား သင့်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း မပြုမီ လူကြီးမင်း၏ ကျွမ်းကျင်ပညာရှင် အကြံပေး ပုဂ္ဂိုလ်များထံမှ လူကြီးမင်းကိုယ်တိုင်နှင့် သက်ဆိုင်သော အချက်အလက်၊ အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုချက် ရယူသင့်ပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်း လည်ပတ်လုပ်ကိုင်မှုများနှင့် သက်ဆိုင်သော ဆုံးရှုံးနိုင်ခြေရှိသည့် အချက်များ

ဟိုတယ် နှင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းသည် ကျွန်ုပ်တို့ထိန်းချုပ်နိုင်၍မရနိုင်သော မက်ခရိုစီးပွားရေးဆိုင်ရာ အကြောင်းရင်းများ၊ နှစ်စဉ်ရာသီအလိုက်သာလုပ်ငန်းလည်ပတ်ရခြင်း နှင့် အခြားလွှမ်းမိုးသော အကြောင်းရင်းများရှိခြင်းကြောင့် ဟိုတယ်နှင့်ဧည့်ဝန်ဆောင်မှုဆိုင်ရာ စျေးကွက်ဝယ်လိုအား ကျဆင်းစေကာ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက် စေနိုင်ပါသည်။

ဟိုတယ်နှင့်ဧည့်ဝန်ဆောင်မှုလုပ်ငန်းသည် အခန်းငှားရမ်းခ ကျဆင်းခြင်း နှင့် အခန်းပြည့်ဧည့်သည်လာရောက်တည်းခိုနိုင်မှုကျဆင်းခြင်း ဖြစ်လာသည်နှင့်အမျှ စီးပွားရေးအရ တွက်ခြေမကိုက်မှုများဖြစ်လာကာ သံသရာလည်နေတတ်ပါသည်။ နိုင်ငံစီးပွားရေး ကျဆင်းချိန်တွင် ဟိုတယ်အသစ်များ ဆောက်လုပ်ခြင်းကြောင့် ကျွန်ုပ်တို့လုပ်ငန်းကို ကိုပိုမိုဆိုးဝါးစေနိုင်ပါသည်။ ဟိုတယ်နှင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေပေါ်လိုက်၍ ရာသီအလိုက် အခန်းများငှားလိုအားအပေါ်တွင်သာ မူတည်သော စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ ဤစီးပွားရေး လုပ်ငန်း၏အဓိကသော့ချက်မှာ အခန်းများ ဧည့်သည်များနှင့်ပြည့်နှက်နေမှု၊ အခန်းခန္ဓာထား သတ်မှတ်ထားနိုင်မှု စသည့် တောင်းဆိုချက်အပေါ်မူတည်၍ ငှားရမ်းလုပ်ကိုင်နိုင်သောအခန်းများမှ ရရှိသော ငှားရမ်းခဝင်ငွေ(REVPAR) ဆိုသည့်သော့ချက်ဖြစ်သည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သောဟိုတယ်အဆောက်အဦးများ၏ ဝင်ငွေကောင်းသောကာလအပိုင်းအခြားမှာ ဟိုတယ်တစ်လုံးနှင့်တစ်လုံး၊ နေရာဒေသတစ်နေရာ နှင့်တစ်နေရာ၊ ရာသီချိန်တစ်ချိန်နှင့်တစ်ချိန်၊

သုံးစွဲသူဦးရေ့သည်တစ်ဦးချင်းစီအပေါ်တွင် ဝန်ဆောင်မှုပေးနိုင်မှုအနေအထား စသည်တို့ပေါ် မူတည်၍ ကွဲပြားခြားနားမှုရှိပါသည်။ ယေဘုယျအားဖြင့် ခရီးသွားရာသီမဟုတ်သော မေလမှ စက်တင်ဘာလအတွင်းတွင် အခန်းငှားရမ်းရဝင်ငွေ အနည်းဆုံးဖြစ်လေ့ရှိပြီး ပွင့်လင်းရာသီဖြစ်သော အောက်တိုဘာလမှ ဧပြီလအတွင်းတွင် အခန်းငှားရမ်းမှုနှုန်းမြင့်ပြီး ဝင်ငွေအကောင်းဆုံးဖြစ်သည်ဟု မျှော်မှန်းနိုင်ပါသည်။ ထို့အပြင် ဟိုတယ်နှင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းသည် အများအားဖြင့် အထွေထွေ စီးပွားရေးအခြေအနေအလိုက် စျေးကွက်ဝယ်လိုအား နှောင့်နှေးမှု ရှိတတ်ပါသည်။ ထိုသို့သော စျေးကွက်ရာသီအပေါ် မှီခိုရသည့် အကြောင်းအရာတို့ကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ္ဍာရေးအခြေအနေဆိုင်ရာ ရလဒ်များကို အတက်အကျဖြစ်စေပါသည်။

မက်ခရို စီးပွားရေး နှင့် အခြားကျွန်ုပ်တို့လက်လှမ်းမှီထိန်းချုပ်၍မရနိုင်သော အချက်များကြောင့် ကျွန်ုပ်တို့ ပိုင်ဆိုင်ထားသော၊ စီမံခန့်ခွဲနေသော၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်တည်ဆောက်ဆဲဖြစ်သော အဆောက်အဦးများမှ အခန်းများ ဝယ်လိုအားအပါအဝင် ဟိုတယ်နှင့်ဧည့်ဝန်ဆောင်မှုများ၏ ဝန်ဆောင်မှုထွက်ကုန်များကိုပါ ဝယ်လိုအားကျဆင်းစေပါသည်။ ထိုအချက်များမှာ

- ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးစျေးကွက်များ ဆိုးဝါးခြင်းနှင့် ကျဆင်းခြင်း အခိုက်အတန့်ကာလအပါအဝင် အထွေထွေစီးပွားရေးအခြေအနေများ ပြောင်းလဲလာခြင်း၊ မတည်မငြိမ်ဖြစ်ခြင်းနှင့် အတက်အကျဖြစ်ခြင်း၊
- နိုင်ငံတွင်း၌ စစ်မက်နှင့်ပဋိပက္ခဖြစ်ပွားခြင်း၊ အကြမ်းဖက်လှုပ်ရှားမှုများ သို့မဟုတ် ခြိမ်းခြောက်မှုများနှင့် ထိုအကြမ်းဖက်မှုများအား ကာကွယ်တားဆီးနိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ လုံခြုံရေးအစီအမံများနှင့် ဆောင်ရွက်မှုများကို တင်းကျပ်စွာပြုလုပ်ထားခြင်း၊
- အရှေ့အလယ်ပိုင်းတွင်ဖြစ်ပွါးခဲ့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ၊ H5N1၊ H7N9၊ ကြက်ငှက်တုတ်ကွေး၊ ဧကာဗိုင်းရပ်စ် နှင့် Covid-19 ကူးစက်ခံရခြင်းကဲ့သို့ ကူးစက်မြန်ရောဂါများ နှင့် ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ငလျင်လှုပ်ခြင်းများ၊ ဆူနာမီဖြစ်ပေါ်ခြင်းများ၊ လေဆင်နှာမောင်းများ၊ ဟာရီကိန်းများစသည့် မုန်တိုင်းကြီးများနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခြင်း၊
- ဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ယင်းတို့စိတ်ဝင်တစားရှိသော အခြားသီးသန့်နေရာများသို့ သွားလာလည်ပတ်ရန်ဆန္ဒရှိလာခြင်း၊ လိုအပ်ချက်ပြောင်းလဲလာခြင်း၊ ခရီးသွားခြင်းဆိုင်ရာ အကြောင်းရင်းများ ဥပမာ စီးပွားရေးကိစ္စအလို့ငှာ၊ အပန်းဖြေခရီးထွက်ရန်အလို့ငှာ ယင်းတို့၏ခရီးသွားမှုပုံစံ (Travel Pattern) ပြောင်းလဲသွားခြင်း၊
- နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သုံးစွဲသူပြည်သူတစ်ဦးချင်းစီ၏ စုဆောင်းငွေ၊ သုံးငွေကွာဟချက်များကြောင့် သုံးစွဲသူပြည်သူများ မိမိကိုယ်မိမိ ယုံကြည်ချက်ကျဆင်းခြင်း၊
- အိမ်ခြံမြေအရောင်းအဝယ်ဝန်ဆောင်မှုလုပ်ငန်းများ ကျဆင်းခြင်းနှင့် အငှားစျေးနှုန်းများ ကျဆင်းခြင်း၊

- လေကြောင်းလိုင်းများ၊ ဘက်စ်ကားလိုင်းများနှင့် အခြားသယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများ၏ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာအခြေအနေနှင့် ယင်းတို့က ခရီးသွားလုပ်ငန်းအပေါ် ရိုက်ခတ်မှု၊
- လေကြောင်းလိုင်းများအရှုံးပေါ်ခြင်း နှင့် ခရီးစဉ်များလျော့ချခြင်း၊
- ခရီးသွားလုပ်ငန်း နှင့် ဆက်စပ်သည့် မတော်တဆထိခိုက်သေဆုံးဒဏ်ရာရမှုများ၊
- ရေနံဈေး နှင့် ခရီးသွားလာမှုစရိတ်များ၊
- ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရ၏ မူဝါဒများ၊ အမိန့်များ၊ ဆောင်ရွက်ချက်များနှင့် အစီအမံများကြောင့် ထိုခရီးသွားလုပ်ငန်းအပေါ် အများပြည်သူ ရှုမြင်သော အနှုတ်လက္ခဏာဆောင်သော အမြင်များ၊
- ပြည်တွင်းနှင့် နိုင်ငံတကာဆိုင်ရာ နိုင်ငံရေးအခြေအနေနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ အခြေအနေများ၊
- အလုပ်သမားဆိုင်ရာ အငြင်းပွားမှုများ၊ ညှိနှိုင်းဖျန်ဖြေမှုများတွင် ပါဝင်သော ဟိုတယ်များမှ အလုပ်သမားများ စုပေါင်းဆန္ဒဖော်ထုတ်မှုများကြောင့် စီးပွားရေးလုပ်ငန်းများ၊ အစုစပ်စီးပွားရေးလုပ်ငန်းများအား ထိခိုက်ပျက်စီးဆုံးရှုံးစေခြင်း၊

ဤအချက်များသည် တစ်သီးပုဂ္ဂလပိုင်စီးပွားရေးလုပ်ငန်းများကိုဖြစ်စေ၊ ဒေသတစ်ခုခု၏ စီးပွားရေးကိုဖြစ်စေ၊ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးကိုဖြစ်စေ၊ အခါအားလျော်စွာ ဆိုးကျိုးသက်ရောက်စေခဲ့သကဲ့သို့ နောင်တွင်လည်း ဆိုးဝါးသော အကျိုးသက်ရောက်မှု ရှိနေနိုင်ပါသည်။ အထက်ပါအချက်တစ်ခု (သို့မဟုတ်) ထို့ထက်ပိုများသော လွှမ်းမိုးနိုင်သော အချက်များသည် ကျွန်ုပ်တို့၏ ငွေကြေးအကျိုးအမြတ်၊ လုပ်ငန်းအောင်မြင်မှုရလဒ်ကို ဆန့်ကျင်ဘက်အကျိုးသက်ရောက်စေကာ ကျွန်ုပ်တို့ ပိုင်ဆိုင်သော အဆောက်အဦးရှိ အခန်းငှားရမ်းခနှင့် ဝန်ဆောင်ခနှုန်းထားများကို လျော့ကျစေပြီး ကန့်သတ်ပိတ်ပင် တားဆီးစေပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုတို့ ဆက်လက် ဖြစ်ပေါ်နေပါက သို့မဟုတ် ပိုမိုဆိုးရွားလာပါက မိမိတို့၏ ဝင်ငွေနှင့် အကျိုးအမြတ်များသည် ယခုထက်ပိုမို ကျဆင်းလာနိုင်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာအနှံ့ဖြစ်ပွားပျံ့နှံ့မှုကြောင့်၊ ကမ္ဘာ့စီးပွားရေးသည် ရုတ်တရက် မမျှော်မှန်းနိုင်သော စီးပွားရေးကျဆင်းမှုနှင့်ရင်ဆိုင်နေရပြီး လူအမြောက်အများအလုပ်လက်မဲ့ဖြစ်ခဲ့ရသကဲ့သို့ ယေဘုယျအားဖြင့် သွားလာလှုပ်ရှားမှုများ၊ စီးပွားရေးလုပ်ငန်းလည်ပတ်မှုများအပေါ်တွင်လည်း ကန့်သတ်မှုများစွာ ရှိလာခဲ့ပါသည်။ ယင်းအကန့်အသတ်များသည် အချိန်ကာလတစ်ခုအထိ ဆက်လက်ရှိနေဦးမည်ဟု မျှော်မှန်းထားပြီး ယင်းကန့်သတ်မှု အစီအမံများ ဖြေလျှော့မှုမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ဖြစ်ပွားကူးစက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေးနှင့် ကုသမှု ရှာဖွေတွေ့ရှိနိုင်ခြင်းအပေါ် မှီတည်နေပါသည်။ ကိုဗစ်-၁၉ အခြေအနေသည် ကမ္ဘာ့စီးပွားကျကပ် ဆီသို့ဦးတည်သွားနိုင်ပြီး အထူးသဖြင့် ကာလတိုအတွင်း (ခရီးသွားလာမှုအပါအဝင်) လိုအပ်သလောက်သာရွှေတာသုံးစွဲမှုဖြင့် သိသိသာသာလျော့ကျသွားနိုင်ပါသည်။

ဤအခြေအနေနှင့်စပ်လျဉ်း၍ မိမိတို့လုပ်ငန်းစုသည်လည်း ဆိုခဲ့ပါကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ရပြီး ဘားအံ၊ အင်းလေးနှင့် ပုဂံ ရှိ ဟိုတယ်လုပ်ငန်းများကို မတ်လကုန်မှစပြီး ပိတ်ခဲ့ရသကဲ့သို့ ငပလီမှ ဟိုတယ်လုပ်ငန်းများကိုလည်း ဧပြီလကုန်တွင် ပိတ်ခဲ့ရပါသည်။ ယင်းသို့ဟိုတယ်များပိတ်ထားရမှုသည် ပိတ်ထားရသည့် ကာလအတွက် မိမိတို့ဝင်ငွေအပေါ်သိသိသာသာ သက်ရောက်မှုရှိခဲ့သော်လည်း ခရီးသွားအလာနည်းသည့်ကာလနှင့် တိုက်ဆိုင်နေသောကြောင့် နှစ်ပတ်လည်အခြေခံအားဖြင့် အကြီးအကျယ်သက်ရောက်မှုမရှိခဲ့ပါ။ သို့သော်လည်း၊ ပိတ်ထားရသည့်ကာလသည် ထို့ထက်ပိုမိုရှည်ကြာမည်ဆိုပါက မိမိတို့၏ ဝင်ငွေအပေါ် သိသိသာသာ ဆိုးကျိုးသက်ရောက် လာနိုင်ပြီး အလားတူပင် မိမိတို့၏ အကျိုးအမြတ်ဖြစ်ထွန်းမှုအပေါ် သက်ရောက်လာနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများ၊ ထွက်ကုန်များအပေါ်တွင် စားသုံးသူများ၏ ဝယ်လိုအားအတက်အကျသည် ကမ္ဘာ့စီးပွားရေးစွမ်းဆောင်မှုကောင်းခြင်း၊ မကောင်းခြင်းအပေါ် အနီးကပ်ဆက်စပ်လျှက်ရှိနေပြီး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီ၏ ငွေကြေးသုံးစွဲနိုင်မှုပေါ်လည်း မူတည်သောကြောင့် စီးပွားရေးအပေါ် အကဲဆတ်လှပါသည်။ အထွေထွေစီးပွားရေး အခြေအနေများ ဆန့်ကျင်ဖက်အခြေအနေ ရောက်လာခြင်းကြောင့်လည်းကောင်း၊ ခရီးသွားများ နေရာဒေသအလိုက် ခရီးသွားလာရခြင်းအကြောင်းရင်းများ ပြောင်းလဲလာရခြင်းကြောင့်လည်းကောင်း၊ ဝန်ဆောင်မှုအသုံးပြုသူများ မိမိကိုယ် မိမိယုံကြည်ချက်များ ကျဆင်းခြင်းကြောင့်လည်းကောင်း၊ နိုင်ငံရေးဆိုင်ရာ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများကြောင့် ဖြစ်ပေါ်လာရသော မထင်မှတ်ဘဲ တွေ့ကြုံရမည့် အခက်အခဲအန္တရာယ်များကြောင့်လည်းကောင်း ဖြစ်ပေါ်လာရသော ဝယ်လိုအားကျဆင်းမှုသည် ကျွန်ုပ်တို့ ပိုင်ဆိုင်သော စီးပွားရေး၏ ဝင်ငွေနှင့် အကျိုးအမြတ်ကို များစွာ လျော့ကျစေနိုင်ပါသည်။

ထို့အတူ လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါ နှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှု ကြောင့် ဧည့်ဝန်ဆောင်မှု နှင့် စပ်လျဉ်းသည့် ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ဝယ်လိုအား (သုံးစွဲလိုအား) သိသိသာသာကျဆင်းလာရုံသာမက၊ ဟိုတယ်အခန်းငှားရမ်းရမှုပမာဏ (မြန်မာနိုင်ငံ အစိုးရ၏ သတ်မှတ်ချက်အရ ပိတ်ထားရသည့်ကာလတွင် တည်းခို နေထိုင်မှုသုညအထိ) ပါကျဆင်းခဲ့ သည့်အတွက် အခန်းငှားခများ သိသိသာသာနည်းပါးသွားခဲ့သဖြင့် မိမိတို့၏ ဝင်ငွေကျဆင်းလာစေနိုင်သကဲ့သို့ မိမိတို့၏ အကျိုးအမြတ်ဖြစ်ထွန်းနိုင်စွမ်းအပေါ် လည်း အနှုတ် လက္ခဏာ သက်ရောက်စေနိုင်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုကို ရင်ဆိုင်နိုင်ရန်အတွက်၊ မိမိတို့အနေဖြင့် စရိတ်သက်သာစေရေး ကာလတိုစီမံချက်တစ်ရပ်ချမှတ်ထားပြီး လုပ်ငန်းလည်ပတ်မှု သင့်လျော်ထိရောက်မှုရှိရန်အတွက် ဝန်ဆောင်မှု စရိတ်များနှင့် လုပ်ငန်းလည်ပတ်မှုစရိတ်များကို အနိမ့်ဆုံးဖြစ်ရန် စီမံထားရှိပါသည်။ ထို့ပြင် မဖြစ်မနေလိုအပ်သောဝန်ထမ်းများကိုသာ လုပ်ငန်းခွင် လည်ပတ်မှုများတွင် ထားရှိပြီး ယာယီလစာလျှော့ချထားသည့် ပုံစံဖြင့် ကျန်ဝန်ထမ်းများကို ဖြစ်နိုင်သမျှ

နေအိမ်မှလုပ်ကိုင်စေသည့် အစီအမံချမှတ်ထားခြင်းဖြင့် လုပ်ငန်းစု၏ လစာစရိတ်ကို လျော့ကျစေပါသည်။ လုပ်ငန်းစု၏ ပိုင်ဆိုင်သော ဟိုတယ်များနှင့် အပန်းဖြေစခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးပြင်ဆင်ရာတွင် ကျန်းမာရေးဆိုင်ရာ တစ်ကိုယ်ရေအကာကွယ်ပစ္စည်းများနှင့် အခြားကျန်းမာရေးသုံး သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ ဝယ်ယူထားပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးအစီအမံများနှင့်အညီ နေ့စဉ်လူမှုဘဝတွင် ခပ်ခွာခွာနေထိုင်ခြင်း (Social distancing measures) များ စီမံထားရှိပါသည်။ နိုင်ငံခြားသားများထံမှ ကြိုတင်အခန်းဌားရမ်းမှာယူမှု ကျဆင်းလာသောကြောင့် လုပ်ငန်းစုအနေဖြင့် ကြိုတင်အခန်းဌားရမ်းမှာယူမှု မြှင့်တင်ရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းနှေးကွေးမှုကို ထေမိစေရန်၊ ယခုအခါ ပြည်တွင်းခရီးသွားလာမှုကို အဓိက အာရုံစိုက်ထားပါသည်။ ကုမ္ပဏီစီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် ယင်းနှင့်စပ်လျဉ်း၍ အရောင်းမြှင့်တင်ရေးနှင့် စျေးကွက်ရှာဖွေရေးအစီအမံများ ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။

ဟိုတယ်နှင့် ညှဉ့်ဝန်ဆောင်မှုလုပ်ငန်းများ၏ ထွက်ကုန်များဝယ်လိုအား ပြန်လည်ဦးမော့လာနိုင်ခြင်းသည် ကမ္ဘာ့ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေ တိုးတက်ဖြစ်ပေါ်မှုနောက်တွင် ကျန်ရစ်နေလိမ့်မည်ဟု ကျွန်ုပ်တို့အနေဖြင့် ခန့်မှန်းရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ နှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုသည် မည်မျှကြာကြာအထိ မည်ကဲ့သို့ ပြင်းထန်စွာ ဖြစ်ပေါ်နေလိမ့်မည်ဆိုသည်ကို မခန့်မှန်းနိုင်ပါ။ ထို့အပြင် လက်ရှိကမ္ဘာ့စီးပွားရေးအခြေအနေမှာလည်း ဝန်ဆောင်မှု အသုံးပြုသူများ၏ မိမိကိုယ်မိမိယုံကြည်ချက်နှင့် အမူအကျင့်များကို သိသာထူးကဲစွာ အကျိုးသက်ရောက်မှုရှိနေသည့်အတွက် အခန်းခငှားရန်းနှုန်းထားများအား မြှင့်တင်နိုင်ရန်နှင့် ငှားရမ်းလုပ်ကိုင်နိုင်သောအခန်းများမှရရှိသော ငှားရမ်းခဝင်ငွေ(REVPAR) ကိုလည်း မြှင့်တင်ရန် သေချာစွာ မခန့်မှန်းနိုင်သေးပေ။ နိုင်ငံတွင်းသို့ နိုင်ငံခြားသားများ ဝင်ရောက်မှုအပေါ် ကန့်သတ်ထားပြီး နိုင်ငံတွင်း ဝင်ရောက်သည့် မည်သူကိုမဆို အဆောက်အအုံများနှင့် နေအိမ်တွင် သီးသန့် ခွဲခြားနေထိုင်စေခြင်း (facility and home quarantine) ကန့်သတ်မှုများ ချမှတ်ထားသည့်ကာလအတွင်း ကမ္ဘာလှည့်ခရီးသွား လာရောက်မှု လျော့ကျမည်ဖြစ်ပြီး၊ မိမိတို့ဟိုတယ်များတွင် တည်းခိုနေထိုင်မှု လျော့နည်းမည်မှာ သံသယဖြစ်ဖွယ်မရှိသကဲ့သို့ ယင်းကြောင့် မိမိတို့ဝင်ငွေ ကျဆင်း၍ အကျိုးအမြတ်အပေါ် ဆိုးကျိုးသက်ရောက်မည်မှာလည်း သံသယဖြစ်ဖွယ်မရှိပါ။ ကမ္ဘာ့စီးပွားရေးကျဆင်းမှု အချိန်ကြာမြင့်ခြင်းကလည်း ကျွန်ုပ်တို့၏ ဝင်ငွေ နှင့် အမြတ်ရနိုင်မှုအပေါ် အနှုတ်လက္ခဏာဆောင်သော သက်ရောက်မှုများ ရှိစေပါသည်။

ကျွန်ုပ်တို့အနေဖြင့် Resort အသစ်များ၊ စျေးနှုန်းသက်သာဟိုတယ်များ (Budget Hotel)၊ Spaများ၊ ဝန်ဆောင်မှုပါသော တည်းခိုနေထိုင်စရာအိမ်ရာများ နှင့် (သို့မဟုတ်) ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းဆိုင်ရာ ထပ်ဆင့်တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် လိမ့်မည်မဟုတ်ပါ။

အနာဂတ်တွင် ကျွန်ုပ်တို့အနေဖြင့် resort အသစ်များ၊ ၊ ဟိုတယ်များ၊ Spaများ၊ ဝန်ဆောင်မှုပေးရာ တည်းခိုနေထိုင်စရာအိမ်ရာများနှင့် (သို့မဟုတ်) ခရီးသွားလုပ်ငန်း ဆိုင်ရာထပ်ဆင့်တိုးချဲ့လုပ်ငန်းများကို အောင်မြင်စွာ

အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ကြိုးစား အားထုတ်နေပါသည်။ ကျွန်ုပ်တို့၏ ထို Resortအသစ်များ၊ ဟိုတယ်များ၊ Spa များ၊ ဝန်ဆောင်မှုပါသော တည်းခိုနေထိုင်စရာအိမ်ရာများ၊ စျေးနှုန်းသင့်တင့်သော ဟိုတယ်များ (Budget Hotel) နှင့် (သို့မဟုတ်) ခရီးသွားလုပ်ငန်းဆိုင်ရာ ထပ်ဆင့်တိုးချဲ့လုပ်ငန်းများကို မျှော်မှန်းထားသော ပထဝီနေရာဒေသရှိ နေရာသစ်အတော်များများတွင် လုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်နေပါသည်။ ထိုသို့လုပ်ဆောင်ရာ၌ ထိုဒေသများတွင် လက်ရှိဟိုတယ် နှင့် ခရီးသွားလုပ်ငန်းမှာ အကန့်အသတ်ဖြင့်သာတည်ရှိခြင်း၊ မြေနေရာ ရရှိနိုင်မှုနှင့် သို့မဟုတ် ထိုဒေသရှိ လက်ရှိဟိုတယ် နှင့် ခရီးသွားလုပ်ငန်းအများစုသည် မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေဆဲဒေသများရှိ စီးပွားရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် လုပ်ငန်းဆောင်ရွက်ရာတွင် လည်းကောင်း၊ စျေးကွက်ရှာဖွေရာတွင် လည်းကောင်း၊ ဘဏ္ဍာရေး နှင့် ဥပဒေပိုင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည့် လုပ်ငန်းများလည်းဖြစ်ပါသည်။ ထိုအသစ်အသစ်သော ပထဝီစျေးကွက်အတွင်းသို့ စျေးကွက်ချဲ့ထွင်ပြီး ကျွန်ုပ်တို့၏ အဓိကစားသုံးသူအလွှာများ လက်လှမ်းမှီကာ သုံးစွဲလာနိုင်အောင်အထိ စီမံဆောင်ရွက်ရာတွင် အောင်မြင်မှုရှိနိုင်မည် မရှိနိုင်မည်ဆိုသည်မှာ လုံးဝမသေချာပေ။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ထိုသို့လုပ်လိုက်ပြီးမှ အောင်မြင်မှုမရခဲ့လျှင် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းလည်ပတ်မှုများအား ထပ်မံ ချဲ့ထွင်ရန် ငွေနှင့်အကျိုးအမြတ်များ ထပ်မံတိုးတက်လာအောင်လည်း ဆောင်ရွက်နိုင်မည် မဟုတ်တော့ပေ။ (***အပိုင်း၃။ ထုတ်ဝေသူသတင်းအချက်အလက် အားသာချက်/နည်းဗျူဟာများ-နည်းဗျူဟာ ကျသော နေရာဒေသများသို့ ကျွန်ုပ်တို့၏ Resort များ၊ ဟိုတယ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ထားမှုကြောင့် ပထဝီဒေသအချို့တွင် ထိုလုပ်ငန်းများရောက်ရှိနေပုံ***)

ကျွန်ုပ်တို့၏ လက်ရှိ စီးပွားရေးလုပ်ငန်းများအား ချဲ့ထွင်နိုင်ရန် နှင့် စီးပွားရေးအခွင့်အလမ်းကောင်းများ ဖော်ထုတ်ကာ လုပ်ငန်းတိုးတက်ကြီးပွားလာစေရန် ကျွန်ုပ်တို့၏လုပ်ဆောင်နိုင်စွမ်းမှာ အောက်ပါအချက်များ ပေါ်မူတည်နေပါသည်။

- သင့်တော်သောမြေနေရာ ရှာဖွေဖော်ထုတ်သတ်မှတ်နိုင်မှု နှင့် လုပ်ငန်းချဲ့ထွင်နိုင်သည့် အခွင့်အလမ်းများရှိမှု၊
- လုပ်ငန်းလုပ်ကိုင်ရန် မြေလွတ်မြေရိုင်းများ ဝယ်ယူခြင်း နှင့် (သို့မဟုတ်) လက်ရှိ ဟိုတယ် resort အဆောက်အဦးများ၊ ဆောက်လုပ်ဆဲအဆောက်အဦးများအား ဝယ်ယူနိုင်အောင် ညှိနှိုင်း ဆောင်ရွက်နိုင်မှု အခြေအနေ၊
- ဟိုတယ်ကြီးများ၊ Spa များ၊ resort များနှင့် ဝန်ဆောင်မှုပေးသော အိမ်ရာအခန်းများကို ကျေနပ်လက်ခံလောက်သော သဘောတူညီချက်များဖြင့် ပြန်လည်ပြုပြင်မွန်းမံဆောင်ရွက်သည့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ၊
- အချိန်ကာလတစ်ခုထိ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုအပ်သော ငွေကြေးအထောက်အပံ့များ ရယူဆောင်ရွက်နိုင်ခြင်း၊
- ဥပဒေကြောင်းအရ မရှိမဖြစ်လိုအပ်သောအစိုးရ နှင့် (သို့မဟုတ်) ဥပဒေအား စီမံထိန်းကျောင်းကွပ်ကဲ သူများထံမှခွင့်ပြုချက်၊ သဘောတူညီချက်များရရှိနိုင်မှုအခြေအနေ၊

- လက်ရှိစီးပွားရေးဆောင်ရွက်လျှက်ရှိသောဒေသများတွင် အဆောက်အဦးအသစ်များ ထပ်ဆင့်ဆောက်လုပ်ခွင့်ပေးခြင်းအခြေအနေ၊

ကျွန်ုပ်တို့၏ ဟိုတယ် နှင့် ဧည့်ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှင့် အမြတ်အစွန်း ရရှိနိုင်မှုကို စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေး၊ လုပ်ငန်းလည်ပတ်ခြင်းတို့အရ ခြိမ်းခြောက်နေသော မျှော်လင့်မထားသော ဆုံးရှုံးနိုင်ခြေ ရှိသည့် အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ရတတ်ပါသည်။

ကျွန်ုပ်တို့သည် ဟိုတယ် နှင့် ဧည့်ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းကြောင့် ကျွန်ုပ်တို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမြတ်အစွန်း ရရှိနိုင်မှုကို စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေး၊ လုပ်ငန်းလည်ပတ်ခြင်းတို့အရ ခြိမ်းခြောက်နေသော မျှော်လင့်မထားသည့် ဆုံးရှုံးနိုင်ခြေရှိသောအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ရတတ်ပါသည်။ ယင်းတို့မှာ -

- ရောင်းလိုအားနှင့် ဝယ်လိုအားကြားတွင် အပြောင်းအလဲများဖြစ်ပေါ်မှု (အခန်း၊ အစားအစာ၊ အဖျော်ယမကာ၊ တစ်ခြားဝန်ဆောင်မှုများ နှင့် ထွက်ကုန်များအပါအဝင်)၊
- မြန်မာနိုင်ငံအတွင်း ဟိုတယ်နှင့်ဧည့်ဝန်ဆောင်မှုလုပ်ငန်း နှင့်ပတ်သက်၍ အခြားများပြားသော ပြိုင်ဖက်များ နှင့် သိသိသာသာပြိုင်ဆိုင်ရနိုင်ခြင်း၊
- စျေးနှုန်းနှင့် အဖိုးအခတိုးမြှင့်သော်လည်း ငွေကြေးဖောင်းပွမှုကြောင့် လုပ်ငန်းကုန်ကျစရိတ်မြင့်တက် လာခြင်းအပေါ် မကာမိခြင်း၊
- အစိုးရ၏မြေယာအသုံးချမှုဆိုင်ရာနှင့်စပ်လျဉ်း၍ အမျိုးအစားများသတ်မှတ်ရာ၌ ဥပဒေ နှင့် နည်းဥပဒေများ အပြောင်းအလဲရှိခြင်း၊ ဇုန်ဥပဒေအသစ်များပြဋ္ဌာန်းခြင်း၊
- တစ်နေ့လုပ်အားခ၊ စျေးနှုန်း၊ အတိုးနှုန်း၊ ဆောက်လုပ်ရေးဆိုင်ရာနှင့် အဆောက်အဦးမွမ်းမံထိန်းသိန်းမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် ကုန်ကျစရိတ်အဖိုးအခများကို ထိန်းချုပ်လွှမ်းမိုးနိုင်သော အစိုးရ၏ဥပဒေများ၊ နည်းဥပဒေများ ပြင်ဆင်ပြောင်းလဲခြင်း၊ အခွန်အခနှင့် စပ်လျဉ်း ၍ ပြောင်းလဲမှုရှိခြင်း၊
- တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်အောင် လုပ်ဆောင်ရာ၌ ကုန်ကျစရိတ် နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာများတွင် မလိုအပ်ဘဲဝန်ထုတ်ဝန်ပိုးဖြစ်နေခြင်း၊
- ဒေသနှင့်ကိုက်ညီသော အလေ့အကျင့်များ၊ ထုံးထမ်းစဉ်လာများနှင့် ကိုက်ညီအောင်လုပ်ဆောင်ရာတွင် လိုအပ်ချက်များကြောင့် ကုန်ကျစရိတ်များပြားခြင်း၊
- ကျွန်ုပ်တို့နှင့် အလားအလာရှိသောဟိုတယ်လုပ်ငန်းရှင်များအား ရင်းနှီးမတည်ငွေများကို ငွေလုံးငွေရင်း အသုံးစရိတ်များ၊ လုပ်ငန်းဆိုင်ရာကြွေးမြီနှင့်ပတ်သက်၍ တာဝန်ဝတ္တရားများ ပီပြင်အောင်ဖော်ဆောင်ရာတွင် ထိုမတည်ရင်းနှီးငွေရရှိနိုင်မှု အလားအလာနှင့် ထိုငွေရရှိအောင် ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊
- နောက်ထပ်ဆောက်လုပ်မည့် ဖွံ့ဖြိုးရေးစီမံကိန်းများ နှောင့်နှေးနေခြင်း သို့မဟုတ် လုံးဝ ဖျက်သိမ်းပစ်ခြင်း၊

- နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျ မတည်မငြိမ်ဖြစ်ခြင်း၊
- လောင်စာစွမ်းအင်၊ အစားအစာ၊ အလုပ်သမားများ၏လုပ်ခလစာ၊ အကျိုးခံစားခွင့်၊ အာမခံ နှင့် မီးဘေး၊ လေဘေး စသည်တို့ကြောင့်ဖြစ်ပေါ်လာသော အခြားမမျှော်မှန်းနိုင်သည့် လုပ်ငန်းလည်ပတ်ကုန်ကျစရိတ် ပြောင်းလဲမှု ရှိခြင်း၊
- အလုပ်သမားများရှားပါးခြင်း နှင့် အလုပ်သမားအငြင်းပွားမှုများရှိခြင်း၊
- စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်ရန်အတွက် လုပ်ဆောင်လိုသော နေရာဒေသနည်းပါးခြင်း၊
- အကျိုးတူ ဖက်စပ်ပူးပေါင်းလုပ်ကိုင်သော လုပ်ဖော်ကိုင်ဖက်ကုမ္ပဏီများနှင့်ဆက်ဆံရေး နှင့်
- အခြားလုပ်ငန်းဘက် အဖွဲ့အစည်းများဖြစ်သော အင်တာနက်ကို အခြေခံသည့် အခြားခရီးသွားဝန်ဆောင်မှုကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူများ အပေါ် ဆွဲဆောင်နိုင်မှု၊ ထိန်းသိမ်းထားနိုင်မှု၊

ဟိုတယ်များ၏အခန်းခ အပါအဝင် ကျွန်ုပ်တို့ ဟိုတယ် နှင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ထုတ်ကုန်များ စသည်တို့နှင့်စပ်လျဉ်း၍ ကောက်ခံနိုင်သော စျေးနှုန်းများကို အထက်ဖော်ပြပါ မည်သည့်အချက်ကမဆို ကန့်သတ် (သို့မဟုတ်) လျော့ကျစေနိုင်ပါသည်။ ယင်းအကြောင်းခြင်းရာများသည် မိမိတို့၏ကုန်ကျစရိတ်ကိုလည်း မြင့်တက် စေနိုင်သကဲ့သို့ ပစ္စည်းဥစ္စာ အသစ်များ တိုးပွားရန် သို့မဟုတ် ရှိရင်းစွဲ ပစ္စည်းဥစ္စာများကို ထိန်းသိမ်း လည်ပတ်ရန် မိမိတို့၏စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ ရလဒ်အဖြစ် ဤအကြောင်းခြင်းရာများအနက်မှ တစ်ရပ်ရပ်သည် မိမိတို့၏ အမြတ်အစွန်းကို လျော့ကျစေနိုင်သကဲ့သို့ မိမိတို့၏ တိုးတက်ရန်အခွင့်အလမ်းများကိုလည်း အကန့်အသတ်ဖြစ်စေနိုင်ပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းအောင်မြင်မှု ရှိ/မရှိဆိုသည်မှာ ကျွန်ုပ်တို့ လည်ပတ် ဆောင်ရွက်နေသော စီးပွားရေးလုပ်ဆောင်ချက်များအား ဆန့်ကျင်ဘက်အကျိုးသက်ရောက်စေသည့် အစိုးရ၏စည်းမျဉ်းဥပဒေ အသစ်များ၊လိုအပ်ချက်များ အပေါ်တွင်လည်းမူတည်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ၊ လုပ်ငန်းခွင်ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ၊ အထွေထွေအဆောက်အဦးဆောက်လုပ်ခြင်း နှင့် ဇုန်ဥပဒေဆိုင်ရာလိုအပ်ချက်၊ အစားအသောက် နှင့် အဖျော်ယမကာထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရောင်းချခြင်းဆိုင်ရာ၊ ဟိုတယ်နှင့် resort များ တည်ထောင်ထိန်းသိမ်းခြင်းဆိုင်ရာ၊ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအပါအဝင် အမျိုးမျိုးသော ပြည်ထောင်စုအဆင့် နှင့် တိုင်းဒေသကြီးအဆင့်က ပြဋ္ဌာန်းသည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း လိုက်နာ ဆောင်ရွက်ရပါသည်။ ကျွန်ုပ်တို့၏ Spa များတွင် အသုံးပြုသော ထုတ်ကုန်ပစ္စည်းများမှာလည်း စီးပွားရေးလုပ်ဆောင်သော နေရာဒေသကိုလိုက်၍ ဒေသန္တရကျန်းမာရေးဥပဒေများနှင့်အညီ ဆောင်ရွက်ရပါသည်။ အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေး၊ အနည်းဆုံးအခကြေးငွေ၊ အချိန်ပိုခိုင်းစေခြင်းနှင့် လုပ်အားခ၊ လုပ်ငန်းခွင်အခြေအနေနှင့် အလုပ်ပါမစ်လိုအပ်ချက်ဆိုင်ရာ ကိစ္စများကိုလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရပါသည်။

လုပ်ငန်းသစ်များချဲ့ထွင်ခြင်းနှင့် သို့မဟုတ် လက်ရှိ အဆောက်အဦးများအား တိုးချဲ့မွမ်းမံခြင်းစသည့် လုပ်ငန်းစီမံချက်များ အောင်မြင်နိုင်မှုအလားအလာမှာ ဒေသဆိုင်ရာ အစိုးရအာဏာပိုင်များထံမှ လိုအပ်သော အဆောက်အဦးဆောက်လုပ်ခွင့်ပါမစ် သို့မဟုတ် ဇုန်သတ်မှတ်ဖေါ်ထုတ်မှုဆိုင်ရာ ကွဲပြားခြားနားသတ်မှတ်ချက်များကို ရရှိခြင်းအပေါ်တွင် မျှော်စွာမူတည်ပါသည်။ ဤဥပဒေ၊ နည်းဥပဒေများအားလုံးနှင့်အညီ လုပ်ဆောင်ရာတွင် ကုန်ကျစရိတ်များ မြင့်တက်စေကာ ထိုအပန်းဖြေစခန်း၊ ဟိုတယ်၊ Spa စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိသည့်ဝင်ငွေနှင့် အကျိုးအမြတ်ကို လျော့ကျစေသည် သို့မဟုတ် ကျွန်ုပ်တို့ စီးပွါးရေးလုပ်ဆောင်မှုများကို ဆန့်ကျင်ဘက်အကျိုးသက်ရောက်စေပါသည်။ ***(အပိုင်း ၉။ လုပ်ငန်းနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ်တွင် ကြည့်ပါ။)***

ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းအား ဆက်လက်လုပ်ဆောင်နိုင်မှုစွမ်းရည်မှာ တစ်ခါတစ်ရံတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိဟုဆိုကာ ငြင်းပယ်ခြင်းခံရနိုင်ဖွယ်ရှိသော သက်ဆိုင်ရာဒေသ အာဏာပိုင်များထံမှ ခွင့်ပြုချက်၊ ခွင့်ပြုမိန့်ရယူခြင်း (သို့မဟုတ်) ထိန်းသိမ်းထားခြင်းအပေါ်တွင်လည်း များစွာမှီတွယ်နေပါသည်။

ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းအား ကောင်းစွာစီမံလည်ပတ်ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်နိုင်မှုစွမ်းရည်မှာ (အခြားအကြောင်းများစွာအတွင်းမှ) ဒေသဆိုင်ရာ အာဏာပိုင်များမှ ထိုလုပ်ငန်းများအတွက် လိုအပ်ချက်အရ ထုတ်ပေးသော လိုင်စင်များနှင့် သို့မဟုတ် ပါမစ်များ၊ ခွင့်ပြုမိန့်များ စသည်တို့အား ရယူခြင်း၊ ထိန်းသိန်းထားခြင်း၊ သက်တမ်းတိုးခြင်း၊ အသစ်လျှောက်ထားခြင်းတို့ လုပ်ဆောင်နိုင်မှုအပေါ်တွင် မူတည်ပါသည်။

<u>Amata Garden Resort (ပုဂံ)</u>

မိမိတို့အနေဖြင့် Amata Garden Resort (ပုဂံ) အတွက် ဟိုတယ်လုပ်ငန်းလိုင်စင် မရရှိသေးပါ၊ သို့ရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ လျှောက်လွှာများတင်သွင်းထားပြီးဖြစ် သကဲ့သို့၂၀၂၀ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ တွင် Amata Garden Resort (ပုဂံ) ၏ ဟိုတယ်လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ ညောင်ဦးခရိုင် ခရိုင်စီမံခန့်ခွဲရေးကော်မတီက ကန့်ကွက်ရန်မရှိကြောင်း အကြောင်းကြားစာကို ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ထံ ပေးပို့ပြီးဖြစ်ပါသည်။ သို့ရာတွင် Amata Garden Resort (ပုဂံ) လုပ်ကိုင်နေသောမြေပေါ်တွင် အစိုးရက ဇုန်ပြန်လည်သတ်မှတ်မှု မကြာသေးမီက ပြီးစီးသွားပြီဖြစ်သောကြောင့် Amata Garden Resort (ပုဂံ) အတွက် သက်ဆိုင်ရာ ဟိုတယ်လုပ်ငန်းလိုင်စင်ကို စဉ်းစားသုံးသပ်နေပြီး ယခုအခါ ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နှုတ်ဖြင့် ပြောဆိုဆက်သွယ်မှုအရ မိမိတို့သိရှိနားလည်ထားပါသည်။ ၂၀၂၀ နှစ်ကုန် သို့မဟုတ် လာမည့်ဘဏ္ဍာရေးနှစ်တွင် လိုင်စင်ရနိုင်ခြေရှိသည်ဟု မိမိတို့မျှော်မှန်း ထားပါသည်။ နောက်ဆုံးတင်သွင်းသည့် နေ့ရက်ထိ မိမိတို့သိရှိရသမျှဆိုလျှင် လိုင်စင်ရရှိရေး အထက်ဆိုခဲ့ပါအချိန်ကာလမှန်းခြေအပေါ် သက်ရောက်နိုင်သည့် အဓိကကျသော ကိစ္စကြီးကြီးမားမား မရှိပါ။ ထို့ပြင် နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ကုမ္ပဏီသည်

သက်ဆိုင်ရာအစိုးရအာဏာပိုင်များထံမှ ယင်းဟိုတယ်လုပ်ငန်းလိုင်စင် မရနိုင်ဆိုသော အကြောင်းကြားချက်၊ လမ်းညွှန်ချက်မျိုး ကုမ္ပဏီအနေဖြင့် လက်ခံရရှိထားခြင်းမရှိပါ။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်၍ သက်ဆိုင်ရာ အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမျိုးလည်းမရှိပါ။

လုပ်ငန်းစုအနေဖြင့် Amata Garden Resort (ပုဂံ) တွင် အဖျော်ယမကာ ဝန်ဆောင်ပေးနိုင်ရန် ယစ်မျိုးလိုင်စင် မရရှိသေးပါ။ လက်ရှိတွင်လျှောက်ထားဆဲဖြစ်ပါသည်။ ကိုဗစ်-၁၉ အခြေအနေများကြောင့် လျှောက်ထားမှု ကြန့်ကြာနေသော်လည်း နောက်လာမည့် ဘဏ္ဍာရေးနှစ်တွင် ယစ်မျိုးလိုင်စင်ရရှိမည်ဟု နားလည်ထားပါသည်။ နောက်ဆုံး တင်သွင်းသည့် နေ့ရက်အထိ ကုမ္ပဏီသည် သက်ဆိုင်ရာ အစိုးရ အာဏာပိုင်များထံမှ ယစ်မျိုးလိုင်စင် မရနိုင်ဟူသော အကြောင်းကြားချက်မျိုး လမ်းညွှန်ချက်မျိုး ကုမ္ပဏီအနေဖြင့် လက်ခံရရှိထားခြင်းမရှိပါ။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်၍ သက်ဆိုင်ရာ အာဏာပိုင်များက အရေးယူဆောင်ရွက်မှု မျိုးလည်းမရှိပါ။

ထိုပြင်၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၆ရက် တွင် ပုဂံသည် ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် UNESCO ၏ တရားဝင်သတ်မှတ်ခြင်းခံခဲ့ရသည်ဟု မိမိတို့သိရှိထားပါသည်။ ယင်းနှင့်စပ်လျဉ်း၍ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက် နှင့် စာကြည့်တိုက် ဦးစီးဌာနက ပုဂံတွင် အထိမ်းအမှတ်ဇုန်အတွင်း ကျရောက်သည်ဟု သတ်မှတ်သည့် ဟိုတယ်များမှာ နေရာရွှေ့ပြောင်းရန် လိုအပ်နိုင်ပါသည်။ နောက်ဆုံး တင်သွင်းသည့် နေ့ရက် အထိ ကုမ္ပဏီသည် ၎င်း၏ ပုဂံရှိ ဟိုတယ်များမှာ ပြန်လည်နေရာချထားရေး အစီအစဉ်များ အတွင်း သက်ရောက်မှုရှိကြောင်း သို့မဟုတ် အထိမ်းအမှတ်ဇုန်အတွင်း ကျရောက်သည်ဟု သတ်မှတ်ခံရကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက် နှင့် စာကြည့်တိုက်ဦးစီးဌာနတို့ထံမှ အကြောင်းကြားခြင်း သို့မဟုတ် ညွှန်ကြားခြင်းမျိုး လက်ခံရရှိထားခြင်း မရှိသေးပါ။

ထိုပြင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၃ တွင် ဖော်ပြထားသည်မှာ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်းအဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းသို့မဟုတ် ၎င်း၏ ဝင်းခြံနယ်နိမိတ်ကို တိုးချဲ့ပြုပြင်ခြင်း ပြုလုပ်လိုပါက တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ကြိုတင်ခွင့်ပြုချက်ရရှိရန် ရှေးဟောင်းသုတေသနဦးစီးဌာန (ယခုအခါ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန) သို့ လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားပါသည်။ လုပ်ငန်းစုအနေဖြင့် စာဖြင့် ကြိုတင်ခွင့်ပြုချက် မရရှိသေးသော်လည်း Amata Garden Resort (ပုဂံ) ဆောက်လုပ်မှု နှင့် လုပ်ငန်းလည်ပတ်မှုအကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက် နှင့် စာကြည့်တိုက်ဦးစီးဌာနထံ နှုတ်အားဖြင့် တင်ပြထားပြီးဖြစ်သကဲ့သို့ သင့်လျော်စွာ လက်ခံအတည်ပြုပေးထားပြီး ကန့်ကွက်ထားခြင်းမရှိပါ။ နှုတ်အားဖြင့် ပြောဆိုဆက်သွယ်မှုအရ လက်တွေ့အားဖြင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက် နှင့်

စာကြည့်တိုက် ဦးစီးဌာနသည် ယင်းသို့သော ကြိုတင်စာဖြင့် ရေးသားခွင့်ပြုချက်မျိုး ထုတ်ပေးခြင်းမရှိဟု မိမိတို့ နားလည်ထားပါသည်။ နှိုင်းချင့်ချိန်သောအားဖြင့် ၂၀၂၀ နှစ်ကုန်တွင် Amata Garden Resort (ပုဂံ) ဆောက်လုပ်မှု နှင့် လုပ်ငန်းလည်းပတ်မှုတို့နှင့်စပ်လျဉ်း၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနသို့ စာဖြင့် တရားဝင်ရေးသားအသိပေးသွားပါမည်။ နောက်ဆုံး တင်သွင်းသည့်နေ့ရက်အထိ ကုမ္ပဏီသည် သက်ဆိုင်ရာအစိုးရအာဏာပိုင်များထံမှ ယင်းသို့ကြိုတင်ခွင့်ပြုချက်မျိုးမရနိုင်ဆိုသော အကြောင်းကြားချက်၊ လမ်းညွှန်ချက်မျိုး လက်ခံရရှိထားခြင်းမရှိပါ။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု ရှိသည်ဆို၍ သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်သော အရေးယူဆောင်ရွက်မှု မျိုးလည်း မရှိပါ။

Amata Garden Resort (အင်းလေးကန်)

Amata Garden Resort (အင်းလေးကန်) အတွက် ဟိုတယ်လုပ်ငန်းလိုင်စင်မှာ ၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၁၇ရက်တွင် သက်တမ်းကုန်ဆုံးသွားပြီး အသစ်တိုးချဲ့သော ဟိုတယ် တည်းခိုခန်းများ အပါအဝင် ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ သက်တမ်းတိုးရန် လျှောက်ထားပြီးဖြစ်ပါသည်။ လက်ရှိတွင် ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဤစခန်းရှိ အခန်းသစ်များ တည်ဆောက်မှုအတွက် အသုံးပြုသည့်ငွေကြေးများနှင့် စပ်လျဉ်း၍ ပစ္စည်း(အိမ်၊ခြံ၊မြေ) အခွန် ရှင်းလင်းမှု ရှိ၊ မရှိကို စိစစ်နေသည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်ပါသည်။ ယခင်ကလည်း လိုင်စင်သက်တမ်းတိုးမှုအတွက် ပစ္စည်း(အိမ်၊ခြံ၊မြေ) အခွန် ကင်းရှင်းမှု ရှိ၊ မရှိ စိစစ်ရာတွင် ပြဿနာတစ်စုံတစ်ရာ မရှိခဲ့ပါ။ ကင်းရှင်းမှုရှိပါက နောက်လာမည့် ဘဏ္ဍာရေးနှစ် တွင် Amata Garden Resort (အင်းလေးကန်) အတွက် ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုးနိုင်မည်ဟု မျှော်မှန်းထားပါသည်။ နောက်ဆုံး တင်သွင်းသည့်နေ့ရက်အထိ မိမိတို့သိရှိ ရသမျှဆိုလျှင် သက်တမ်းတိုး လိုင်စင်ရရှိရေး အထက်ဆိုခဲ့ပါအချိန်ကာလမှန်းခြေအပေါ် သက်ရောက်နိုင်သည့် အဓိကကျသော ကိစ္စကြီးကြီးမားမားမရှိပါ။ နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ကုမ္ပဏီသည် သက်ဆိုင်ရာအစိုးရအာဏာပိုင်များထံမှ ယင်းသို့လိုင်စင်သက်တမ်းတိုးမှုမျိုးမရနိုင်ဆိုသော အကြောင်းကြား ချက်၊ လမ်းညွှန်ချက်မျိုး လက်ခံရရှိထားခြင်းမရှိပါ။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု ရှိသည်ဆို၍ သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်သော အရေးယူဆောင်ရွက်မှု မျိုးလည်းမရှိပါ။

Amata Resort (ငပလီကမ်းခြေ)

Amata Resort (ငပလီကမ်းခြေ) အတွက် ဟိုတယ်လုပ်ငန်းလိုင်စင် မှာ ၂၀၂၀ခုနှစ် မတ်လ ၁စရက် တွင် သက်တမ်းကုန်ဆုံးသွားသော်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ သက်တမ်းတိုးရန် လျှောက်ထားပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ အခြေအနေကြောင့် သက်တမ်းတိုးလုပ်ငန်းစဉ်တွင် နှောင့်နှေးမှု ကြုံနေရသော်လည်း နောက်လာမည့် ဘဏ္ဍာရေးနှစ် တွင် ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုး ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားပါသည်။ Amata Resort (ငပလီကမ်းခြေ) အတွက် ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုးရာတွင် လုပ်ငန်းစုအနေဖြင့် ယခင်ကလည်း ပြဿနာတစ်စုံ တစ်ရာ

မရှိခဲ့ဖူးပါ။ ထို့ပြင် နောက်ဆုံး တင်သွင်းသည့်နေ့ရက်အထိ ကုမ္ပဏီသည် သက်ဆိုင်ရာအစိုးရ အာဏာပိုင်များ ထံမှ ယင်းသို့လိုင်စင်သက်တမ်းတိုးမှုမျိုးမရနိုင်ဟူသော အကြောင်းကြားချက်၊ လမ်းညွှန်ချက်မျိုး ရရှိခြင်းမရှိပါ။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည်ဟူ၍ သက်ဆိုင်ရာ အာဏာပိုင် များက ထုတ်ပြန်သော အရေးယူဆောင်ရွက်မှု မျိုးလည်းမရှိပါ။

"My Bagan Residence" by Amata

လုပ်ငန်းစုသည် "*My Bagan Residence*" by Amata အတွက် ဟိုတယ်လုပ်ငန်း လုပ်ကိုင်ရန် လိုအပ်သော ဟိုတယ်လုပ်ငန်းလိုင်စင် ရရှိထားပြီးဖြစ်ကာ လက်ရှိဟိုတယ်လုပ်ငန်းလိုင်စင်အရ ခွင့်ပြုထားသည့် အခန်းထက် အခန်းအရေအတွက်တိုးမြှင့်ရန်အတွက် အတည်ပြုချက်ရယူရန် ဟိုတယ် နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသို့ အသိပေးလျှောက်ထားဆဲဖြစ်ပြီး နောက်လာမည့် ဘဏ္ဍာရေးနှစ် တွင် ရရှိမည်ဟု မျှော်မှန်းထားပါသည်။

လုပ်ငန်းစု အနေဖြင့် *"My Bagan Residence"* by Amata တွင် အဖျော်ယမကာ ဝန်ဆောင်မှုပေးနိုင်ရန် ယစ်မျိုးလိုင်စင် မရရှိသေးပါ။ လက်ရှိတွင်လျှောက်ထားဆဲဖြစ်ပါသည်။ ကိုဗစ်-၁၉ အခြေအနေများကြောင့် လျှောက်ထားမှုတွင် ကြန့်ကြာနေသော်လည်း နောက်လာမည့် ဘဏ္ဍာရေးနှစ် တွင် ယစ်မျိုးလိုင်စင်ရရှိမည်ဟု နားလည်ထားပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ကုမ္ပဏီသည် သက်ဆိုင်ရာအစိုးရအာဏာပိုင်များထံမှ ယစ်မျိုးလိုင်စင် မရနိုင်ဆိုသော အကြောင်းကြားချက်၊ လမ်းညွှန်ချက်မျိုး ကုမ္ပဏီအနေဖြင့် လက်ခံရရှိ ထားခြင်းမရှိပါ။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု ရှိသည်ဆို၍ သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်သော အရေးယူဆောင်ရွက်မှု မျိုးလည်းမရှိပါ။

"My Hpa An Residence" by Amata

လုပ်ငန်းစု အနေဖြင့် "*My Hpa An Residence*" တွင် အဖျော်ယမကာ ဝန်ဆောင်ပေးနိုင်ရန် ယစ်မျိုးလိုင်စင် မရရှိသေးသကဲ့သို့ စည်ပင်သာယာရေးနဌာန၏ စားသောက်ဆိုင်လုပ်ငန်းလိုင်စင် မရရှိသေးပါ၊ လက်ရှိတွင် လျှောက်ထားဆဲဖြစ်ပါသည်။ ကိုဗစ်-၁၉ အခြေအနေများကြောင့် လျှောက်ထားမှုတွင် ကြန့်ကြာနေသော်လည်း နောက်လာမည့် ဘဏ္ဍာရေးနှစ် တွင် ယစ်မျိုးလိုင်စင် နှင့် စည်ပင်လုပ်ငန်းလိုင်စင် ရရှိမည်ဟု နားလည်ထားပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ကုမ္ပဏီသည် သက်ဆိုင်ရာအစိုးရအာဏာပိုင် များထံမှ ယစ်မျိုးလိုင်စင် မရနိုင်ဆိုသော အကြောင်းကြားချက်၊ လမ်းညွှန်ချက်မျိုး ကုမ္ပဏီအနေဖြင့် လက်ခံရရှိထားခြင်း မရှိပါ။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု ရှိသည်ဆို၍ သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်သော အရေးယူဆောင်ရွက်မှု မျိုးလည်းမရှိပါ။

မည်သူမဆို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈) အရ ဟိုတယ် နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်မရှိဘဲ ဟိုတယ် နှင့် တည်းခိုခန်းစီးပွားရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း နှင့် အခြား ခရီးသွားလုပ်ငန်း ဆက်စပ်ဝန်ဆောင်မှုတစ်ခုခု လုပ်ဆောင်ပါက ထိုသူအား တရားစွဲဆိုနိုင်ပြီး

ထောင်ဒဏ် (၁) နှစ်အထိဖြစ်စေ၊ ဒဏ်ငွေ ကျပ်(၂၀,၀၀၀,၀၀၀) ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါသည်။

ဥပဒေ၊ စည်းမျဉ်းစည်းကမ်း နှင့် နည်းဥပဒေသစ်တို့အရ ကျွန်ုပ်တို့တွင် လက်ရှိ လိုင်စင်အား တူညီသည့်သတ်မှတ်ချက်အောက်တွင် သက်တမ်းတိုးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် အသစ်၊ ခွင့်ပြုမိန့်အသစ် ရရှိရန်မှာ မသေချာမရေရာဘဲ ရှိနိုင်ပါသည်။ ဤအဖြစ်အပျက်တွင် ကျွန်ုပ်တို့၏ စီးပွားရေး၊ ငွေကြေးဆိုင်ရာ အမြတ်အစွန်း နှင့် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေအပေါ် ဆန့်ကျင်ဘက်ဆိုးကျိုး သက်ရောက်မှုရှိခြင်းတို့ကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းတစ်စိတ်တစ်ပိုင်း သို့မဟုတ် ယင်းနှင့် ဆက်စပ်သော လုပ်ငန်းအားလုံး ရပ်တန့်သွားနိုင်ပါသည်။

ပုဂံရှိ မိမိတို့ဟိုတယ်များ သည် ပြန်လည်နေရာချထားရေး အစီအစဉ်များ အရ သက်ရောက်မှုရှိသည် သို့မဟုတ် အထိမ်းအမှတ်ဇုန်အတွင်း ပါဝင်သည်ဟု စာရင်း သွင်းခံရမည်မဟုတ် ဟု အတိအကျ အာမခံ၍ မပြောနိုင်ပါ။ ယင်းသို့သော ဖြစ်စဉ်တွင် သက်ဆိုင်ရာ လုပ်ငန်းတစ်စိတ်တစ်ဒေသ သို့မဟုတ် အားလုံး ရပ်စဲကောင်းရပ်စဲသွား နိုင်ပြီး ယင်းမှာ မိမိတို့၏ လုပ်ငန်း၊ ဘဏ္ဍာရေးဆောင်ရွက်မှု နှင့်/သို့မဟုတ် ဘဏ္ဍာရေးရပ်တည်မှု အပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပါသည်။

<u>ပြဋ္ဌာန်းဥပဒေများအရ လိုအပ်သော မှတ်တမ်းများနှင့် အခြားကော်ပိုရိတ်မှတ်တမ်းများသာမက လုပ်ထုံးလုပ်နည်းဆိုင်ရာသတ်မှတ်ချက်များ၊ ထိန်းသိမ်းထားရှိမှုဆိုင်ရာ လိုက်နာဆောင်ရွက်ခြင်း မရှိမှု မှတ်တမ်းရာဇဝင်</u>

MyCo အီလက်ထရောနစ်မှတ်ပုံတင်စနစ်တွင် DICA ထံ တင်ပြရသော ပုံစံများ နှင့် စာရွက်စာတမ်းများကဲ့သို့သော ပြဋ္ဌာန်းဥပဒေအရ လိုအပ်သော မှတ်တမ်းများ အနက်မှ အချို့ကို ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်း နှင့် အညွှန်းများတွင် သင့်လျော်စွာ ပူးတွဲထိန်းသိမ်းထားခြင်း မရှိသကဲ့သို့ အစိုးရအာဏာပိုင်များထံ တင်သွင်းရမည့်ကိစ္စအချို့ ပြုလုပ်ရာတွင်လည်း နှောင့်နှေးမှု များ ရှိခဲ့ပြီး (ဥပမာအားဖြင့် ပုံမှန်တင်ပြရမည့် အစီရင်ခံစာများ) ၎င်းတို့မှာ မြန်မာနိုင်ငံ၏ ဥပဒေများကို ချိုးဖောက်ပျက်ကွက်မှုဖြစ်ပါသည် (**"ယခင်ကော်ပိုရိတ်မှတ်တမ်းဆိုင်ရာ ပျက်ကွက်မှုများ"**)။ လုပ်ငန်းစုသည် ယခင်ကော်ပိုရိတ်မှတ်တမ်းဆိုင်ရာ ပျက်ကွက်မှုများကို ပြုပြင်လျက်ရှိပြီး ယင်းသို့ ယခင်ကော်ပိုရိတ်မှတ်တမ်းဆိုင်ရာ ပျက်ကွက်မှုများထပ်တလဲလဲပေါ်ပေါက်မှုကို ရှောင်လွှဲနိုင်ရန်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျှက်ရှိပါသည်။ ယင်းပြုပြင်မှုလုပ်ငန်းစဉ်မှာ နောက်လာမည့် ဘဏ္ဍာရေးနှစ်တွင် ပြီးစီးမည်ဟု မျှော်မှန်းထားပါသည်။ သင့်လျော်သည့်အချိန်တွင် လုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများအရ လိုက်နာဆောင်ရွက်ရေးသတ်မှတ်ချက်များကို ကြီးကြပ်ရန် လုပ်ငန်းစုအတွင်း ဘုတ်အဖွဲ့နှင့် စာရင်းစစ်ကော်မတီကို သတင်းပို့မည့် Compliance Officer တစ်ဦး ခန့်အပ်သွားမည်ဖြစ်ပါသည်။ နောက်ဆုံးတင်သွင်းသည့်ရက်စွဲအထိ ကုမ္ပဏီသည် သက်ဆိုင်ရာ အစိုးရအာဏာပိုင်များထံမှ ယင်းသို့လိုက်နာဆောင်ရွက်မှုမရှိ သို့မဟုတ် အရေးယူဆောင်ရွက်မှုမရှိဟူသည့် အကြောင်းကြားချက် သို့မဟုတ်၊ လမ်းညွှန်ချက်တို့ကို ကုမ္ပဏီအနေဖြင့် လက်ခံရရှိထားခြင်းမရှိပါ၊

လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုရှိသည့်အတွက် သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်သော အရေးယူဆောင်ရွက်မှုမျိုးလည်းမရှိပါ။

တည်ဆဲဥပဒေအရ (သို့မဟုတ်) အစိုးရအာဏာပိုင်များမှ ကျွန်ုပ်တို့ထံ ထုတ်ပေးထားသော လိုင်စင်၊ ပါမစ်၊ ခွင့်ပြုချက်များသည် သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိဟု တွေ့ရှိရပါက ပြစ်ဒဏ်ပေးခြင်း၊ ဒဏ်ငွေပေးဆောင်စေခြင်း၊ အခြားစီမံအုပ်ချုပ်မှုဆိုင်ရာ ပြစ်ဒဏ်များ ပေးခြင်းတို့ အပါအဝင် ထိုလိုင်စင်၊ ပါမစ် နှင့် ခွင့်ပြုချက်တို့ကို ထုတ်ပေးခြင်းမပြုဘဲ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း နှင့် ပယ်ဖျက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

ကျွန်ုပ်တို့ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသော အချို့ဟိုတယ်များ၏ မြေကွက်နေရာများကို ကျွန်ုပ်တို့မှ ပိုင်ဆိုင်ခြင်း မရှိသကဲ့သို့ ငှားရမ်းထားခြင်းလည်း မရှိပါ ။

ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအတွက် လုပ်ငန်းစုက ငှားရမ်းထားခြင်း၊ ပိုင်ဆိုင်ထားခြင်း မရှိဘဲ အသုံးပြု၊ အသုံးချနေသည့် မြေကွက် အချို့ရှိပါသည်။

"My Hpa An Residence" တည်ရှိသော မြေတိုင်းအမှတ် ၅/၅၄၊ O.SS.66 တန်မလောက်ကွင်း၊ တော်ပုံကျေးရွာ၊ ဘားအံမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ် ရှိ မြေကွက်ကို UIG သည် နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ပိုင်ဆိုင်ထားခြင်း သို့မဟုတ် ငှားရမ်းထားခြင်းမရှိပါ။ "*My Hpa An Residence*" သည် Awinka Holding Company Limited အမည်ဖြင့် ပုံစံ ၁၅ အမည်ပေါက်သော မြေကွက်ပေါ်တွင် တည်ရှိခြင်းဖြစ်ပါသည်။ လတ်တလောတွင် UIG သို့ ထပ်ဆင့် အငှားချထားရန် ရည်ရွယ်ပါသည်။ သို့သော်လည်း ဤထပ်ဆင့် အငှားချထားမှုသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်လိုအပ်မည်ဖြစ်ပြီး ကျွန်ုပ်တို့အုပ်စုအနေဖြင့် အဆိုပါခွင့်ပြုချက်ရရန် လျှောက်ထားနေပြီး လာမည့်ဘဏ္ဍာရေးနှစ်အကုန်တွင် ရရှိလိမ့်မည်ဟု ခန့်မှန်းထားပါသည်။

မြေတိုင်းအမှတ် ၅၄၊ ၆၄ က၊ ၅၈ က၊ ၅၉ က၊ ၅၉ ခ၊ ၅၉/၂၅၉၊ ၆၀၊ ၆၁၊ ၁၅၁၊ ၁၅၂၊ ၁၅၄၊ ၁၅၅က၊ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊ သံတွဲခရိုင်၊ ရခိုင်ပြည်နယ်ရှိ မြေကွက်တွင် AIC သည် ယင်းမြေကွက်ကို အသုံးပြုပိုင်ခွင့်ရှိသော်လည်း ယင်းမြေကွက်အသုံးပြုမှုအတွက် AIC ကို လုပ်ငန်းစုက ပေးချေရခြင်းမရှိပါ။ AIC သည် လုပ်ငန်းစု၏ လက်အောက်ခံလုပ်ငန်းတစ်ခု မဟုတ်သော်လည်း ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင် (ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ နှင့် ဒါရိုက်တာများ ဖြစ်ပါသည်) တို့က အပြည့်အဝပိုင်ဆိုင်ထားပါသည်။ ထို့ပြင် AIC ၊ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့သည် (AIC ရှိ ၎င်းတို့၏ ရှယ်ယာပိုင်ဆိုင်မှုအရ) ငှားရမ်းခ အခမဲ့ အခြေခံဖြင့် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့က AIC ၏ အစုရှယ်ယာအများစုပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များအဖြစ် ဆက်လက်ရှိနေသမျှကာလပတ်လုံး Amata Resort (ငပလီ ကမ်းခြေ) အတွက် မြေတိုင်း အမှတ် ၅၄၊ ၆၄ က၊ ၅၈ က၊ ၅၉ က၊ ၅၉ ခ၊ ၅၉/၂၅၉၊ ၆၀၊ ၆၁၊ ၁၅၁၊ ၁၅၂၊ ၁၅၄၊ ၁၅၅က၊ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊ သံတွဲခရိုင်၊ ရခိုင်ပြည်နယ်ရှိ

မြေကွက်များကို လုပ်ငန်းစုအား အသုံးပြုခွင့်ပေးရန် (မြဝတီဘဏ်မှ ခွင့်ပြုချက်ရသည်နှင့်) ကုမ္ပဏီသို့ ကတိအာမခံချက်တစ်ရပ် ပြုလုပ်ပေးရန် ရည်ရွယ်ထားပါသည်။

အောက်ပါဇယားတွင် ဤမြေကွက် တည်နေရာ နှင့် ယင်းအပေါ်တွင် ဟိုတယ် လက်ရှိတည်ရှိရာနေရာကို ဖော်ပြထားပါသည်။

တည်နေရာ	**ခန့်မှန်းဧရိယာ**	**ပစ္စည်းအသုံးပြုမှု**	**မှတ်ချက်**
မြေတိုင်းအမှတ် ၅၄၊ ၆၄ က၊ ၅၈ က၊ ၅၉ က၊ ၅၉ ခ၊ ၅၉/၂၅၉၊ ၆၀၊ ၆၁၊ ၁၅၁၊ ၁၅၂၊ ၁၅၄၊ ၁၅၅က၊ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊ သံတွဲခရိုင်၊ ရခိုင်ပြည်နယ်	၃.၇၉ ဧက	Amata Resort (ငပလီကမ်းခြေ)	AIC သည် ဤမြေကိုသုံးစွဲခွင့်ရှိပါသည် (AIC သည်၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက် ရက်စွဲတပ် ပုံစံ ၁၀၅ နှင့် ပုံစံ ၁၀၆ အရ မြေပိုင်ရှင်ဟု ဖော်ပြထားပါသည်)

မှတ်ချက်

(၁) ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၁ရက် ရက်စွဲဖြင့် ဦးဝင်းအောင်က AIC ကို မြေယာ အသုံးပြုခွင့် အပြီးအပိုင် ပေးအပ်သည့် စာချုပ် (Deed of Outright) တွင် စာပုံနှိပ်အမှားတစ်ခု ပါရှိပါသည်။ ကွင်းအမှတ်မှာ ၂၀၇ ဟု ဖော်ပြရမည့် အစား "၂၁၇" ဟု မတိမဂျ ဖော်ပြထားပါသည်။ လက်ရှိတွင် မိမိတို့သည် ယင်း ပုံနှိပ်အမှားကို ပြင်ဆင်ရန် ဆောင်ရွက်နေပြီး ၂၀၂၁ နှစ်ကုန်တွင် ယင်းအမှားကို ပြင်ဆင်နိုင်ခြေရှိသည်ဟု မျှော်လင့်ထားပါသည်။

ကျွန်ုပ်တို့၏လုပ်ငန်းအုပ်စုအနေဖြင့် အထက်ဖော်ပြပါမြေအပေါ်တွင် နောက်ထပ်ငွေကြေးတစ်စုံ တစ်ရာ မပေးမချင်း လုပ်ငန်းဆက်လက်လုပ်ဆောင်ခွင့် (သို့မဟုတ်) ထိုမြေအား အသုံးချခွင့်ရရန်မှာ သေချာရေရာမှုမရှိပါ။

သို့ရာတွင် AIC ကို ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင် (ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများဖြစ်ပါသည်) တို့ကသာ အလုံးစုံ ပိုင်ဆိုင်သည်ဖြစ်ရာ ဌားရမ်းခအခမဲ့ဖြင့် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့က AIC ၏ အစုရှယ်ယာ အများစုပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များ အဖြစ် ဆက်လက်ရှိနေသမျှကာလပတ် လုံး Amata Resort (ငပလီ ကမ်းခြေ) အတွက် မြေတိုင်းအမှတ် ၅၄၊ ၆၄ က၊ ၅၈ က၊ ၅၉ က၊ ၅၉ ခ၊ ၅၉/၂၅၉၊ ၆၀၊ ၆၁၊ ၁၅၁၊ ၁၅၂၊ ၁၅၄၊ ၁၅၅က၊ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊

မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊ သံတွဲခရိုင်၊ ရခိုင်ပြည်နယ် ရှိ မြေကွက် အား လုပ်ငန်းစုက အသုံးပြုရန် ကုမ္ပဏီကို AIC၊ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့က ကတိအာမခံချက် ပေးအပ်ထားနိုင်ပါသည်။

သို့ရာတွင် AIC အား ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင် (ယင်းတို့မှာ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများ ဖြစ်ကြသည်) တို့က ပိုင်ဆိုင်ကြသဖြင့် ဘုတ်ဒါရိုက်တာများအနေဖြင့် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့သည် AIC ၏ ရှယ်ယာအများစုကို ပိုင်ဆိုင်ထားသရွေ့ ထိုမြေကို အလားတူ အသုံးချနိုင်ရန် မျှော်မှန်းထားကြပါသည်။ AIC မှ အစုရှယ်ယာပိုင်ဆိုင်ထားသောကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံ မြေယာ [စီမံခန့်ခွဲရေး] အာဏာပိုင်များက လုပ်ငန်းစတင်ဆောက်ရွက်သည့်နေ့မှ နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ဤစီမံဆောင်ရွက်ထားမှုအပေါ် ကန့်ကွက်ခြင်းတစ်စုံတစ်ရာ မရှိသော ကြောင့်လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်များသည် ဤမြေကွက်ကို အလားတူဆက်လက်အသုံးချနိုင်ရန် မျှော်မှန်းထားပါသည်။

ထိုပြင် အထက်ရည်ညွှန်းပါမြေမှာ မြဝတီဘဏ်ထံမှ AIC သို့ မြန်မာကျပ်ငွေ ၈.၅ ဘီလျံ ချေးငွေ ရယူရန်အတွက် အာမခံအဖြစ် မြဝတီဘဏ် ထံ စာချုပ်စာတမ်းပေးအပ်ပေါင်နှံခြင်း (equitable mortgage) တစ်ရပ်ပြုလုပ်ရာတွင် ပါဝင်သော မြေကွက်များအနက် တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်ပါသည်။ AIC က မြဝတီဘဏ်နှင့် ချေးငွေသဘောတူစာချုပ်အရ ပျက်ကွက်မှုဖြစ်စဉ်တစ်ရပ်ဖြစ်ပေါ် ပြီး မြဝတီဘဏ်က ယင်း စာချုပ်စာတမ်းပေးအပ်ပေါင်နှံမှုကို အတည်ပြုဆောင်ရွက်ရန် ကြိုးပမ်းလာပါက လုပ်ငန်းစုအနေဖြင့် ယင်းမြေပေါ်တွင် ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းမရှိတော့သည့် ဆုံးရှုံးနိုင်ခြေရှိသော အန္တရာယ် အလားအလာ တစ်ရပ်ရှိပါသည်။ နောက်ဆုံးတင်သွင်းသည့်ရက်စွဲအထိ AIC ၏ အစု ရှယ်ယာရှင်များ နှင့် ဒါရိုက်တာများသည် မြဝတီဘဏ်နှင့် ချေးငွေသဘောတူစာချုပ်အရ ပျက်ကွက်မှု ဖြစ်စဉ်တစ်ရပ် ဖြစ်ပွားမှု သို့မဟုတ် မြဝတီဘဏ်က AIC အပေါ် အရေးယူဆောင်ရွက်မှု တစ်ရပ်ရပ် ဖြစ်ပွားသည်ဟု ယုံကြည်ရလောက်ဖွယ် ဖြစ်စဉ်တစ်ရပ်ရပ် သို့မဟုတ် အချက်အလက်တစ်ခုခု ကို သတိပြုသိရှိထားခြင်းမရှိပါ။

ကျွန်ုပ်တို့ ကုမ္ပဏီကို တရားစွဲဆိုမှု (သို့မဟုတ်) အခြားစည်းမျဉ်းဥပဒေ ကြေ်ပမတ်ရေးဆိုင်ရာ အရေးယူမှုတို့ အမှန်တကယ်ခံရနိုင်ခြင်း (သို့မဟုတ်) ခံရရန် ခြိမ်းခြောက်မှု ရှိနိုင်ခြင်း

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အပေါ် တရားစွဲဆိုမှုများ၊ စည်းမျဉ်း ဥပဒေ ကြေ်ပမတ် အရေးယူမှုများ ရှိလာနိုင်ပါသည်။ ပုဂ္ဂလိက တရားစွဲဆိုမှုများကို ရင်ဆိုင်ခုခံရခြင်းသည် ငွေကုန်ကြေးကျ များပြားပြီး အချိန်ကာလကြာမြင့်နိုင်ပါသည်။ ကျွန်ုပ်တို့အပေါ် အမိန့်တစ်စုံတစ်ရာချမှတ်ခဲ့ပါက ငွေရေးကြေးရေး ပေးရန်တာဝန်များ သိသာထင်ရှားစွာ ရှိလာနိုင်ပါသည်။ အစိုးရဌာနနှင့် အစိုးရဌာနသဘောဆောင် အဖွဲ့အစည်းတို့ကလည်း ကျွန်ုပ်တို့အပေါ် အရေးယူဆောင်ရွက်မှုအမျိုးမျိုး ပြုလုပ်လာနိုင်ပါသည်။ ထိုအရေးယူ ဆောင်ရွက်မှုတို့အား ရင်ဆိုင်ဖြေရှင်းရသဖြင့် ငွေကုန်ကြေးကျရှိလာနိုင်သည့်အပြင် အဆိုပါ အစိုးရဌာနနှင့် အစိုးရဌာနသဘောဆောင် အဖွဲ့အစည်းတို့က

ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းများ လိုက်နာရန်ပျက်ကွက်ကြောင်း ဆုံးဖြတ်၍ ဒဏ်ကြေးများလည်း ချမှတ်နိုင်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် မထင်မှတ်သော မမျှော်မှန်းနိုင်သော သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ တာဝန်များရှိသည်။

ကျွန်ုပ်တို့သည် သိသာထင်ရှားသော သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ပေါ်လာနိုင်သော တာဝန်ယူမှုများကို လုပ်ဆောင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ အမိန့်များ နှင့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။ ယခုလက်ရှိတွင် ကျွန်ုပ်တို့ပိုင်ဆိုင်သော အဆောက်အဦးပိုင်ဆိုင်မှုများအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန့်ကျင်ကန့်ကွက်တောင်းဆိုမှုများ သို့မဟုတ် ခြိမ်းခြောက်မှုများ ရှိသည်ဟု မသိရှိကြသော်လည်း နောင်တွင် ထိုကဲ့သို့သော တောင်းဆိုမှုများ ရှိမလာနိုင်ဟု တပ်အပ်ပြောရမရပါ။ လုံးဝဥဿုံ တာဝန်များ ကျရောက်လာနိုင်ပါသည်။ တောင်းဆိုမှုများကို ချေပရာ၌ ကုန်ကျစရိတ်၊ ငွေပေးခြင်းသို့မဟုတ် ဖြေရှင်းခြင်း၊ တာဝန်ယူရန် ပျက်ကွက်ခြင်း၊ ပြဿနာရှိသော အဆောက်အဦးများနှင့်စပ်လျဉ်း၍ ပြန်လည်ညှိနှိုင်း ဖျန်ဖြေခြင်းစသည့် လုပ်ငန်းရပ်များမှာ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်နိုင်မှုရလဒ်ကို များစွာ ဆန့်ကျင်ထိခိုက်စေပါသည်။

ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ကုန်ပစ္စည်းအမှတ်တံဆိပ်တန်ဖိုးအား မြှင့်တင်ရန်၊ ထိန်းသိမ်းထားရန် ပျက်ကွက်နိုင် သည်။

ကျွန်ုပ်တို့အနေဖြင့် “Amata" နှင့် ထပ်တိုးလာမည့် "Awinka" ကုန်အမှတ်တံဆိပ်တို့၏ တန်ဖိုးကို ပိုမိုမြှင့်တင်ဆောင်ရွက်လိုပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်လိုသည့် ဟိုတယ်ကြီးများ၊ Resort များ နှင့် Spa များကို ထောက်ပံ့နိုင်ရန် ပျမ်းမျှအခန်းပြည့်ဌားရမ်းနိုင်ရန်၊ ပျမ်းမျှအခန်းဌားရမ်းခနှုန်းထားများရရှိနိုင်ရန် နှင့် ယင်းတို့အား ထိန်းသိမ်းထားနိုင်ရန်မှာ Amata ကုန်အမှတ်တံဆိပ်အား လူအများသိရှိမှု၊ Amata ၏ ပုံရိပ်နှင့် သုံးစွဲသူများအပေါ်သစ္စာရှိမှုတို့မှာ အလွန်အရေးကြီးသည်ဟု ကျွန်ုပ်တို့ယုံကြည်ထားပါသည်။ ကျွန်ုပ်တို့၏ ဈေးကွက်ထိုးဖောက် ဝင်ရောက်ရေးအစီအစဉ်အရ ကတိပြုထားသည့်အတိုင်း စားသုံးသူများအား ဝန်ဆောင်မှု ကောင်းစွာမပေးနိုင်ခြင်း၊ အခြားအသုံးအဆောင်ဝန်ဆောင်မှု နှင့် စားသုံးသူအတွေ့အကြုံများကို ပြည့်ပြည့် ဝဝမပေးနိုင်ပါက ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်း၊ ဝင်ငွေ၊ အကျိုး အမြတ် နှင့် အောင်မြင်မှုရလဒ်များကို ထိခိုက်စေသော ကုန်အမှတ်တံဆိပ် တန်ဖိုးကျဆင်းခြင်းမျိုးကို ကြုံတွေ့နိုင်ပါသည်။ ကျွန်ုပ်တို့၏ အောင်မြင်မှုများမှာ ကျွန်ုပ်တို့မသိဘဲ၊ သဘောတူခွင့်ပြုချက်မရဘဲ အခြားတတိယအဖွဲ့တစ်ဖွဲ့မှ တရားမဝင် အသုံးပြုမှုကို တားမြစ်ကာကွယ်ထားနိုင်ခြင်းစွမ်းရည်နှင့် ယင်းတို့အား သိရှိနားလည်ထားနိုင်မှုပေါ်လည်း မူတည်ပါသည်။ ဉာဏပစ္စည်းမူပိုင်ခွင့်ကိစ္စများသည် အထူးသဖြင့် မြန်မာပြည်တွင် လွန်စွာရှုပ်ထွေးပါသည်။ အငြင်းပွားမှုများ မဖြစ်ပေါ်စေရန် မည်သည့်အငြင်းပွားမှုမျိုးမဆို ဖြေရှင်းရာတွင် ကျွန်ုပ်တို့ဘက်ကို အသာပေးဖြေရှင်းဆုံးဖြတ်ပေးရန်မှာ သေချာသည့်ကိစ္စများ မဟုတ်ပေ။ လက်ရှိအနေဖြင့် နောက်ဆုံး တင်သွင်းသည့်နေ့ရက်အထိ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းစနစ် သို့မဟုတ် ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ဥပဒေပြုမှု

ခေါင်းစဉ်တစ်စုံတစ်ရာ မရှိသေးပေ။ သို့သော် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ယင်းပိုင်ဆိုင်သော ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားနိုင်ပြီး မှတ်ပုံတင်ခြင်းခံရသည့်နေ့မှစ၍ မိမိ၏မူပိုင်ဖြစ်ကြောင်း တောင်းဆိုပိုင်ခွင့်ရှိသည်။ ထိုမှတ်ပုံတင်ခြင်းမှာ ဥပဒေကြောင်းအရလည်းမဟုတ်သကဲ့သို့ ထိုကုန်အမှတ်တံဆိပ်ကို ထိုလုပ်ငန်းရှင်ကသာ ပိုင်ဆိုင်ကြောင်း နောက်ဆုံးသက်သေပြနိုင်သည့် လုပ်ဆောင်ချက်လည်း မဟုတ်ပေ။ သို့ရာတွင် ကုန်အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ကြောင်းကို ချိုးဖောက်သူအား ပြစ်မှုဆိုင်ရာတရားရုံး သို့မဟုတ် တရားမတရားရုံးတို့တွင် တရားစွဲဆိုရာ၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကို သက်သေခံအဖြစ်သာ အသုံးပြုနိုင်ပါသည်။ ဤမှတ်ပုံတင်ခြင်းသည် ပိုင်ဆိုင်မှုအတွက် အထောက်အထားသက်သေခံကောင်းတစ်ခုဖြစ်ပြီး ပထမဆုံးအသုံးပြု၍ရသော ပိုမိုကောင်းမွန်သော ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း ဥပဒေတစ်ရပ် သို့မဟုတ် အစီအစဉ်တစ်ရပ်ပေါ်လာသည်အထိ ပိုင်ဆိုင်မှုသက်သေခံအဖြစ် အသုံးပြု၍ရသော မှတ်ပုံတင်ခြင်းမျိုးသာဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုသော အကြောင်းတရား ပေါ်မူတည်၍ အရေးယူရာတွင် ရာဇသတ်ကြီးဥပဒေ၊ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေ (The Myanmar Marchandise Marks Act)၊ သီးခြားသက်သာခွင့်ဥပဒေ (Specific Relief Act) အရသာ အရေးယူပိုင်ခွင့် ရှိပါသည်။ ထိုသို့ဆိုရာတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေသစ် ကို ၂၀၁၉ခုနှစ် တွင် ပြဋ္ဌာန်းခဲ့ပြီး ကျယ်ပြန့်သော ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း စနစ်တစ်ရပ် အတွက် မူဘောင်ထူထောင်ခဲ့ပြီးဖြစ်သော်လည်း နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေသစ်သည် စတင်အာဏာတည်ခြင်းမရှိသေးပါ။

ကျွန်ုပ်တို့၏ အောင်မြင်မှုမှာ အများအားဖြင့် ကျွန်ုပ်တို့ စီမံခန့်ခွဲသူ အကြီးအကဲအဖွဲ့များနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိသော ဝန်ထမ်းများကို ဆွဲဆောင်စည်းရုံးထိန်းသိမ်းထားနိုင်မှုပေါ် မူတည်သည်။ ကျွန်ုပ်တို့တွင် "အဓိကလူပုဂ္ဂိုလ်"အား ထိန်းသိမ်းထားရန် အာမခံမူဝါဒများ မရှိပါ။

ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများအား ဆွဲဆောင်ထားရမည်။ လေ့ကျင့်သင်ကြားပေးရမည်။ ထိန်းသိမ်းထားရပါမည်။ ဝန်ဆောင်မှုကို ဦးစားပေးသော ကုမ္ပဏီဖြစ်သောကြောင့် ကျွန်ုပ်တို့၏ အောင်မြင်မှုသည် Resort များ၊ ဟိုတယ်များ၊ Spa များတွင် စီမံခန့်ခွဲသူများ၊ စားသုံးသူဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်သူများ၊ အရောင်း နှင့် ဈေးကွက်လုပ်ငန်းလုပ်ဆောင်သူများ အစရှိသော အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများအား အရည်အချင်းမြင့်တက်လာအောင် သင့်တော်သော ဘာသာစကားကျွမ်းကျင်မှု၊ မတူကွဲပြားသော ယဉ်ကျေးမှုရှိသောသူများနှင့် ကောင်းစွာ နားလည်ပြောဆိုဆက်ဆံနိုင်ရန်အတွက် သင်တန်းပေးခြင်း၊ ထိုသူတို့အား ခန့်ထားခြင်း၊ လေ့ကျင့်ခြင်း၊ ကုမ္ပဏီ၌ အမြဲရှိနေအောင် ထိန်းသိမ်းထားနိုင်ခြင်း စသည့်စွမ်းဆောင်ရည်တို့ အပေါ်တွင် များစွာမူတည်နေပါသည်။ ထိုအလုပ်အကိုင်နေရာများတွင်ရှိသော ကျွမ်းကျင်ဝန်ထမ်းများ၊

အထူးသဖြင့် ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းများရှိရာ ဝေးလံသောဒေသများတွင် တစ်ခါတစ်ရံ လုပ်သားများရှားပါးခြင်းကို ကြုံတွေ့ရသည့်အတွက် အနာဂတ်တွင် ထိုကဲ့သို့လုပ်သားများရှားပါးခြင်း ဖြစ်ပေါ်ပါက လိုအပ်သော ဝန်ထမ်းများရရှိရေးအတွက် ပြိုင်ဆိုင်မှု များပြားလာနိုင်ခြင်းတို့ ရှိနိုင်ပါသည်။ ထို့ကြောင့် ဝန်ထမ်းများ နှုတ်ထွက်မှုများခြင်း နှင့် သို့မဟုတ် ဝန်ထမ်းခန့်ထားမှုဆိုင်ရာ စရိတ်စကနှင့် ကုန်ကျစရိတ်များ များပြားလာတတ်ပါသည်။ ထိုကျွမ်းကျင်ဝန်ထမ်းများ လုံလောက်စွာ ခန့်မထားနိုင်ခြင်း၊ လေ့ကျင့်သင်ကြားမပေးနိုင်ခြင်း၊ ထိန်းသိမ်းထားနိုင်ရန် စွမ်းရည်မရှိခြင်းတို့သည် ကျွန်ုပ်တို့၏ စီးပွားရေးအပေါ် အနှုတ်လက္ခဏာဆောင်သော ရိုက်ခတ်မှုများစွာကို ဖြစ်စေပါသည်။ ***(အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ - ခန့်အပ်ထားသည့် ဝန်ထမ်းများ၏ အကြောင်းအရာဖော်ပြချက်များတွင် ကြည့်ပါ။)***

အဓိကစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်းအုပ်စု၏ စွမ်းဆောင်ရည် နှင့် အောင်မြင်မှုများ ရရှိရန်မှာ စီမံခန့်ခွဲအုပ်ချုပ်သူအဖွဲ့နှင့် ကျွမ်းကျင်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်နိုင်ရန် ခန့်ထားနိုင်မှု၊ ယင်းတို့အား ပြုစုပျိုးထောင်သင်ကြားပေးမှုနှင့် အလုပ်တွင် မြဲနေအောင် ထိန်းသိမ်းထားနိုင်သည့်စွမ်းရည်များအပေါ် မူတည်မှီနေပါသည်။

အချိန်မကျသေးဘဲ၊ သင့်တော်သော အစားထိုးရွေးချယ်ခန့်အပ်မှု မရှိသေးဘဲ အဓိကကျသည့် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲသူအကြီးအကဲများ နှုတ်ထွက်သွားခြင်း၊ ဆုံးရှုံးသွားခြင်းမျိုးသည် ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးအမြတ်အစွန်းဆိုင်ရာ စွမ်းဆောင်နိုင်မှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်မှုနှင့် ငွေကြေးဆိုင်ရာ အခြေအနေနှင့် မျှော်လင့်ချက်များအပေါ် များစွာ ထိခိုက်နစ်နာစေပါသည်။

ကျွန်ုပ်တို့တွင် အကြီးတန်းစီမံခန့်ခွဲသူများ ဆုံးရှုံးမှုကို ကာကွယ်ရန် "အဓိကလူပုဂ္ဂိုလ်များ" ထိန်းသိမ်းထားနိုင်ရေး အာမခံမူဝါဒများ မရှိသေးပါ။ ထို့အပြင် အတွေ့အကြုံရှိသော ဝန်ထမ်းအကြီးအကဲများအား ရရှိရန်၊ ဆွဲဆောင်ထားရှိရန် နှင့် ထိန်းသိမ်းထားရန်အတွက် လုပ်ဆောင်ရမှုများမှာ ပြိုင်ဆိုင်မှု ပြင်းထန်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အနာဂတ်တွင် အဓိကအရေးကြီးသော ပုဂ္ဂိုလ်များကို ဆွဲဆောင်ထိန်းသိမ်းမထားနိုင်ပါက ကျွန်ုပ်တို့၏ စီးပွါးရေး၊ လုပ်ငန်းဆောင်ရွက်လည်ပတ်မှုများ၊ ငွေကြေးဆိုင်ရာစွမ်းဆောင်နိုင်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများ နှင့် မျှော်လင့်ချက်တို့ကို ထိခိုက်ကာ ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အကြီးတန်းစီမံခန့်ခွဲအုပ်ချုပ်သူ မန်နေဂျာများအပေါ်တွင် များစွာ မှီတွယ်နေပါသည်။

ကျွန်ုပ်တို့၏ အောင်မြင်မှုမှာ စီမံခန့်ခွဲအုပ်ချုပ်သူ အကြီးတန်းအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှု၊ အတွေ့အ

ကြုံများမှု၊ လုပ်ငန်းစွမ်းဆောင်နိုင်မှု အထူးသဖြင့် ကျွန်ုပ်တို့၏ ဥက္ကဋ္ဌ ဦးဝင်းအောင်အပေါ်တွင် များစွာ မူတည်ပါသည်။ ဦးဝင်းအောင် နှင့် သူ၏မိသားစုမှာ ဤကုမ္ပဏီအုပ်စု၏ အစုရှယ်ယာအများကို အဓိက

ပိုင်ဆိုင်ထားသူများဖြစ်သည့်အတွက် ဦးဝင်းအောင်ထံမှ ကုမ္ပဏီလုပ်ငန်းစဉ် တိုးတက်လာရေးအတွက် ကတိဝန်ခံချက်များ ရရှိထားနိုင်ရေးမှာ အပိုဘောက်ဆူးတစ်ခုလည်း ဖြစ်နေပါသည်။ (နောက်ဆက်တွဲ အသေးစိတ်အကြောင်းအရာများကို ***အပိုင်း ၄။ အစုရှယ်ယာထုတ်ဝေသည့်ကုမ္ပဏီ၏စီမံအုပ်ချုပ်မှုအဖွဲ့၊ အစုရှယ်ယာရှင်များ၊ အစုရှယ်ယာများ ဆိုင်ရာသတင်းအချက်အလက်များ*** တွင်ကြည့်ပါ) သို့ရာတွင် အခြားစီမံခန့်ခွဲရေး အဖွဲ့ဝင်အကြီးအကဲများသည် ဤကုမ္ပဏီ၌ ဆက်လက်အလုပ်လုပ်ရန် ရှိ/မရှိဆိုသည်မှာလည်း သေချာရေရာမှုမရှိပေ။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ထိုအဓိကအကြီးအကဲဝန်ထမ်းတစ်ယောက် သို့မဟုတ် ထို့ထက်ပို၍ ဆုံးရှုံးခဲ့လျှင် ကျွန်ုပ်တို့ချမှတ်ထားသော အောင်မြင်စွာ အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသော လုပ်ငန်းစီမံချက်များ လုပ်ဆောင်နိုင်မည့် စွမ်းရည်အပေါ် များစွာထိခိုက်စေပါမည်။ ကျွန်ုပ်တို့သည် ယေဘူယျအားဖြင့် ဝန်ထမ်းများအတွက် "အဓိကလူပုဂ္ဂိုလ်များ" ထိန်းသိမ်းထားနိုင်ရေး အာမခံမူဝါဒများ မထားရှိသေးပါ။ ကျွန်ုပ်တို့၏ အနာဂတ် အောင်မြင်မှုများသည် စီမံခန့်ခွဲခြင်းလုပ်ငန်း၊ စျေးကွက်လုပ်ငန်း၊ ဒီဇိုင်း နှင့် အထွေထွေ စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် လက်ရှိအလုပ်လုပ်နေကြသော အဓိကပုဂ္ဂိုလ်များအနေဖြင့် ဤကုမ္ပဏီတွင် ဆက်လက်အလုပ်လုပ်နေခြင်း ရှိမှု/မရှိမှုအပေါ်တွင် များစွာမူတည်ပါသည်။ ထို့အပြင် ထိုကဲ့သို့သော ဆုံးရှုံးမှုများသည် ကျွန်ုပ်တို့၏ ရှယ်ယာတန်ဖိုးများကို ကျဆင်းစေနိုင်သောကြောင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုစျေးကွက်ကို အနှုတ်လက္ခဏာဆောင်သော အမြင်များ ပေါ်ပေါက်စေမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ လုပ်ငန်းစု၏ စီးပွားရေးနှင့်လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတို့မှာ ပြင်းထန်သော ပြိုင်ဆိုင်မှုနှင့်ကြုံတွေ့ရတတ်သည်။

မြန်မာ့စီးပွားရေးကဏ္ဍအား လျှင်မြန်စွာဖြေလျှော့လိုက်ခြင်းသည် ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်းကဲ့သို့ မြန်မာနိုင်ငံအနှံ့တွင်ရှိသော စီးပွားရေးအရ မဟာဗျူဟာကျသော နေရာများနှင့် (သို့မဟုတ်) ရွေးချယ် ခွင့်ရှိသောနေရာများသို့ ဒေသတွင်း နှင့် နိုင်ငံတကာမှ စီးပွားရေးလာရောက်ရင်းနှီးမြှုပ်နှံသူများကို ဝင်ရောက် လာစေပါသည်။ ထိုဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းတို့တွင် အုပ်စု၏ စီးပွားရေးလုပ်ငန်းနှင့် လည်ပတ်မှုများသည် များစွာပြိုင်ဆိုင်မှုများနှင့် ကြုံတွေ့ရနိုင်ပြီး ပြိုင်ဆိုင်သူတို့က အလားအလာရှိသော ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအသုံးပြုသူများနှင့် ဧည့်သည်များကို ဆွဲဆောင်သွားနိုင်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် ယင်းဝင်ရောက်ပြိုင်ဆိုင်လာသူများနှင့် ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုမရရှိပါက အုပ်စု၏စီးပွားရေးလုပ်ငန်းကို သိသာစွာ ဆန့်ကျင်ဘက် အကျိုးသက်ရောက်နိုင်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် လာရောက်တည်းခိုမည့် ဧည့်သည်တစ်ဦးချင်းမှသည် အုပ်စုလိုက်ကြိုတင်မှာယူ ထားခြင်းမျိုးအထိ ပြိုင်ဆိုင်မှု ရှိနေတတ်ပါသည်။ ကျွန်ုပ်တို့သည် ထိုဝန်ဆောင်မှုအသုံးပြုသူများကို ရရှိရန် ပြိုင်ဘက်များနှင့် ပြိုင်ဆိုင်ရာ၌ ဝန်ဆောင်မှုအသုံးပြုသူများက ကျွန်ုပ်တို့၏ ကုန်အမှတ်တံဆိပ်အပေါ် အမှတ်ရနှစ်သက်ခြင်း၊ ကျွန်ုပ်တို့၏ ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားမှုရှိခြင်းတို့အပေါ်

ပြိုင်ဆိုင်လေ့ရှိပါသည်။ ထို့ပြင် သုံးစွဲသူအဆင်ပြေမှု၊ သုံးစွဲသူစိတ်ကျေနပ်မှု၊ အိပ်ခန်းဝန်ဆောင်မှုများ အရည်အသွေး၊ ဟိုတယ်အဆောက်အဦး အရွယ်အစား နှင့် အခန်းများ အလွယ်တကူရရှိနိုင်မှု၊ အခန်းခန့်နှုန်းထား နှင့် နေရာဒေသတို့ကိုလည်း ပြိုင်ဆိုင်ရပါသည်။ ကျွန်ုပ်တို့၏ ပြိုင်ဖက်များတွင် ယင်းတို့၏ ဟိုတယ်အဆောက်အဦးများ ပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်း၊ အဆောက်အဦးများတိုးချဲ့ခြင်း၊ စျေးကွက်ရရှိအောင် ကြိုးစားအားထုတ်ခြင်း၊ စျေးကွက်ချဲ့ထွင်ခြင်း စသည့် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအသုံးပြုသူများအား အပြိုင်အဆိုင်ဆွဲဆောင်နိုင်သော ငွေအင်အား၊ စျေးကွက်ထိုးဖေါက်ဝင်ရောက်နိုင်သော အရင်းအမြစ် နှင့် ပို၍သာလွန်ကောင်းမွန်သော နည်းပညာများ ပိုင်ဆိုင်ကောင်းပိုင်ဆိုင်နိုင်ပါသည်။

ကျွန်ုပ်တို့တွင် ကိုယ်တိုင်ကိုယ်ကျ ပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းထားသော အိမ်ခြံမြေများတွင် ပို၍ရင်းနှီးမြှုပ်နှံရန် သိသိသာသာ ငွေကြေးစိုက်ထုတ်ထားရခြင်းများကြောင့် ဤစီးပွားရေးလုပ်ငန်းအပေါ်တွင် မမျှော်မှန်းနိုင်သော ဆုံးရှုံးနိုင်ခြေရှိသည့်အန္တရာယ်များရှိပါသည်။ ယင်းတို့သည် ကုန်ကျစရိတ်များစေပြီး အကျိုးအမြတ်နည်းစေသည်သာမက ကျွန်ုပ်တို့၏ စျေးကွက်အခြေအနေများကို တုန့်ပြန်ရာတွင် များစွာကန့်သတ်မှုများ ဖြစ်စေပါသည်။

ကျွန်ုပ်တို့သည် အိမ်ခြံမြေအဆောက်အဦး အတော်များများကို ကိုယ်တိုင် ပိုင်ဆိုင်သကဲ့သို့ ငှားရမ်းထားခြင်းမျိုးလည်း ရှိပါသည်။ အိမ်ခြံမြေပိုင်ဆိုင်ခြင်း၊ ငှားရမ်းခြင်းတို့မှာ အောက်ပါ မမျှော်မှန်းနိုင်သော ဆုံးရှုံးနိုင်ခြေရှိသည့်အန္တရာယ်များနှင့်လည်း ရင်ဆိုင်ရတတ်ပါသည်။

- အစိုးရ၏ အိမ်ခြံမြေပိုင်ဆိုင်မှု နှင့် လုပ်ငန်းလုပ်ဆောင်ခြင်းနှင့် စပ်လျဉ်းသော အခွန်ဆိုင်ရာ၊ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ၊ အထူးဇုန်ဆိုင်ရာ၊ (Eminent domain law) ထင်ပေါ်ကျော်ကြား ဒိုမိန်းဆိုင်ရာ ဥပဒေ နှင့် နည်းဥပဒေများ၊
- စျေးကွက်အပြောင်းအလဲဖြစ်ပေါ်ခြင်း သို့မဟုတ် အိမ်ခြံမြေစျေး ကျဆင်းနေသော နေရာဒေသ ဧရိယာတွင် တည်ရှိနေခြင်း၊
- ရင်းနှီးမတည်ငြိ လတ်တလောလိုအပ်နေခြင်း နှင့် ထိုအဆောက်အဦးများအား အဆင့်မြှင့်တင်ရန် သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားရန် အသုံးစရိတ် လိုအပ်ခြင်း၊
- အဆောက်အဦးများ နှင့် အသုံးအဆောင်များ ပြန်လည်မွမ်းမံ ပြင်ဆင်ဆောက်လုပ်ချိန် ကာလ တစ်လျှောက် သို့မဟုတ် အခိုက်အတန့်အားဖြင့် ပိတ်ထားရခြင်း၊
- အိမ်ခြံမြေစျေးတန်ဖိုးများ အတက်အကျရှိခြင်း၊ စျေးနှုန်းမတည်ငြိမ်ခြင်း သို့မဟုတ် ကျွန်ုပ်တို့ပိုင်ဆိုင်သော ပိုင်ဆိုင်မှု(Assets)များ တန်ဖိုးလျော့ကျလာနိုင်ခြေရှိခြင်း၊
- အိမ်ခြံမြေများ၏ ငွေဖြစ်လွယ်မှုနှုန်းအား အခြားပိုင်ဆိုင်မှုများ၏ ငွေဖြစ်လွယ်မှုနှုန်း (Liquidity) နှင့် နှိုင်းယှဉ်ခြင်း၊

အမြတ်အစွန်းရရှိမှု နည်းပါးခြင်း နှင့် ငွေသားစီးဆင်းမှုနှုန်း (CashFlow) အားဖြင့် ဝင်ငွေရရှိမှု နည်းပါးခြင်းသည် ကျွန်ုပ်တို့ ကိုယ်ပိုင်အဆောက်အဦးများ ပိုင်ဆိုင်မှုကဏ္ဍတွင် ပို၍သိသာထင်ရှားပါသည်။ အဘယ်ကြောင့်ဆိုသော် ပုံသေကုန်ကျစရိတ်များသော အဆောက်အဦးများ (Fixed Cost Structure)အတွက် ပိုင်ရှင်တွင် မမျှော်မှန်းနိုင်သော ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ် ရှိနေပါသည်။ နောက်တစ်ဖန် စီးပွားရေးကျဆင်းချိန်အတောအတွင်း ဝယ်လိုအားကျဆင်းခြင်း နှင့် ဝင်ငွေ ကျဆင်းခြင်းတို့မှာ ကျွန်ုပ်တို့ပိုင်ဆိုင်သော ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများတန်ဖိုးကိုလည်း လျော့ကျသွားစေပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ပိုင်ဆိုင်သော အိမ်ခြံမြေအဆောက်အဦများကို မိမိတို့ ရောင်းချလိုသလောက် ရောင်းနိုင်မည်မဟုတ်သကဲ့သို့ လုံးဝ ရောင်းချ၍မရ နိုင်ခြင်းမျိုးလည်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ အဝဝကို စျေးကွက်တွင် ဖြစ်ပေါ်နေသော ပြောင်းလဲမှုအခြေအနေများ သို့မဟုတ် အခြားအခြေအနေတို့အပေါ်လိုက်၍ တုန့်ပြန်ဆောင်ရွက်ရာ၌ ချက်ချင်းဆိုသကဲ့သို့ ထိန်းညှိ ဆောင်ရွက်နိုင်မည် မဟုတ်ပေ။

မိမိတို့ ကုန်ပစ္စည်းအမှတ်တံဆိပ်များ၏ အရည်အသွေး သို့မဟုတ် ဂုဏ်သတင်း ကျဆင်းယိုယွင်းမှု တစ်ရပ်ရပ်သည် မိမိတို့၏ ဂုဏ်သတင်း၊ လုပ်ငန်း၊ ဘဏ္ဍာရေးအခြေအနေ သို့မဟုတ် လုပ်ငန်းလည်ပတ်မှုရလဒ်များအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကုန်အမှတ်တံဆိပ်များ နှင့် ထင်ပေါ်ကျော်ကြားမှုများမှာ ကျွန်ုပ်တို့အတွက် အလွန်အရေးပါသော ပိုင်ဆိုင်မှုများဖြစ်သည်။ အများပြည်သူများက ကျွန်ုပ်တို့ ကုန်အမှတ် တံဆိပ်များ နှင့် ယင်းနှင့်ဆက်နွယ်နေသော ဂုဏ်သတင်းထင်ပေါ်ကျော်ကြားမှုများကို မှတ်မှတ်ရရ ရှိနေခြင်းသည် ကျွန်ုပ်တို့၏ ဧည့်သည်များကို ဆွဲဆောင်ထားနိုင်စွမ်း ရှိသည်ဟူသော ကျွန်ုပ်တို့၏ စွမ်းရည်ကို ပြသခြင်းလည်းဖြစ်သည်။

ယင်းသို့သောအကြောင်းကြောင့် မိမိတို့လုပ်ငန်းသည် အမှတ်တံဆိပ် ခေတ်မစားတော့ခြင်း သို့မဟုတ် ဂုဏ်သတင်း ထိခိုက်ခြင်းနှင့်စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေတို့ကြောင့် ထိခိုက်မှုရှိနိုင်ပါသည်။ မိမိတို့ အမှတ်တံဆိပ်များသာ ခေတ်မမီတော့ပါက သို့မဟုတ် ဖက်ရှင်မကျတော့ဟု ရှုမြင်ခံရပါက သို့မဟုတ် အရည်အသွေးကို တစ်သမတ်တည်း ထိန်းသိမ်းထားနိုင်ခြင်း မရှိပါက မိမိတို့အနေဖြင့် ဧည့်သည်များကို ဆွဲဆောင်နိုင်စွမ်း ရှိတော့မည်မဟုတ်ပါ။

ထပ်လောင်းပြောရပါက ကျွန်ုပ်တို့၏ မည်သည့်ကုန်အမှတ်တံဆိပ်တစ်ခု သို့မဟုတ် အုပ်စုတစ်ခုလုံး၏ အထွေထွေကုန်အမှတ်တံဆိပ်တို့၏ ဂုဏ်သတင်းထင်ပေါ်ကျော်ကြားမှုကို ဆန့်ကျင် ဘက်အကျိုးသက်ရောက်နိုင်သော လွှမ်းမိုးနိုင်သည့် အကြောင်းရင်းများစွာ ရှိပါသည်။ ပိုင်ဆိုင်မှု အနေအထား နှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ အလေ့အကျင့်များပြောင်းလဲခြင်း၊ လုပ်ငန်းခွင်တွင် မတော်တဆမှုများ သို့မဟုတ် ထိခိုက်ဒဏ်ရာအနာတရများဖြစ်ပေါ်ခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ ရာဇဝတ်မှုများ ဖြစ်ပွားခြင်း၊ ဧည့်သည်တစ်ဦးတစ်ယောက်က မကောင်းသတင်းဖြန့်ဝေခြင်း၊ သို့မဟုတ် အလားတူ ဖြစ်ရပ်များဖြစ်ပေါ်ပါက ကျွန်ုပ်တို့၏ထင်ပေါ်ကျော်ကြားမှု၊ အများပြည်သူများ အကြားတွင်

အထင်အမြင်လွဲမှားမှု နှင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းအပေါ် စားသုံးသူများ ယုံကြည်မှု ကျဆင်းလာနိုင်သည်အထိ မလိုလားအပ်သော အကျိုးသက်ရောက်တတ်ပါသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သော ဟိုတယ် နှင့် စီးပွားရေးလုပ်ငန်းအတော်များများမှာ နေရာဒေသအနှံ့တွင် ရှိနေသောကြောင့် တစ်နေရာတွင် ထိုကဲ့သို့သော အဖြစ်အပျက်တစ်ခု ဖြစ်ပွားရုံနှင့်ပင် ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်း တစ်ခုလုံး နှင့် ထင်ပေါ်ကျော်ကြားမှုကို ထိခိုက်စေသည့်အပြင် အောင်မြင်နေသော နေရာဒေသ တစ်ခုစီတွင်လည်း ဂုဏ်သတင်း များစွာ ကျဆင်းစေပါသည်။ ထို့အပြင် မကြာသေးမီနှစ်များအတွင်း လူမှုကွန်ရက်မီဒီယာများ အသုံးပြုမှုများလာပြီး နေရာဒေသအနှံ့တွင် ရောက်ရှိ ပေါ်ပေါက် သုံးစွဲနေကြသောကြောင့် ထိုကဲ့သို့သော အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပါက ထို အဖြစ်အပျက်များသည် လူမှုကွန်ရက်မီဒီယာများပေါ် လျှင်မြန်စွာ ရောက်ရှိသွားနိုင်ပြီး ကျွန်ုပ်တို့အပေါ် အများပြည်သူတို့၏ အမြင်မှာ အနှုတ်လက္ခဏာဆောင်စေနိုင်ပါသည်။ ထိုကဲ့သို့သော အခြေအနေ ဖြစ်ပေါ် လာပါက တရားမျှတမှု ရရှိရေးအတွက် ဥပဒေအရ တရားစွဲဆိုမှုများ နှင့် ကျွန်ုပ်တို့ ရင်ဆိုင်ရနိုင်ပါသည်။ အကယ်၍ အများပြည်သူ မှတ်ယူထားသော ကျွန်ုပ်တို့ ကုန်အမှတ် တံဆိပ်များ၏ အရည်အသွေး ကျဆင်းလာပါက သို့မဟုတ် ကျွန်ုပ်တို့၏ ဂုဏ်သတင်းထင်ပေါ် ကျော်ကြားမှု ထိခိုက်ပျက်စီး လာပါက ကျွန်ုပ်တို့၏ စီးပွားရေး၊ ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်မှု နှင့် လုပ်ငန်းလည်ပါတ် ဆောင်ရွက်မှု အောင်မြင်မှုရလဒ်များ ရရှိမှုတို့ကို ဆန့်ကျင်ဘက်အကျိုး သက်ရောက်စေပါသည်။

ကျွန်ုပ်တို့ မျှော်မှန်းထားသကဲ့သို့ ကျွန်ုပ်တို့၏ စီးပွားရေး၊ ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်မှု နှင့် လုပ်ငန်းလည်ပါတ်ဆောင်ရွက်မှု၊ အောင်မြင်မှုရလဒ်များ ရရှိမှုအား ထိခိုက် ပျက်စီးလာပါက နောက်ထပ်အနာဂတ်တွင် ထုတ်လုပ်ရန် ရည်မှန်းထားသော ကုန်အမှတ်တံဆိပ် အသစ်များနှင့် ဝန်ဆောင်မှုအသစ်များကို ထုတ်လုပ်ရောင်းချရာတွင် အောင်မြင်နိုင်မည် မဟုတ်ပါ။

ထိုကုန်အမှတ်တံဆိပ်အသစ်များ ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်များပြန်လည်ကာမိရေး သို့မဟုတ် ကုန်အမှတ်တံဆိပ်များ၊ ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများအားလုံး အောင်မြင်မှုရရှိရေး နှင့် အုပ်စုမှ ထုတ်လုပ်ရောင်းချသော မည်သည့်ကုန်အမှတ်တံဆိပ်ကိုမဆို စားသုံးသူများ လက်ခံသုံးစွဲရန်မှာ သေချာရေရာသောအရာ မဟုတ်တော့ပေ။ အကယ်၍ အသစ်ထုတ်လုပ်လိုက်သော ဟိုတယ် ထုတ်ကုန် ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုသည် ကျွန်ုပ်တို့ မျှော်လင့်ထားသကဲ့သို့ ဈေးကွက်တွင် အောင်မြင်မှုမရရှိပါက ကျွန်ုပ်တို့၏ စီးပွားရေး၊ ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်မှု နှင့် လုပ်ငန်း လည်ပါတ်ဆောင်ရွက်မှု အောင်မြင်မှုရလဒ်များ ရရှိမှုကို မလိုလားအပ်သော အကျိုးသက်ရောက်မှုများ ဖြစ်စေပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းချဲ့ထွင်ရာတွင် စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများ နှင့် အဓိကဌာန များတွင် ဝန်ထမ်းများ လိုအပ်မှုများရှိသည်။

Resort များ၊ ဟိုတယ်ကြီးများ၊ Spa များနှင့် အဆောက်အအုံ ရောင်းဝယ်ခြင်း စသည့် ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းချဲ့ထွင်လာမှုအတွက် သက်ဆိုင်ရာစီမံခန့်ခွဲရေးဌာန၊ ဗဟို ဈေးကွက်ရှာဖွေရေးဌာန၊ အဆောက်အဦးဒီဇိုင်း နှင့် စီမံကိန်းများစီမံခန့်ခွဲအုပ်ချုပ်ရေးဌာန၊ ဘဏ္ဍာရေး

ဆိုင်ရာအစီရင်ခံစာပြုစုရေးဌာန နှင့် သတင်းအချက်အလက်ဌာနတို့တွင် လုပ်သားအရင်းအမြစ်များ ထပ်မံလိုအပ်မှုများ ရှိလာပါသည်။ (***အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ၊ အားသာချက်များ/ မဟာဗျူဟာများ၊ မဟာဗျူဟာ -စနစ်တကျရွေးချယ်ထားသော ဟိုတယ်နှင့် အပန်းဖြေစခန်းမှတစ်ဆင့် ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်း တိုးတက်လာအောင် အာရုံစိုက်လုပ်ဆောင်ခြင်း ကို ကြည့်ပါ။***) ကျွန်ုပ်တို့၏ Resort များ၊ ဟိုတယ်ကြီးများ၊ Spa များနှင့် အဆောက်အဦးပိုင်ဆိုင်မှု ရောင်းဝယ်ခြင်းစသည့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း ချဲ့ထွင်လာမှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ရန် နှင့် ဝန်ဆောင်မှုပေးနိုင်ရန်အလို့ငှာ လိုအပ်နေသော စီမံခန့်ခွဲရေးဆိုင်ရာရာထူးများ၊ အခြားလိုအပ်သောဝန်ထမ်းများ လုံလောက်စွာခန့်ထားပေးခြင်း၊ ထိန်းသိမ်းထားခြင်းအစီအစဉ် စသည်တို့ကို လုပ်ဆောင်ရန် သေချာရေရာမှု မရှိသေးပါ။

ကျွန်ုပ်တို့၏ Resort တစ်နေရာရာတွင် မီးလောင်ခြင်း၊ မတော်တဆမှုများ ဖြစ်ပွားခြင်း နှင့် အခြားဘေးအန္တရာယ်ဆိုးများ ဖြစ်ပေါ်ခြင်းဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းကို များစွာ ထိခိုက်စေနိုင်ပါသည်။

လတ်တလောတွင် ကျွန်ုပ်တို့အနေဖြင့် ဟိုတယ်နှင့် Resort အရေအတွက် အကန့်အသတ်ဖြင့် အနည်းငယ်သာ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ Rresort တစ်နေရာရာတွင် မီးလောင်ခြင်း၊ အခြားဘေးအန္တရာယ်ဆိုးများဖြစ်ပွားခြင်းဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ ငွေကြေးဆိုင်ရာစွမ်းဆောင်နိုင်မှု၊ အမြတ်အစွန်းရရှိမှု နှင့် လုပ်ငန်းလည်ပါတ်ဆောင်ရွက်မှု အောင်မြင်မှု ရလဒ်များ ရရှိမှုကို မလိုလားအပ်သော အကျိုးသက်ရောက်မှုများ ဖြစ်စေပါသည်။ မီးလောင်မှု၊ မတော်တဆမှုဖြစ်ပွားမှု နှင့် အခြားဘေးအန္တရာယ်ဆိုးများ၏ နောက်ဆက်တွဲ ပြဿနာများမှာ ကြီးမားပြင်းထန်နိုင်ပါသည်။ ယင်းသို့ဖြစ်ပွားပါက ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း၊ ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်မှု၊ အမြတ်အစွန်းရရှိမှု နှင့် လုပ်ငန်းလည်ပါတ်ဆောင်ရွက်မှု အောင်မြင်မှု ရလဒ်များရရှိမှုကို မလိုလားအပ်သောအကျိုး သက်ရောက်စေပါသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သော နေရာဒေသများမှ ဟိုတယ် နှင့် အပန်းဖြေလုပ်ငန်းအပေါ် မည်မျှအထိ အကျိုးသက်ရောက်မှု ရှိနိုင်သည်၊ ထိုဖြစ်ရပ်များမှာ မည်သည့်အချိန်တွင် ဖြစ်မည်ဆိုသည်ကို ကြိုတင်ခန့်မှန်း၍မရနိုင်ပါ။ ထိုအဖြစ်အပျက်များ ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့တွင် အာမခံမူဝါဒအရ တစ်ပိုင်းတစ်စ လွှမ်းခြုံကာမိထားမှု ရှိသော်လည်း လုပ်ငန်းအုပ်စု၏ စီးပွားရေးလည်ပါတ်မှုကို ထိခိုက်နိုင်ပြီး ကြွေးမြီမဆပ်နိုင်သော အခြေအနေ (Insolvency) အထိရောက်သွားနိုင်ပါသည်။

လုပ်ငန်းအုပ်စုအတွက် အာမခံ ထားရှိခြင်းသည် မလုံလောက်နိုင်သေးပါ။

လုပ်ငန်းအုပ်စုအနေဖြင့် မီးလောင်ခြင်း၊ သူခိုးခိုးခံရခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကြောင့် ယင်းတို့ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများ ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း စသည့်မမျှော်မှန်းနိုင်သော ဆုံးရှုံးနိုင်ခြေရှိသည့်အန္တရာယ်နှင့် ရင်ဆိုင်ရတတ်ပါသည်။ ထိုအဖြစ်အပျက်များသည် လုပ်ငန်းအုပ်စု၏

စီးပွားရေးလုပ်ဆောင်လည်ပတ်မှုများ၊ ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်မှု၊ အမြတ်အစွန်းရရှိမှု နှင့် လုပ်ငန်းလည်ပါတ်ဆောင်ရွက်မှု အောင်မြင်မှုရလဒ်များ ရရှိမှုတို့ကို ဆန့်ကျင်ဘက် အကျိုးသက်ရောက်စေပါသည်။ လုပ်ငန်းအုပ်စု၏ အာမခံပေါ်လစီမူဝါဒများအရ ထိုဆုံရှုံးမှုများအပေါ် တစ်ပိုင်းတစ်စ ကာမိနိုင်သော်လည်း လုပ်ငန်းအုပ်စုပိုင်ဆိုင်သော ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများအားလုံးအတွက် အာမခံ ကာမိနိုင်ရန်၊ လွှမ်းခြုံနိုင်ရန် မလုံလောက်သေးပါ။ တစ်ခါတစ်ရံတွင် ဆုံးရှုံးမှုများမှာ အာမခံပေးနိုင်သည့် ငွေပမာဏထက် ပိုမိုခြင်း သို့မဟုတ် ထိုအဖြစ်အပျက် သို့မဟုတ် ဆုံးရှုံးပျက်စီးမှုသည် လုပ်ငန်းစု၏ အာမခံမူဝါဒအရ အကျုံးမဝင်ခြင်း စသည်တို့ ဖြစ်ပေါ်လာပါက အုပ်စု၏ ဘဏ္ဍာရေး နှင့် ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်မှု အခြေအနေများကို များစွာ ထိခိုက်စေပါသည်။

လုပ်ငန်းအုပ်စု၏ လက်ရှိလှည့်ပတ်သုံးစွဲနေသော အသုံးစရိတ်ကုန်ကျမှုသည် အနာဂတ်တွင် ပိုမိုများလာနိုင်ခြေရှိသည်။ လုပ်ငန်းအုပ်စုအနေဖြင့် ထိုငွေကြေးအသုံးစရိတ် မြင့်တက်လာမှုအပေါ် ၎င်း၏ ဝန်ဆောင်မှုအသုံးပြုသူများ ဈေးသည်များထံသို့ ကျခံစေခြင်း မပြုလုပ်နိုင်ပေ။

အသုံးစရိတ် ကုန်ကျငွေများဖြစ်သော အသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်း၊ အလုပ်သမားများအတွက် လုပ်ခပေးချေခြင်း၊ အဆောက်အဦးဆောက်လုပ်ရန် ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း၊ အာမခံထားခြင်းတို့မှာ ပုံသေမဟုတ်ဘဲ နောင်အနာဂတ်တွင် စရိတ်စကများ များပြားလာနိုင်ပါသည်။ အကယ်၍ အတိအကျ သတ်သတ်မှတ်မှတ် သဘောတူညီမှုများ မလုပ်ထားနိုင်ခဲ့လျှင် သို့မဟုတ် မရှိခဲ့လျှင် ထိုစရိတ်စကများ တက်လာခြင်းကို အုပ်စု၏ ဝန်ဆောင်မှုအသုံးပြုသူများ၊ ဈေးသည်များထံ ကျခံစေခြင်းပြုလုပ်နိုင်မည်မဟုတ်ပေ။ လုပ်ငန်းအုပ်စု၏ ဝန်ဆောင်မှုအသုံးပြုသူများအား ကြီးမြင့်လာမည့် စရိတ်စကကို ကျခံစေနိုင်ခြင်းမရှိပါက ကျွန်ုပ်တို့၏ ငွေဝင်ငွေထွက်စီးဆင်းမှု (Cash Flow) နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု ရလဒ်များကို များစွာ ထိခိုက်နစ်နာစေပါမည်။

လုပ်ငန်းအုပ်စု၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများမှာ အစိုးရ သို့မဟုတ် အများပြည်သူ၏ အသုံးအဆောင် အထောက်အပံ့များနှင့်ဝန်ဆောင်မှုများအပေါ် များစွာမူတည်ပါသည်။

အများပြည်သူများသုံးစွဲသည့် လျှပ်စစ်မီး နှင့် ရေမှာ ဤအုပ်စု၏စီးပွားရေးလုပ်ငန်းများ ကောင်းစွာ လည်ပတ်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးပါပေသည်။ ထိုဝန်ဆောင်မှုများရရှိရန် ကြန့်ကြာနေခြင်း၊ လုံလောက်စွာ မရရှိခြင်း၊ ရရှိပင်ရရှိငြားလည်း အချိန်ကြာမြင့်စွာ ပြတ်တောက်နေခြင်း စသည်တို့မှာ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ ကောင်းစွာလည်ပတ်ဆောင်ရွက်ရာတွင် များစွာ ထိခိုက်နစ်နာစေပါသည်။ အစိုးရထံမှ လျှပ်စစ်မီး နှင့် ရေ အလုံအလောက် မရရှိမှု၊ ပြတ်တောက်မှု တို့ကြောင့် ဖြစ်ပေါ်လာသော လတ်တလောပြဿနာများကို ဖြေရှင်းရန် ဒီဇယ် မီးစက်များ အသုံးပြုခြင်း စသည်တို့ကြောင့် အုပ်စု၏ ကုန်ကျမှုစရိတ်ကို ပိုမိုမြင့်မားစေကာ ထို မီးစက်များမှ ထုတ်လွှတ်သည့် လျှပ်စစ်ဓာတ်အားပမာဏမှာ မိမိတို့ ပစ္စည်းများ၊ အသုံးအဆောင်များ လုံလောက်စွာ သုံးစွဲရလောက်အောင်

ဓာတ်အားပြည့်မီမှု မရှိခြင်းကြောင့် မိမိတို့၏ ပုံမှန်လုပ်ငန်း ဆောင်ရွက်မှုများကို ကောင်းစွာ မဆောင်ရွက်နိုင်တော့ဘဲ များစွာ အခက်အခဲဖြစ်စေပါသည်။

နိုင်ငံခြားငွေလဲလှယ်မှုနှုန်း အတက်အကျရှိခြင်း၊ မတည်ငြိမ်ခြင်းမှာလည်း မိမိတို့၏ နောက်ဆုံး အစီရင်ခံစာပါ ရရှိသော ငွေကြေးဆိုင်ရာရလဒ်များကို မလိုလားအပ်သောအကျိုး သက်ရောက်မှု ဖြစ်စေပါသည်။

ကျွန်ုပ်တို့၏ အခန်းဌားရမ်းခကို ပုံမှန်အားဖြင့် အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်လေ့ရှိသည်။ သို့သော် တစ်ခါတစ်ရံတွင် ပြင်ပငွေကြေးလဲလှယ်နှုန်း ပေါက်ဈေးအတိုင်း ကျပ်ငွေဖြင့် ပေးချေမှုလည်း ကြုံရပါသည်။ ကျွန်ုပ်တို့နှင့် ပြည်တွင်း၊ ပြည်ပ Travel Agent များအကြား ချုပ်ဆိုသော အချို့စာချုပ်များ တွင် တစ်ခါတစ်ရံ ဥရောပသုံးငွေ ယူရို၊ ထိုင်းဘတ်ငွေ နှင့် အခြားငွေကြေးအမျိုးအစားများကို အသုံးပြုသော်လည်း အများအားဖြင့် အမေရိကန်ဒေါ်လာကိုသာ တန်ဖိုးတစ်ခုအနေနှင့် အသုံးများပါသည်။ ကျွန်ုပ်တို့၏ ဝင်ငွေအများစုသည် သုံးစွဲသူဖေါက်သည်များထံမှ ရရှိသော ငွေအပါအဝင် အများစုမှာ အမေရိကန် ဒေါ်လာဖြစ်သော်လည်း မြန်မာကျပ်ဖြင့်လည်း ပေးချေနိုင်ပါသည်။ ကျွန်ုပ်တို့၏ သုံးငွေ အများစုမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။ ကျွန်ုပ်တို့လက်ထဲရှိ အမေရိကန်ဒေါ်လာ နှင့် ယူရိုငွေတို့ ကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ရာတွင် တန်ဖိုးလျော့ခြင်း (Depreciation) နှင့် ကြုံတွေ့ရပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း နှင့် အစီရင်ခံစာကို မြန်မာကျပ်ငွေဖြင့်သာ ဖော်ပြလေ့ရှိပါသည်။ အမေရိကန် တစ်ဒေါ်လာ နှင့် ညီမျှသော မြန်မာငွေကျပ်တန်ဖိုး အပြောင်းအလဲ များလေလေ ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုရလဒ်တွင် ပြောင်းလဲမှု များလေလေဖြစ်သည်။ ထို့အပြင် မိမိတို့၏ နောက်ဆုံးစာရင်းပိတ် ရရှိသော ငွေကြေးဆိုင်ရာ အောင်မြင်မှုရလဒ်များကို မလိုလားအပ်သော အကျိုးသက်ရောက်မှုဖြစ်စေပါသည်။ မိမိတို့အနေဖြင့် ထိုငွေကြေးလဲလှယ်နှုန်း မတည်ငြိမ်မှုအား ထိန်းညှိရန်ကြိုးစားမှုအတွက် ထိုအခန်းခန္ဓနှုန်းထားများကို အမေရိကန် ဒေါ်လာဖြင့် သတ်မှတ်ပေးထားသော်လည်း အမေရိကန်ဒေါ်လာအတက်အကျ ပေါ်မူတည်၍ အခန်းခန္ဓနှုန်းထားများကို အချိန်မီ ပြန်လည်သတ်မှတ်လုပ်ဆောင်ပြောင်းလဲရန် မတတ်နိုင်ပေ။ ထို့ကြောင့် ငွေကြေးလဲလှယ်နှုန်းမတည်ငြိမ်ခြင်းသည် ကျွန်ုပ်တို့၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း အစီရင်ခံစာကို အောက်ပါအတိုင်း အကျိုးသက်ရောက်နိုင်ပါသည်။

- ငွေကြေးအမျိုးအစားပြောင်းလဲဖော်ပြရာ၌ဖြစ်ပေါ်လာနိုင်သော (Translation Risk) ဆုံးရှုံးနိုင်ခြေအန္တရာယ် ရှိပါသည်။ ယင်းမှာ သတ်မှတ်ကာလတစ်ခုအတွင်း ဝင်ငွေထွက်ငွေအပေါ် တွက်ချက်ရာတွင်လည်းကောင်း သို့မဟုတ် မည်သည့်ရက်စွဲတစ်ခုခုကိုမဆို နောက်ဆုံး ထား၍ ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲထုတ်ပြန်ရာတွင်လည်းကောင်း၊ ထိုကာလအတွင်း ဖြစ်ပွားနေသော မြန်မာကျပ်ငွေ နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ်တွင်သာ အခြေခံ တွက်ချက်ရခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော (Translation Risk) ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိခြင်း၊

- ငွေပေးချေခြင်း၊ ငွေလက်ခံခြင်းပြုလုပ်ရာတွင် (Transaction Risk) ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိခြင်း၊ ကျွန်ုပ်တို့၏ ဝင်ငွေ နှင့် ပိုင်ဆိုင်မှုများ (Revenue & Assets) နှင့် ဆက်နွယ်ပြီး ကုန်ကျစရိတ် နှင့် ပေးရန်တာဝန် (Cost & Liabilities) များ ဆောင်ရွက်ရာတွင် ငွေကြေးတန်ဖိုးအတက်အကျ တည်ငြိမ်မှု မရှိခြင်းပင်ဖြစ်သည်။

ငွေကြေးအမျိုးအစား ပြောင်းလဲဖော်ပြရာ၌ ဖြစ်ပေါ်လာနိုင်သော (Translation risk) ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိခြင်းမှာ ကျပ်ငွေတန်ဖိုး အတက်အကျများစွာ ရှိနိုင်ပြီး ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက သိသာသော ကွဲပြားမှုများရှိနိုင်သော်လည်း ဘဏ္ဍာရေး အစီရင်ခံစာရေးသားရာတွင်သာ အကျိုးသက် ရောက်မှုရှိပါသည်။ ယင်းမှာ ငွေလက်ခံခြင်း၊ ငွေပေးချေခြင်း ပြုလုပ်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ် ရှိခြင်း (Transaction Risk)လောက် အကျိုးသက်ရောက်မှု မများဘဲ လုပ်ငန်းအောင်မြင်မှု ရလဒ် တစ်စုံတစ်ရာကို များစွာမထိခိုက်နိုင်ပါ။

ကျွန်ုပ်တို့သည် ကူးစက်မြန်ရောဂါများ ဖြစ်ပွားမှုနှင့် ကြုံတွေ့ရနိုင်ဖွယ် ရှိသည်။

ကျွန်ုပ်တို့အနေဖြင့် စီးပွားရေး နှင့် လူမှုရေးရာ မသေချာမရေရာမှုများကို ဖြစ်စေသော အတိတ် ကာလက အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ပြင်းထန် သော H5N1၊ H7N1၊ ကြက်ငှက်တုတ်ကွေး နှင့် အရှေ့တောင်အာရှတွင် ဖြစ်ပွားသော ဧကာဗိုင်းရပ်စ် သို့မဟုတ် Covid-19 ကူးစက်ခံရမှုကဲ့သို့သော ကူးစက်ရောဂါများဖြစ်ပွားမှုနှင့် ကြုံတွေ့ရနိုင်ပါသည်။ မြန်မာပြည်၌ အနာဂတ်တွင် ထိုကဲ့သို့သောရောဂါဆိုးများ မဖြစ်နိုင်ဟု တပ်အပ် ပြောရ၍မရပေ။ အကယ်၍ထိန်းချုပ်၍ မရနိုင်သော ထိုကူးစက်ရောဂါများ မြန်မာပြည်တွင်ဖြစ်ပွားပါက ကျွန်ုပ်တို့ထံသို့ လာရောက်လည်ပတ်နိုင်ခြေရှိသော ဝန်ဆောင်မှုအသုံးပြုသူများကို ဆွဲဆောင်နိုင်တော့မည်မဟုတ်ဘဲ မလိုလားအပ်သော အကျိုးသက်ရောက်စေနိုင်ပါသည်။

နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်းမှ ချေးငွေရရှိနိုင်မှုအား စံစည်းကမ်းများဖြင့် ဟန့်တားထားပြီး စံစည်းကမ်းများကို မလိုက်နာသည့် ဖြစ်စဉ်တွင် ပျက်ကွက်မှုအန္တရာယ်ရှိခြင်း (Default Risks)

IFC ၏ ချေးငွေဝန်ဆောင်မှုပဋ္ဌာန်ပါ စည်းကမ်းချက်များအရ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ လက်အောက်ခံကုမ္ပဏီများအပေါ် စံစည်းကမ်းချက်များဖြင့် ကန့်သတ်ထိန်းချုပ်မှုများပြုလုပ်ထားပါသည်။ ထိုကန့်သတ်ထားသော ပဋ္ဌာန်ကို လိုက်နာရန် ပျက်ကွက်ပါက ယင်းကိုသက်ညှာမှုထောက်ထားခြင်း သို့မဟုတ် ကုစားခြင်း မဟုတ်လျှင် IFC ချေးငွေ အစီအစဉ်အောက်ရှိ ကျွန်ုပ်တို့ပေးရန်ကျန်နေသည့် အကြွေးပမာဏအားလုံး သို့မဟုတ် သိသာသောပမာဏတစ်ရပ်ရပ်ကို စောလျှင်စွာ ပြန်လည်ပေးဆပ်နိုင်ရန် ဖြစ်သည်။

ထို့အပြင် အုပ်စုအနေဖြင့် တင်ရှိနေသော ကြွေးမြီ ပေးဆပ်နိုင်ရန်အတွက်နှင့် ကြိုတင်စီမံထားသော ငွေအလုံးအရင်းလိုက် အသုံးပြုမှုများကို လုပ်ဆောင်နိုင်ရန် အနာဂတ်တွင် ငွေအမြောက်အမြား

ရရှိရန်လိုအပ်ပါသည်။ အတိုင်းအတာပမာဏတစ်ခုအထိ ကျွန်ုပ်တို့ လက်လှမ်းမီ ထိန်းချုပ်နိုင်စွမ်း မရှိသော အထွေထွေစီးပွားရေး၊ ဘဏ္ဍာရေး၊ ပြိုင်ဆိုင်မှု၊ ဥပဒေပြုရေး၊ ဥပဒေကိုလေးစားလိုက်နာရေးနှင့် အခြားလွှမ်းမိုးနိုင်သော အကြောင်းအရာများစသည်တို့နှင့် ကြုံတွေ့ရတတ်သည်။ အုပ်စုအနေဖြင့် ယင်းတွင်တင်ရှိနေသော ကြွေးမြီကို ဖြေရှင်းနိုင်ရန် နှင့် အခြားကတိကဝတ်များကို လိုက်နာဆောင်ရွက်နိုင်ရန် လုံလောက်သော ဝင်ငွေထွက်ငွေလည်ပတ်စီးဆင်းမှုရှိရန် လိုအပ်ပါသည်။ အုပ်စု အနေဖြင့် ကြွေးမြီများအားလုံး သို့မဟုတ် ယင်း၏တစ်စိတ်တစ်ပိုင်းအား ပြန်လည် ပေးဆပ်နိုင်ရန် မိမိတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများသို့မဟုတ် လုပ်ငန်းများကိုရောင်းချခြင်း သို့မဟုတ် နောက်ထပ်ချေးငွေရယူခြင်း သို့မဟုတ် လုပ်ငန်းစိုက်ထုတ်မတည်ငွေထည့်ဝင်ခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။ သို့ရာတွင်စီးပွားရေးအရ ကျိုးကြောင်းခိုင်လုံသောစည်းကမ်းချက်များအပေါ်အခြေခံ၍ သို့မဟုတ် လုံးဝအနေဖြင့် ယင်းတို့အနက် မည်သည့် အချက်တစ်ချက်ချက်ကိုမဆို အချိန်မီလုပ်ဆောင်နိုင်မည် မဟုတ်ပေ။ ထိုဆောင်ရွက်ချက်များအားလုံးသည် အုပ်စု၏ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို ဖြည့်စွမ်းနိုင်မည် မဟုတ်ပေ။ ထို့အပြင် လုပ်ငန်းစု၏ လက်ရှိ သို့မဟုတ် အနာဂတ်တွင် ကြွေးမြီအစီအစဉ်နှင့် စပ်လျဉ်း၍ ပါဝင်သောအချက်အလက်၊ အသုံးအနှုန်း ဖေါ်ပြချက်များသည် လုပ်ငန်းစုအား အထက်ဖေါ်ပြပါ အခြားမည်သည့်ရွေးချယ်မှုများအပေါ်တွင်မဆို ကန့်သတ်ထိန်းချုပ်ထားပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက် (Latest Practicable Date) အရ United International Group Limited အနေဖြင့် IFC ၏ ချေးငွေဝန်ဆောင်မှုအစီအစဉ်မှ ပထမအရစ်အနေဖြင့် ချေးငွေစုစုပေါင်း အမေရိကန် ဒေါ်လာ ၈.၅ သန်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ချေးယူခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ နေ့စွဲဖြင့် IFC ထံမှ "ဒုတိယအရစ်ကတိကဝတ်ပြုစာ" နှင့်အညီ ဒုတိယအရစ်အနေဖြင့် အမေရိကန်ဒေါ်လာ ၃ သန်းအနက်မှ အမေရိကန်ဒေါ်လာ ၂.၂ သန်း ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် နေ့တွင် ပထမအကြိမ် ထုတ်ယူခဲ့ပါသည်။ကျန်ရှိသည့် အမေရိကန်ဒေါ်လာ ၀.၈ သန်း ကို နှစ်ဖက်သဘော တူညီချက်အရ မချေးယူဘဲ ပယ်ဖျက်ခဲ့ပါသည်။

အနာဂတ်တွင် ရင်းနှီးမြှုပ်နှံငွေမြှင့်တင်ခြင်းသည် အစုရှယ်ယာပိုင်ဆိုင်မှုအပေါ် ပျက်ပြယ်အားပျော့စေနိုင်ခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ စီးပွားရေးလည်ပတ်မှုကို အဟန့်အတားဖြစ်ခြင်းရှိနိုင်ပါသည်။

အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုငွေပမာဏတိုးမြှင့်ရန်နှင့် လုပ်ငန်းအသုံးစရိတ်များ တိုးမြှင့်အသုံးပြုနိုင်ရန် ကျွန်ုပ်တို့၏ကုမ္ပဏီခွဲများတွင် အစုရှယ်ယာပိုင်ဆိုင်မှုအား တိုးမြှင့်နိုင်ရန်အလို့ငှာ လုပ်ငန်းစု၏ ရံပုံငွေအားတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကောင်းလိုအပ်မည်ဖြစ်ပါသည်။ ယင်းလိုအပ်ငွေအား (Equity Securities) အစုရှယ်ယာထုတ်ဝေသည့်နည်းဖြင့်လုပ်ဆောင်ပါက အချိန်ကာလတစ်ခုသို့ ရောက်သောအခါ လက်ရှိအစုရှယ်ယာပိုင်ရှင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှု ရာခိုင်နှုန်းကျဆင်းသွားနိုင်ပါသည်။ အခြားတစ်နည်းမှာ ထိုရင်းနှီးမြှုပ်နှံငွေတိုးမြှင့်ခြင်းအား ထပ်ဆင့်ငွေချေးယူသည့်စနစ်ဖြင့် ပြည့်မီအောင်ဖြေရှင်းပါက ထိုငွေချေးယူသည့်စနစ်မှတစ်ဆင့် ကျွန်ုပ်တို့ကို အောက်ပါ အဟန့်အတားများ ဖြစ်စေပါသည်။

- ကျွန်ုပ်တို့အား အစုရှယ်ယာအမြတ်ဝေစုများ ခွဲဝေပေးနိုင်မှုကို ကန့်သတ်နိုင်ခြင်း သို့မဟုတ် ကျွန်ုပ်တို့အနေဖြင့် အမြတ်ဝေစုခွဲဝေပေးရာတွင် သဘောတူညီမှု ရရှိရန် လိုအပ်ခြင်း၊
- ကျွန်ုပ်တို့၏ စီးပွားရေးနှင့်လုပ်ငန်းဆိုင်ရာ အခြေအနေအား ပြောင်းပြန်ဖြစ်စေကာ အားနည်းချက် သို့မဟုတ် ထိလွယ်ရှလွယ်မှုကို များစွာကြီးထွားလာစေခြင်း၊
- ကျွန်ုပ်တို့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုအတွက် စီမံကိန်းများလုပ်ဆောင်ရာတွင် ကျွန်ုပ်တို့၏ စွမ်းရည်ကို ကန့်သတ်ထားစေခြင်း၊
- ကျွန်ုပ်တို့တွင် ပေးရန်ရှိသော ကြွေးမြီများအား ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်စီးဆင်းမှုများမှ ရရှိသောငွေ၏ သိသာသော ပမာဏတစ်ရပ်ကို ပြန်လည်ပေးဆပ်ရန်လိုအပ်ပါသည်။ ထိုသို့ပေးဆပ်ခြင်းအားဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်များ၊ နေ့စဉ်သုံး လှည့်လည်ငွေရင်း (Working Capital) လိုအပ်မှုများ နှင့် အခြားအထွေထွေကုမ္ပဏီကုန်ကျစရိတ်များအတွက် အသုံးပြုနိုင်သော ကျွန်ုပ်တို့၏ လည်ပတ်စီးဆင်းငွေများ လျော့ကျလာမည်ဖြစ်သည်။
- ကျွန်ုပ်တို့၏ စီမံချက်များချမှတ် လုပ်ဆောင်ရာတွင် ပြောင်းလွယ်ပြင်လွယ်မှုကို ကန့်သတ်ထားခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ လုပ်ဆောင်ချက် ပြောင်းလဲမှု အပေါ် တုန့်ပြန်ဆောင်ရွက်ရာ၌ ကန့်သတ်ထားခြင်းတို့ ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စီးပွားရေး လည်ပတ်မှုအတွက် မျှော်မှန်းထားသော ငွေလုံးငွေရင်းအသုံးစရိတ်အတွက်နှင့် သာမန်နေ့စဉ် လည်ပတ်ငွေရင်းအတွက် အနာဂတ်တွင် ငွေကြေးဆိုင်ရာလိုအပ်ချက်ကို အထောက်အပံ့ဖြစ်စေသော စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ (သို့မဟုတ်) လုံးဝဥဿုံရရှိအောင် စွမ်းဆောင်နိုင်မည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စီးပွားရေးလည်ပတ်မှုအတွက် မျှော်မှန်းထားသော ငွေလုံးငွေရင်းအသုံးစရိတ်အတွက် နှင့် သာမန်နေ့စဉ် လည်ပတ်ငွေရင်းအတွက် အနာဂတ်တွင် ငွေကြေးဆိုင်ရာလိုအပ်ချက်ကို အထောက်အပံ့ဖြစ်စေသော စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နှင့်အညီ သို့မဟုတ် လုံးဝဥဿုံရရှိအောင် စွမ်းဆောင်နိုင်မည် မဟုတ်ပေ။ ကျွန်ုပ်တို့တွင် ဟိုတယ် နှင့် Resort အသစ်များ ဆောက်လုပ်ခြင်း၊ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အိုရီယမ်တယ်အမှတ်တံဆိပ် လူစီးမီးပုံးပျံစီးခြင်းဝန်ဆောင်မှု (Oriental Ballooning Service) တည်ထောင်ခြင်းတို့ ပြုလုပ်သောကြောင့် အကြွေးများစွာ တင်လျှက်ရှိနေပါသည်။ အနာဂတ်တွင် တည်ဆောက်ရန် လျာထားသတ်မှတ်ထားသော ဟိုတယ်အသစ်များ၊ အပန်းဖြေစခန်းအသစ်များ၊ တည်ဆောက်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှငွေချေးသူများကို ရှာဖွေတွေ့ရှိနိုင်ရန်လည်း များစွာ ခက်ခဲပါသည်။ သက်ဆိုင်ရာအဆောက်အဦး၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများမှာ ငွေဖြစ်လွယ်မှုနှုန်း နည်းပါးသောကြောင့် ယင်းတို့ကို အာမခံပစ္စည်းအဖြစ်ထား၍ ချေးငွေပြန်လည်ပေးဆပ်ရန် သဘောတူညီချက် ထားသည့်တိုင်အောင် ငွေချေးသူများ အနေဖြင့်လည်း စိတ်ဝင်စားမှုနည်းပါးပြီး လက်ခံနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် လိုအပ်နေသော ငွေပမာဏကို ထိုကဲ့သို့ သက်တောင့်သက်သာရှိသော

အခြေအနေဖြင့် သို့မဟုတ် လုံးဝဥဿုံမရရှိပါက ကျွန်ုပ်တို့စီးပွားရေး လည်ပတ်နိုင်မှုအတွက် နှင့် လုပ်ငန်းအသစ်များတိုးချဲ့ဆောင်ရွက်ရန်အတွက်ပါ လုံလောက်သော ရင်းနှီးမြှုပ်နှံငွေကိုရရှိနိုင်လိမ့်မည် မဟုတ်ပေ။ ထိုအရာအားလုံးသည် ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ၊ အမြတ်အစွန်းရရှိနိုင်မှု၊ လုပ်ငန်းအောင်မြင်မှု ရလဒ်ရရှိမှု၊ စီးပွားရေးဖွံ့ဖြိုးမှု မဟာဗျူဟာတစ်ခုလုံး အပေါ်တွင်လည်း သိသိသာသာ ပြောင်းပြန် အကျိုးသက်ရောက်သွားနိုင်ပါသည်။

မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေရှိသည့် အချက်များ

ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများ၏ သက်ရောက်မှု ခံရနိုင်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် (ငွေရေးကြေးရေးကဏ္ဍ နှင့် စာရင်းကိုင်စနစ်တို့ အပါအဝင်) ဖွံ့ဖြိုးတိုးတက်ဆဲ ဖြစ်ပါသည်။ ထို့ပြင် ကုမ္ပဏီများ အနေဖြင့် ၎င်းတို့၏ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ခြင်း အဆင်ပြေ ချောမွေ့မှုနှင့် စရိတ်စကတို့အား ထိခိုက်နိုင်သည့် လုံလောက်မှုမရှိသော ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး နှင့် အခြား အခြေခံ အဆောက်အအုံများ၊ အသုံးအဆောင်များ နှင့် အခြား မရှိမဖြစ် ဝန်ဆောင်မှုများအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကောင်း လိုအပ်မည် ဖြစ်ပါသည်။ လက်ရှိ မြန်မာ အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး ပြုပြင်ပြောင်းလဲခြင်းများသည် ရှေ့ဆက်သွားနေမည် သို့မဟုတ် အောင်မြင်လိမ့်မည်ဟု သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပတ်ဝန်းကျင် အနေအထားများသည် ဆက်လက် တိုးတက်ကောင်းမွန်လိမ့်မည် သို့မဟုတ် ရေရှည် တည်တံ့ခိုင်မြဲလိမ့်မည်ဟု လည်းကောင်း အာမခံနိုင်ခြင်း မရှိပါ။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး အခြေအနေများတွင် မလိုလားအပ်သော အပြောင်းအလဲများ ဖြစ်ပေါ်ခြင်း ၊ ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် လုံခြုံရေးတို့အား ထိခိုက်နိုင်သော အခြေအနေများ ရှိနေခြင်းတို့သည် ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းက ဖောက်သည်လောင်းတို့အား ဆွဲဆောင်နိုင်မှုအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

လက်တွေ့ကျင့်သုံးသည့်နည်းလမ်းများ နှင့် ပြဋ္ဌာန်းဥပဒေ၊ ပြဋ္ဌာန်းနိုင်သည့် စည်းမျဉ်းတို့အကြား ကွာဟချက်များရှိနေသေးသော်လည်း မြန်မာနိုင်ငံ၏ ဥပဒေစနစ်သည် ခေတ်ကာလနှင့် လျော်ညီစွာ ဖွံ့ဖြိုးလျက်ရှိပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ ဥပဒေပြုရေး မဏ္ဍိုင်က ပြဋ္ဌာန်းသည့် ဥပဒေ နှင့် စည်းမျဉ်းများဖြင့် လည်းကောင်း၊ အစိုးရ အာဏာပိုင်များနှင့် အစိုးရ

အဖွဲ့အစည်းအသီးသီးတို့က ထုတ်ပြန်သော အမိန့်ကြော်ငြာစာများ၊ လမ်းညွှန်ချက်များဖြင့် လည်းကောင်း အကျုံးဝင်ပါသည်။

မြန်မာနိုင်ငံ၏ တရားဥပဒေ မူဘောင်များအား ခေတ်မီ အားကောင်း စေသည့် မြန်မာ့ ဥပဒေ၊ စည်းမျဉ်းများ ဆိုင်ရာ အပြောင်းအလဲများ လတ်တလော အချိန်များ အတွင်း၌ သိသိသာသာ ဖြစ်ပေါ် ခဲ့ပြီး၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများ အနေဖြင့် ထိုသို့သော အပြောင်းအလဲများ ဆက်လက် ဖြစ်ပေါ်လိမ့်မည်ဟု ယုံကြည်ပါသည်။ သို့ရာတွင် မြန်မာ အစိုးရ အနေဖြင့် ၎င်း၏ တရားရေး စနစ်ကို ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များဖြင့် ကိုက်ညီမှု ရှိစေရန်အတွက် လည်းကောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အားပေး ဆွဲဆောင်ရန်အတွက် လည်းကောင်း၊ တိုးတက် ဖွံ့ဖြိုးစေရေး ဆောင်ရွက်နေဆဲဖြစ်ရာ လက်ရှိ ဥပဒေ၊ စည်းမျဉ်းများ အနေဖြင့် အချို့သော ဖြစ်ရပ် သို့မဟုတ် အခြေအနေများတွင် သက်ရောက်ခြင်း ရှိ/မရှိ၊ သက်ရောက်ပါက မည်သို့ သက်ရောက်မည် ဆိုသည်တို့ဖြင့် စပ်လျဉ်း၍ မသေချာ မရေရာမှုများ ရှိနေဆဲပင် ဖြစ်ပါသည်။ အထူးအားဖြင့် ထိုသို့သော ဥပဒေ၊ စည်းမျဉ်းများ ဆိုင်ရာ အပြောင်းအလဲများက မြန်မာနိုင်ငံ၏ ဥပဒေပိုင်း နှင့် ကြေပ်မတ်ကွပ်ကဲရေးပိုင်းတို့အား တိုးတက် ကောင်းမွန်စေခဲ့သော်လည်း အဆိုပါ ဥပဒေ၊ စည်းမျဉ်းများပြည့်စုံ လုံလောက်မှုရှိစေရန် နှင့် စိုးရိမ်ပူပန်မှု အားလုံးကို ဖြေရှင်းပေးနိုင်မှုရှိရန် မသေချာသည့်အပြင် အချင်းချင်း ဆန့်ကျင် ဝိရောဓိ ဖြစ်နေခြင်း၊ အဓိပ္ပာယ် မထင်ရှားခြင်း နှင့် အဓိပ္ပာယ် ဖွင့်ဆိုမှု အမျိုးမျိုး ကွဲပြားနေခြင်းတို့ ရှိနေနိုင်ပါသည်။

ထိုပြင် မြန်မာနိုင်ငံ၏ ဥပဒေစည်းမျဉ်းများကို အလွတ်သဘောဆောင်ရွက်ခြင်း သို့မဟုတ် ဌာနတွင်း လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဖြည့်စွက်ခြင်း သို့မဟုတ် အခြားနည်း ပြုပြင်ခြင်းတို့ ရှိနေနိုင်သည့်အပြင် အဆိုပါ လမ်းညွှန်ချက်များ၊ ကျင့်ထုံးများအတွက် မှတ်တမ်းမှတ်ရာထားရှိမှုမရှိခြင်း၊ ယေဘုယျအားဖြင့် အများပြည်သူက မရရှိနိုင်ခြင်း နှင့် တသမတ်တည်း ကျင့်သုံးခြင်းမရှိခြင်းတို့ကိုလည်း ရင်ဆိုင်ရနိုင်ပါသည်။ ထိုသို့သော လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများဖြင့် စပ်လျဉ်း၍ တရားရုံးများမှ စီရင်ချက် မချဖူးခြင်း၊ ဥပဒေပြုရေး ကဏ္ဍမှ မပြဋ္ဌာန်းဖူးခြင်း ဖြစ်နိုင်သည့် အပြင်၊ ကြိုတင် အသိပေးခြင်းမရှိဘဲ သို့မဟုတ် လုံလောက်စွာ အသိပေးခြင်းမရှိဘဲ ပြောင်းလဲသွားခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုမှတစ်ပါး မြန်မာနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းများအား အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ အကောင်အထည် ဖော်ခြင်း သို့မဟုတ် ကျင့်သုံးခြင်းတို့နှင့် စပ်လျဉ်း၍ ယခင်ကစီရင်ထုံး သာဓကများတွင်လည်း အကန့်အသတ်များ ရှိနေပါသည်။ ယင်းကြောင့် မြန်မာနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း နှင့် အသုံးချခြင်းတို့တွင် နောက်ထပ် မသေချာ မရေရာမှုများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် စီရင်ထုံးပြုဥပဒေ၊ ပြဋ္ဌာန်းဥပဒေ နှင့် ဓလေ့ထုံးတမ်းဥပဒေ စနစ်များအား ရောယှက်ကာ လက်ခံ ကျင့်သုံးသော်လည်း ဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အစိုးရ ပေါ်လစီများက လွှမ်းမိုးပါသည်။ ထိုပြင်မြန်မာနိုင်ငံ၏ ဥပဒေများ နှင့် စည်းမျဉ်း စည်းကမ်းများကို ကျင့်သုံးရာတွင် အာဏာပိုင်များ၏ သဘောအတိုင်း ဆုံးဖြတ်ခြင်းသည် အတိုင်းအတာ တစ်ခု အထိ ရှိနေနိုင်ပြီး ဒေသန္တရ အစိုးရ၊ အစိုးရအာဏာပိုင် နှင့် အစိုးရအဖွဲ့အစည်းအသီးသီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပုံ ကွဲပြားမှု ရှိနိုင်ပါသည်။

မည်သို့ပင် ဖြစ်စေ လက်ရှိ အချိန်တွင် တရားရုံးတွင် ဖြစ်စေ၊ အနုညာတနည်းဖြင့် ဖြစ်စေ၊ ကူးသန်းရောင်းဝယ်ရေး နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများအား ပြည်တွင်း အနုညာတခုံရုံးများဖြင့် ဖြေရှင်းခြင်းမှာ အကန့်အသတ်ဖြင့်သာ ရှိပါသည်။ အနုညာတနည်းဖြင့် ဖြေရှင်းခြင်းကို ၂၀၁၆ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေဖြင့်အညီ လုပ်ဆောင်နိုင်သော်လည်း မြန်မာနိုင်ငံတရားရုံးများတွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းဖြင့် စပ်လျဉ်း၍ အတွေ့အကြုံမှာ သိသိသာသာ နည်းပါးဆဲ ဖြစ်ပါသည်။ ထိုသို့သော ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ အငြင်းပွားမှုများအတွက် ခုံသမာဓိ နာယက အဖြစ် ဆောင်ရွက်အဆုံးအဖြတ်ပေးနိုင်သည့် ပြည်တွင်းကျွမ်းကျင်သူ ခုံသမာဓိ တို့မှာ အကန့်အသတ်ဖြင့်သာ ရှိပါသည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်နှင့် ဥပဒေ၊ စည်းမျဉ်းတို့ကို အဓိပ္ပာယ် ဖွင့်ဆို ကျင့်သုံးရာ၌ မသေချာမရေရာမှုများသည် လည်းကောင်း၊ ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း၏ ဆွဲဆောင်နိုင်မှု အပေါ် မလိုလား အပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ အုပ်စု၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ၊ ငွေဖြစ်လွယ်မှု (liquidity) နှင့် ဘဏ္ဍာရေး အနေအထားတို့အပေါ်သို့လည်း မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ် နိုင်ပါသည်။

မြန်မာနိုင်ငံ အပေါ် ချမှတ်သော တားဆီးပိတ်ဆို့မှုများက ဤကုမ္ပဏီ အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ အနေဖြင့် မြန်မာနိုင်ငံ အပေါ် ချမှတ်သော တားဆီးပိတ်ဆို့မှုများ၏ သက်ရောက်မှုကို ခံရနိုင်ပါသည်။ ယင်းကဲ့သို့ မြန်မာနိုင်ငံ အပေါ် တားဆီးပိတ်ဆို့မှု (အားလုံး မဟုတ်သော်လည်း) အချို့ကို ယာယီ ဆိုင်းငံ့ခြင်း သို့မဟုတ် အပြီးတိုင် ဖယ်ရှားခြင်း လုပ်ဆောင်ပြီး ဖြစ်သော်လည်း သက်ဆိုင်ရာ ဆိုင်းငံ့ထားမှုများအား သက်တမ်း တိုးပေးရန် မသေချာပါ။ ယင်း တားဆီးပိတ်ဆို့မှုများကို နောက်ဆုံးတွင် အပြီးတိုင် ဖယ်ရှားခြင်း ပြုမပြု၊ သို့မဟုတ် နောက်ထပ် တားဆီးပိတ်ဆို့မှုများ ပြုမပြု မသေချာပါ။ ထိုသို့ ဆက်လက် တည်ရှိနေသည့် တားဆီး ပိတ်ဆို့မှုများသည်လည်းကောင်း၊ ဆိုင်းငံ့ထားသည့် တားဆီးပိတ်ဆို့မှုများအား သက်တမ်းတိုး မပေးခြင်းသည်လည်းကောင်း၊ နောက်ထပ် တားဆီး ပိတ်ဆို့မှုများ ချမှတ်ခြင်းသည်လည်းကောင်း မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အနှောက်အယှက်ဖြစ်စေပြီး ကျွန်ုပ်တို့ ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း၏ အလားလာရှိသော သုံးစွဲသူ တို့အား ဆွဲဆောင်နိုင်မှုအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ အုပ်စု၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှုရလဒ်များ၊ ငွေဖြစ်လွယ်မှု (liquidity) နှင့် ဘဏ္ဍာရေး အနေအထား တို့အပေါ်သို့လည်း မလိုလား အပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ် နိုင်ပါသည်။

မြန်မာနိုင်ငံတွင် လုပ်ဆောင်မည့် ပရောဂျက်များအတွက် အများနှင့် သက်ဆိုင်သောကဏ္ဍမှ လည်းကောင်း၊ အများနှင့် မသက်ဆိုင်သော ကဏ္ဍမှလည်းကောင်း ဘဏ္ဍာငွေ ဖြည့်တင်းနိုင်မှု အားနည်းနေဆဲ ဖြစ်ပါသည်။

ပြဋ္ဌာန်းဥပဒေအရ ပြည်တွင်းဘဏ်တို့အား နိုင်ငံခြားငွေ ကိုင်တွယ် ဆောင်ရွက်ခွင့် နှင့် မြန်မာကုမ္ပဏီများသို့ နိုင်ငံခြားငွေဖြင့် ငွေချေးခွင့်လိုင်စင်များ ချထားပေးပြီး ဖြစ်သော်လည်း၊ မြန်မာနိုင်ငံ အတွင်း ဆောင်ရွက်မည့် ပရောဂျက်များ အတွက် ဘဏ္ဍာငွေ ရရှိနိုင်မှုတွင် အကန့်အသတ် ရှိဆဲပင်ဖြစ်ပြီး ဆက်၍လည်း ရှိနေနိုင်ပါသည်။ ပြည်တွင်းဘဏ်တို့မှ ဘဏ္ဍာငွေ ဖြည့်တင်းရန် ကြိုးစားကြည့်နိုင်သော်လည်း ပြည်တွင်း ဘဏ်တို့မှချေးငွေရယူသည့် စရိတ်မှာ မြင့်မားလှပါသည်။ ပြည်ပမှ ချေးငွေ ရယူသည့် နည်းလမ်း တစ်ခု ရှိသေးသော်လည်း ယင်းမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) ၏ ခွင့်ပြုချက် ရရှိမှု အပေါ် မူတည်ပါသည်။ ဘဏ္ဍာငွေ ဖြည့်တင်းရေး နည်းလမ်းများတွင် ရွေးချယ်ခွင့် နည်းပါးမှု နှင့် သက်ဆိုင်ရာ ဘဏ္ဍာငွေ ဇစ်မြစ် အသီးသီးမှ ကျွန်ုပ်တို့ အုပ်စုအပေါ် ကန့်သတ်ချက်များ ချမှတ်မှုတို့အရ ကျွန်ုပ်တို့ အုပ်စုသည် အနာဂတ် တိုးချဲ့ရေး အစီအစဉ်များအတွက် ဘဏ္ဍာငွေ လုံလောက်စွာ ရနိုင်လိမ့်မည်ဟု မည်သည့် အာမခံချက်မျှ မပေးနိုင်ပါ။

မြန်မာနိုင်ငံ၏ လက်ရှိ စီးပွားရေးအခြေအနေအရ ပြည်တွင်းရှိ အခြားလုပ်ငန်းများ၏ စာရင်းဇယားများ နှင့် မျက်မှောက် သတင်းအချက် အလက်များကိုရရှိရန် ခက်ခဲနိုင်ပါသည်။

ဈေးကွက်သတင်းအချက်အလက်များ လုံလောက်စွာမရရှိသည့်အတွက် အစုရှယ်ယာများကို လုံလောက်စွာ ဈေးနှုန်း မသတ်မှတ်နိုင်ခြင်းမျိုး ဖြစ်နိုင်ပြီး မိမိတို့၏ စွမ်းဆောင်ရည်ကို တိုင်းတာဆုံးဖြတ်ရာတွင် ခက်ခဲနိုင်ပါသည်။ တိကျသော သတင်း အချက်အလက်များ မရရှိသည့်အတွက် မိမိတို့ထံသို့ အခါအား လျော်စွာ ရောက်ရှိလာသော စီးပွားရေး အခွင့်အလမ်းများ၏လားရာ နှင့် အလားအလာ ကို သုံးသပ်တွက်ချက်ရန် ခက်ခဲသဖြင့် မိမိတို့အနေဖြင့် မိမိတို့ လုပ်ငန်းများ၏ ရလဒ် နှင့် ဘဏ္ဍာရေး အခြေအနေများကို ဆိုးကျိုးသက်ရောက်စေနိုင်သော ဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်မခြင်းမျိုး ဖြစ်ပေါ် နိုင်ပါသည်။

စာရင်းဝင်ခြင်း နှင့် ပတ်သက်သော ဆုံးရှုံးနိုင်ခြေများ

အနာဂတ်တွင် သိသာထင်ရှားသော အတိုင်းအတာဖြင့် အစုရှယ်ယာများအား ရောင်းချခြင်းကြောင့် ကျွန်ုပ်တို့ အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေး အပေါ် မလိုလားအပ်သော သက်ရောက်မှုများ ရှိလာစေနိုင်ပါသည်။

အနာဂတ်တွင် ကုမ္ပဏီ၏ အစုရှယ်ယာများ ရောင်းချမှု သို့မဟုတ် ဝယ်ယူရရှိနိုင်မှုသည် ကျွန်ုပ်တို့ အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးကို ကျဆင်းစေမည့် တွန်းအားကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤစာရင်းဝင်ခြင်း နောက်ပိုင်း ကာလတွင် အစုရှယ်ယာများ၏ သိသာထင်ရှားသော အရေအတွက် တစ်ခုခုကို ရောင်းချခြင်း သို့မဟုတ် ရောင်းချလိမ့်မည်ဟု ထင်မြင်ခြင်းသည် ကျွန်ုပ်တို့ အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေး အပေါ် အရေးပါသည့် အတိုင်းအတာဖြင့် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

ကျွန်ုပ်တို့ အစုရှယ်ယာ ဈေးနှုန်းသည် အတက်အကျ ရှိနိုင်ပါသည်။

ဈေးကွက်အတွင်း ကျွန်ုပ်တို့ အစုရှယ်ယာများ၏ ပေါက်ဈေးသည် အခြား အကြောင်းရင်းတို့ အပါအဝင် အောက်ပါ အကြောင်းရင်းတို့ကြောင့် သိသာထင်ရှားသော အတိုင်းတာဖြင့် လျှင်မြန်စွာ အတက်အကျ ရှိနိုင်ပါသည်။

- ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေး နှင့် လုပ်ငန်းဆောင်ရွက်မှုရလဒ်အမှန်တို့နှင့် ရင်းနှီးမြှုပ်နှံသူများ၊ လေ့လာဆန်းစစ်သူများ မျှော်လင့်ထားသည့် ရလဒ်တို့ အကြား ကွာခြားမှုများ၊
- ကျွန်ုပ်တို့ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် လည်ပတ်လုပ်ကိုင်မှုများ အပေါ် ထင်မြင်မျှော်မှန်းချက်များ၊
- ဤကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များတွင် အပြောင်းအလဲရှိမှုများ၊
- ငွေချေးသက်သေခံလက်မှတ်များ လေ့လာဆန်းစစ်သူတို့ကပြုလုပ်သော ဤကုမ္ပဏီ၏ ဘဏ္ဍာရေး စွမ်းဆောင်ရည်ဖြင့် စပ်လျဉ်းသည့် ခန့်မှန်းချက်နှင့် အကြံပြုထောက်ခံချက် ပြောင်းလဲမှုများ၊
- အလားတူ ကုမ္ပဏီတို့၏ ဈေးကွက် တန်ဖိုးဖြတ်မှုများတွင် ပြောင်းလဲမှုများ၊
- ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် တရားစွဲဆိုမှု တစ်စုံတစ်ရာတွင် ပါဝင်ပတ်သက်ခြင်း၊
- အဓိကကျသည့် ဝန်ထမ်းများ ထပ်မံခန့်ထားခြင်းများ သို့မဟုတ် နှုတ်ထွက်ခြင်းများ၊
- အထွေထွေ စီးပွားရေး နှင့် စတော့ဈေးကွက် အခြေအနေ အပြောင်းအလဲများ။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိတို့နှင့် ပတ်သက်သည့် မကောင်းသတင်းသည် ကျွန်ုပ်တို့ အစုရှယ်ယာများ၏ ဈေးနှုန်း အပေါ် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိ တစ်ဦးဦးနှင့် ပတ်သက်၍ မကောင်းသော သတင်း သို့မဟုတ် ကြေညာချက် တစ်စုံတစ်ရာသည် ကျွန်ုပ်တို့ အစုရှယ်ယာများအပေါ် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့ မကောင်းသော သတင်း သို့မဟုတ် ကြေညာချက်တွင် လူမှုခံယူခြင်း ဆိုင်ရာအမှုများ (insolvency proceedings)၊ တရားမဆိုင်ရာအမှုများ (legal disputes)၊ အခြားကုမ္ပဏီကိုဝယ်ယူခြင်း (takeovers) နှင့် ဖက်စပ်လုပ်ငန်းများ (joint ventures) တို့၌ ကျရှုံးမှုများစသည်တို့နှင့် ပတ်သက်ခြင်းများပါဝင်နိုင်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား အမြတ်ဝေစု မပေးနိုင်ခြင်းများလည်း ရှိနိုင်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီက အမြတ်ဝေစု ပေးနိုင်ခြင်း နှင့် အခြား ခွဲဝေပေးမှုတို့ ပြုလုပ်နိုင်ခြင်းသည် ကုမ္ပဏီ၏ ဝင်ငွေ နှင့် ငွေသားစီးဆင်းမှုများအပေါ် မူတည်နိုင်သည့် အပြင် မြန်မာနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းများနှင့် လည်းကောင်း၊ ချေးငွေနှင့် စပ်လျဉ်း၍ ကုမ္ပဏီက တာဝန်ခံထားသည့် ကတိကဝတ်များနှင့် လည်းကောင်း

ကိုက်ညီရန် လိုအပ်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရသည့်ဖြစ်စဉ်မျိုးတွင် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များ လုံလုံလောက်လောက်ရှိရန် မသေချာသောကြောင့် ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံထားသော ငွေရင်းများ ပြန်လည်ရရှိရန် မသေချာပါ။

<u>အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ</u>

<u>၃-၁။ ကုမ္ပဏီ၏ လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များအကျဉ်းချုပ်</u>

<u>၃-၁-၁။ ကုမ္ပဏီ၏ နောက်ခံ သမိုင်းကြောင်း</u>

ကျွန်ုပ်တို့၏ ကုမ္ပဏီကို အမတဟိုး(လ်) ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Amata Holding Public Company Limited) အမည်ဖြင့် ၁၉၁၄ ခုနှစ် ကုမ္ပဏီအက်ဥပဒေ ကို (မြန်မာကုမ္ပဏီများဥပဒေဖြင့် အစားထိုး ဖျက်သိမ်းပြီး) ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာကုမ္ပဏီများဥပဒေ နှင့်အညီ အများနှင့်သက်ဆိုင်သောကုမ္ပဏီ အဖြစ် မြန်မာနိုင်ငံ၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည် ။ “Amata” အမှတ်တံဆိပ်ဖြင့် ဟိုတယ်၊ အပန်းဖြေ အနားယူစခန်းများ နှင့် တွဲလျှက်စားသောက်ဆိုင်လုပ်ငန်းများကို အဓိကအလေးထား လုပ်ကိုင်ဆောင်ရွက် သည့် ယူနိုက်တက် အင်တာနေရှင်နယ် ဂရု(ပ်) လီမိတက် (United International Group Limited) ကို ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်၍ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

“*Amata*” အမှတ်တံဆိပ်အောက်တွင် “Amata Resort(ငပလီ ကမ်းခြေ) ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင် ယင်းဟိုတယ်အပန်းဖြေစခန်းကို စတင်လည်ပတ်ဆောင်ရွက်နိုင်ခဲ့ပါ သည်။ ယင်းမှ ဆက်လက်၍ အဖွဲ့အနေဖြင့် လုပ်ငန်းချဲ့ထွင်လာခဲ့ရာ ၂၀၁၁ ခုနှစ်တွင် “My Bagan Residence” By Amata ကို ပုဂံဒေသ၌ ဖွင့်လှစ်လုပ်ကိုင်နိုင်ခဲ့ပါသည်။ ကနဦး ဟိုတယ်အပန်းဖြေစခန်း နှစ်ခုအပေါ်တွင် ရရှိထားသော မိမိတို့၏ အောင်မြင်မှုကို အသုံးချလျက် "Amata Garden Resort (Inle Lake)" ကို ၂၀၁၃ခုနှစ်တွင် အင်းလေးကန်ဒေသ၌ တည်ထောင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အုပ်စုအနေဖြင့် မိမိတို့၏ လုပ်ငန်းအမျိုးမျိုးကို ချဲ့ထွင်၍ ပိုမိုစုံလင်အောင်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ရာ "Oriental Ballooning Service" အမည်ဖြင့် "လူစီးမီးပုံးပျံ" လုပ်ငန်းကို ၂၀၁၃ခုနှစ်တွင် Myanmar Ballooning ကုမ္ပဏီမှတဆင့် လုပ်ကိုင်နိုင်ခဲ့ပါသည်။ IFC ၏ထောက်ပံ့ကူညီပေးမှုအစီအစဉ်များဖြင့် ပုဂံ နှင့် အင်းလေးဒေသတို့တွင် အုပ်စု၏လုပ်ငန်းချဲ့ထွင်မှု အစီအစဉ်များအတွက် IFC နှင့် သဘောတူညီမှုတစ်ရပ်ကို ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်။ အဆိုပါသဘော တူညီချက်အရ အမေရိကန်ဒေါ်လာ(၁၃.၅) သန်းကို

သတ်မှတ်ကာလအတွင်း သတ်မှတ်နှုန်း ထားတစ်ခုဖြင့် ကုမ္ပဏီ၏အစုရှယ်ယာအဖြစ် အသွင်ပြောင်းနိုင်ခွင့်ရှိသော ချေးငွေ (Convertible loan) အဖြစ် နှစ်ပိုင်းခွဲ၍ ထုတ်ချေးပေးရန် IFC ကသဘောတူညီပြီး UIGက ချေးယူရန်သဘောတူခဲ့ပါသည်။ (ဤကိစ္စနှင့်သက်ဆိုင်သည့် အခြား သတင်းအချက် အလက်များကို ***"အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက် အလက်များ - စီးပွားရေးလုပ်ငန်းအကြောင်း အသေးစိတ်ဖော်ပြချက်၊ - အရေးကြီးသော စာချုပ်စာတမ်း များ"*** တွင် ကြည့်ပါ။) နောက်ဆုံးတင်သွင်းသည့်ရက်စွဲ (Latest Practicable Date) အရ United International Group Limited အနေဖြင့် IFC ၏ ချေးငွေဝန်ဆောင်မှုအစီအစဉ်မှ ပထမအရစ်အနေဖြင့် ချေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၈.၅ သန်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက် နေ့တွင် ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ရက်စွဲဖြင့် IFC ထံမှ "ဒုတိယ အရစ်ကတိကဝတ်ပြုစာ"နှင့်အညီ ဒုတိယအရစ်အနေဖြင့် အမေရိကန်ဒေါ်လာ ၃ သန်း အနက်မှ အမေရိကန်ဒေါ်လာ ၂.၂ သန်း ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပထမအကြိမ် ထုတ်ယူခဲ့ပြီး ကျန်ရှိသည့် အမေရိကန်ဒေါ်လာ ၀. ၈ သန်းကိုမချေးယူဘဲ ပယ်ဖျက်ခဲ့ပါသည်။ ။ ပုဂံရှိ "My Bagan Residence" by Amata ၏ အောင်မြင်မှု အရှိန်အဟုန် အားကောင်းစေရန် Amata Garden Resort (ပုဂံ) ကို ထူထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာတွင် ဧည့်သည်များအတွက် ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နောက်ထပ် ဗီလာ (villa) ၂၀ ခန့် တည်ဆောက်ခြင်းဖြင့် Amata Garden Resort (အင်းလေးကန်) ကိုတိုးချဲ့ခဲ့သကဲ့သို့ Amata Garden Resort (ပုဂံ) အတွက် ၂၀၁၇ အောက်တိုဘာတွင် အခန်း ၁၂၂ ခန်းထပ်မံတိုးချဲ့ခဲ့ကာ Amata Garden Resort(အင်းလေးကန်) အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာတွင် အခန်း ၉၃ ခန်း ထပ်မံ တိုးချဲ့ခဲ့ပါသည်။ မိမိတို့၏ ဟိုတယ်နှင့် အပန်းဖြေစခန်းရင်းနှီးမြှုပ်နှံမှုအစုစုတွင် နောက်ဆုံးတိုးချဲ့မှုအဖြစ် *"My Hpa An Residence" by Amata* ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာတွင် ဧည့်သည်များအတွက် ပထမဆုံး စတင်ဖွင့်လှစ်ပေးခဲ့ပါသည်။ ဟိုတယ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုအစုစု နှင့် အခန်းအရေအတွက် တိုးချဲ့ခြင်းအပြင် ကုမ္ပဏီအောက်ရှိ မိမိတို့၏ အဓိကစီးပွားရေးလုပ်ငန်းဆောင်တာများကို ဗဟိုမှကွပ်ကဲစီမံအုပ်ချုပ်ခြင်း ဖြင့် မိမိတို့လုပ်ငန်းစု၏ စီးပွားရေးလုပ်ငန်းလည်ပတ်မှုများကို ထိရောက်ချောမွေ့ပြီး ရိုးရှင်းလွယ်ကူစေရန် လည်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် UIG သည် AIC ထံမှ Amata Garden Resort (အင်းလေးကန်) ၏ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်ရှိမှုများ၊ ရှိရင်းစွဲစီမံကိန်းများ နှင့် ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်လည်ပတ်ခွင့်ကို ဝယ်ယူခဲ့ပါသည်။ ထို့နောက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကုမ္ပဏီသည် UIG ၏ ထုတ်ဝေပြီးအစုရှယ်ယာစုစုပေါင်း၏ ၉၉.၉၉ ရာခိုင်နှုန်း နှင့်MB ၏ ထုတ်ဝေပြီးအစုရှယ်ယာစုစုပေါင်း၏ ၅၁.၀ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ပါသည်။ သို့ဖြစ်ရာ UIG နှင့် MB တို့သည် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများဖြစ်လာကြပါသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဤလုပ်ငန်းစုဖွဲ့စည်းပုံဖြင့် မိမိတို့၏ ဘဏ္ဍာရေးအချက်အလက်များကို ပေါင်း၍ ပြုစုမှတ်တမ်းတင်ပြလာရသည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအပါအဝင်၊ သက်ဆိုင်သူအားလုံး အတွက် ပိုမိုအဓိပ္ပာယ်ရှိလာမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် အလယ်အလတ် နှင့် အဆင့်မြင့် ပရီမီယံ အပန်းဖြေလုပ်ငန်းများ၊ ဟိုတယ်များ နှင့် Spa များကို တည်ဆောက်လုပ်ကိုင်၍ စီမံခန့်ခွဲခြင်း လုပ်ငန်းများ ကို လုပ်ကိုင်ရာတွင် လုပ်ငန်းနယ်ပယ်၏ ဦးဆောင်သူတစ်ဦး ဖြစ်ပါသည်။ ဤဟိုတယ်များ နှင့် အပန်းဖြေလုပ်ငန်းများရှိသော မြေကွက်များကို ကျွန်ုပ်တို့စီမံခန့်ခွဲသည့်ပြင် ယင်းတို့ကိုလုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်လည်း ကျွန်ုပ်တို့တွင်ရှိပါသည်။ ကျွန်ုပ်တို့၏ အပန်းဖြေ လုပ်ငန်းများသည် ပုံမှန်အားဖြင့် အခန်း ၅၀ မှ ၂၀၀ ကြားရှိပြီး ယင်းတို့တည်ရှိသော သက်ဆိုင်ရာဈေးကွက်တစ်ခုချင်းစီအလိုက် အလယ်အလတ် နှင့် အဆင့်မြင့်တန်း အတိုင်းအတာ အတွင်းရှိသော အခန်းခန္ဓနှုန်းထားများကို ရရှိနိုင်ကြပါသည်။ ကျွန်ုပ်တို့သည် အဆင့်မြင့် စားသောက်ဆိုင်များ၊ သာမန် စားသောက်ဆိုင်များ ဘစ်ထရို(bistro) များ နှင့် Spasတို့ဖြင့် ပေါင်းစပ် ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏ ဟိုတယ် နှင့် အပန်းဖြေစခန်း(၅)ခု တို့မှတဆင့် ပျော်ရွှင်ဖွယ် အပန်းဖြေခရီးသွား အတွေ့ကြုံတို့ကို ကျွန်ုပ်တို့၏ ခရီးသွားဧည့်သည်များသို့ အမျိုးအမည်၊ ရသ နှင့် ကဏ္ဍစုံစွာ ကမ်းလှမ်းပေးအပ် လျှက်ရှိပါသည်။ လူစီးမီးပုံးပျံ ပေါ်တွင် စီးနင်းလိုက်ပါ၍ ကောင်းကင်မြင်ကွင်းဖြင့် မြန်မာ့အလှ၊ မြန်မာ့သဘာဝကို တစ်ဝကြီးကြည့်ရှုခံစားနိုင်မည့် " Oriental Ballooning Service " ကို မြန်မာပြည်ရှိ မြို့ကြီး (၆) မြို့တွင် လူစီးမီးပုံးပျံ ၁၅ လုံး ဖြင့် ကျွန်ုပ်တို့ခရီးသွားဧည့်သည်များ၏ ခရီးသွားအတွေ့အကြုံများကို ပြီးပြည့်စုံအောင် ဖြည့်ဆည်း ဆောင်ရွက် ပေးလျှက်ရှိပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက် အထိ ပြုစုထားသော (Latest Practicable Date) စာရင်းဇယားများအရ ကျွန်ုပ်တို့၏ ဟိုတယ် နှင့် အပန်းဖြေစခန်း ၅ ခုတွင်ရှိသော အခန်းစုစုပေါင်းမှာ ၄၅၃ ခန်းရှိပြီး ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် **"My Hpa An Residence"** ၌ အခန်း ၁၀ ခန်း ထပ်မံတိုးချဲ့မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်ကုန်တွင် **Amata Garden Resort** (ပုဂံ) တွင် နောက်ထပ်အခန်း ၆၀ ထပ်မံတိုးချဲ့မည်ဖြစ်သည်။

ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ခြင်းများ (Awards and Accolades)

"Amata Resort(Ngapali Beach)"ကို ၂၀၀၁ ခုနှစ်တွင် ကျွန်ုပ်တို့ စတင် ဖွင့်လှစ်စဉ် ကပင် ကျွန်ုပ်တို့၏ အပန်းဖြေစခန်းများ၊ ဟိုတယ်များနှင့် Spa များ ကို TripAdvisor အပါအဝင် ကမ္ဘာ့အကြီးမားဆုံးသော ခရီးသွားများ ဝက်ဘ်ဆိုက် နှင့် စီးပွားရေး နှင့် ခရီးသွားလာရေးလုပ်ငန်းနယ်ပယ်မှ ကျွန်ုပ်တို့နှင့် ပတ်သက်သည့် ထုတ်ဝေမှုများကို ဖတ်ရှုသူများက မြန်မာ့အကောင်းဆုံးများထဲတွင် ပါဝင်သည်ဟု မဲပေးရွေးချယ်ထားခဲ့ကြပါသည်။ (ခရီးသွား နှင့် ဧည့်သည် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ) (hospitality services)နှင့် ကျွန်ုပ်တို့၏ အမှတ်တံဆိပ်တို့အတွက် ဆုတံဆိပ်များကို ကဏ္ဍပေါင်းစုံတွင် ကျယ်ကျယ်ပြန့်ပြန့်ရရှိ ထားသည့်ပြင် အဖိုးထိုက်လှသော ထိပ်ဆုံးနေရာကိုလည်း ရရှိထားပါသည်။ ရရှိထားသော ဆုတံဆိပ်များတွင် ပါဝင်ကြသည်တို့မှာ-

၂၀၀၉ ခုနှစ်တွင်

- Amata Resort (ငပလီ ကမ်းခြေ)သည် မြန်မာ့ဟိုတယ် လုပ်ငန်းရှင်များ အသင်း (Myanmar Hotelier Association) မှ ချီးမြှင့်သော "ASEAN Green Hotel Award" ကို လက်ခံရရှိခဲ့ခြင်း။

၂၀၁၀ ခုနှစ်တွင်

- Amata Resort (ငပလီ ကမ်းခြေ)သည် ခရီးသည် (၈၀)ခန့်စီးနင်းလိုက်ပါရှိသော ငပလီ ကမ်းခြေတွင် ကျောက်ချရပ်နားလာသည့် ပထမဦးဆုံး ဧမ်ခံသင်္ဘော “The World ResidenSea” အတွက် ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း။

၂၀၁၁ ခုနှစ်တွင်

- မြန်မာ့ရေကြောင်းခရီး (Myanmar Voyages)မှ မိမိတို့အုပ်စု/အဖွဲ့ကို "အကောင်းဆုံး ဝန်ဆောင်မှု ပေးနိုင်သူ" (Best Service Provider) အဖြစ် အသိမှတ်ပြုပေးခဲ့ခြင်း
- နိုင်ငံတကာမှ လုပ်ငန်းဆိုင်ရာ ဦးဆောင်သူများ နှင့် ၎င်းတို့၏မိသားစုဝင်များ ဦးရေ ၃၀၀ ခန့်တို့က ၃ ညတာမျှ လာရောက်နေထိုင်စဉ် "Young President Organization"မှ "Amata Resort (ငပလီ ကမ်းခြေ)" ကို ဂုဏ်ပြုချီးကျူးထောပဏာပြုမှုကို ရရှိခဲ့ခြင်း။

၂၀၁၄ ခုနှစ်တွင်

- ၂၀၁၄ခုနှစ်တွင် "ခရီးသွားများ ၏ရွေးချယ်သူ" ("Travellers’ Choice")အဖြစ် "Amata Resort (ငပလီ ကမ်းခြေ)" ကို " TripAdvisor" က အသိမှတ်ပြုပေးခဲ့ခြင်း
- "Oriental Ballooning" ကို ပုဂံ နှင့် မန္တလေးဒေသတွင် လုပ်ဆောင်စရာ အကောင်းဆုံးတစ်ခု အနေဖြင့်"TripAdvisor" မှ မဲပေးရွေးချယ်ခဲ့ခြင်း။

၂၀၁၅ ခုနှစ်တွင်

- Amata Resort အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ထိ "Hall of Fame" ဆုကို ငါးကြိမ်တိုင်တိုင် ချီးမြှင့်ခြင်းခံရသဖြင့် "TripAdvisor" မှ "Certificate of Excellence" ဆုကို ထပ်လောင်းချီးမြှင့်ခံရပါသည်။

၂၀၁၆ ခုနှစ်တွင်

- "ခရီးသွားများ ၏ရွေးချယ်သူ " "Travellers’ Choice"အဖြစ် " "Amata Resort (ငပလီ ကမ်းခြေ)" ကို "TripAdvisor" က အသိမှတ်ပြုပေးခဲ့ခြင်း။
- "TripAdvisor" မှ ချီးမြှင့်သော "Certificate of Excellence 2016" ဆုကို "Amata Resort (ငပလီ ကမ်းခြေ)" နှင့် "Amata Garden Resrot (အင်းလေးကန်)" တို့ကရရှိခဲ့ခြင်း။

၂၀၁၇ ခုနှစ်

- "Amata Resort (ငပလီ ကမ်းခြေ)"၊ "Amata Garden Resort (အင်းလေးကန်)" နှင့် "My Bagan Residence" by Amataတို့ကို "TripAdvisor" က ကြယ်ငါးပွင့် ရှိသည့်အနက်မှ ကြယ်လေးပွင့် အဖြစ်သတ်မှတ် ချီးမြှင့်ပေးခဲ့ခြင်း။

၂၀၁၈ ခုနှစ်

- "My Bagan Residence" by Amata မှာ TripAdvisor ၏ ၂၀၁၈ အတွက် "Travellers' Choice" အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်
- Amata Resort (ငပလီကမ်းခြေ)၊ Amata Garden Resort (အင်းလေးကန်) နှင့် "My Bagan Residence" by Amata တို့မှာ TripAdvisor ၏ Certificate of Excellence 2018 winners များအဖြစ် ရွေးချယ်ခံခဲ့ရပါသည်

၂၀၁၉ ခုနှစ်

- Amata Resort (ငပလီကမ်းခြေ)၊ Amata Garden Resort (အင်းလေးကန်)၊ Amata Garden Resort (ပုဂံ) နှင့် "My Bagan Residence" by Amata တို့သည် TripAdvisor ၏ Certificate of Excellence winners များအဖြစ် ရွေးချယ်ခံခဲ့ရပါသည်။

<u>အမှတ်တံဆိပ်များ</u>

ကျွန်ုပ်တို့၏ လုပ်ငန်းသည် မြန်မာပြည်တွင် ဆုတံဆိပ်များရရှိထားသော ကုန်အမှတ်တံဆိပ်ဖြစ်သည့် "Amata" အမှတ်တံဆိပ်အပေါ်တွင် အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဖြစ်ပါသည်။ များမကြာသောကာလတစ်ခုတွင် "Awinka" ဟူသော အမှတ်တံဆိပ်အသစ် တစ်ခုဖြင့် (ခရီးသွားလာရေးနှင့်ဧည့် ဝန်ဆောင်မှုကဏ္ဍ၏) အစိတ်အပိုင်းတစ်ခုဖြစ်သော အခန်းခန္ဓနှုန်းထားသက်သာသည့် ဟိုတယ်လုပ်ငန်းပိုင်းသို့လည်း အုပ်စုအနေဖြင့်ချဲ့ထွင် ပါဝင်ဆောင်ရွက်လာနိုင်စေရန် အတွက် အထောက်အကူပြုပေးမည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန် လတ်တလောတွင် ကျွန်ုပ်တို့အနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိပါသည်။ "Amata" နှင့် "Awinka" အမှတ်တံဆိပ်တို့က မတူညီသော မျှော်မှန်းဝန်ဆောင်မှုအသုံးပြုသူများသို့ ချဲ့ထွင် ဝန်ဆောင်မှုပေးနိုင်စေသဖြင့် ကုန်အမှတ်တံဆိပ်အပေါ်တွင် ယုတ်လျော့စေခြင်း၊ ပျက်ပြားစေခြင်း စသည်ဖြင့် ထိခိုက်မှုမရှိစေဘဲ ကျွန်ုပ်တို့၏ သုံးစွဲသူ(ပမာဏ)ကို တိုးတက်များပြားအောင် ဆောင်ရွက်နိုင်မည့် အခွင့်အရေးရရှိပါမည်။(ဤကိစ္စနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်အလက်များကို ***"အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ - အားသာချက်များ/မဟာဗျူဟာများ-မဟာဗျူဟာ- ကျွန်ုပ်တို့၏***

လုပ်ငန်းများကို လက်ရှေးစင် ဟိုတယ်နှင့် အပန်းဖြေစခန်းများတွင် (အဓိက) ရင်းနှီးမြှုပ်နှံခြင်းများ မှတဆင့် တိုးတက်ကြီး ပွားအောင်ဆောင်ရွက်ရန် အပိုင်း ' တွင် ကြည့်ပါ။

<u>မိတ်ဖက်လုပ်ငန်းများ</u>

ကျွန်ုပ်တို့အမှတ်တံဆိပ်များ၏ ဆွဲဆောင်မှုစွမ်းပကားက ကျွန်ုပ်တို့အား မြန်မာပြည်မှ ထင်ရှားသောအဓိကခရီးသွား ကိုယ်စားလှယ်လုပ်ငန်းများ၊ နိုင်ငံတကာ အွန်လိုင်းဘွတ်ကင် ဝက်ဘ်ဆိုက်များ နှင့် ကျွန်ုပ်တို့ပူးပေါင်း၍ မိတ်ဖက်လုပ်ငန်းများအဖြစ် လက်တွဲလုပ်ကိုင် လာနိုင်စေရန် စွမ်းဆောင်ပေးခဲ့ပါသည်။ (ဤကိစ္စနှင့်သက်ဆိုင်သည့် အခြား သတင်းအချက်အလက်များကို ***"အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ ၊ စီးပွားရေးလုပ်ငန်းအကြောင်း အသေးစိတ်ဖော်ပြချက်၊ အရေးကြီးသောစာချုပ်စာတမ်းများ"*** တွင်ကြည့်ပါ။ "ဤကဲ့သို့ပူးပေါင်းဆောင်ရွက်မှုများက ကျွန်ုပ်တို့၏အမှတ်တံဆိပ်များ အပေါ် သုံးစွဲသူများအနေဖြင့် ကျယ်ပြန့်စွာ သတိပြုလာစေပြီး ကျွန်ုပ်တို့လက်တွဲဖော်များ၏ ဝန်ဆောင်မှုအသုံးပြုသူများ ဆိုင်ရာ သတင်းအချက် အလက်အရင်းအမြစ်များ (customer data bases) မှတဆင့် ကျွန်ုပ်တို့၏အမှတ်တံဆိပ်များအနေ ဖြင့် ဝန်ဆောင်မှုအသုံးပြုသူများထံသို့ ရောက်ရှိ နိုင်မှု မြင့်တက်စေလာခဲ့ပါသည်။

<u>သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း</u>

ပတ်ဝန်းကျင်အပေါ်သက်ရောက်နိုင်ခြေ (ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း) (EIA "Environmental Impact Assessment")၊ ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး (အကဲဖြတ် လေ့လာဆန်းစစ်မှု)စစ်ဆေးမှု IEE(Initial Impact Assessment)နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environment Management Plan) ပါ စည်းကမ်းသတ်မှတ်ချက်မူဘောင်များအတွင်းမှ လိုက်နာလုပ်ကိုင်ဆောင်ရွက်၍ ပတ်ဝန်းကျင်ကို ကာကွယ်ရန် ခိုင်မာသည့် ကျွန်ုပ်တို့၏သံန္ဓိဌာန် နှင့် ကုမ္ပဏီ၏ လူမှုတာဝန် ထမ်းရွက်မှု လုပ်ရပ်များ (corporate social responsibility) ကို တာဝန်သိစွာဖြင့် အထူးအလေးထား ထမ်းရွက်မှုများ ကလည်း ကျွန်ုပ်တို့ ကုန်အမှတ်တံဆိပ်၏ ပုံရိပ်နှင့် ဂုဏ်သတင်းကျော်ဇော်မှုကို များစွာအထောက်အကူဖြစ်စေပါသည်။ ဤကဲ့သို့ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အနေဖြင့် သက်ဆိုင်ရာ လေ့လာဆန်းစစ်မှု စစ်တမ်းများကို ကောက်ယူဆောင်ရွက်ထားရှိခဲ့ပြီးဖြစ်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ကြောင်း လက်မှတ်(Environmental Compliance Certificate /ECC)ကို ရရှိရန် လျှောက်ထားမှုလုပ်ငန်းကို ဆောင်ရွက်ဆဲဖြစ်ပါသဖြင့် ယင်းလက်မှတ်ကို ကျွန်ုပ်တို့အနေဖြင့် မကြာ သောကာလတွင် ရရှိနိုင်မည်ဟု မျှော်မှန်းထားပါသည်။

နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ၊ Amata Garden Resort (ပုဂံ) နှင့် Amata Garden Resort (အင်းလေးကန်) အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို၊ ဆန်းစစ်သုံးသပ်ရန်အလို့ငှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သို့ တင်ပြထားပြီးဖြစ်ပါသည်။ Amata Garden Resort (ပုဂံ) အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအပေါ် ဝန်ကြီးဌာန၏ အကြံပြုချက်များ ကို ဖော်ပြထားသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၀ခုနှစ်၊ မတ်လ ၂၀ရက်နေ့ ရက်စွဲတပ် စာအမှတ် EIA/-1/7(710/2020) ကို မိမိတို့လက်ခံရရှိထားပါသည်။ ပြင်ဆင်ထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ ကို အပြီးသတ်ရန် မိမိတို့၏ ပြင်ပမှ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကြံပေးပညာရှင်နှင့်
လက်ရှိဆောင်ရွက်နေပြီးသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက သုံးသပ်ရန်အလို့ငှာ ၂၀၂၀ နှစ်မကုန်မီ တင်ပြသွားမည်ဖြစ်ပါသည်။ Amata Garden Resort (အင်းလေးကန်) အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအပေါ် ဝန်ကြီးဌာန၏ အကြံပြုချက်များ ကို ဖော်ပြထားသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ၂၀၁၈ခုနှစ်၊ ဇွန်လ ၂၈ရက်နေ့ ရက်စွဲတပ် စာအမှတ် (သစ်တော)၃(၂)/၁၆(ခ) (၂၂၆၁/၂၀၁၈)ကို မိမိတို့လက်ခံရရှိထားပါသည်။ ယင်းနှင့် စပ်လျဉ်း၍ ၂၀၂၀ခုနှစ်၊ ဧပြီလ ၃၀ရက်နေ့ တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့ ECC တောင်းခံသည့် စာတစ်စောင် တင်ပြထားပြီး၊ ၂၀၂၀ နှစ်ကုန် သို့မဟုတ် လာမည့် ဘဏ္ဍာရေးနှစ်တွင် ECC ရရှိမည်ဟု မျှော်မှန်းထားပါသည်။ ထို့ပြင် Amata Resort (ငပလီကမ်းခြေ) အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို လက်ရှိတွင် အပြီးသတ်နေပြီး ယခုပြက္ခဒိန်နှစ်အကုန်တွင် တင်သွင်းနိုင်ရန် ရည်ရွယ်ထားပါသည်၊ "*My Hpa An Residence*" နှင့် "*My Bagan Residence*" အတွက် မူ EIA ဆောင်ရွက်ရန် မလိုအပ်ဟု မိမိတို့ရှုမြင်သုံးသပ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် လျှပ်စစ်စွမ်းအင်စီမံကိန်းတစ်ခုအတွက် ၂၀၁၈ ဧန်နဝါရီလတွင် ECC ကို ထုတ်ပေးခဲ့ကြောင်းနှင့် ECC ကို မြန်မာကုမ္ပဏီတော်တော်များများ လျှောက်လွှာတင်သွင်း ထားကြောင်းသိရပါသည်။လက်ရှိအချိန်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သည်လည်း အဆိုပါလျှောက်လွှာများကို စိစစ်လျက်ရှိကြောင်းသိရှိရပါသည်။ (အသေးစိတ်အချက်အလက်များကို ***"အပိုင်း ၉။ အရေးပါသော မြန်မာနိုင်ငံ ဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ်ဖော်ပြချက်- ပတ်ဝန်းကျင်းထိန်းသိမ်း စောင့်ရှောက်ရေး ဥပဒေ ၂၀၁၂ နှင့် ပတ်ဝန်းကျင်းထိန်းသိမ်း စောင့်ရှောက်ရေး နည်းဥပဒေ၂၀၁၄"*** တွင် ကြည့်ပါ)

<u>အရေးပါသော ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် လုပ်ငန်းများ ပြန်လည် ရောင်းထုတ်ခြင်း</u>

ကျွန်ုပ်တို့ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများသည် စတင်တည်ထောင်ချိန်မှစ၍ လုပ်ငန်းများ ပြန်လည် ရောင်းချခြင်းကို မပြုလုပ်ခဲ့ပါ။ မတည်အသုံးစရိတ်များနှင့်ပတ်သက်၍

ဘဏ္ဍာရေးနှစ်အလိုက်ဖော်ပြထားသော ဟိုတယ်တည်ဆောက်ခြင်းလုပ်ငန်းများတွင် အဓိကရင်းနှီးမြှုပ်နှံမှုအနေဖြင့် Amata Garden Resort (အင်းလေးကန်) နှင့် Amata Garden Resort (ပုဂံ) တည်ဆောက်ခြင်း၊ အလားတူ ဆောက်လုပ်ရေးပစ္စည်းများ ၊ ပရိဘောဂနှင့် စက်ကရိယာ ပစ္စည်းများ ဝယ်ယူရခြင်း တို့ပါဝင်ပါသည်။ IFC ချေးငွေဝန်ဆောင်မှု မရမီ မတည်အသုံးစရိတ်များအားလုံးသည် လုပ်ငန်းလည်ပတ်မှုမှရရှိသော ငွေသားများနှင့် ယခင်ကမ်းလှမ်းရောင်းချခြင်းမှ ရရှိသည့် ငွေ ဖြင့် ကျခံသုံးစွဲခဲ့ခြင်းဖြစ်သည်။

မတည်ရင်းနှီးငွေ အသုံးစရိတ် မှတ်တမ်း (ကျပ်သန်းပေါင်း)	
၂၀၁၈ခုနှစ်၊ မတ်လ ၃၁ရက်နေ့ တွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် (၁၂လ)	၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ရက်နေ့ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်(၁၂ လ)
၁၇,၇၇၃	၁၁,၁၇၂

မှတ်ချက်

ဇယားပါ ကိန်းဂဏန်းများမှာ အနီးဆုံး သန်းဂဏန်းအပြည့် ဖြင့် ဖော်ပြ ထားခြင်းဖြစ်သည်။

လုပ်ငန်းလည်ပတ်မှုများမှ ရရှိသောဝင်ငွေများကို အသုံးချခြင်းဖြင့် Awinka အမှတ်တံဆိပ်ဟိုတယ်များ အပြင်၊ မြန်မာနိုင်ငံတစ်လွှားရှိ Amata အမှတ်တံဆိပ်ဟိုတယ်များကို တိုးချဲ့ရန်အတွက် အခွင့်အလမ်းများကို စဉ်ဆက်မပြတ်လေ့လာလျက်ရှိပါသည်။ ဘုတ်အဖွဲ့သည် လက်ရှိတွင် မြိတ်ကျွန်းစုဒေသ၌ Amata အမှတ်တံဆိပ်ဟိုတယ်များဖွင့်လှစ်ရန်အခွင့်အလမ်းများ ကို ဆန်းစစ်လျက်ရှိ ပါသည်၊ သို့ရာတွင် နောက်ဆုံးတင်သွင်းသည့်ရက်စွဲအထိ လုပ်ငန်းစုအနေဖြင့် ယင်းသို့တိုးချဲ့ရန် ခိုင်မာသော အစီအစဉ်ချမှတ်ထားခြင်းမရှိသေးပါ။

ကျွန်ုပ်တို့စီမံကိန်းများသည် အခြားသော အကြောင်းအရာများထဲမှ စီးပွားရေး ၊နိုင်ငံရေး အပြောင်းအလဲ (သို့) ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အဆိုပြုထားသော တည်နေရာ အခြေအနေများ(သို့) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအပေါ် သိသာစွာထိခိုက်စေနိုင်သော ဖြစ်ရပ်များနှင့် ၄င်းဒေသရှိ အပန်းဖြေစခန်းများ စသည့်များစွာသော အကြောင်းအချက်များအပေါ်မှူတည်နေကြောင်း သတိပြုသင့်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းစီမံကိန်းများသည် ရည်ရွယ်ထားသော အချိန်နှင့် ခန့်မှန်းထားသော ငွေကြေးပမာဏအတွင်း ပြီးစီးမည်ဟုအာမ မခံပါ။

လွယ်လင့်တကူ ရည်ညွှန်းကိုကားနိုင်စေရန်အတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အခြားသတင်းအချက်လက်များကို အောက်တွင် ဆက်လက်ဖော်ပြထားပါသည်။

ဝက်ဘ်ဆိုက်: http://www.amataholding.com

ဖုန်းနံပါတ်: +၉၅၀ ၈၉၉၀၄၄၀၂၂, +၉၅၉ ၈၉၉၀၄၄၀၈၈, +၉၅၉ ၈၉၉၀၉၉

မှတ်ပုံတင်ထားသည့်ရုံးခန်းလိပ်စာ: အမှတ် (၁၀)၊ အင်းယားရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။

၃-၁-၂။ ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်နိုင်မှုစွမ်းပကားများ/ မဟာဗျူဟာများ

ပြိုင်ဆိုင်နိုင်မှုအရ စွမ်းပကား (Competitive Strengths)

ကျွန်ုပ်တို့၏ ပြိုင်ဆိုင်နိုင်မှုသည် အောက်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော စွမ်းပကားများအရ အကျိုးအမြတ်ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်ထားပါသည်။

ကျွန်ုပ်တို့သည် အရည်အသွေးမြင့် အပန်းဖြေစခန်းများ ၊ ဟိုတယ်များ နှင့် Spa များကို တည်ဆောက်ထူထောင်၍ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို မြန်မာပြည်တွင် ဦးဆောင်ဦးရွက်ပြု ၍ လုပ်ကိုင်ဆောင်ရွက်နေသူများဖြစ်ပါသည်။

ကျွန်ုပ်တို့စီမံခန့်ခွဲ၍ လုပ်ကိုင်လျက်ရှိသည့် ဟိုတယ်များ နှင့် အပန်းဖြေစခန်း ၅ ခု ဖြင့် ကျွန်ုပ်တို့သည် မြန်မာပြည်တွင် အရည်အသွေးမြင့်ဟိုတယ်များ၊ အပန်းဖြေစခန်း နှင့် Spas လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုလုပ်ကိုင်နေသူများဖြစ်ပါသည်။ အစုရှယ်ယာအဖြစ်အသွင်ပြောင်းခွင့်ရှိသော ချေးငွေ(Convertible loan)ဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို IFC နှင့်ချုပ်ဆို၍ ကျွန်ုပ်တို့၏ လုပ်ငန်းများကြီးထွားတိုးတက် လာစေရန်အတွက် များစွာသောကြိုးပမ်းအားထုတ်မှုများကို ယခင်ဘဏ္ဍာရေးနှစ်တွင် ကျွန်ုပ်တို့ပြုလုပ်နိုင်ခဲ့ပါသည်။ ***"အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ၊ - အားသာချက်များ/မဟာဗျူဟာများ-မဟာဗျူဟာ-ကျွန်ုပ်တို့၏လုပ်ငန်းများကိုလက်ရှေးစင်*** ဟိုတယ်များ နှင့် အပန်းဖြေစခန်း ***များတွင် (အဓိက)ရင်းနှီးမြှုပ်နှံခြင်းများမှတဆင့်တိုးတက်ကြီးပွား အောင်ဆောင်ရွက်ရန်တွင် ကြည့် ပါ။" ပထမဦးဆုံးသော "Amata Resort (ငပလီကမ်းခြေ)"*** ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွင့်လှစ်စဉ်ကတည်းက ကျွန်ုပ်တို့စီမံခန့်ခွဲသော ဟိုတယ်များ၊ အပန်းဖြေစခန်းများ နှင့် Spa များအတွက် မြောက်များလှစွာသော ဆုတံဆိပ်များနှင့်ချီးမြှင့်မှုများကိုရရှိပိုင်ဆိုင်နိုင်ခဲ့ကြပါသည်။ ယခုအခါကျွန်ုပ်တို့၏များစွာသော ဟိုတယ်များ နှင့် အပန်းဖြေစခန်း များ၌ ပေါ်လွင်သည့် အမှတ်သင်္ကေတများဖြစ်သည့် ဥပမာ မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သော ကျွန်း၊ ဝါး၊ ကြိမ်နှင့် ယွန်းထည်ပရိဘောဂအသုံးအဆောင်များကို အသုံးပြု၍မြန်မာဆန်ဆန် အခင်းအကျင်းများဖြင့် ကျွန်ုပ်တို့ကဦးစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ထိုပြင်၊ မိမိတို့၏ ဧည့်ခန်းဆောင်အများအပြားတွင် ဘန်ဂလိုများ နှင့် ဗီလာ(villa) များ အပါအဝင်ဖြစ်ပြီး ကျယ်ဝန်းသော ခေတ်ဆန်သားနားသည့် နေရာထိုင်ခင်းမျိုး ဖြစ်ပါသည်။ ယင်းသို့ ကျယ်ဝန်းသော

နေရာထိုင်ခင်းရှိခြင်းကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ နှင့်ရင်ဆိုင်ရန် အကြောင်းပြချက်နှင့် ကျန်းမာရေးအတွက် ချမှတ်ရန် အစိုးရအာဏာပိုင်များက သတ်မှတ်နိုင်သော၊ ဧည့်သည်ဖောက်သည်များက ဟိုတယ်များထံမှ မျှော်လင့်နိုင်သော နေ့စဉ်လူမှုဘဝတွင်ခပ်ခွာခွာနေထိုင်ခြင်း (social distancing) ဆိုင်ရာ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လျင်မြန်စွာ ချမှတ် တုံ့ပြန်ဆောင်ရွက်နိုင်ပါသည်။ ယင်းအစီအမံများကို Covid-19 ကပ်ရောဂါ ကာလအလွန်တွင်လည်း ဆက်လက်ဆောင်ရွက်သွားနိုင်သည်ဖြစ်ရာ မိမိတို့၏ နေရာထိုင်ခင်းကျယ်ဝန်းခြင်းသည် မိမိတို့ပြိုင်ဘက်များနှင့်ယှဉ်လျင် နောက်ထက်အားသာစေသည့် အချက်တစ်ချက်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့က ရှေ့ဆောင်တည်ထောင်သူ နှင့် စီမံခန့်ခွဲသူအဖြစ် ရပ်တည်နေနိုင်သော အားသာချက်မှာ မိမိတို့၏လုပ်ငန်းပိုင်းဒီဇိုင်းနှင့် ပရောဂျက်စီမံခန့်ခွဲမှု အဖွဲ့များအပြင် ဗဟိုပြုစျေးကွက်ရှာဖွေရေးအဖွဲ့များကပါ ညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းပုံစံကြောင့်ဖြစ်သည်ဟု ယုံကြည်ထားပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများကို ညီညွတ်စွာပေါင်းစပ်ထားခြင်းကြောင့် မိမိတို့အနေဖြင့် မိမိတို့အမှတ်တံဆိပ်၏အဆင့်အတန်းကို ထိန်းသိမ်းနိုင်ခြင်း၊ ဆန်းသစ်သောဝန်ဆောင်မှုများကို စျေးကွက်တွင်း လျင်မြန်တိုတောင်းသော အချိန်အတွင်း ချပြနိုင်ခြင်းတို့ကြောင့် ကျွန်ုပ်တို့၏ အပန်းဖြေစခန်းများ၊ ဟိုတယ်များ၊ Spa များမှ ပေးအပ်လျက်ရှိသော ဒေသတွင်းအရည်အသွေးမြင့် ဝန်ဆောင်မှုလုပ်ငန်းများမှ မိမိတို့၏ အဆင့်အတန်းမြင့်မားသောရပ်တည်နေနိုင်မှုကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

ဆုတံဆိပ်များ ချီးမြှင့်ခံထားရသော "Amata" အမှတ်တံဆိပ် ကို ပိုင်ဆိုင် ၍ ကျွန်ုပ်တို့၏ ကြီးထွားမှု မဟာဗျူဟာကို မောင်းနှင်တွန်းအားပေးမည့် "Awinka" အမှတ်တံဆိပ် ကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်လျက်ရှိခြင်း။

အဓိကအဖြစ် ကျွန်ုပ်တို့ လက်ရှိပိုင်ဆိုင်ထားသည့် "Amata" အမှတ်တံဆိပ်မှာ မြောက်များလှစွာသော ဆုတံဆိပ်များနှင့် အသိအမှတ်ပြုလက်မှတ်များကို ရရှိပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အာဆီယံဟိုတယ်များ ဆုချီးမြှင့်ရေးအဖွဲ့နှင့် မြန်မာ့ဟိုတယ်လုပ်ငန်းရှင်များ အဖွဲ့က "Amata Resort (ငပလီကမ်းခြေ)" အား ''ASEAN Green Hotel Award'' ဆု ကို ၂၀၀၉ ခုနှစ်တွင် ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ TripAdvisor ကမူ "Amata" တံဆိပ်အား "ခရီးသွားများ ရွေးချယ်သူ" ("Traveller's Choice") ဆု၊ "Certificate of Excellence" "ထူးကဲသာလွန် ကောင်းမွန်သောဝန်ဆောင်မှုလက်မှတ်" ဆု၊ " "Hall of Fame Winner for Certificate of Excellence " "ထူးကဲသာလွန်ကောင်းမွန်သောဝန်ဆောင်မှုလက်မှတ်များ ထားရှိသည့်ခန်းမ" ဆုတို့ကို ၂၀၁၄ ခုနှစ်ကတည်းက ချီးမြှင့်ထားခဲ့ပါသည်။ စျေးကွက်တွင် ခိုင်မာစွာရပ်တည်နိုင်၍ လက်ခံအသိမှတ်ပြုမှုများကို ရရှိထားရာ ကျွန်ုပ်တို့၏ အပန်းဖြေစခန်းများ ၊ ဟိုတယ်များ နှင့် Spas များသည် စျေးကွက်တွင် အလယ်အလတ်တန်းမှသည် အဆင့်မြင့်တန်းအတွင်းရှိသည့် နှုန်းထားများကို ရရှိနိုင်စေခဲ့ပါသည်။ "Amata" အမှတ်တံဆိပ် ဟိုတယ်များအားလုံးမှာ လူကြိုက်များလှသည့် ခရီးသွားများလည်ပတ်သွားရောက်ရာနေရာများတွင် တည်ရှိကြသည့်ပြင် တည်နေရာ အလှအပ များ နှင့် ဝန်ဆောင်မှုများကို အပြည်အစုံပါဝင်ပေါင်းစပ်ဖွဲ့စည်း၍ ထူးခြားစွာ ရပ်တည်နိုင်မှုကြောင့် မြန်မာ့ ခရီးသွားဧည့်ဝတ်လုပ်ငန်း၏ မျက်နှာဖုံးများအဖြစ် စျေးကွက်တင် ပွဲထုတ်ခြင်းခံကြရပါသည်။ အမှတ်တံဆိပ်၏

ခိုင်မာအားကောင်းမှုမှတဆင့် ကျွန်ုပ်တို့၏ ထုတ်ကုန်များကို လျင်မြန်စွာ ချဲ့ထွင်ကမ်းလှမ်းမှုများကို ပြုလုပ်လာနိုင်စေခဲ့ပါသည်။ စျေးနှုန်းပိုမိုချိုသာသော ဟိုတယ်လုပ်ငန်း စျေးကွက် အပိုင်းကဏ္ဍတစ်ခုကို အဓိကပစ်မှတ်ထားသည့်အနေဖြင့် ရှေ့သို့လှမ်းချီရာတွင် "Awinka" ဟုခေါ်သော ညီအစ်မအမှတ်တံဆိပ်တစ်ခုကို တည်ထောင်ရန် ကျွန်ုပ်တို့ စီစဉ်ထားပါသည်။ မတူညီသည့် အမှတ်တံဆိပ်နှစ်ခုဖြင့် ဆောင်ရွက်မည့် ကျွန်ုပ်တို့၏မဟာဗျူဟာက ကုန်အမှတ်တံဆိပ် အားပျော့လာစေခြင်း၊ ချုပ်ငြိမ်းခြင်းများ(ပျက်ပြားစေခြင်း)(ဝါးမျိုခံရခြင်း)များကို ရှောင်ရှား၍ မတူညီသော ဧည့်သည် များ စျေးကွက်ကို ပစ်မှတ်ထားဆောင်ရွက်လာနိုင်စေပါမည်။ ခရီးသွားလာရေးလုပ်ငန်း ကိုယ်စားလှယ်များအပါဝင်၊ အလားအလာရှိသော မိတ်ဖက်လုပ်ငန်းလက်တွဲဖော် များနှင့်လည်းကောင်း၊ ထောက်ပံ့ပေးသူများနှင့် ဧည့်သည် များနှင့်လည်းကောင်း ကျွန်ုပ်တို့၏ဆွေးနွေးညှိနှိုင်းမှုများသည် "Amata" အမှတ်တံဆိပ်၏ အင်အားကို ပိုမိုကောင်းမွန်စေခဲ့ပါသည်။

ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာ ပိုင်ရှင် များ မှာ ကျွန်ုပ် တို့ ဟို တယ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာ မြေနေရာ များ ၏ အများ စု ကို ပိုင် ဆိုင်ကြ ပါသည်။

ကျွန်ုပ်တို့ ဟိုတယ် လုပ်ငန်းဖွင့် လှစ်လုပ်ကိုင်လျက်ရှိသော မြေနေရာ အများ စု ကို ကျွန်ုပ်တို့ ၏ အဓိကအစုရှယ် ယာ ပိုင်ရှင် တစ်ဦး ဖြစ်သူ ဦး ဝင်းအောင် သို့ မဟုတ် အစုရှယ်ယာရှင် နှင့် ဒါရိုက်တာ များဖြစ်ကြ သူ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူ အောင် တို့မှ အလုံး စုံ ပိုင်ဆိုင်သော AIC ကုမ္ပဏီ က ပိုင်ဆိုင်ကြ ပါသည်။ မြေယာ နှင့် ပက်သတ်သော သတင်းအချက် အလက် များ ကို ပို မို သိရှိနိုင်စေရန် အတွက် အောက် တွင် ဖော်ပြထား သော " ***ကုမ္ပဏီ၏ အဆောက်အအုံ၊ စက်ပစ္စည်း နှင့် လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ***" နှင့် "***အခြားကုမ္ပဏီများနှင့် ပတ်သက်ဆက်နွယ်နေမှုများ***" အပိုင်းတွင် ကြည့် ပါ။ ထို မြေများ အားလုံး ကို မိမိ တို့ ၏ အဓိကအစု ရှယ် ယာ ပိုင်ရှင် သို့ မဟုတ် AIC ကုမ္ပဏီ နှစ်ဦးထဲ မှ တစ်ဦးဦး က ပိုင်ဆိုင် ထားသော ကြောင့် လုပ် ငန်းစုကြီး အနေ ဖြင့် အဆို ပါ မြေ များ ကို ငှား ရမ်းကာ သင့် တင့် လျောက် ပတ်သော ကာ လ နှင့် စည်း ကမ်းချက် များ အလိုက် လုပ် ငန်း လုပ် ကိုင် နိုင်ပြီး ၊ စာချုပ် သက်တမ်းစေ့သော အခါသက်တမ်း မတိုး တော့ သဖြင့် ဆုံးရှုံး ရနိုင်ချေများမှာ လည်း ကန့်သတ် ချက် ဖြင့် သာ ရှိတော့ မည် ဖြစ်သည်။ ဒါရိုက်တာ အဖွဲ့အနေ ဖြင့် လည်း အဆို ပါ မြေ ငှာ ရမ်းမှု ကို တည် ငြိမ်စွာ ဆက် လက် ဆောင်ရွက် သွား နိုင်ပါက ထို မြေ ကွက် နေရာ များ ကို အလား တူ ပုံ စံ ဖြင့် သာ ရှေ့ဆက် ဆောင်ရွက် ရန် သုံး သပ် ထား ကြ ပြီး ဖြစ်ပါသည်။ ဤ အနေ အထား များ ကြောင့် မိမိတို့ လုပ်ငန်းစု အနေ ဖြင့် လုပ် ငန်းလုပ် ဆောင်ရသည့် စားရိတ်များ သက်သာ ပြီး ဟိုတယ် ဝန်ဆောင်မှု မှ တဆင့် အကျိုး အမြတ် အများ ဆုံး အနေ အထား အထိ တိုး တက် လာ နိုင်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပြည့်စုံလိုက်ဖက်စွာ ပေးနိုင်သော ဝန်ဆောင်မှု များ နှင့် ညီညွတ်စွာ စီးပွား ဆောင်ရွက် မှုကြောင့် မိမိတို့၏ ပြုပြင် ပြောင်းလဲ လွယ်ကူ မှု ကို အကဲသာ စေပါသည်။

မိမိတို့ရောင်းချပေး နေ သော ဝန်ဆောင်မှု တစ်ခု ချင်းစီ ၏ ရည်ရွယ်ထား ရာ စားသုံး သူ အပိုင်း အခြား နှင့် ဖောက်သည် များ အပေါ် အလုံး စုံ အခြေ ခံမှုကို ဆက်တိုက် တိုးချဲ့ လုပ် ဆောင်နိုင်မှုများ ကြောင့် ကျွန်ုပ်တို့ ၏ ပြုပြင် ပြောင်းလဲလွယ်ကူ သော စီးပွားရေးလုပ်ဆောင်မှုပုံ စံမှာ မိမိတို့ ၏ အမှတ် တံ ဆိပ် နှင့် အတူ စဉ်ဆက်မပြတ် ရှင်သန်နေ ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ များ ပြားလှသော ဝန်ဆောင်မှုများ မှာ အပန်းဖြေစခန်းများ၊ ဟိုတယ်များ၊ Spas များ ၊အပြင် အခြား ခရီးသွား များ ကို ဆွဲဆောင်နိုင်သော လှုပ်ရှား ဆောင်ရွက်မှုများ ဥပမာ - Oriental Ballooning လူစီးမီးပုံးပျံ ဝန်ဆောင်မှု ကဲ့ သို့သော ဝန်ဆောင်မှုများ မှာ လူမျိုးမရွေး ခရီးသွားရင်း အပန်းဖြေ နိုင်မည့် ဝန်ဆောင်မှုများ ကို ရောင်း ချပေးနိုင်စွမ်း ရှိစေ ပြီး ၊ ထို ဝန်ဆောင်မှု အမျိုး အစား အားလုံး ကို လည်း တစ်နေရာ မှ တစ်နေရာ အပြန်အလှန် ရောင်းချ နိုင်စွမ်း ရှိစေပါသည်။ မိမိတို့ အနေ ဖြင့် ပြင်ပမှ ဆိုးကျိုးသက်ရောက်မှုများ ဥပမာ - ကမ္ဘာ ငွေကြေး အကျပ်အတည်း ပြဿနာ များ ကမ္ဘာအနှံ့ကုန်သွယ်ရေးတင်းမာမှု နှင့် ဥရော ပ တလွှားတွင် လတ်တလော ဖြစ်ပွား ခဲ့ သော အကြမ်းဖက်တိုက်ခိုက်မှုများ စသည် တို့ အပြင် ဒေသတွင်း အဖြစ်အပျက် များဖြစ်ကြသာ လူမျိုးရေးပဋ္ဌိပက္ခ များ၊ ရွှေ့ပြောင်းခိုးဝင်ပြဿနာ များ၏ ဆိုးကျိုး သက်ရောက် မှုကို ကို လည်း နည်းနိုင်သမျှ နည်း ပါးအောင် လျှော့ ချ နိုင်ပါသည် ။ အဘယ်ကြောင့် ဆို သော် ကျွန်ုပ်တို့၏ အပန်းဖြေ စခန်း၊ဟိုတယ်၊ Spa များ မှာ မြန်မာနိုင်ငံ၏ မတူညီသော အရပ်ဒေသများတွင် ဖွင့် လှစ်ထား ပြီးရေမြေဒေသ မတူညီသော စားသုံးသူများ အပေါ် အခြေခံထားခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ညီညွတ်စွာ လုပ်ဆောင်နိုင်မှု (လုပ်ငန်းအတွင်း ပိုင်းပုံစံ၊ စီမံကိန်းစီမံခန့်ခွဲမှုနှင့် ၊ ဗဟို ပြုထားသော အရောင်းမြှင့် တင်ရေးစနစ် တို့ အပါအဝင်)က ကျွန်ုပ်တို့ ကို ဆန်းသစ်သော ဝန်ဆောင်မှုများ ကို ပေးစွမ်းနိုင်စေပြီး ၊ဝန်ဆောင်မှု အသစ်တစ်ခု စတင် ရန် အချိန်ယူ ပြင်ဆင်ရမှု နည်းပါးကာ ကုန်ကျစားရိတ်များ ကို ထိရောက်စွာ စီမံခန့်ခွဲစေနိုင်ပါသည်။ ဖြစ်ရပ်တစ်ခုခု သို့မဟုတ် တစ်ခု ထက် ပိုသော ကိစ္စရပ်များ က မိမိတို့၏ လုပ်ငန်းတစ်ခု ကို သက်ရောက်မှုရှိနေ ချိန်တွင် အခြား သက်ရောက်မှု မရှိသော ဒေသ သို့မဟုတ် သက်ရောက်မှု နည်းပါးသော ဒေသများ မှ ဧည့်သည် များ ကို ဗဟို ပြုထား သော စျေးကွက်ရှာ ဖွေရေး လမ်းကြောင်း များ စွာ မှ တစ်ဆင့် ဆက် လက် လုပ်ဆောင် နေ မည် ဖြစ်ပါသည်။ ဥပမာ- ထို ဗဟိုပြုထား သော တစ်ကမ္ဘာလုံးဆိုင်ရာ အရောင်းမြှင့်တင်ရေး စျေးကွက်ရှာဖွေရေး စနစ်မှတဆင့် များစွာသော အရောင်းမြှင့် တင် ရေးလမ်းကြောင်းများ ကြောင့် ထိခိုက်မှုမရှိသော ဒေသ နှင့် ထိခိုက်သက်ရောက်မှုနည်းသော ဒေသမှ စားသုံးသူ များ ကို ရည်ရွယ်ကာ စျေးကွက်ရှာဖွေခဲ့ သဖြင့် ၂၀၁၂ ခု နှစ် မှစ၍ ရခိုင်ဒေသတွင် ဖြစ်ပွား ခဲ့ သော မတည် ငြိမ်မှုများ က မိမိတို့၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ချက်များ ကို မထိခိုက်စေခဲ့ ပါ။

မိမိတို့ စီမံခန့်ခွဲနေသာ အပန်းဖြေစခန်းများနှင့် ဟိုတယ်များ၏ လုပ်ငန်းလည်ပတ်နိုင်စွမ်းကို အောင်မြင်စွာချဲ့ထွင် နိုင်ခဲ့ပါသည်။

မိမိတို့ စီမံခန့်ခွဲလျက်ရှိသော အပန်းဖြေစခန်းများနှင့် ဟိုတယ်များ အတွက် လုပ်ငန်းလည်ပတ်နိုင်စွမ်း ထပ်မံမြှင့်တင်ရန်လည်း ဆက်လက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း မိမိတို့၏ အပန်းဖြေစခန်းနှင့်ဟိုတယ် ၅ ခု၏ လုပ်ငန်းလည်ပတ်နိုင်စွမ်း မှာ နှစ်ဆတိုးလာခဲ့ပါသည်။ ယင်းတို့အနက်မှ ကောက်နှုတ်တင်ပြရလျှင်၊ Amata Garden Resort (အင်းလေးကန်) တွင် ဗီလာ(villa) နောက်ထပ် ၂၀

တည်ဆောက်နိုင် ခဲ့ပြီး၊ Amata Garden Resort (ပုဂံ) အတွက် ၂၀၁၇ အောက်တိုဘာတွင် အခန်း ၁၂၂ ခန်းထပ်တိုးနိုင်ခဲ့ကာ၊ Amata Garden Resort (အင်းလေးကန်) အတွက် ၂၀၁၈ အောက်တိုဘာတွင် ၉၃ ခန်းထပ်တိုးနိုင်ပြီး၊ ၂၀၁၉ အောက်တိုဘာတွင် *"My Hpa An Residence"* ကို မိမိတို့ ဟိုတယ်နှင့် အပန်းဖြေစခန်းရင်းနှီးမြှုပ်နှံမှုအစုစုတွင် ထည့်ပေါင်းနိုင်ခဲ့ပြီး နောက်ထပ် ဗီလာ (viila) ၂၀ ထပ်တိုးနိုင်ခဲ့ပါသည်။ မိမိတို့ အပန်းဖြေစခန်းနှင့် ဟိုတယ် ၅ ခုရှိ အခန်းအစုစု တွင် ယင်းသို့ထပ်တိုးနိုင်ခဲ့သည့် အခန်းအားလုံးမှာ အသစ်စက်စက်ဖြစ်ပြီး ဖောက်သည်ကြေ့သည်များကို သစ်လွင်သော အခန်းများက ပိုမိုဆွဲဆောင်နိုင်သည်ကို ထည့်တွက်လျှင် မိမိတို့လုပ်ကိုင်နေသော ဒေသများရှိ အခြားဟိုတယ်များထက် မိမိတို့က ယှဉ်ပြိုင်မှုအသားစီးရစေပါသည်။ နောက်ဆုံး တင်သွင်းသည့် နေ့ရက်အထိ ဆိုလျှင် မိမိတို့၏ အခန်းအရေအတွက်ကို ၄၅၃ ခန်းအထိ အောင်မြင်စွာ တိုးမြှင့်နိုင်ခဲ့ပြီးဖြစ်ပါသည်။

မိမိတို့တွင်အားကောင်းခိုင်မာသော ဘဏ္ဍာရေးမှတ်တမ်းရှိပါသည်။

မိမိတို့ဘဏ္ဍာရေးအခြေအနေ၊ မိမိတို့၏ လက်ကျန်ရှင်းတမ်း၊ အကျိုးအမြတ်ဖြစ်ထွန်းမှု၊ လုပ်ငန်းလည်ပတ်အမြတ်အစွန်း နှင့် ငွေသားစီးဆင်းမှု အရ မိမိတို့၏ ထုတ်ကုန်/လုပ်ငန်း ကမ်းလှမ်းဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးချဲ့နိုင်စေသကဲ့သို့ Awinka ကဲ့သို့သော ထုတ်ကုန်/လုပ်ငန်း သစ်များ ကို မိတ်ဆက်နိုင်စေပါသည်၊ ထို့ပြင် နောင်အခွင့်အလမ်းများပေါ်ပေါက်လာသည့် အခါတွင်လည်း ရင်းနှီးမြှုပ်နှံရန် ပြောင်းလွယ်ပြင်လွယ်ဆောင်ရွက်နိုင်စွမ်း ရှိစေပါသည်။ မိမိတို့သည် ယေဘုယျအားဖြင့် ကုန်ကျစရိတ်နည်းသည့် ပတ်ဝန်းကျင်အခြေအနေဖြင့် လည်ပတ်နေပြီး မိမိတို့ပေးအပ်သည့် အရည်အသွေး မြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် တန်ဖိုးမြင့်မြင့် ကောက်ခံနိုင်သည်ဖြစ်ရာ လုပ်ငန်းလည်ပတ်အမြတ်အစွန်း အားကောင်းခိုင်မာ လှပါသည်၊ အထူးသဖြင့် ငပလီကမ်းခြေမှ မိမိတို့၏ အပန်းဖြေစခန်းနှင့် လူစီးမီးပုံးပျံ လုပ်ငန်းဖြစ်ပါသည်။ ကုမ္ပဏီ၏ ဝင်ငွေအရပ်ရပ်မှာ ၂၀၁၈ခုနှစ် မတ်လ ၃၁ရက်နေ့ တွင် ကုန်ဆုံးသော (ဘဏ္ဍာ)နှစ်အတွက် ၈,၄၁၉,၄၆၁,၀၁၈ ကျပ် ရရှိခဲ့ရာမှ ရခိုင်ပြည်နယ်တွင် မငြိမ်မသက်အချို့ဖြစ်ပွားနေခြင်းကြောင့် လုပ်ငန်းအခြေအနေ အခက်အခဲရှိနေသည့်တိုင် ၇.၄ ရာခိုင်နှုန်းတိုးမြင့်ပြီး ၂၀၁၉ခုနှစ် မတ်လ ၃၁ရက်နေ့ တွင် ကုန်ဆုံးသော (ဘဏ္ဍာ)နှစ်အတွက် ၉,၀၄၆,၀၃၆,၅၄၆ ကျပ် ရရှိခဲ့ပါသည်။ အလားတူကာလအတွက် အသားတင်အကြွမ်းအမြတ်မှာလည်း ၂၁.၈ ရာခိုင်နှုန်းတိုးမြင့် လာခဲ့ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်နှစ်စုခန့်က လုပ်ငန်းများစတင်လည်ပတ်စဉ်မှစပြီး လက်အောက်ခံလုပ်ငန်းများသည် ယေဘုယျအားဖြင့် ပုံမှန်ဝင်ငွေတိုးလာခဲ့ပါသည်၊ စီးပွားရေးလုပ်ငန်းအပိုင်းအသီးသီးအတွက် တစ်ခုချင်း သီးသန့်အခြေခံဖြင့် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြအပ်ပါသည်။

Amata Resort (ငပလီကမ်းခြေ) စုစုပေါင်းဝင်ငွေ (ကျပ်)	
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်
၂,၆၂၀,၂၆၂,၃၁၈	**၂,၃၈၁,၃၈၆,၆၅၆**

"My Bagan Residence" by Amata စုစုပေါင်းဝင်ငွေ (ကျပ်)	
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်
၆၉၉,၁၂၆,၁၇၁	၄၇၃,၈၃၄,၄၁၄

Amata Garden Resort (Inle Lake) စုစုပေါင်းဝင်ငွေ (ကျပ်)	
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်
၁,၃၅၃,၇၅၀,၇၂၈	၁,၄၇၀,၄၈၅,၃၁၁

Amata Garden Resort (Bagan) စုစုပေါင်းဝင်ငွေ (ကျပ်)	
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်
၅၃၂,၆၈၁,၆၉၅	၁,၆၁၃,၄၇၀,၁၇၁

Hot Air Balloon Business စုစုပေါင်းဝင်ငွေ (ကျပ်)	
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်
၃,၃၈၀,၄၇၀,၂၁၃	၄,၁၂၅,၅၄၀,၄၂၆

"My Hpa An Residence" စုစုပေါင်းဝင်ငွေ (ကျပ်)	
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်
-(၁)	-(၁)

မှတ်ချက်

"*My Hpa An Residence*" by Amata မှာ ၂၀၁၉ အောက်တိုဘာတွင် ဖွင့်လှစ်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့ထံတွင်အတွေ့အကြုံ ကြွယ်ဝသော စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့ရှိခြင်း။

ကျွန်ုပ်တို့ထံတွင် ကျွန်ုပ်တို့ လုပ်ငန်းကို စီမံခန့်ခွဲသော လမ်းကြောင်းတစ်လျှောက် ၌ အောင်မြင် သော မှတ်တမ်းမှတ်ရာ တစ်ခုရှိသည့် အရည် အချင်း နှင့် အတွေ့အကြုံ ကြွယ်ဝသော အဖွဲ့ တစ်ဖွဲ့ရှိပါသည်။ ထို အတွေ့အကြုံရင့် စီမံခန့်ခွဲမှုအဖွဲ့၏ အဓိ က အဖွဲ့ဝင်များ မှာ ၂၀၀၁ ခု နှစ် တွင် Amata အမှတ် တံဆိပ်စတင် ထူထောင် စဉ်အချိန်အခါ က ပင် တစ်တပ်တစ်အား ပါ ဝင်ခဲ့ ကြသူများ ဖြစ်ပါသည်။ ထို အဖွဲ့အနေ ဖြင့် အမှတ်တံဆိပ် ထူထောင်ရေး လှုပ်ရှား မှုများ ၊ ဗျူဟာမြောက် မိတ်ဆွေဖွဲ့မှုများ၊ အပြင် လွန် ခဲ့ ပြီး သော ၁၉ နှစ် သက်တမ်းတစ်လျှောက် တွင် အခက်ခဲဆုံး အချိန်များ တွင် ထိရောက်စွာ စီမံခန့်ခွဲ ပြီး မိမိတို့၏ လုပ်ငန်းတစ်ခု လုံး ကို ကြီးမား လာစေသူ များ လည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းစုကြီး တစ်ခု လုံး ကို ကျွန်ုပ်တို့ လုပ်ငန်းစု ကြီး ၏ တည် ထောင် သူ၊ ဟိုတယ် နှင့် ခရီးသွား လာ ရေး နယ်ပယ် တွင် လုပ် သက်သက်တမ်း နှစ် ၂၀ နှင့် အထက် ရှိသူ ဖြစ်သည့် ဥက္ကဋ္ဌ ဦး ဝင်းအောင် က ဦးစီးဦးဆောင် ပြုလျက် ရှိပါသည်။ ဦးဝင်းအောင် ကို အထောက် အကူ ပြုနေ သည် မှာ ကျွန်ုပ်တို့ ၏ အတွေ့အကြုံ ရင့် သန်လှသော၊ လုပ်ငန်းခွင်ထဲတွင် ကာလရှည်ကြာစွာ အတွေ့အကြုံ ရှိခဲ့ ပြီးဖြစ်သော အကြီး တန်း စီ မံခန့်ခွဲမှု အဖွဲ့ ပင် ဖြစ်ပါသည်။ (အခြား အသတင်း အချက် အလက်များ အတွက် - ***"အပိုင်း ၄။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ အကြောင်းအရာဖော်ပြချက် အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာများ - အုပ်ချုပ်မှုဒါရိုက်တာများ၊ မန်နေဂျာများနှင့် အုပ်ချုပ် မှု ကိုယ်စားလှယ်များ"*** ကို ကြည့် ပါ ။) ကျွန်ုပ်တို့ ၏ အကြီးတန်းစီမံခန့်ခွဲမှုအဖွဲ့အနေ ဖြင့် အထွေထွေ-စည်းကမ်းထိန်းသိမ်းမှု အပိုင်းနှင့် လုပ်ကိုင်ဆောင်ရွက် နိုင်စွမ်းရှိမှု တို့တွင်စွယ်စုံ ရ သည့် အဖွဲ့ဝင်များ ဖြစ်ပါသည်။ အထူး သဖြင့် အမှတ် တံဆိပ် တစ်ခု ထူ ထောင်ရာ ၌လည်း ကောင်း၊ ဝန်ဆောင်မှု အသစ်များ ဆန်းသစ်တီထွင်ရာ တွင် လည်း ကောင်း၊ ဟိုတယ် နှင့် resorts အပြင် အဆင် ဒီဇိုင်း များ ရေးဆွဲရာ တွင် လည်း ကောင်း ၊ တည် ဆောက်ရာ တွင် လည်း ကောင်း၊ ဟိုတယ် လုပ် ငန်း လုပ် ကိုင်ရာ တွင် လည်း ကောင်း ကျွမ်းကျင်သူ များ ဖြစ်ကြောင်း ကျွန်ပ်တို့ အနေ ဖြင့် ယုံ ကြည်ပါသည်။

ကျွန်ုပ်တို့ထံတွင် ကြီးထွားလျက်ရှိသော သစ္စာရှိဧည့်သည်များ၏ အခြေခံအင်အား။

လုပ်ငန်းစု၏ အဓိက ရည် ရွယ်ချက်မှာ ဧည့်သည်များ ကို ဝန်ဆောင်မှု ပေးရန် ဖြစ်ပါသည်။ ဧည့်သည်များ ၏ အလို ဆန္ဒ အတိုင်း တစိုက်မတ်မတ် ပြုပြင် ပြောင်းလဲ လာ ခဲ့ ခြင်း နှင့် ဧည့်သည်များ အပေါ်တွင်သာလွန် ကောင်းမွန်သော ဝန်ဆောင်မှု များ ပေးအပ်ခဲ့ သဖြင့် လုပ် ငန်းစုအနေ ဖြင့် ၎င်းအား စားသုံးသူများ ကအလုံး စုံ ခြုံငုံ အကဲဖြတ် မှု အနေ အထား များ တွင် ကျေနပ်ဖွယ် ကောင်းကြောင်း အဆင့် သတ်မှတ် ချက် များ ရှိခဲ့ ပြီး ထို အချက် မှာ လည်း တစ်နှစ် ပြီး တစ်နှစ် အထွေထွေ ဝင်ငွေတိုး တက် လာ မှုအပေါ်တွင် ထင် ဟပ်နေပြီး လွန်ခဲ့သော နှစ်များ အတွင်း လုပ် ငန်းစုမှ ရရှိခဲ့ သော ဆု များ စွာ မှာ လုပ်ငန်းစု အနေ ဖြင့် ယင်း၏ ဧည့်သည် များ ကို သာလွန် အရည် အသွေး ဖြင့် ဝန်ဆောင် မှုပေးကြောင်း အတွက် သက်သေ များ ပင် ဖြစ်ပါသည်။

<u>**မဟာဗျူဟာ**</u>

ကျွန်ုပ်တို့၏ အဓိက ဗျူဟာမြောက် ဦးတည် ချက် များ မှာ “Amata” နှင့် ”Awinka” အမှတ် တံဆိပ် နှစ်ခု ကို ထူထောင်ရန် နှင့် မြန်မာနိုင်ငံ အနှံ့အပြား၏ ဗျူဟာ ကျသော နေရာ ဒေသများ တွင် မတူ ကွဲပြား သော အရည်အသွေး မြင့် အပန်းဖြေစခန်း များ နှင့် ဟို တယ် များ ကို ဖြန့်ကျက် တည် ဆောက်ရန်ဖြစ်သည်။ ယင်းဟို တယ် များ နှင့် အပန်းဖြေစခန်း များမှ မြတ်စွန်းနိုင်ချေ မြင့် မား လာ ပြီး ကျွန်ုပ်တို့၏အမြတ်ရာခိုင်နှုန်းနှင့် ဘဏ္ဍာရေးအခြေအနေအား ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ရန်အတွက် ကျွန်ုပ်တို့၏ Spa များ နှင့် Oriental Ballooning လူစီးမီးပုံးပျံ ဝန်ဆောင်မှု များ ဖြင့် အားဖြည့် သွား မည် ဖြစ်ပါသည်။ အတိအကျ ဆိုလျှင် ကျွန်ုပ်တို့ အနေ ဖြင့် -

လက်ရှေးစင် အပန်းဖြေစခန်း နှင့် ဟိုတယ် များတွင် အဓိကထား ရင်းနှီးမြုပ်နှံခြင်းဖြင့် ကျွန်ုပ်တို့၏လုပ်ငန်းများကို ကြီးထွားအောင်ဆောင်ရွက်ရန်။

ကျွန်ုပ်တို့ စီးပွားရေး ကို ကြီးထွားလာစေရန်အတွက် ကျွန်ုပ်တို့စီမံခန့်ခွဲသော ဟိုတယ် နှင့် အပန်းဖြေစခန်း များ အရေအတွက် ကို တိုးမြှင့် သွားရန် ရည် ရွယ်ပါသည်။ နောက် ၃ နှစ် အတွင်းတွင် “Awinka” ဟိုတယ် လေးလုံး အထိ တိုးမြှင့် ဖွင့် လှစ်သွား မည် ဖြစ်ပြီး အားလုံး ကို မိမိတို့ လုပ်ငန်းစုကပင် ပိုင်ဆိုင် ပြီး မိမိတို့ က ပင် စီမံ ခန့်ခွဲ သွား မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ယုံ ကြည်သည် မှာ ကျွန်ုပ်တို့၏ အားကောင်းသော လုပ်ငန်းလည် ပတ်မှု မှတ်တမ်းကောင်း ၊ ကျွန်ုပ်တို့ အမှတ်တံဆိပ် ၏ ခိုင်မာမှု၊ လုပ်ငန်းတွင်း ဖွဲ့စည်း ပုံ နှင့် တီထွင် ဆန်းသစ်မှု၊ ဗဟို ပြု တည် ဆောက်ထား သော အရောင်းမြှင့် တင်ရေးနှင့် စျေးကွက် ရှာ ဖွေရေး စနစ် တို့မှာ မိမိတို့ ဟို တယ် များ သို့ ဧည့် သည် များလာရောက်စေရန် ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ရင်းနှီးနေ ပြီးသား ဖြစ်သော စျေးကွက် အနေ ထားများ နှင့် လုပ်ငန်းဆောင်ရွက်ရာ ပတ်ဝန်းကျင် များ တွင်ရှိသော “Awinka” အမှတ် တံဆိပ်ဟိုတယ်တစ်ခု အတွက်ဆို လျှင် မိမိတို့ အနေ ဖြင့်အနည်းဆုံးစရိတ် အနေ အထား တွင် ဟို တယ် စီမံခန့်ခွဲမှုများ ကို ပြု လုပ်နိုင်စေရန် နှင့် အမြတ်အစွန်း ပြန်လည် ရရှိမှု ကို မြှင့် တင် နိုင်စေရန် အစုရှယ်ယာ ပိုင်ဆိုင်မှု အများ အပြား ကို ရယူ ထား မည် ဖြစ်သည်။ အချို့သော နေရာ များ တွက် မူ မိမိတို့ ဟို တယ် များ ကို စီမံခန့်ခွဲ နိုင်ရန် အတွက် ဂုဏ်သိက္ခာရှိသော ဟို တယ် အော်ပရေတာ များကို စာချုပ်ချုပ် ဆို ငှားရမ်းသွား မည် ဖြစ်ပြီး ထို သို့ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့၏ ဟိုတယ် စီမံခန့်ခွဲကြေး ဝင်ငွေများ ရရှိမည် ဖြစ်ပြီး ကျွန်ုပ်တို့၏ အမှတ်တံဆိပ် ကို လူ အများက လျှင် မြန်စွာ သတိပြုမိသွား နိုင် ပြီး၊ မတည် ငွေရင်း ထပ်မံတိုးချဲ့စိုက် ထည့် ရမှုမရှိတော့ ဘဲ အကျိုးအမြတ်ရရှိနိုင်သော အခြေအနေ များ ကို တိုးချဲ့ သွားနိုင်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝင်ငွေများ ကို Spa များ အစားအသောက်လုပ်ငန်းများစသည့် နေရာသစ်များ သို့ချဲ့ထွင် လုပ်ကိုင် သွားခြင်း၊ စီမံခန့်ခွဲမှုစာချုပ်များ ချုပ်ဆို ခြင်း၊ နှင့် ဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်မှုများ မှ တစ်ဆင့် တိုးမြှင့် သွားစေရန် ရည် ရွယ်ထား ပါသည်။“Awinka” ဟိုတယ်များ အပြင် ကျွန်ုပ်တို့ အနေ ဖြင့် “Amata” အမှတ်တံဆိပ် ဖြင့် ဟိုတယ် အသစ် တစ်လုံး ကို ပုဂံဒေသတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တွင် ဆောက်လုပ် ပြီးစီးသွား ပြီ ဖြစ်သည်။ ဗီလာ villa ၂၀ ထပ်တိုးတည်ဆောက်ပြီး Amata Garden Resort (အင်းလေးကန်) ကို တိုးချဲ့ခဲ့သကဲ့သို့ Amata Garden Resort (ပုဂံ) အတွက် ၂၀၁၇ အောက်တိုဘာတွင် အခန်း ၁၂ ခန်း ထပ်တိုးခဲ့ပြီး Amata Garden Resort (အင်းလေးကန်) အတွက် ၂၀၁၈ အောက်တိုဘာတွင် ၉၃ ခန်းထပ်တိုးခဲ့ပါသည်။

မိမိတို့ဟိုတယ်နှင့်အပန်းဖြေစခန်းရင်းနှီးမြှုပ်နှံမှုအစုစုတွင် နောက်ဆုံးထပ်မံထည့်သွင်းထားသော "My Hpa An Residence" သည် ၂၀၁၉ အောက်တိုဘာတွင် ပထမဆုံးအကြိမ်ဧည့်သည်စတင်လက်ခံခဲ့ပြီး ဗီလာ(villa) ၂၀ ထပ်မံတိုးချဲ့ထားပါသည်။ လက်ရှိတွင် ဘုတ်အဖွဲ့သည် မြိတ်ကျွန်းစုဒေသ၌ Amata အမှတ်တံဆိပ်ဟိုတယ်များဖွင့်လှစ်ရန်အခွင့်အလမ်းများကို လေ့လာသုံးသပ်လျက်ရှိပါသည်။

မဟာဗျူဟာမြောက်နေရာဒေသအသစ်များ တွင် ဟိုတယ် နှင့် အပန်းဖြေစခန်း လုပ်ငန်းများ တို့ချဲ့ကာ ဒေသအလိုက် မိမိတို့၏ တည် ရှိနေ မှုကို တိုးမြှင့် ရန်။

ကျွန်ုပ်တို့ အနေ ဖြင့် ကုမ္ပဏီ ၏ ဟိုတယ် နှင့် အပန်းဖြေစခန်း လုပ်ငန်းများ တို့ချဲ့ကာ ပြည်တွင်း ၌ လုပ်ငန်းခွဲများ ကို ဖွံ့ဖြိုးစေရန် နှင့် ဝင်ငွေရရှိနိုင်သော အခြေ ခံကောင်းများ ကို ခြား နား မှုရှိစေရန် ရည် ရွယ်ပါသည်။

ကျွန်ုပ်တို့၏ အဓိက ဧည့်သည်များ ၏ စျေးကွက် အနေ အထား နှင့် နီးကပ်သော နေ ရာ များ တွင် စားရိတ်သက်သာ သော နေရာ များ ကို ချဲ့ထွင် မှုများ မှ တစ်ဆင့် မိမိတို့ ၏လက်ရှိ နိုင်ငံတကာ မှ ဧည့်သည်များကို အလွယ် တကူ လက် လှမ်းမီစေရန် အပြင် ထိုလုပ်ငန်းဆောင်ရွက်ရာ ဒေသတွင်းမှ ခရီးသွားများ ၊ အလုပ်ကိစ္စ ခရီးထွက်ရသူ များ ကိုလည်း အလွယ် တကူ လက်လှမ်း မီစေ ရန်ရည် ရွယ်ပါသည်။ နယ်မြေသစ်များ သို့ ချဲ့ထွင် လှုပ်ရှား ရာ တွင် အခန်းခ နှုန်းထား များ ကို တည် ငြိမ်အောင် ထိန်းထား နိုင်စွမ်းရှိခြင်း ကအဓိက ကျသော တန်ဖိုး တစ်ခု ဖြစ်သည် ဟု ယုံ ကြည် ပါသည်။ ဗျူဟာကျသော နေရ ဒေသအသစ်များ တွင် မိမိတို့ လုပ် ငန်းကို ချဲ့ထွင် ဆောင်ရွက် နိုင်ခြင်း ကြောင့် မြန်မာ နိုင်ငံအတွင်း မိမိတို့ လုပ် ငန်း များ ရာသီ အလိုက်သက်ရောက်မှုရှိနေ ခြင်းများ ကို လျော့ ချ နိုင်မည့် အပြင် လုပ်ငန်း အမျိုးအစားများ နေရာ ဒေသအလိုက် ကွဲပြားနေ သည့် အတွက် နေရာဒေသနှင့် သက်ရောက်မှုမတူညီသော ဧည့်သည်အသစ်များ ရရှိနိုင်သည့် အပြင် လုပ်ငန်းအခွဲများ အကြား ဝန်ဆောင်မှုများ ကို တစ်ခု နှင့် တစ်ခု အပြန် အလှန် ရောင်းချ နိုင်မည့် အခွင့် အလမ်း ကို ရရှိ သွား မည် ဖြစ်ပါသည်။ Resort နှင့် ဟိုတယ် တည်ဆောက်မှု စီမံကိန်းများ တွင် ကျွန်ုပ်တို့ အနေ ဖြင့် ရင်းနှီး မြှုပ်နှံမှု ပြု သော အခါ ကျွန်ုပ်တို့ ရင်းနှီး မြှုပ် နှံလိုက်သော မတည်ငွေ ၏ ၂၀.၀ % အထက် ကျော် လွန်သော ဝင်ငွေပြန်လည် ရရှိမှုကို ရည်ရွယ်လေ့ ရှိပါသည်။ နိုင်ငံခြား ခရီးသွားများ အလည် အပတ်များ သည့် မြန်မာနိုင်ငံ အတွင်း လူကြိုက်များသောနေရာများ ၏ပြင်ပ တွင် ရင်းနှီး မြှုပ်နှံ ခြင်း မှာ အဆို ပါဒေသများရှိ ဒေသတွင်း စီးပွားရေးများနှင့် အစုအဖွဲ့လိုက်ခရီးထွက် ကြ သူ များ (corporate travel customer) အတွက် ရည် ရွယ် ကာ လုပ်ဆောင်ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့၏ မတူညီသော အမှတ်တံဆိပ် ဗျူဟာ များ မှ တစ်ဆင့် ပေါ်ထွက် လာ မည့် စျေးကွက် အသစ်ကို ရည် ရွယ် ခြင်း။

ကျွန်ုပ်တို့ လုပ်ငန်းစု အနေ ဖြင့် ပြည်တွင်းပြည် ပ ရှိ အဆင့် မြင့် စားသုံး သူ များ ကို ဖမ်းဆုပ်နိုင်ရန်အတွက် ဆုတံဆိပ် များစွာ ရရှိကာ ခိုင်မာသောအသိအမှတ် ပြု ခြင်း များ စွာ ရရှိထား သော “Amata” အမှတ်တံဆိပ်

ကို ထပ်မံ ရင်းနှီး မတည်သွား မည် ဖြစ်ပါသည်။ မိမိတို့ ပေးအပ်နေ သော ဝန်ဆောင်မှုများ မှာ မြန်မာ့ ရိုး ရာ နှင့် မြန်မာ ယဉ်ကျေးမှု များ နှင့် ဆက်နွယ် သော အထက် တန်းစား ဝန်ဆောင်မှုများ ဖြစ်ပါသည်။

Amata Resort(ငပလီကမ်းခြေ) တွင် အခန်းငှားရမ်းခ အနေ ဖြင့် ပျမ်းမျှအခန်းငှားရမ်းခစျေးနှုန်းများမှာ မေလမှ စက်တင်ဘာ လအထိ ခရီးသည် အဝင်နည်းပါးသော ကာလတွင် တစ်ည တာ တည်းခိုခ များ ကို အမေရိကန် ဒေါ်လာ ၇၀ မှ ၁၀၀ အထိ ရှိပြီး၊ အောက်တိုဘာမှ ဧပြီ လ အထိ ခရီးသွား ဝင်ရောက်မှုနှုန်း အမြင့် ဆုံး အချိန်တွင် တစ်ည တာ တည်းခို ခ အမေ ရိကန်ဒေါ်လာ ၉၀ မှ ၁၈၀ အထိ သတ်မှတ် ထား ရှိပါသည်။ Amata Garden Resort (အင်းလေးကန်) နှင့် Amata Garden Resort (ပုဂံ) တွင် ပျမ်းမျှအခန်းငှားရမ်းခစျေးနှုန်းများမှာ ခရီးသည် ဝင်ရောက်မှုနှုန်း အမြင့် ဆုံး အချိန်တွင် တစ်ည တာ တည်းခိုခ များ ကို အမေရိကန် ဒေါ်လာ ၆၅ မှ ၁၁၀ အထိ ရှိပြီး၊ ခရီးသွား အဝင်နည်းပါးသော ကာလတွင် အမေရိကန်ဒေါ်လာ ၅၀ မှ ၆၀ အထိ ရှိပါသည်။ "My Bagan Residence" by Amata တွင် ပျမ်းမျှအခန်းငှားရမ်းခစျေးနှုန်းများမှာ ခရီးသွား ဝင်ရောက်မှုနှုန်း အမြင့် ဆုံး အချိန်တွင် အမေရိကန်ဒေါ်လာ ၆၅ မှ ၈၀ ဒေါ်လာအထိ ရှိပြီး ၊ ခရီးသည် အဝင်နည်းပါးသော ကာလတွင် တစ်ည တာ တည်းခိုခ များ ကို အမေရိကန် ဒေါ်လာ ၃၅ မှ ၆၀ အထိ ရှိပါသည်။ My Hpa An Residence တွင် ပျမ်းမျှအခန်းငှားရမ်းခစျေးနှုန်းများမှာ ခရီးသွား ဝင်ရောက်မှုနှုန်း အမြင့် ဆုံး အချိန်တွင် အမေရိကန်ဒေါ်လာ ၇၀ မှ ၈၀ အထိ ရှိပြီး ၊ ခရီးသည် အဝင်နည်းပါးသော ကာလတွင် တစ်ည တာ တည်းခိုခ များ ကို အမေရိကန် ဒေါ်လာ ၄၅ မှ ၅၀ အထိ ရှိပါသည်။ တည်းခိုခ များ နှင့်စပ်လျဉ်း၍ ဖောက်သည်ဧည့်သည်များကို ယှဉ်ပြိုင်နိုင်သောစျေးနှုန်းဖြင့် ဆွဲဆောင်နိုင်ရန်အလို့ငှာ အခန်းငှားခများကို စီမံခန့်ခွဲရေးအဖွဲ့က နှစ်စဉ်ပုံမှန် ပြန်လည်သုံးသပ်ပါသည်။ "Awinka" အမှတ်တံဆိပ် အောက်မှ ကျွန်ုပ်တို့ ချမှတ်စီစဉ် ထား သော ဝန်ဆောင်မှု များ မှာ သစ်လွင်ကောင်းမွန်ပြီး ခေတ်မီလှပသော ဝန်းကျင် ဖန်တီးမှု များ နှင့် အမတ အမှတ်တံဆိပ် က ရည်ရွယ်ထား သော စျေးကွက်များထက် ကွာဟမှုမရှိသော ဧည့်သည်စျေးကွက် များ ကို ရည်ရွယ်ပြီး စံနှုန်းတစ်ခု သတ်မှတ် ရန် ၊ လိုက်လျောညီထွေ ဖြစ်စေရန် နှင့် ယုံကြည် မှုရရှိစေရန် ရည် ရွယ်ပါသည်။ ထိုကဲ့သို့ အဆင်ပြေ သက်သာ သော ခရီးသွားလာမှုမျိုး အပြင် ယဉ်ကျေးမှု နှင့် စွန့်စားမှု ကို ရှာဖွေတတ်သော ခရီးသွား ဧည့်သည် အမျိုးအစား ကို ဆွဲဆောင်ရန်အတွက် ကျွန်ုပ်တို့ထံတွင် စျေးကွက်အတွင်း လှုပ်ရှားမှုမြန်ဆန်ခြင်း အကျိုးကျေးဇူးများ ထိုကဲ့ သို့ သော ဧည့်သည်များအတွက် စျေးနှုန်းသက်သာသော အခန်းများ ထောက်ပံ့ ပေးနိုင် လိမ့်မည်ဟု ယုံ ကြည်ပါသည်။ "AWINKA" အမှတ် တံဆိပ်ပါ ဟိုတယ်များ ၏ အခန်းငှားရမ်းခစျေးနှုန်းများမှာ တစ်ည လျှင် အမေရိကန် ဒေါ်လာ ၃၅ မှ ၅၅ ကြား ရှိမည် ဟု ခန့်မှန်းထား ပါသည်။ ဝန်ဆောင်မှု အသစ်ကို အသုံး ပြု လာ သော စားသုံး သူ အသစ်များ ကို ကျွန်ုပ်တို့ အနေ ဖြင့် လုပ်ငန်းစု အတွင်းရှိ အခြား သော ဝန်ဆောင်မှု product များအား မိတ်ဆက်ပေး ကာ စျေးကွက်ချဲ့ထွင် နိုင်သည် နှင့် တပြိုင်နက် မတူညီသော ဝန်ဆောင်မှုများ ကို အပြန် အလှန် ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

ဝင်ငွေပြန်လည် ရရှိမှုတိုးမြင့် လာ စေရန် အတွက် လက်ရှိ resort များ ကို တိုးချဲ့ရန် နှင့် အဆင့် မြင့်ရန်။

လက်ဝယ်ရှိထား ပြီး ဖြစ်သော အပန်းဖြေ ဟိုတယ် များ ကို တိုးချဲ့ ဆောင်ရွက်ခြင်းနှင့် အဆင့် မြှင့် တင်ခြင်းတို့မှာ ဟိုတယ် ၏ ဝင်ငွေ ကို မြင့် တက်အောင်ဆောင်ရွက် ရာ တွင် စရိတ်အသက်သာဆုံး နည်း လမ်းတစ်ခု ဖြစ်ပါသည်။ လက်ရှိရှိပြီး အပန်းဖြေ ဟိုတယ် များ တွင် အခန်းသစ်များ တည် ဆောက်ခြင်း နှင့် ဗီလာ (Villas) ပုံ စံလေးများတိုးချဲ့တည် ဆောက်ခြင်း ဖြင့် တိုးပွား လာသော ကြီးမား သောဆောက်လုပ်ရေးစရိတ်များ ၊ လုပ်ငန်းလည် ပတ်မှု စရိတ်အသစ်များ ကျခံရမှုမရှိဘဲ ဝင်ငွေ ရလမ်းများ ကို ချဲ့ထွင် နိုင်မည် ဖြစ်ပါသည်။ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ အနေ ဖြင့် Amata Garden Resort (အင်းလေးကန်) ကို Villa လုံချင်း အဆောင်ငယ် (၂၀) ထပ်မံ တည် ဆောက်ကာ တိုးချဲ့ ခဲ့ ပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ တွင် Amata Garden Resort (ပုဂံ)တွင် အခန်းပေါင်း (၁၂) ခန်း ကို တိုးချဲ့ ခဲ့၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ တွင် Amata Garden Resort (အင်းလေးကန်) တွင် အခန်း အသစ် (၉၃) ခန်း ထပ်မံတိုးချဲ့ခဲ့ ပါသည်။ မိမိတို့ဟိုတယ်နှင့်အပန်းဖြေစခန်းရင်းနှီးမြှုပ်နှံမှုအစုစုတွင် နောက်ဆုံးထပ်မံတိုးချဲ့ထားသော "My Hpa An Residence" by Amata သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာတွင် ပထမဆုံးအကြိမ်ဧည့်သည်စတင်လက်ခံခဲ့ပြီး ဗီလာ(Villa) (၂၀) ထပ်မံတိုးချဲ့ထားပါသည်။

<u>၃-၁-၃။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံနှင့် ယင်းကုမ္ပဏီအုပ်စု၏ အကြောင်းအရာဖော်ပြချက်</u>

ကျွန်ုပ်တို့ မိခင်ကုမ္ပဏီနှင့် လက်အောက်ခံ ကုမ္ပဏီတို့၏ ဆက်စပ်ဖွဲ့စည်းမှုမှာ အောက်ပါ ပုံစံအတိုင်း ဖြစ်သည်။



မှတ်ချက်

(၁) ဦးဝင်းအောင်သည် ၎င်း၏တစ်သီးပုဂ္ဂလပိုင်ဆိုင်မှုအနေဖြင့် မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက် (Myanmar Ballooning Co., Ltd) တွင် အစုရှယ်ယာ ၃၀.၀ % ပိုင်ဆိုင်ကြောင်း မှတ်ချက်ပြုအပ်ပါသည်။

၃-၁-၄။ မိခင်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီခွဲနှင့် တွဲဖက်ကုမ္ပဏီတို့၏ လုပ်ငန်းလုပ်ဆောင်ချက်များ

ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများ ၏ သတင်း အချက် အလက် များ ကို အောက် ပါ ဇယား တွင် ကြည့် ပါ။

စဉ်	လက်အောက်ခံကုမ္ပဏီ အမည်	ကုမ္ပဏီတည် ထောင်သည့်နိုင်ငံ	အဓိကလုပ်ငန်း လုပ်ကိုင်ရာဒေသ	အဓိက လုပ်ငန်းများ	အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှုအချိုး
၁။	ယူနိုက်တက် အင်တာနေရှင်နယ် ဂရုပ်လီမိတက် (ပ်)	မြန်မာ	မြန်မာ	ဟိုတယ် စီမံခန့်ခွဲမှု	၉၉.၉၉%
၂။	မြန်မာ ဘလွန်းနင်း ကုမ္ပဏီ လီမိတက်	မြန်မာ	မြန်မာ	လူစီးမီးပုံးပျံ အော်ပရေတာ	၅၁.၀၀%

မှတ်ချက်

(၁) ဦးဝင်းအောင်သည် ၎င်း၏တစ်သီးပုဂ္ဂလပိုင်ဆိုင်မှုအနေဖြင့် မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက် (Myanmar Ballooning Co., Ltd) တွင် အစုရှယ်ယာ ၃၀.၀ % ပိုင်ဆိုင်ကြောင်း မှတ်ချက်ပြုအပ်ပါသည်။

ယူနိုက်တက် အင်တာနေရှင်နယ် ဂရုပ်(ပ်) လီမိတက် (Myanmar Ballooning Co., Ltd) ကို ၁၉၉၃ခုနှစ်၊ မေလ ၇ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မြန်မာ ဘလွန်းနင်း ကုမ္ပဏီ လီမိတက် ကို ၂၀၁၃ခုနှစ်၊ ဧပြီလ ၂၆ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။လက်အောက်ခံကုမ္ပဏီများအကြောင်းကို "**အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ - ထုတ်ဝေသူ၏ နောက်ခံသမိုင်းကြောင်း**" ခေါင်းစဉ်အောက်တွင် ဖော်ပြထားပါသည်။

၃-၁-၅။ ခန့်အပ်ထားသည့်ဝန်ထမ်းများ၏အကြောင်းအရာဖော်ပြချက်

နောက်ဆုံးတင်သွင်းသည့်နေ့ရက် Latest Practicable Date အရ အမှုဆောင်အရာရှိ (Executive Officers) များ မှ အပ မိမိတို့ ကုမ္ပဏီတွင် ဝန်ထမ်းဦးရေ (၇၂၅) ဦး ရှိနေပြီး ၎င်း တို့ မှာ အထွေထွေစီမံခန့်ခွဲမှုဌာန၊ ဘဏ္ဍာရေးဌာန၊ အခန်းကြိုတင် စာရင်းသွင်း ခြင်းဌာန၊ အင်ဂျင်နီယာ ဌာန နှင့် လူစွမ်းအား အရင်း အမြစ်ဌာန၊ ဆောက်လုပ် ရေး နှင့် လုပ် ငန်း လည် ပတ်လုပ်ဆောင်ရေး ဌာန စသည့် ဌာန အသီးသီး တွင် တာ ဝန် ထမ်းဆောင် လျက် ရှိကြ ပါသည်။ ကုမ္ပဏီရှိ ဝန်ထမ်းစုစုပေါင်း အရေအတွက်မှာ ၂၀၁၈ခုနှစ်၊ မတ်လ ၃၁ရက်နေ့ တွင် (၇၂၄)ဦး ရှိပြီး ၂၀၁၉ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် (၆၇၄)ဦး ရှိ ရှိပါသည်။ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့ တွင် ကုမ္ပဏီရှိ ဝန်ထမ်းစုစုပေါင်း အရေအတွက်မှာ (၆၄၁) ဦး ဖြစ်ပါသည်။ လုပ်ငန်းစု၏စီမံခန့်ခွဲ မှုအဖွဲ့နှင့် အလုပ်သမားအဖွဲ့တို့အကြားတွင်လည်း ဆက်နွယ်မှုမရှိပါ။

အဓိက လုပ်ငန်း တာဝန် အလိုက် ခန့်ထားသည့် ဝန်ထမ်း ဦးရေစုစုပေါင်း

အဓိက လုပ်ငန်းတာဝန်	**ဝန်ထမ်း ဦးရေ**
အထွေထွေစီမံခန့်ခွဲမှုကိစ္စရပ်များ	၂၅
ဘဏ္ဍာရေး	၆၂
အရောင်းနှင့် ကြိုတင်စာရင်းဝင်ခြင်း	၁၇
အင်ဂျင်နီယာပိုင်း	၄၇
လူသားအရင်းအမြစ်	၈
တည်ဆောက်ရေး	၂၉
လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေး	၅၃၇
စုစုပေါင်း	**၇၂၅**

(နောက်ဆုံးတင်သွင်းသည့်နေ့ရက် ရှိ အနေအထားအရ)

နယ်မြေဒေသအလိုက် ဝန်ထမ်းခန့်ထားမှုအား ခွဲခြားပြခြင်း

ပထဝီအနေအထားအရ)Geographic location)	**ဝန်ထမ်း ဦးရေ**
ရန်ကုန်	၁၁၀
အင်းလေး	၁၆၅
ငပလီ	၁၆၁
ပုဂံ	၂၄၉
ဘားအံ	၃၁
မန္တလေး	၉
စုစုပေါင်း	**၃၂၅**

(နောက်ဆုံးတင်သွင်းသည့်နေ့ရက် ရှိ အနေအထားအရ)

ကျွမ်းကျင်ဝန်ထမ်းတို့၏ ပညာအရည်အချင်း

ပညာ အရည်အချင်း	**ဝန်ထမ်း ဦးရေ**
တက္ကသိုလ်ဘွဲ့ရ	၂၄၅
အထက်တန်းအောင်	၃၉၁
အလယ်တန်းအောင်	၈၁
မူလတန်းအောင်	၈
စုစုပေါင်း	**၃၂၅**

(နောက်ဆုံးတင်သွင်းသည့်နေ့ရက် ရှိ အနေအထားအရ)

ဝန်ထမ်း၏ အသက်အရွယ် (နှစ်ပေါင်း)	**ဝန်ထမ်း ဦးရေ**
၁၈-၂၈	၃၅၄
၂၉-၄၀	၂၅၈
၄၁-၆၅	၁၁၃
စုစုပေါင်း	**၃၂၅**

(နောက်ဆုံးတင်သွင်းသည့်နေ့ရက်ရှိ အနေအထားအရ)

၃-၂။ စီးပွားရေးလုပ်ငန်းအကြောင်းအသေးစိတ်ဖော်ပြချက်

၃-၂-၁။ လုပ်ငန်း သဘာဝဖော်ပြချက်

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများတွင် အဓိက စီးပွားရေးလုပ်ငန်း နှစ်ခု ရှိပါသည်။

၁။ မြန်မာနိုင်ငံ ၏ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုကဏ္ဍတစ်ခုအတွက် အလယ်အလတ်နှင့် အထက်တန်း စားသုံးသူ အပိုင်း အခြား ကို အဓိက ရည် ရွယ် လျက် လုပ်ကိုင် ဆောင်ရွက်လျက် ရှိသော ဟိုတယ်လ် များမှာ -

- Amata Resort (ငပလီ ကမ်းခြေ)
- "My Bagan Residence" by Amata
- Amata Garden Resort (အင်းလေးကန်)
- Amata Garden Resort (ပုဂံ)(၁)
- "My Hpa An Residence" by Amata (၂)

တစ်ပေါင်းတည်း ဆိုရလျှင် ဟိုတယ်ဝန်ဆောင်မှု

မှတ်ချက်

(၁) Amata Garden Resort (ငပလီကမ်းခြေ)အတွက် ဟိုတယ်လုပ်ငန်းလိုင်စင်သည် ၂၀၂၀ ခုနှစ်၊ မတ်လ ၁၈ရက်နေ့တွင်ကုန်ဆုံးခဲ့ပြီး လက်ရှိတွင် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနသို့ သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ပါသည်။ Covid-19 ရောဂါ အခြေအနေကြောင့် သက်တမ်းတိုး ရာတွင် နှောင့်နှေးမှုများကြုံတွေ့နေရသော်လည်း ကျွန်ုပ်တို့ အနေဖြင့် နောက်လာမည့် ဘဏ္ဍာရေးနှစ်တွင် ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုး ခွင့်ကို ရရှိလိမ့်မည်ဟု ခန့်မှန်းထားပါသည်။

(၂) Amata Garden Resort (အင်းလေးကန်)အတွက် ဟိုတယ်လုပ်ငန်းလိုင်စင်သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ရက်နေ့တွင်ကုန်ဆုံးခဲ့ပြီး သက်တမ်းတိုးလျှောက်ထားချက်ကို ဟိုတယ် နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသို့ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ လက်ရှိတွင် အခန်းသစ်များတိုးချဲ့ရာတွင် သုံးစွဲခဲ့သော ငွေများနှင့် စပ်လျဉ်း၍ မြေနှင့်အဆောက်အအုံ ပိုင်ဆိုင်မှု၊ အခွန် ပေးဆောင်မှု တို့ အပေါ် ဟိုတယ် နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသို့ ရှင်းလင်းတင်ပြမှုများ ပြုလုပ်ထားရှိပါသည်။ ကျွန်ုပ်တို့ အနေဖြင့် မြေနှင့် အဆောက်အအုံ ပိုင်ဆိုင်မှု၊ အခွန် ပေးဆောင်မှု တို့ နှင့် စပ်လျဉ်း သော ကိစ္စရပ်များ ကို ယခင်က မကြုံတွေ့ခဲ့ဖူးပါ။ အဆိုပါ ရှင်းလင်းတင်ပြမှုများ ပြီးစီးပါက ကျွန်ုပ်တို့ အနေဖြင့် နောက်လာမည့် ဘဏ္ဍာရေးနှစ်တွင် Amata Garden Resort (အင်းလေးကန်)အတွက် သက်တမ်းတိုး ဟိုတယ်လုပ်ငန်းလိုင်စင်ကို ရရှိလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ နောက်ဆုံးတင်သွင်းသည့်ရက်စွဲအရ သက်တမ်းတိုး ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိရန် အထက်ဖော်ပြပါ အချိန်ဇယားကို အကျိုးသက်ရောက်မည့် ကိစ္စရပ်များကို သတိမထားမိပါ။

(၃) ကျွန်ုပ်တို့သည် Amata မှ ဖွင့်လှစ်သည့် Amata Garden Resort (ပုဂံ) အတွက် ဟိုတယ် လုပ်ငန်းလိုင်စင်ကို လျှောက်ထားဆဲဖြစ်ပြီး ညောင်ဦးခရိုင်စီမံခန့်ခွဲမှု ကော်မတီက ၂၀၂၀ ခုနှစ်၊ မတ်လ ၁၃ရက်နေ့တွင် Amata Garden Resort (ပုဂံ)၏ ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း ၍ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းကြားစာ ကို ထုတ်ပေးခဲ့ပါသည်။အဆိုပါနေရာတွင် လုပ်ငန်းစတင်ရန်ဆောင်ရွက်ထားပြီးဖြစ်သော်လည်း အစိုးရအနေဖြင့် အဆိုပါဧရိယာတွင် ဇုန်ပြန်လည်သတ်မှတ်ပြီးသည်အထိ ပုဂံဒေသအတွင်းရှိ ဟိုတယ်များ အတွက် ဟိုတယ်လုပ်ငန်း နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် အသစ်ထုတ်ပေးမည် မဟုတ်ဟု သိရှိ နားလည်ပါသည်။ ယင်းနှင့်စပ်လျဉ်း၍ Amata Garden Resort (ပုဂံ) တည်ရှိသော မြေပေါ်တွင် အစိုးရက ဆောင်ရွက်သော

ဇုန်ပြန်လည်သတ်မှတ်မှုမှာ မကြာသေးမီက ပြီးစီးသွားခဲ့ပါသည်။ ဟိုတယ် နှင့် ခရီး သွားလာရေး ဝန်ကြီးဌာန၏ နူတ်ဖြင့်ဆက်သွယ်ပြောဆိုမှုအရ Amata Garden Resort (ပုဂံ) အတွက် သက်ဆိုင်ရာ ဟိုတယ်လုပ်ငန်းလိုင်စင် ကို စဉ်းစားသုံးသပ်သွားမည်ဖြစ်ပြီး ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်သည်ဟု မိမိတို့နားလည်ထားပါသည်။ ၂၀၂၀ နှစ်ကုန်ပိုင်း သို့မဟုတ် နောင်ဘဏ္ဍာရေးနှစ်ကုန်ပိုင်းတွင် လိုင်စင်ရရှိသွားနိုင်ဖွယ်ရှိသည်ဟု ကျွန်ုပ်တို့ မျှော်မှန်းထားပါသည်။

၂။ ပုဂံ၊ မန္တလေး၊ အင်းလေး၊ ငပလီ၊ ဘားအံ နှင့် ပင်းတယ တွင် Oriental Ballooning လူစီးမီးပုံးပျံဝန်ဆောင်မှု အမည် ဖြင့် သီးသန့်စင်းလုံး ဌား မှ အစ အဆင့်မြင့် လူစီးမီးပုံးပျံ ပျံသန်းခြင်း ဝန်ဆောင် မှုများ ကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

ကျွန်ုပ်တို့၏ ပေါင်းစပ်ဖွဲ့စည်းထားသော လုပ်ငန်းပုံစံ မှာ ဟိုတယ်စီမံရေးရာ ဌာန၊ ကိုယ်ပိုင်ဒဇိုင်းပုံစံဖန်တီးရေးနှင့် စီမံကိန်း စီမံ ခန့်ခွဲမှု ဌာန၊ ဗဟို ပြုစုစည်း ထား သော စျေး ကွက်ရှာ ဖွေရေးဌာန တို့ ဖြစ်သည်။ ဤကဲ့ သို့ ကျွန်ုပ်တို့၏ကိုယ်ပိုင်စွမ်း ဆောင်မှုများ ကြောင့် အမှတ်တံဆိပ် တစ်ခု ၏ ညီညွတ်မှု၊ ဆန်းသစ်တီထွင် နိုင်စွမ်း ရှိမှု နှင့် စျေးကွက် အတွင်း သို့ လျှင် မြန်စွာ ကမ်းလှမ်း ပေးနိုင်မှု ၊ အပန်းဖြေစခန်းများ ၊ spa များ နှင့် ဟို တယ် များ ၏ အရည် အသွေး ကို ထိန်းသိမ်း ထား နိုင်မှု မှာ ကျွန်ပ် တို့ စီမံ လုပ် ဆောင် နေသော လုပ် ငန်းများ ဖြစ် ပြီး ကျွန်ုပ်တို့ပေးအပ်နိုင်သော ဝန်ဆောင်မှု များ လည်း ဖြစ်သည်။ မိမိတို့၏ လုပ်ငန်း လုပ် ဆောင်မှုပုံစံ၊ မိမိတို့ ဖြည့် ဆည်းပေးနေသော ဝန်ဆောင်မှု များ နှင့် ရေမြေ နေရာ ဒေသ ကွဲပြား နေ မှုများ က ပင် ကျွန်ုပ်တို့ စီးပွားရေး လုပ် ဆောင်မှု ပြု လွယ် ပြင် လွယ်ပြောင်း လွယ် ဖြစ်မှုတိုး တက်လာ ခဲ့ စေပါသည်။

ရှေ့တွင် ရှင်း ပြခဲ့ သည့် အတိုင်း မိမိတို့ စီးပွား ရေး မှာ ရာ သီချိန် အလိုက် လုပ်ဆောင်ရသော လုပ် ငန်း ဖြစ်ပြီး လူစီးမီးပုံးပျံများ ကို ဘို ကင် ပြုလုပ်ရန် သင့် တော် သော အချိန်ကာ လ မှာ အနည်း ငယ် သာ ရှိပြီး ၂၀၁၉ - ၂၀၂၀ ခုနှစ် အတွက် ဘို ကင် ပြု လုပ်နိုင်သော ကာလ များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပုဂံ	၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် ၂၀၂၀ ခုနှစ် ၈ - လ ၁၀ ရက် ပြီ
မန္တလေး	၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် ၂၀၂၀ -ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်
အင်းလေးဒေသ	၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ၂၀၂၀ ခုနှစ် မတ်လ ၃၁ - ရက်
ငပလီ	၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် ၂၀၂၀ ခုနှစ် မတ်လ - ၃၁ ရက်

ဟိုတယ်ဝန်ဆောင်မှု အတွက် လည်း ရာသီချိန်အလိုက် လုပ်ဆောင်ရသည့် သဘော ရှိပြီ ရာသီချိန် နှင့် သက်ဆိုင်သော အသေးစိတ် အချက် အလက်များ ကို သက်ဆိုင်ရာ ဟို တယ် အချက် အလက် များ အလိုက် အောက်တွင် ဖေါ်ပြပါမည်။

မိမိတို့ ၏ စီးပွား ရေး ဆောင်ရွက် ချက် များ အတွက် ကုန်ကြမ်းများဖြစ်သော ရေနံစိမ်း နှင့် / သို့မဟုတ် သတ္တု အရင်းအမြစ်များ ကို ကျွန်ုပ်တို့ မရယူပါ။

နောက်ဆုံးတင်သွင်းသည့်နေ့ရက်အရ "***အပိုင်း ၂ - ဆုံးရှုံးနိုင်ခြေရှိသည့် အချက်များ - ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းအား ဆက်လက်လုပ်ဆောင်နိုင်မှုစွမ်းရည်မှာ တစ်ခါတစ်ရံတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိဟုဆိုကာ ငြင်းပယ်ခြင်း ခံရနိုင်ဖွယ်ရှိသော သက်ဆိုင်ရာဒေသ အာဏာပိုင်များထံမှ ခွင့်ပြုချက်၊ ခွင့်ပြုမိန့်ရယူခြင်း (သို့မဟုတ်) ထိန်းသိမ်းထားခြင်းအပေါ်တွင်လည်း များစွာမှီတွယ်နေပါသည်။***"တွင် ဖော်ပြထားသည့် လုပ်ငန်းစုမှ ယခုထိမရရှိသေးသော လိုင်စင်များနှင့် ခွင့်ပြုချက်များ အပ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက် ရန်လိုအပ်သော အဓိကလိုင်စင်များဖြစ်သည့် အပန်းဖြေဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအောက်မှ ဟိုတယ်များကို လည်ပတ်ရန်အတွက် သက်ဆိုင်ရာ ဟိုတယ်လုပ်ငန်းလိုင်စင်၊ Oriental Ballooning အမှတ်တံဆိပ်ပါ လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်း လည်ပတ်ရန်အတွက် ပြည်ပခရီးသွားများ သွားလာပို့ဆောင်ရေးလိုင်စင်၊ အပန်းဖြေဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအောက်မှ စားသောက်ဆိုင် နှင့် အရောင်းဆိုင် အမျိုးမျိုးကို လည်ပတ်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်း လိုင်စင်တို့ကို လုပ်ငန်းစု အနေဖြင့် ကိုင်ဆောင်ထားပါသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက် ရန်လိုအပ်သော အဓိကလိုင်စင်များနှင့်စပ်လျဉ်းသော နောက်ထပ် သတင်းအချက်အလက် အတွက် "***အပိုင်း ၉ - အဓိကကျသော မြန်မာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ***" အခန်းသို့ ရည်ညွှန်းပါသည်။

<u>၃-၂-၂။ လုပ်ငန်းကဏ္ဍတစ်ခုခြင်းအလိုက်ဆောင်ရွက်ချက်များ</u>

Amata Resort (ငပလီ ကမ်းခြေ)

Amata Resort (ငပလီ ကမ်းခြေ) သည် အကျယ်အဝန်း မြေ ၆.၃၄ ဧက ရှိသော မြေကွက် အမှတ် ၂၀၇၊ မြပြင်ကျေးရွာ၊ သံတွဲ မြို့နယ် ၊ ရခိုင်ပြည် နယ် တွင် တည် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံး ကမ်းခြေ များ ထဲမှ တစ်ခု ဖြစ်သည့် အပြင် အရှေ့တောင်အာရှ ဒေသတွင်း တွင် ဒုတိယ အကြီးမားဆုံး ကမ်းခြေ ဖြစ်သော ငပလီကမ်းခြေ ၏ကမ်းစပ်တစ်လျှောက်တွင်တည် ရှိနေသော Amata Resort (ငပလီ ကမ်းခြေ) သည် လက်ရှိ ငပလီ ကမ်းခြေရှိ အပန်းဖြေဟိုတယ် များ အနက် အကြီးမားဆုံး ဖြစ်ပြီး ငပလီ ကမ်းခြေတွင် တည်ရှိနေသော အလယ်အလတ်နှင့် အဆင့် မြင့် ဟိုတယ် အတန်းအစားများ အကြား စျေးကွက်ဝေစု ၁၂.၆ ရာခိုင်နှုန်း[1]ကို လည်း ရယူထား နိုင်ပါသည်။ လုပ်ငန်းကိစ္စအတွက် ဖြစ်စေ ၊ အပန်းဖြေ အနား ယူရန်ဖြစ်စေ လာ ရောက်လည် ပတ်ကြသော ခရီးသွားများ အတွက် ဝန်ဆောင်မှုပေးရန် အတွက် ရည်ရွယ်ကာ

[1] စျေးကွက်ဝေစုကို ငပလီ ကမ်းခြေ ရှိ အခန်းအရေအတွက်ကို အခြေခံ၍ တွက်ချက်ထားပါသည်။ ၂၀၁၇ခုနှစ် Collier အိမ်ခြံမြေ စျေးကွက် အစီရင်ခံစာ - ငပလီကမ်းခြေ ဟိုတယ်နှင့် အပန်းဖြေစခန်းများ အရ ငပလီကမ်းခြေရှိ အခန်းစုစုပေါင်း ၇၂၀ ကို ကိုယ်စားပြုသော အလယ်အလတ်တန်း မှ အဆင့်မြင့် ဟိုတယ်ပေါင်း (၁၇)ခုရှိပါသည်။

သစ်ပင်များဖြင့် စိမ်းလန်းနေသော မြေဧကများစွာနှင့် အတူ အာရှတိုက်၏ ရိုးရာ အင်္ဂေအသက် အပြင်အဆင် များ ဖြင့် တည် ငြိမ်သော အလှတရား ကို ရရှိစေရန် ပုံစံပြုလုပ် ထား ခြင်း ဖြစ်ပါသည်။ ဧည့်သည်များအနေဖြင့် ဘန်ဂလိုများ၊ ကျွန်း၊ ဝါး၊ ကြိမ် နှင့် အထက်သား များဖြင့် အခန်းဖွဲ့ တည်ဆောက်ထားသော အခန်းပေါင်း ၉၀ ခန်းတွင် တည်းခိုနိုင်ပါသည်။ အခန်းအမျိုးအစားများ ပင်လယ်ပြင်ရှုခင်းဘက်သို့မျက်နှာမူကာ တော်ဝင်ဆန်ဆန် အခန်းဖွဲ့ပြင်ဆင်ထား သော အဆင့် မြင့် ဧိမ်ခံ အခန်းများအပြင် ကမ်းခြေ ဘန်ဂလိုပုံစံ နှစ်ထပ်အဆောက်အဦးဖြင့် အခန်းဖွဲ့တည် ဆောက်ထား သော ပရိဘောဂ အပြည့် ထည့်သွင်းထားသော အဆင့် မြင့် အခန်းများနှင့် ဧိမ်ခံအခန်းများ အထိ ပါဝင်ပါသည်။ တစ်ည တာ တည်းခိုခန္ဓနှုန်းထား များ အနေ ဖြင့် မေလ မှ စက်တင်ဘာ လအတွင်း ဧည့် ပါးသော ရာသီ တွင် အမေရိကန်ဒေါ်လာ ၇၀ မှ ၁၀၀ အထိ လည်းကောင်း၊ အောက်တိုဘာ မှ ဧပြီ လ အထိ ဧည့် သည် အဝင်အများ ဆုံး ကာ လ များ တွင် တစ် ည လျှင် အမေရိကန်ဒေါ်လာ ၉၀ မှ ၁၈၀ အထိ လည်းကောင်းရှိပါသည်။ သက်တောင့် သက်သာဖြစ်စေ သော ပတ်ဝန်းကျင် အပြင်အဆင် များ နှင့် မြန်မာ့ရိုးရာ အစားအစာ များ ကို သုံးဆောင်ခံနိုင်သော ဒွာရာဝတီ စားသောက်ဆိုင် နှင့် ကစ္စပနဒီ စားသောက်ခန်းမများ က ဧည့် သည် များ၏ အစားအသောက်ပိုင်းဆိုင်ရာ လို အပ်ချက် များ ကို ကောင်းစွာ ဖြည့် ဆည်းပေးလျက်ရှိပါသည်။ ဧည့်သည်များ ၏ ကျန်းမာရေးဝန်ဆောင်မှု များ နှင့် စပ်လျဉ်းပြီ ကျန်းမာရေးဝန်ဆောင်မှု ခန်းမ အတွင်း ရှိ သီးသန့်အခန်းများစွာတွင် များ ပြားလှစွာသော အနှိပ် နည်းစနစ်များ နှင့် ကုထုံး များ အပြင် ရိုးရာ နှင့် နိုင်ငံတကာ အနှိပ် နည်းပညာ ပုံစံများ ဖြင့် အနှိပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။ အပန်းဖြေဟိုတယ်တွင် ဧည့်သည်များ တည်းခို နေထိုင်စဉ် တစ်လျှောက် အတွင်း အေးချမ်း ငြိမ့်ညောင်းသာယာစွာ နေထိုင်သွား နိုင်ကြ မည် ဖြစ်ပါသည်။

Amata Hotel တည် ရှိနေရာ သံတွဲမြို့သည် မြန်မာနိုင်ငံ ၏ အနောက် ဘက် အစွန်ဆုံး အနား ဖြစ်သော ရခိုင်ပြည် နယ် သံတွဲမြို့ဌ ဖြစ်ပြီး အဓိက ဆိပ် ကမ်းတည် ရှိရာ မြို့နယ် တစ်ခု လည်း ဖြစ်ပါသည်။ သံတွဲခရိုင် တစ်ခုလုံး၏ မြေဧရိယာ အကျယ် မှာ မှာ စတုရန်းကီလို မီတာ (၉၈၀၀) ရှိပြီး ရပ်ကွယ် ကြီး ငါးခု ဖြင့် ဖွဲ့စည်းထား ခြင်း လည်း ဖြစ်ပါသည်။ မြို့နယ် ၏ မြေယာ အများ စု ကို စပါး စိုက် ပျိုး ရေး လုပ်ကိုင် ကြပြီး အဓိက စီးပွား ရေး လုပ် ငန်းမှာ လယ် ယာ စိုက် ပျိုး ရေး ဖြစ်ပါသည်။ သံတွဲ ပတ်ဝန်းကျင်တွင် အပူပိုင်းမုတ်သုံရာသီဥတုရှိပြီး တစ်နှစ်ပတ်လုံး အပူချိန်မှာ နွေးထွေးကောင်းမွန်လှပါသည်။ နိုဝင်ဘာမှ ဖေဖော်ဝါရီ လအထိ သွေ့ခြောက် သောဆောင်း ရာသီ ရှိပြီး မတ်လ မှ မေလ အထိ ပူနွေးစိုစွတ်သော ရာသီ ရှိပါသည်။ ဇွန်လမှ အောက်တိုဘာလ အထိ မိုးသည်းထန်စွာ ရွာသွန်းပြီး ထိုကာလ အတွင်းတွင် ဒေသအနေ အထား နှင့် ဧည့်သည် ဝင်ရောက်မှုနှုန်းမှာ များစွာ သက်ရောက်မှုရှိပါသည်။ သံတွဲမြို့နှင့် ၇ ကီလို မီတာ အကွာ တွင် တည် ရှိပြီး ငပလီ ကမ်းခြေ မှာ မြို့နယ်တစ် ခု လုံး တွင် နိုင်ငံခြား ခရီးသွား များ ကို ဆွဲဆောင် နိုင်သော အထင် ရှားဆုံးလည်ပတ်ရာနေရာတစ်ခု လည်း ဖြစ်ပါသည်။ အဓိက ကမ်းခြေ မျက်နှာစာ မှာ ငပလီကမ်းခြေ ၏ တောင်ဘက် ကမ်းရိုးတန်းတစ်လျှောက် သို့ သွယ်တန်းတည် ရှိနေပြီး ကြည် လင်သော ရေပြင် နှင့် ဖြူလွှလွှသော သဲသောင်ပြင် များဖြင့် ကြွယ်ဝလှသော နေရာလည်းဖြစ်ပါသည်။

Amata Garden Resort (ပုဂံ)

ညောင်ဦးလေဆိပ်မှ ၉.၇ ကီလိုမီတာအကွာတွင် တည် ရှိပြီး လှပစွာ မွမ်းမံပြင်ဆင် ထားသော မြေ ၅.၉ ဧက အကျယ်ရှိ ဥယျာဉ်များ ၏ အလယ်တွင် တည်ရှိနေသော Amata Garden Resort (ပုဂံ) မှာ မြန်မာနိုင်ငံ ၏ အနားယူရန် ဆွဲဆောင်မှု အကောင်းဆုံး ဖြစ်သော အရာ များ ထဲမှ တစ်ခု ဖြစ်သော ထင်ရှားလှသော ပုဂံ ဘုရားပုထိုးစေတီများ သို့ လွယ်လင့် တကူ သွားလာနိုင်သည့် နေရာ တစ်ခု ဖြစ်နေပါသည်။ အပန်းဖြေ ဟိုတယ်အတွင်း တွင် ခမ်းနားစွာ ပုံ စံထုတ် တည် ဆောက် ထားသော အဆင့် မြင့် ဧိမ်ခံတည်းခိုဆောင် ၁၂ ဆောင် ရှိပြီး ရှေးဟောင်းနယ် မြေမှခေတ်မီကမ္ဘာ တစ်ခု ၏ သာယာ ငြိမ့်ညောင်းမှုမျိုးကို အာမခံပေးနိုင်သော ပြီးပြည်စုံ သော ဝန်ဆောင်မှုများ ကို ပေးအပ်လျက် ရှိပါသည်။ ဟိုတယ် ၏မြေညီထပ်နှင့် အထပ် မြင့် အလွှာများ တွင် တည် ရှိနေသော သီးသန့်ဆိတ်ငြိမ်သော အဆင့် မြင့် ဧိမ်ခံ တည်းခို ဆောင်များတွင် ပြင်ပ ဥယျာဉ် ရှုခင်း ကို ကြည့်ရှုခံစားနိုင်သော ဝရံတာများ လည်း ပါဝင်ပါသည်။ Nibbana Spa မှ လည်း မြန်မာ ရိုးရာ အနှိပ် နည်းပညာ များ အပြင်ဆန်းပြားခေတ်မီသော ကျွမ်းကျင်မှုများ ဖြင့် ကျန်းမာရေး ဆိုင်ရာအနင်းအနှိပ်များ နှင့် ခန္ဓာလုံးပြည့် ကုထုံးများ စွာ ကို ဝန်ဆောင်မှုပေးလျက်ရှိ ပါသည်။ မြန်မာရိုးရာ အိမ်ချက် အရသာမှ အစ အရှေ့တောင်အာရှ နှင့် အာရှတိုက် အရသာများ ကို ဝန်ဆောင်မှုအပြည့် ပေးထားသော စားသောက်ဆိုင်များ တွင် တစ်နေ့လုံး ရရှိနိုင်ပါသည်။ ဝန်းကျင် တစ်ခွင်၌ တစ်နေ့တာ လုံး လှည့် လှည် ကြည့် ရှု့ပြီး နောက် အပန်းဖြေ အနားယူနိုင်ရန် အတွက်ရေကူးကန် ဘေးရှိ ခုံတန်းကလေးများ၌ အဆာပြေစားသောက်ရန်အတွက် ရိုးရှင်းသော်လည်း အရသာ ရှိလှသော စားသောက်ဖွယ်ရာ များ ၊ ဝိုင်အမျိုးမျိုး၊ ယမကာအမျိုးမျိုး ၊ ကောက်တေးများစွာ နှင့် အခြား အဖျော် ယမကာမျိုးစုံ ကို လည်း သုံး ဆောင်ခံစား နိုင်ပါသည်။ တည်းခို ခအနေ ဖြင့် မေလမှ စက်တင်ဘာ လအထိ ခရီးသည် အဝင်ပါးသော ကာလတွင် တစ်ည တာ တည်းခို ခ အမေရိကန် ဒေါ်လာ ၅၀ မှ ၆၀ အထိ ရှိပြီး၊ အောက်တိုဘာမှ ဧပြီ လ အထိ ခရီးသွား နှုန်း အမြင့် ဆုံး အချိန်တွင် တစ်ည တာ တည်းခို ခ အနေ ရိကန်ဒေါ်လာ ၆၅ မှ ၁၁၀ အထိ သတ်မှတ် ထား ရှိပါသည်။ မိမိတို့၏ တိုးချဲ့ရန်အစီအစဉ်များအရ၊ ၂၀၂၁ ခုနှစ်ကုန်တွင် Amata Garden Resort(ပုဂံ) တွင် နောက်ထပ် အခန်း ၆၀ ထပ်တိုးရန် ဘုတ်အဖွဲ့က စဉ်းစားသုံးသပ်နေပါ သည်။

***"My Bagan Residence"* by Amata**

"My Bagan Residence" By Amata သည် မန္တလေးတိုင်းဒေသကြီး ၊ ညောင်ဦးမြို့နယ်၊ သီရိပစ္စယာရပ်ကွက် ရင်မင်းပိုက် (အနောက်)၊ အမှတ် ၂၅၊ မြေကွက် အမှတ် ၁ တွင်တည် ရှိပြီး မြေရေယာ အကျယ် ၀.၉၁၈ ဧက ရှိပါသည်။ အမတ ပိုင် "My Bagan Residence" by Amata ကို Amata ၏ စားသောက်ဆိုင်၊ ဈေးဝယ်ရန်နေရာ နှင့် Spa များ အတွက် တစ်နေရာ တည်းတွင် ဝန်ဆောင်မှုပေးအပ်ရန် ထူထောင်ထား ပြီး ဖြစ်သော Amata Boutique House Bagan နှင့် အတူ ပူးတွဲ တည် ထောင်ထား ခြင်း ဖြစ်ပါသည်။ "My Bagan Residence" by Amata တွင် ဥယာဉ် ခြံထဲတွင် ကိုယ် ပိုင် သီးသန့်အိမ် များ ပုံစံ ဟိုတယ် အပြင်အဆင် ဖြင့် အခန်းပေါင်း (၃၂) ခန်းပါဝင်ပါသည်။ အခန်းငှားရမ်းခအနေ ဖြင့် မေလမှ စက်တင်ဘာ လအထိ ခရီးသည် အဝင်ပါးသော ကာလတွင် တစ်ည တာ တည်းခိုခ များ ကို အဆင့် မြင့် အခန်း၊ ဧိမ်ခံ အခန်းနှင့် အထူး အခန်းများ အလိုက် အမေရိကန် ဒေါ်လာ ၃၅ မှ ၆၀ အထိ ရှိပြီး၊ အောက်တိုဘာမှ ဧပြီ လ အထိ ခရီးသွား ဝင်ရောက်မှုနှုန်း အမြင့် ဆုံး အချိန်တွင် တစ်ည တာ တည်းခို ခ အနေ ရိကန်ဒေါ်လာ ၆၅ မှ ၈၀ အထိ သတ်မှတ် ထား ရှိပါသည်။

ကုမ္ဗဏီ စာရင်း များအရ Amata Garden Resort ဟိုတယ် နှင့် Amata ပိုင် *"My Bagan Residence"* By Amata ကို တပေါင်းတည်း စာရင်းသွင်းပါက ပုဂံဒေသ၏ ရရှိနိုင်သော ဟိုတယ် အခန်းများ အားလုံး ၏ဈေးကွက် ဝေစု ၅.၁ ရာခိုင်နှုန်း* ကို ရရှိထားပါသည်။

Amata Botique House ရှိ ဝန်ဆောင်မှုများ မှာစားသောက်ဖွယ်ရာ များ ကို ဧရာဝတီ စားသောက်ဆိုင် နှင့် "The Roasted Bean" စားတော်ဆက်ခ် လည်းကောင်း၊ သောက်စရာ များ နှင့် ကောက်တေးလ် အမျိုးမျိုးအတွက် "The City Bar" ခ်လည်းကောင်း၊ နှိပ်ခြင်းနှင့် အနားယူခြင်းများအတွက် "Nibbana Spa" ခ်လည်းကောင်း၊ ဈေးဝယ်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များ အတွက် "My Bagan " ခ် လည်းကောင်း ဝန်ဆောင်မှု ပေးအပ်လျက်ရှိပါသည်။"ဧရာဝတီ" စားတော်ဆက်သို့လာရောက်ကြသောဧည့်သည်များ အနေ ဖြင့် ဥရောပ ၊ တရုတ်၊ ထိုင်းနှင့် မြန်မာ ဟင်းလျာ များ ကို ရွေးချယ် သုံး ဆောင်နိုင်မည် ဖြစ်ပါသည်။

ညနေ ခင်းများ တွင် ဧည့်သည်များ အနေ ဖြင့် ညနေ စာသုံးဆောင်နေစဉ်အတွင်း အစီအရီရှိနေသောပုဂံ ပုထိုးတော်များ ၏ ရှေ့တွင်ရှိသော စင်မြင့် ပေါ်တွင် ည စဉ် က ပြဖျော် ဖြေသော ယဉ်ကျေးမှုအစီအစဉ်များ ကို တွဲဖက် ခံစားနိုင်မည် ဖြစ်ပါသည်။ အဆို ပါ ဖျော် ဖြေမှုတွင် မှန် စီရှေ့ချ တစ်လက်လက် တောက် ပနေသော မြန်မာ့ ရိုးရာ ပတ်ဝိုင်း၊ဆိုင်းဝိုင်များ ကို ဂီတ နုတ်စ် များ မပါဘဲအလွတ် တီးခတ် ခြင်း များ၊ ကျက်သရေရှိလှသော ပုဂံခေတ် ရိုးရာ အက များ နှင့် အရောင် အသွေးစုံ လင် လှသော ရုပ်သေး အနုပညာ ဖျော် ဖြေမှုများ ပါဝင် ပါမည်။ "The Roasted Bean" ဆိုင်အနေ ဖြင့် လည်း ပြည် တွင်းဖြစ် လတ်ဆတ်စွာ လှော် ထား သော ကော်ဖီစေ့များ အပြင် နိုင်ငံတကာ မှ လူသိများ ထင်ရှား ကျော် ကြား လှသော အမှတ်တံဆိပ် များ အပါအဝင် အမျိုးအစား များ ပြားလှသော ကော်ဖီ များ ဖြင့် ဝန်ဆောင် မှုပေးလျက် ရှိပါသည်။

Amata ၏ မုန့်ဖုတ် ဖို မှ လည်း လတ်ဆတ်စွာ ပြု လုပ် ထား သောPastriesများ ၊ ပေါင်မုန့်များ၊မုန့်အချို နှင့် သားရေစာ များ၊ ခရင်မ် ပါဝင်သော ကိတ်မုန့်များ အပါအဝင် အရသာ ရှိလှသော အိမ်တွင်းလုပ် ရေခဲမုန့် အမျိုး မျိုး နှင့် လတ်ဆတ်သော သစ်သီး ကောက်တေးလ် များ အထိ ရရှိ နိုင်ပါသည်။ "The City Bar" ဆိုသည်မှာ အမျိုးမျိုးသော ဝိုင်များနှင့်အပြည်ပြည်ဆိုင်ရာ အရည်အသွေးမြင့်အမှတ်တံဆိပ်များကို ကျယ်ပြန့်စွာ ရွေးချယ်သောက်သုံးနိုင်သော ဘားတစ်ခုဖြစ်ပါသည် မိမိတို့၏အဖျော်ယမကာ ကျွမ်းကျင်သူများက ဧရာဝတီမင်းသမီး၊ ပုဂံ၏အိုအေစစ်၊ Toddy Tree အပြင်(၁၁)ရာစု ပုဂံခေတ်မှ သူရဲကောင်း လေးဦးကို ဂုဏ်ပြုသောအားဖြင့် 'သူရဲကောင်းလေးဦးနှင့်ဓားသမား' စသောထူးကဲလှသည့် ကောက်တေးလ် အမျိုးမျိုး များကိုဖျော်စပ်ပေးလျက်ရှိပါသည်။

'Nibbana Spa' အနေဖြင့်လည်း တိုင်းရင်းဆေးနှင့် သစ်သီးသစ်ဖုများ၊ ဓာတုပစ္စည်းမပါဝင်သော အမွှေးနံ့သာဆီဖြင့် သုတ်လိမ်းနှိပ်နယ်ခြင်းများအပြင် ကြည်လင်သင်းပြန့်သော မျက်နှာအသားအရေကုထုံး

---

* ဈေးကွက်ဝေစုကို ပုဂံဒေသရှိ အခန်းအရေအတွက်ကို အခြေခံ၍ တွက်ချက်ထားပါသည်။ ၂၀၁၈ခုနှစ် ဟိုတယ်နှင့်ခရီးသွားလာရေး စာရင်းဇယားများ အစီရင်ခံစာ အရ၊ပုဂံဒေသတွင် ဟိုတယ် (၈၅)ခု မှတ်ပုံတင်ထားပြီး အခန်းစုစုပေါင်း ၃,၀၁၉ ခန်းရှိပါသည်။

များ အထိ များပြားလှသော ဝန်ဆောင်မှုများကိုပေးအပ်လျက်ရှိပါသည်။ ၎င်းနေရာတွင် ဧည့်သည်များက အသုံးပြုနိုင်သော Jacuzzi တစ်ခုလဲရှိပါသည်။

အမှတ်တရလက်ဆောင် ပစ္စည်းဆိုင်ဖြစ်သော 'My Bagan'တွင် အနုပညာတူရိယာ ပစ္စည်းများ ၊လက်ဖြင့် ယက်လုပ်ထားသော ချည်ထည်နှင့် ပိုးထည်များ ဗုဒ္ဓဆင်းတုတော်များ၊ ဝါနှင့်ဝါရွက်များဖြင့် ပြုလုပ်ထား သော သေတ္တာများ၊ ငွေနှင့်ကြေးဖြင့်သွန်းလုပ်ထားသော အရုပ်များ တောင်းအမျိုးမျိုး ပန်းပုရုပ်များ ယွန်းထည်ခွက် အမျိုးမျိုးအပြင် လက်ဝတ်ရတနာကဲ့သို့သော ဒေသဖြင့် လက်မှုထုတ်ကုန်အများအပြားကို ရောင်းချ လျက်ရှိပါသည်။ ထိုပစ္စည်းများကို မိဘမဲ့ဂေဟာများနှင့် မသန်စွမ်းအဖွဲ့အစည်းများက ထုတ်လုပ်ပေးထား ခြင်းဖြစ်ပါသည်။

Amata Garden Resort (အင်းလေးကန်)

Amata Garden Resort (အင်းလေးကန်)သည် မြန်မာနိုင်ငံ ၊ ရှမ်းပြည်နယ် ၊ ညောင်ရွှေ မြို့နယ် ၊အင်ကြင်းကုန်းကျေးရွာ တွင် တည် ရှိပြီးဧရိယာ စုစုပေါင်းမှာ ၁၇.၄၈ ဧက ကျယ်ဝန်းပါသည်။ အင်းလေး ကန်မှာ ရှမ်းကုန်းမြေ မြင့် ၏ အထက် တွင် တည် ရှိသော ရေချို ကန်ကြီး ဖြစ်ပြီး မြန်မာ နိုင်ငံ၏ ဒုတိယ အကြီး ဆုံး ကန်ကြီး လည်း ဖြစ်သည့် အပြင် နိုင်ငံခြား ခရီးသွား များ ကို ဆွဲဆောင်ရာဒေသတစ်ခု လည်း ဖြစ်ပါသည်။

Amata Garden Resort (အင်းလေးကန်) ကို လေကြောင်းခရီး ဖြင့် အလွယ်တကူ ရောက်ရှိနိုင်ပြီး ဟဲဟိုးလေ ဆိပ် မှ ကားဖြင့်တစ်နာရီခွဲ ခန့် သာ မောင်းနှင် ရပါသည်။ ဧည့် သည် များ အနေ ဖြင့် Amata Garden Resort (အင်းလေးကန်) ကို ညောင်ရွှေ ရှိ စက်လှေ ဆိပ် မှ မိနစ် ၅၀ ခန့် စက်လှေ စီး လာ လျှင် ရောက်ရှိနိုင်ပါသည်။ ဟဲဟိုး လေ ဆိပ် မှ ညောင် ရွှေစက်လှေ ဆိပ် သို့ ကား ဖြင့် လာ လျှင် မိနစ် ၅၀ ခန့်သာ မောင်းရန် လို အပ်ပါသည်။

ညောင် ရွှေ မှာ မြန်မာ နိုင်ငံ ၊ ရှမ်းပြည် နယ်၊ တောင် ကြီး ခရိုင် အတွင်း ရှိ ညောင်ရွှေ မြို့နယ် ၏ အဓိ က နေ ရာ တစ် ခု ဖြစ်ပါသည်။ ထို ရွာ မှာ အင်း လေး ကန် သို့ လည် ပတ်ရန် လာ ရောက် သော ခရီးသွား ဧည့် သည် များ၏ တစ် ထောက် နား ရာ နေရာ ဖြစ်ပီး တည်းခိုဆောင် ငယ် များ ဖြင့် ပြည့် နှက် နေ ပြီး လူ စည် ကား သော ကျေးရွာ တစ်ခု ဖြစ်ပါသည်။ ထို မြို့ ငယ်ကလေး မှာ ခရီးသွား များ ကို အင်းလေး ကန် သို့ သယ် ယူပို့ဆောင် ပေး သော မြောက် များ လှစွာ သော လှေ ရှည် ကြီးများ၏ သယ်ယူ ပို့ဆောင်ရေး ၏ အဓိက နေရာ လည်း ဖြစ်ပါသည်။ မြို့ ငယ်ကလေး မှာ ကန် ကြီး ၏ မြောက်ဘက် ကီ လို မီတာ အနည်း ငယ် အဝေးတွင် တည် ရှိပြီး မြစ်ကြောင်းတူးမြောင်း တစ်ခု ဖြတ်သန်းသွားရသော နေရာ တွင် တည် ရှိပါသည်။ အင်းလေး ကန်မှာ မြန်မာ နိုင်ငံ၏ ဒုတိယ အကြီး ဆုံး ရေချို ကန်ကြီး ဖြစ်ပြီး ဧရိယာ စတုရန်း ကီ လို မီတာ ၁၁၆ ကီလို မီတာ ခန့်ရှိပါသည်။ ကန်ထဲတွင် ကျွန်းမျော များစွာ ရှိပြီး ၎င်းတို့မှာ အင်းသူအင်းသားများ နှင့် လက်မှုပစ္စည်းအရောင်းဆိုင် များစွာ တို့ အတွက် ဇာ တိမြေ လည်း ဖြစ်ပါသည်။အထင်ရှား ဆုံး ဘုရားပုထိုး မှာ ဖောင် တော် ဦး စေတီတော် ဖြစ်ပြီး ပွဲတော် ရာ သီ အတွင်း ဆို လျှင် ဒေသခံ များစွာ တို့အတွက် လာ ရောက် လည် ပတ်စရာ နေရာ တစ်ခု လည်း ဖြစ်သည်။ အားလပ်ရက် အပန်းဖြေခရီးသွားစရာ နေ ရာ တစ်ခု

ဖြစ်သော် လည်းရရှိနိုင်သော ခရီးသွား ဝန်ဆောင် မှုများ မှာ အကန့်အသတ်နှင့် ရှိနေ ပါသေးသည်။ အင်းလေးကန် ၏ရာသီဥတု မှာ တစ်နှစ်ပတ် လုံး သာယာ သော ရာသီ ဥတု ရှိကာ ဒီ ဇင် ဘာ လ မှ ဖေဖော်ဝါရီ လ များ တွင်း ညပိုင်းခ်ဉ် အအေး ကဲ လျက် ရာသီ ဥတု မှာ မုတ်သံရာသီဥတု ဟု ဆို နိုင်ပါသည် ။ မေလ မှ အောက် တို ဘာ အထိ စို စွတ် နေတတ် ပြီး မိုးသည်း ထန်စွာ ရွာ ချိန် များ တွင် မူ ခရီးသွား လုပ် ငန်း အခြေ အနေ ကို ထိ ခိုက် စေ ပြီး ခရီးသည် များ အတွက် လည်း သွား ရောက် ရန် သင့် တော် ခြင်း မရှိပေ။

Amata Garden Resort (အင်းလေးကန်) အနေ ဖြင့် အခန်းပေါင်း (၁၈၉) ခန်းရှိ ပြီး အင်းလေးကန် တဝိုက်ရှိ ရရှိနိုင်သော အခန်း အား လုံး ၏ ဈေးကွက် ဝေစု ၅.၈ ရာ ခိုင် နှုန်း၂ ကို ရရှိ ထား ပါသည်။

Amata Garden Resort (အင်းလေးကန်) မှာ အထပ် ၃ ထပ် ဖြင့် တစ်ခုတည်းသော အထပ် မြင့် ဟို တယ် ဖြစ်ပြီး အဆင့် မြင့် ပြင် ဆင် ထား သော Royal Deluxe အခန်းပေါင်း ၉၃ ခန်း၊ Deluxe အခန်းပေါင်း ၆၀၊ Superior ၁၄ ခန်း၊ အဆင့် မြင့် Deluxe Suite အခန်းကြီး နှစ် ခန်း ၊ အထူး ဧိမ်ခံ အခန်း ကြီး ၂၀ ရှိသော “Amata Villa” ရှိပြီး စားသောက်ဆိုင်တစ် ခု ၊ ဘားတစ်ခု ၊ ရေကူးကန် တစ်ခု ၊ ကန် နဘေး မှ ဘားတစ်ခု အပြင် အကြောပြင် အနှိပ် စင်တာ များ လည်းရှိပါသည်။ တည်းခို ဆောင်များ တွင် လည်း သီးသန့် ဝရံတာ များ၊ လေအေးပေးစက် တစ်ခု စီ ၊ အလုပ် စားပွဲ ၊ ကော်ဖီ လက်ဖက်ရည် ဝန်ဆောင် မှုများ ၊ ဂြိုဟ်တု တီဗီ၊ ဘားအသေးစား၊ အခန်းတွင်း အာမခံသေတ္တာ ၊ အခန်းသန့်ရှင်းရေး ဝန်ဆောင်မှု ၊ ရေပူရေအေး နှင့် ရေချိုးခန်း နှင့် ညနေခင်း အိပ်ရာ ပြင်ပေးခြင်း ဝန်ဆောင်မှု များ ပါ ပါဝင်ပါသည်။

အခန်းဌားရမ်းခအနေ ဖြင့် မေလမှ စက်တင်ဘာ လအထိ ခရီးသည် အဝင်ပါးသော ကာလတွင် တစ်ည တာ တည်းခိုခ များ ကို အမေရိကန် ဒေါ်လာ ၅၀ မှ ၆၀ အထိ ရှိပြီး၊ အောက်တိုဘာမှ ဧပြီ လ အထိ ခရီးသွား ဝင်ရောက်မှုနှုန်း အမြင့် ဆုံး အချိန်တွင် တစ်ညတာ တည်းခို ခန်းခများမှာ အမေရိကန်ဒေါ်လာ ၆၅ မှ ၁၁၀ အထိ သတ်မှတ် ထား ရှိပါသည်။

"My Hpa-An Residence" by Amata

"My Hpa-An Residence" by Amata သည် အမှတ် ၅/၆ တော်ပုံကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်၊ မြန်မာနိုင်ငံတွင် တည်ရှိပါသည်။ ဇွဲကပင်တောင်ခြေတွင် တည်ရှိပြီး မြို့ပြလူနေမှုဘဝ မှ လွတ်မြောက်လိုသော မြို့ပြနေပြည်သူများ အလုပ်နားရက်တွင် လာရောက်လည်ပတ်ကြသည့် ထင်ရှားသောနေရာတစ်ခုဖြစ်ပြီး သဘာဝဂူများ တစ်လျှောက် ခြေလျင်တောတိုးခရီးသွားခြင်း၊ တောတောင်တစ်ဝိုက် လမ်းလျှောက်သွားလာခြင်း၊ ဇွဲကပင်တောင်တက်ခြင်း သို့မဟုတ် အနီးရှိ မြို့တွင်လည်ပတ်ခြင်း စသဖြင့် လှုပ်ရှားလည်ပတ်စရာစုံ သည့်နေရာဖြစ်ပါသည်။ “My Hpa-An Residence” by Amata သည် လေဆိပ်ချိတ်ဆက်မှု အကန့်အသတ်ရှိသည့် သီးသန့်ဆန်သော နေရာတစ်ခုဖြစ်ပါသည်။ ခရီးသွားအများစုမှာ ရန်ကုန်မှတစ်ဆင့် လာရောက်ရန်သာ ရွေးချယ်လေ့ရှိပြီး ကား သို့မဟုတ် ဘတ်စ်ကားဖြင့် ခြောက်နာရီခန့်ကြာမြင့်သည့်ခရီးဖြစ်ပါသည်။ လက်ရှိတွင် ဗီလာ(villa) ၂၀ ရှိပြီး နောက်လာမည့် ဘဏ္ဍာရေးနှစ်တွင် နောက်ထပ် ဗီလာ(villa) ၁၀ လုံး ထပ်တိုးသွားမည်ဖြစ်ပါသည်။ အပန်းဖြေ

ဗီလာ(villa)အသီးသီးတွင် သီးသန့် လသာဆောင်များရှိသောကြောင့် ပြိုင်ဘက်ကင်းသည့် ဇွဲကပင်တောင်နှင့် ဝန်းကျင်တောတောင်အလှအပ မြင်ကွင်းကျယ်ကိုရှုစားနိုင်ပါသည်။ မိမိတို့အပန်းဖြေစခန်း၏ မွမ်းမံပြင်ဆင်ထားသော နေရာထိုင်ခင်းများမှာ ရိုးရာတဲအိမ် ပုံစံကို သားနားခေတ်မီစွာ ပြောင်းလဲ ဖန်တီးထားခြင်းဖြစ်ပြီး သစ်သားခန်းဖွဲ့ဖြင့်မွမ်းမံထားရာ ဗီလာအသီးသီးအတွက် သီးသန့်အေးဆေးစိတ်ငြိမ်စွာ နေထိုင်နိုင်ပါသည်။ မိမိတို့၏ စားဖိုမှူးကြီးများက အထူးတလည်ပြင်ဆင်ပေးထားသော တစ်မူထူးခြားသောဟင်းအမယ်မျိုးစုံ တရုတ်၊ ထိုင်း၊ မြန်မာ ဟင်းလျာများအပါအဝင် အာရှချက်ပြုတ်နည်းများဖြင့် တည်ခင်းသော စားသောက်ဆိုင်တစ်ဆိုင်လည်း ပရဝုဏ် အတွင်း တည်ရှိပါသည်။

ပုဂံ ၊ အင်းလေး ၊ မန္တလေး နှင့် ငပလီ ကမ်းခြေတွင် ရှိသော လူစီးမီးပုံးပျံဝန်ဆောင်မှု

Amataလုပ်ငန်းစု ၏ လူစီးမီးပုံးပျံဝန်ဆောင် မှု များ ကို Myanmar Ballooning Company Limited မှ ဝန်ဆောင် မှု ပေးအပ် ခြင်း ဖြစ်ပြီး ၎င်း မှာ မြန်မာ နိုင်ငံရှိ လူစီးမီးပုံးပျံ သန်း သူ အော် ပရေ တာ လေး ခု အနက် မှ တစ် ခု လည်း ဖြစ်ပါသည်။ Myanmar Ballooning Company Limited အနေ ဖြင့် တစ်စင်းလျှင် ခရီးသည် ၁၂ ဦး စီ လိုက် ပါ စီးနင်း နိုင်စွမ်းရှိသော လူစီးမီးပုံးပျံ၁၅ စင်း ကို မောင်း နှင် ပေး နေ ခြင်းဖြစ်ပါသည်။ အဆို ပါ လူစီးမီးပုံးပျံ များ ကိုအင်္ဂလန် တွင် ရှိသော ကမ္ဘာ့ အကြီး ဆုံး မိုး လူစီးမီးပုံးပျံထုတ် လုပ် သူ(Camerron Ballons Co. Ltd.,) မှ ထုတ် လုပ် ထား ခြင်း ဖြစ်ပါသည်။ ကျွန်ုပ် တို့၏ လူစီးမီးပုံးပျံ ပျံသန်း မောင်းနှင် သူ များနှင့် နည်း ပညာ ရှင် များ မှာ ဥရောပ မှ ကျွမ်းကျင် ပညာ ရှင်များ ဖြစ်ပြီး အင်္ဂလန် တွင် လေ့ကျင့် ကာ မှတ် ပုံ တင် ထား ကြသူများ လည်း ဖြစ်ပါသည်။ ထို့ အပြင် Myanmar Ballooning Company Limited အနေ ဖြင့် လည်း လေရူးသုန်သုန် လီမိတက် နှင့် အကြံပေးစာချုပ် ချုပ်ဆို ထား ပြီး ၊ လေ ရူးသုန်သုန် လီမိတက် (Gone With the Wind Limited) အနေ ဖြင့် Myanmar Ballooning Company Limited အား မြန်မာပြည် အတွင်း ကောင်းစွာ အခြေ တကျ ထူထောင်ရန် နှင့် စီးပွား ဖြစ် လူစီးမီးပုံးပျံခရီးသည်ပို့ဆောင်ရေး လုပ် ငန်းအဖြစ် လည် ပတ် ဆောင်ရွက် နိုင်သည် အထိ ကူညီ ရန် နှင့် သက်ဆိုင်ရာ ကျွမ်းကျင် သူ များ ကို စေလွှတ်ပေးရန် ဖြစ်သည်။

Myanmar Ballooning Company Limited မှ ဆောင်ရွက် ပေးသော ဝန်ဆောင်မှုမှာ စီးနင်း မည့် ခရီး သည် ကို ယင်း ၏ ဟို တယ် မှ သွားရောက် ကြိုဆို ပေးသည့် စင်းလုံး ငှား ဝန်ဆောင်မှုများ ပါဝင်သည်။ လူစီးမီးပုံးပျံ စီးနင်းလိုက်ပါ သူများအတွက် အဆာပြေ မနက်စာနှင့် ရေကို ဝန်ဆောင်မှုအဖြစ် ထောက် ပံ့ပေးပါသည်။ လူစီးမီးပုံးပျံမောင်းနှင်သူမှ စီးနင်းလိုက်ပါသူများ၏ လုံခြုံရေးနှင့်ပတ်သက်သော အချက်များကို လူစီးမီးပုံးပျံမစီးမီပြောကြားပေးပါသည်။ လူစီးမီးပုံးပျံတစ်ခုချင်းစီ၏ သယ်ဆောင်နိုင်သည့် လူအရေအတွက်မှာကွဲပြားပြီး ၄၊၆၊၈၊၁၂ ယောက်အထိ လိုက်ပါစီးနင်းနိုင်ပါသည်။စီးနင်းခမှာ နေရာဒေသအလိုက်ကွဲပြားပြီး တစ်ဦးလျှင် USD ၁၅၅ မှ ၃၈၇ အထိကျသင့်မည်ဖြစ်ပါသည်။

“Awinka” အမှတ် တံဆိပ် အသစ်

မိမိ တို့ အနေ ဖြင့် “Awinka” အမှတ် တံဆိပ်အမည် အသစ်မှ တစ်ဆင့် နိုင်ငံအတွင်း အရေအတွက် ကြီးထွား လာ နေ သော လုပ်ငန်း ကိစ္စ ဖြင့် ခရီးသွားသူ များ အတွက် ရည်ရွယ် ကာစျေးနှုန်း သက်သာ သော ဟိုတယ်များ ကို ချဲ့ထွင် လုပ် ဆောင် ရန် အတွက် စီမံကိန်း ချ မှတ် ခြင်း နှင့် အကောင် အထည်ဖော်ခြင်း လုပ် ငန်း များ ကို လက်ရှိတွင် ဆွေး နွေး လျက် ရှိကြ ပါသည်။ အားလပ်ရက် များ တွင် စျေးနှုန်းသက်သာစွာ ခရီးသွားလို သူ ခရီး သွား များနှင့် လုပ် ငန်း ကိစ္စ ခရီး ထွက် နေ ကြ ရသော ခရီးသွား များ ကို ဝန်ဆောင်မှု ပေးနိုင်ရန် အတွက် ထို “Awinka” အမည် ဖြင့် ဟိုတယ် အများ အပြား ကို မြန်မာ နိုင်ငံ အနှံ့ အပြား တွင် ရှိသော မြို့ငယ် မြို့လတ်များ သို့မဟုတ် ခရီးသွားများလာရောက်မှုများသည့်နေရာများ တွင် တည် ဆောက် သွား မည် ဖြစ်ပါသည်။ ***“အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ၊ အားသာချက်များ/ မဟာဗျူဟာများ - မဟာဗျူဟာ- ရွေးချယ် ထား သော အပန်း ဖြေစခန်း များ နှင့် ဟိုတယ် ရင်နှီး မြှုပ်နှံမှုများ ၏ စီးပွား ရေး တိုး တက် လာနေ မှု ကို စီစစ်လေ့လာ ခြင်း”*** အပိုဒ် ကို ကြည့် ပါ။

၃-၂-၃။ အရောင်းနှင့် စျေးကွက် မြှင့်တင်နိုင်မှုအခြေအနေ

စျေးကွက်အတွင်း နေရာယူ ခြင်း နှင့် ကုန်အမှတ် တံဆိပ် ထူထောင် ခြင်း နှင့် စပ်လျဉ်းပြီး မြန်မာ နိုင်ငံတွင် Amata လုပ် ငန်းစု အနေ ဖြင့် အဆင့် မြင့် ဟိုတယ် နှင့် ခရီးသွား ဝန်ဆောင်မှုပေးအပ်သည့် လုပ် ငန်း အ ဖြစ်နေရာယူထား ခြင်း ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ရေရှည်တည်တံ့ သော ပတ်ဝန်းကျင် နှင့် လူမှုရေး အ လေ့ အထ များ ကို ထိန်းသိမ်း ဆောင်ရွက်နေစဉ်မှာ ပင် ဧည့် သည် တော် များ အတွက် အရည်အသွေးမြင့် ဟိုတယ်နေရာထိုင်ခင်း နှင့် ထူးကဲသောဧည့် ဝတ်ကျေပွန်မှု တို့အပြင် စိတ်အပန်း ပြေခြင်း နှင့် ပျော်ရွှင် သော အတွေ့အကြုံ တို့ ကိုရရှိစေရန် ရည်ရွယ်ပါသည်။ မိမိ တို့ထံ လက်ရှိ တွင် လာ ရောက်တည်းခိုကြ သော ဧည့် သည် များ မှာ မတူညီသော ယဉ်ကျေးမှု ဓလေ့ စရိုက်များ ကို စူးစမ်းလေ့ လာရန် နှင့် အတွေ့အကြုံရရှိစေရန် စိတ်အားထက်သန်သော ဧည့် သည် များ ဖြစ်ပါသည်။ မိမိတို့ ဦးတည် ထား သော ဧည့်သည် အမျိုးအစားများ မှာ ယဉ်ကျေးမှုအမွေအနှစ်များ၊ထူးကဲသော ရိုးရာ ပြယုဒ်များ ဖြစ်သည့် ထုတ်ကုန်များ ၊ လှုပ်ရှားဆောင်ရွက်မှုများ နှင့် စဉ်ဆက်မပြတ် ဖြစ်ထွန်း မှုများ ကို တန်ဖိုး ထားကြသူများ ဖြစ်ကြ ပြီး အသက်အရွယ် အမျိုးမျိုးသောခရီးသွား များ ဖြစ်ကာ ဝင်ငွေရှာဖွေမှု အလယ်အလတ် မှ မြင့် မားသော လူတန်းစား များ အထိ ပါဝင်ပါသည်။ အထက်ဖော်ပြပါ ခရီးသွား အတွေ့အကြုံ များ အတွက် မြင့် မားလာ မည် တောင်းဆို မှုများ ကို မလွတ်တမ်းဖမ်းဆုပ် နိုင်ရန် အတွက် မိမိတို့၏ လုပ် ငန်းစု များ ကို ကောင်းစွာ နေရာ ချ ထား ပေးပြီး လည်း ဖြစ်ပါသည်။

မိမိတို့ ပိုင် ဟိုတယ်များ မှာ ခရီးသွား များ ကို ဆွဲဆောင် နိုင်သော အဓိက နေရာ များ နှင့် နီးကပ်စွာတည် ရှိနေ ကြ သဖြင့် ခရီးစဉ်များနှင့် ဝန်ဆောင်မှုများ ကိုအပြန် အလှန်ရောင်းချ ပေးနိုင်မှု အတွက် အခွင့် အလမ်းများ ရရှိစေပါသည်။ ဥပမာ- မိမိတို့ ဟို တယ် များ တွင် တည်း ခို နေ ထိုင်သူ ဧည့်သည် များ အဖို့ လူစီးမီးပုံးပျံစီးနင်း မှု ကိစ္စ များ အတွက် အရောင်းမြှင့် တင် မှုဆိုင်ရာ ခံစား ခွင့်များရရှိနိုင်မည် ဖြစ်သကဲ့ သို့ ကျွန်ုပ်တို့ပိုင်ဆိုင်သော အခြားဟိုတယ် များ ၏ သတင်းအချက်အလက် များ ကိုရရှိနိုင်မည် ဖြစ်ပါသည်။

ဤအနေ အထား မှာ မိမိတို့ အတွက် မိမိတို့ ၏ ဖောက် သည် များ ကို ရေရှည် ထိန်းသိမ်းထား နိုင်ရန် နှင့် ဝင်ငွေများ ကို အမြင့် ဆုံး အနေ အထား အထိ လုပ် ဆောင်သွား နိုင်စေရန် အထောက် အကူ လည်း ဖြစ်ပါသည်။ ထို အပြင် မိမိတို့ လုပ်ငန်းစု ကြီး တစ်ခု လုံး ၏ ဖောက်သည် များ ကို ချောမွေ့စွာ စီမံဆောင်ရွက်သွား နိုင်ရန် အတွက် တစ်ပေါင်းတည်း ဖြစ် သော နည်း ပညာ အခြေခံ များ (ဆော့ဖ်ဝဲ)တစ် ခု ကို လာမည့်ပြက္ခဒိန်နှစ်တွင် ချမှတ် လုပ်ဆောင်သွား ရန် အတွက် ပြင်ဆင် နေ ပြီ ဖြစ်ပါသည်။

မိမိတို့၏ ဟိုတယ်ခန်း များ ကို ကြိုတင် ဘိုကင် ပြုလုပ် ခြင်း များစွာကို မြန်မာ ပြည် ရှိ အဓိက ခရီးသွား အေ ဂျင် စီများနှင့် အပြည် ပြည် ဆိုင်ရာ ဘိုကင် ဝက်ဆိုဒ်များ မှ တစ်ဆင့် ပြု လုပ် နေကြ ခြင်း ဖြစ်ပါသည်။ မြန်မာ ပြည် ရှိ အဓိက ခရီးသွား အေ ဂျင် စီများနှင့် အပြည် ပြည် ဆိုင်ရာ အွန်လိုင်း ဘိုကင် ဝက်ဆိုဒ်များ ကို ပေးချေ မှု ပြု လုပ် ရသော အချိန် ကာလများ မှာ လည်း မတူ ညီ ကြပါ။ ပြည် တွင်းရှိ အဓိက ခရီးသွား အေဂျင်စီ များ အတွက် အချိန် တစ် လ အထိ ပေးချေမှု ဆိုင်းငံ့ ခွင့် ပြု ထားသော် လည်း အခြား ကိစ္စများ တွင် မူ ဧည့် သည် မရောက်မီ ငွေ အပြည့် ပေးချေ မှု ကို ၂ ပတ် ကြိုတင်ကာ ပြုလုပ် ပေးစေရန် တောင်းဆို ထား ပါသည်။ နိုင်ငံတစ်ကာ မှ အွန်လိုင်း ဘို ကင် ပြုလုပ် သည့် ဝဘ်ဆိုဒ်များ အနေ ဖြင့် လစဉ်ငွေပေးချေ မှုကို ပုံ မှန် ပြုလုပ်လေ့ ရှိပါသည်။ ပြည်တွင်းခရီးသွား အေဂျင်စီများ နှင့် ချုပ်ဆို ထား သော စာချုပ်များ ၏ သတင်း အချက် အလက်များ ကို ***(အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ၊ - စီးပွားရေးလုပ်ငန်းအကြောင်း အသေးစိတ်ဖော်ပြချက်၊ အရေးကြီးသောစာချုပ်စာတမ်းများ)*** တွင် ကြည့်ပါ။

မိမိတို့ လုပ်ငန်းစု၏ အရောင်း မြှင့် တင်မှု ဆောင်ရွက်ချက်များ ကို အဓိက အား ဖြင့် ဧည့် သည့် များ ၏ ပြန်လည် သုံး သပ်ချက် များ ကို ရေးသား လေ့ ရှိသော Trip Advisor ဝက်ဆိုဒ်အပါအဝင် လူအချင်းချင်း နှုတ်အား ဖြင့် ကြော်ငြာ ကြ သည့် နည်း လမ်း တို့ ဖြင့် သာ ဆောင်ရွက်လေ့ ရှိပါသည်။

အကြံပေးကုမ္ပဏီအနေ ဖြင့် အခြား လုပ်ငန်းများစွာ ထဲမှ မိမိတို့၏ လုပ်ငန်းစု၏ ဈေးကွက် ရှာဖွေရေး အစီအစဉ် ကို ပြန်လည် သုံး သပ် ခြင်း နှင့်အရောင်းမြှင့် တင် မှုများ ပြုလုပ် ပေးမည် ဖြစ်ပြီး လုပ်ငန်း စုကို ကိုယ်စားပြုလျက် ၎င်း၏ အဓိက ဖေါက်သည် များ ထံသို့ အီးမေးလ် ပေးပို့ ခြင်း စသည့်လှုပ်ဆောင်မှု များ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ ဤအပိုင်း နှင့် စပ်လျဉ်းသော သတင်းအချက် အလက်များ ကို ***(အပိုင်း၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ၊ စီးပွားရေးလုပ်ငန်းအကြောင်း အသေးစိတ်ဖော်ပြချက်၊ အရေးကြီးသောစာချုပ်စာတမ်းများ)*** တွင် ကြည့် ရှုနိုင်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် မိမိတို့ စားသုံးသူ များ၏ မျှော်မှန်း ထား ချက် များ နှင့် လိုအပ်ချက်များ ကို ဖြည့် ဆည်းနိုင်ရန် အတွက် စံနှုန်းမြင့် မား သော စားသုံးသူဝန်ဆောင်မှု ကို ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါသည်။ စားသုံး သူဝန်ဆောင်မှုများ ၏ အဆင့် အတန်း မြင့် မားနေစေရေး အတွက် လုပ်ငန်းစု တစ်ခု လုံး တွင် ရှိသော မိမိတို့၏ အရောင်း နှင့် ဈေးကွက်ရှာ ဖွေရေး ဝန်ထမ်းများအားလုံး ကို စနစ်ကျနစွာ သင်တန်းပေး မှုများ ဆောင်ရွက်ထား ရှိပါသည်။

ဧည့် သည်များ ၏ အလို ဆန္ဒများ ကို ဖြည့် ဆည်းပေးနိုင်ရန် အတွက် ဧည့် သည် များ က မိမိတို့ဟိုတယ်များ တွင် တည်းခို နေ ထိုင်စဉ်အတောအတွင်း သို့မဟုတ် ခရီးစဉ် အတွင်းတွင် ပေးထား သော ထင် မြင် ယူဆ ချက်

များအတိုင်း စီမံဆောင်ရွက် ပေး နိုင်ရန် အစီအစဉ် များ လည်း ထားရှိပါသည်။ အကယ်၍ ဤအကဲဖြတ် မှတ်ချက် ပြု ရသည့် လမ်းကြောင်းမှ တစ်ဆင့် ကျွန်ုပ် တို့ ၏ ဧည့် သည် များ က အကြောင်းကြီးငယ် ရှိကြောင်း ပြောကြား လာ ပါက ထို ကိစ္စများ ကို ဖြေရှင်း ရန် နှင့် ပြင်ဆင် ရန် အတွက် သင့်လျော် လုံ လောက်သော ဆောင်ရွက်ချက် များ နှင့် အရေးယူ ဆောင်ရွက် မှု ကို လုပ် ဆောင်သွား မည် ဖြစ်ပါသည်။ အကဲဖြတ် မှတ် ချက် ရယူ ခြင်း ဆို သည် မှာ ဧည့် သည် များ အား မေးခွန်း များ ပါ ဝင်သည့် ပုံ စံ တစ် ခု ကို ဖြေပေးရန် တောင်း ဆိုခြင်း သို့မဟုတ် ဟိုတယ် အသီးသီးရှိ စီမံခန့်ခွဲ မှုအဖွဲ့ဝင်တစ်ဦးဦးနှင့် စကားစမြည်း ပြောဆိုခြင်း တစ်ခုခု ပါဝင်ပါသည်။

၃-၂-၄။ ဈေးကွက်ပြိုင်ဆိုင်မှုအခြေအနေဖော်ပြချက်

ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာအနှံ့ဖြစ်ပွားပျံ့နှံ့မှုကြောင့်၊ ကမ္ဘာ့စီးပွားရေးသည် ရုတ်တရက် မမျှော်မှန်းနိုင်သော စီးပွားရေးကျဆင်းမှုနှင့်ရင်ဆိုင်နေရပြီး လူအမြောက်အများအလုပ်လက်မဲ့ဖြစ်ခဲ့ရသကဲ့သို့ နှင့် ယေဘုယျအားဖြင့် သွားလာလှုပ်ရှားမှုများ၊ စီးပွားရေးလုပ်ငန်းလည်ပတ်မှုများအပေါ်တွင်လည်း ကန့်သတ်မှုများစွာ ရှိလာခဲ့ပါသည်။ ယင်းအကန့်အသတ်များသည် အချိန်ကာလတစ်ခုအထိ ဆက်လက်ရှိနေဦးမည်ဟု မျှော်မှန်းထားပြီး ယင်းကန့်သတ်မှု အစီအမံများ ဖြေလျှော့မှုမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ဖြစ်ပွားကူးစက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေးနှင့် ကုသမှု ရှာဖွေတွေ့ရှိနိုင်ခြင်းအပေါ် မှီတည်နေပါသည်။ ကိုဗစ်-၁၉ အခြေအနေသည် ကမ္ဘာ့စီးပွားကျကပ် ဆီသို့ဦးတည်သွားနိုင်ပြီး အထူးသဖြင့် ကာလတိုအတွင်း (ခရီးသွားလာမှုအပါအဝင်) လိုအပ်သလောက်သာရွှေတာသုံးစွဲမှုဖြင့် သိသိသာသာလျော့ကျသွားနိုင်ပါသည်။ သို့ရာတွင်၊ ကာလလတ် နှင့် ကာလရှည် ရှုထောင့်အရဆိုလျှင်၊ ဆက်လက်ဖြစ်ပေါ်နေသောမြန်မာနိုင်ငံ၏ စီးပွားရေးဖြေလျှော့ မှု များမြန်ဆန်လာခြင်း နှင့် ဒီမိုကရေစီအစိုးရတစ်ရပ်အဖြစ် နိုင်ငံရေး အသွင်ကူး ပြောင်မှုများပြုလျက်ရှိခြင်းကြောင့် မြန်မာ နိုင်ငံ ၏ ဗျူဟာမြောက် နေရာ ဒေသ များ တွင် ပြည်တွင်း ပြည် ပ ရင်းနှီး မြှုပ်နှံသူ များ က ဟိုတယ် နှင့် အပန်းဖြေ လုပ်ငန်း များ ပိုမိုထူထောင် လုပ်ကိုင်လာ ကြခြင်းမျိုး ဖြစ်ပေါ်လာ စေနိုင်ပါသည်။ လက်ရှိအချိန်တွင် မူ မြန်မာနိုင်ငံ၏ ဟိုတယ် နှင့် ခရီးသွား လုပ် ငန်း နယ်ပယ်မှာ ပြန့်ကျဲလျက် လုပ်ငန်းဆောင်ရွက် မှု နယ်ပယ် အတွင်း တစ်ဦးတည်းထွန်းပေါက်စွာ လွှမ်းမိုး လုပ်ကိုင် ဆောင်ရွက်နိုင် သူ မရှိသေးသည့် ကာလ ဖြစ်ပါသည်။

ဟိုတယ် လုပ်ငန်းနယ်ပယ်တွင် ကုမ္ပဏီများ အနေ ဖြင့် ပြည်တွင်း ပြည် ပ မှ ဟို တယ် လုပ် ငန်းရှင်များ၏ ယှဉ်ပြိုင် မှု များကို ကြုံတွေ့နေရပါသည်။ အချို့သော ယှဉ်ပြိုင်သူ များ မှာ ဟိုတယ် လုပ်ငန်း ကို စီမံခန့်ခွဲရာ ၌ ပိုမို ကျင် လည် ကောင်း ကျင် လည် နိုင်သည် သို့မဟုတ် ဟိုတယ်လုပ်ငန်းတိုးတက်ရန်ရည်ရွယ်၍ မြေနေရာကောင်းများကို ဝယ်ယူနိုင်ခြင်း သို့မဟုတ် ဟိုတယ် ဖွံ့ဖြိုး တိုး တက် အောင် လုပ် ဆောင်ရာ တွင် ပိုမို အတွေ့အကြုံ ရင့်သန် နေမှုများ ရှိနေနိုင်ပါသည်။ နိုင်ငံတွင်းသို့ စီးဝင်လာသောပြည်ပဟိုတယ်လုပ်ငန်း လုပ်ကိုင်သူ အများစု ဖြစ်သော Shangri-La ၊ Kempinski၊ Pan Pacific ၊ Hilton ၊ Novotel ၊ Best Western

၊ Dusit International ၊ Melia ၊ Ibis ၊ Belmond ၊ Park Royal. Wyndharm, Rosewood, Pullman, Peninsula, Okura, Central, Lotte, Sedona, Chatrium, Savoy, The Strand စသည် ဖြင့် နိုင်ငံတကာတွင် ကျော်ကြားအောင်မြင် ပြီးသား အမည် တစ်ခု ခု ၏ အောက် မှ သတ်မှတ် စံချိန်စံနှုန်း များ အတိုင်း လုပ် ကိုင်ခြင်း (Franchise Agreement) နှင့် စီမံခန့်ခွဲမှုများ ဆောင် ရွက် ပေး နိုင်ရန် စာချုပ် ချုပ်ဆို လုပ် ကိုင်ခြင်း ပုံ စံများ ဖြင့် ဝင်ရောက် လာ ကြ ခြင်း ဖြစ်သည်။ နောက်ဆုံးတင်သွင်းသည့်ရက်စွဲအရ အဆိုပါ ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူ အများစုမှာ ရန်ကုန်၊ နေပြည်တော် နှင့် မန္တလေးမြို့များတွင်သာ လုပ်ကိုင်ကြပြီး ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်သည့် ဒေသနှင့် တူညီခြင်းမရှိပါ။ သို့သော်လည်း ၎င်းတို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်သည့် ဒေသတွင် စတင်လုပ်ငန်း လုပ်ကိုင်ပါက ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာဖွယ်ရှိပါသည်။

အောက်ပါဇယား တွင် ဖော်ပြထားသည်မှာ တူညီသောဒေသ နှင့် တူညီသော ဧည့်သည်အပိုင်းအခြား ကိုရည်ရွယ်ကာ ဝန်ဆောင်မှုပေး လျက်ရှိသော ၊ အနည်းဆုံး ၄င်း တို့ လက် အောက် တွင် ဟို တယ် ၃ ခု အထိ လည် ပတ်လုပ် ဆောင်နေသော ပြည် တွင်းလုပ်ငန်းစုများကို ဖော်ပြထားပါသည်။ ယှဉ်ပြိုင်မှုများတိုးပွားလာနေသော်လည်း မိမိတို့လုပ်ငန်းစုအ နေဖြင့်လုပ်ငန်းလည် ပတ်ဆောင်ရွက်ခဲ့သော လမ်းကြောင်း တစ်လျှောက် နှင့် သက်သေ ပြခဲ့ပြီး ဖြစ် သော စီမံခန့်ခွဲမှု များ အရ ခြေလှမ်း မြန်ဆန် ခြင်း ၏ အကျိုး ကျေး ဇူး ကို ခံစား နေရဆဲ ပင် ဖြစ်ပါသည်။ လုပ်ငန်းစု အနေ ဖြင့်အဓိ က ရရှိနေသော မဟာဗျူဟာမြောက် အခွင့် အရေး တစ် ခု မှာ ဒေသတွင်း မိမိတို့ အခြေစိုက် လုပ်ဆောင် လျက်ရှိသော ဒေသများတွင် အဓိက ပြိုင်ဆိုင်သူ များ ရောက်ရှိမလာသေးခင် အချိ်န်တွင် အမတ အနေ ဖြင့် အရည် အသွေး မြင့် မားသော နေရာ ထိုင်ခင်း အပြင် အဆင် ပံ့ပိုးဆောင်ရွက်ပေးနိုင်မှု များ ကြောင့် မိမိတို့ ၏ ကိုယ် ပိုင် အမှတ် တံဆိပ် ကို ထူထောင် သွား နိုင်ခြင်းပင် ဖြစ်ပါသည်။ အဓိကကျသော နေရာ ဒေသများ ကို အမိအရ ဆုပ်ကိုင်နိုင်ခြင်းကြောင့် ထို ဆွဲဆောင်မှုများ ဖြင့် ပြည့်ဝနေသော နေရာဒေသတစ်ဝိုက် ကိုလည် ပတ် သွားလာ ပြီး စူးစမ်းလေ့လာ လိုသော ခရီးသွား များ ကို ဆွဲဆောင်နေနိုင်ခြင်း ဖြစ်ပါသည်။ ကုန် လွန်ခဲ့သော နှစ်များ အတွင်း က မိမိတို့ အနေ ဖြင့် ဆွတ်ခူး နိုင်ခဲ့ သည့် ဆု တံဆိပ် များ စွာမှာ မိမိတို့၏ ဝန်ဆောင်မှုကောင်းများ အတွက် ရလဒ်များ ပင် ဖြစ်ပါသည်။

ကုမ္ပဏီ	တည်နေရာ	ဟိုတယ် အတန်းအစား
Amata	ပုဂံ၊ ငပလီ၊ အင်းလေး နှင့် ဘားအံ	ကြယ်လေးပွင့် (Amata)၊ ကြယ်သုံးပွင့် (Awinka)
Htoo Hospitality	ရန်ကုန် ၊ ပူတာအို၊ ပုဂံ၊ အင်းလေး၊ နေပြည်တော်၊ ငပလီ၊ ငွေဆောင်၊ ပုပ္ပါး၊ မြိတ်၊ ပုသိမ်၊ ပြင်ဦးလွင်	ကြယ် ၃ ပွင့်၊ ကြယ် ၄ပွင့် နှင့် ကြယ် ၅ ပွင့် ဟိုတယ်များ
KMA Hotels Group	ပုဂံ၊ တောင်ငူ၊ နေပြည်တော်၊ အင်းလေး၊ ပဲခူး၊ သံတောင် နှင့် ရွှေပြည်	ကြယ် ၃ ပွင့် နှင့် ကြယ် ၄ ပွင့် ဟိုတယ်များ

အမေးဇင်း ဟိုတယ်များ လုပ်ငန်းစု (Amazing Hotels Group)	ငပလီ၊ပုဂံ၊ချောင်းသာ၊မန္တလေး၊ညောင်ရွှေ၊ အင်းလေး၊တောင်ငူ နှင့် ကျိုင်းတုံ	ကြယ် ၃ ပွင့် နှင့် ကြယ် ၄ ပွင့် ဟိုတယ်များ
Memories Group	ရန်ကုန်၊ မြိတ်ကျွန်းစု၊ မော်လမြိုင်၊ လွှိုင်ကော်နှင့် ဘားအံ	ကြယ် ၃ပွင့် ၊ ကြယ် ၄ ပွင့် နှင့် ကြယ် ၅ ပွင့် ဟိုတယ်များ
Max Hotel Gorup	ရန်ကုန်၊ ငွေဆောင်၊ အင်းလေးနှင့် နေပြည်တော်	ကြယ် ၃ ပွင့်၊ ကြယ် ၄ပွင့် နှင့် ကြယ် ၅ ပွင့် ဟိုတယ်များ

ရှေ့တွင် ဖော်ပြခဲ့ သည့် အတိုင်းအားလပ်ရက် များ တွင် စျေးနှုန်းသက်သာစွာ ခရီးသွားလို သူ ခရီး သွား များနှင့် လုပ် ငန်း ကိစ္စ ခရီး ထွက် နေ ကြ ရသော ခရီးသွား များ ကို ဝန်ဆောင်မှု ပေးနိုင်ရန် အတွက် "Awinka" အမည် ဖြင့် ဟိုတယ် အများ အပြား ကို မြန်မာ နိုင်ငံ အနှံ့ အပြား တွင် ရှိသော မြို့လတ်၊ မြို့ငယ်များ၊ ကမ္ဘာလှည့်ခရီးသွားလာရောက်ရာနေရာများ နှင့် မြို့နယ် များ တွင် တည် ဆောက် သွား မည် ဖြစ်ပါသည်။ အဆိုပါ မြို့ငယ် ကလေးများ တွင် သင့်တင့် သော ဧည့် ဝတ်ကျေပြွန်မှုဝန်ဆောင်မှုများ မှာ သိသာစွာ နည်းပါးလျက် ရှိပြီး မိမိတို့ အနေ ဖြင့် ထို ကဲ့ သို့ ဒေသများရှိလုပ် ငန်းနယ်ပယ် အသစ်ကို ဝင်ရောက် လုပ်ကိုင်ရန်အတွက် ဒေသဆိုင်ရာ အသိပညာများ လိုအပ်လျက်ရှိပြီး နောက်လာ မည့်ယှဉ်ပြိုင်သူများမှာ လည်း ထို အရပ်ဒေသများ တွင် မြေနေရာ ရရှိနိုင်ရန် ခက်ခဲနေမည် ဖြစ်သဖြင့် မိမိတို့ အနေ ဖြင့် ယင်းဒေသများ သို့တိုက်ရိုက် ဝင်ရောက် ယှဉ်ပြိုင် ရန်မျှော်လင့် မထား ပါ။

မိမိတို့၏ လက်အောက်ခံလုပ်ငန်းတစ်ခုဖြစ်သော **MB** ကလုပ်ကိုင်နေသည့် **Oriental Ballooning Service** ဝန်ဆောင်မှု နှင့်စပ်လျဉ်း၍ လက်ရှိတွင် ပုဂံဒေသ၌ လူစီးမီးပုံးပျံခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ကိုင် သူ သုံးဦး (**Memories Group Ltd** ၏ **"Balloon over Bagan"** ၊ **Shin Than Thu Public Company Limited** ၏ **"STT Ballooning"** နှင့် **Golden Express Tours Ltd** ၏ **"Golden Eagle Ballooning"** တို့) ရှိပြီး အင်းလေးဒေသတွင် အခြား လူစီးမီးပုံးပျံခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး (**Memories Group Ltd** ၏ **"Balloon over Inle"**) သာရှိပါသည်။ မန္တလေး နှင့် ငပလီတို့တွင် မိမိတို့ မှာ တစ်ဦးတည်း သော လူစီးမီးပုံးပျံခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှု အော်ပရေတာ ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံတွင် လူစီးမီးပုံးပျံခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှု အော်ပရေတာ လုပ်ငန်းသို့ ဝင်ရောက် မည် ဆိုပါက အစိုးရဌာန နှင့် ရုံးဌာနများစွာမှ ကြီးကြပ်ကွပ်ကဲမှုများ အပါအဝင် လိုင်စင်နှင့် ခွင့်ပြု ချက်များစွာရယူရန် လိုအပ်ပြီး အော်ပရေတာ အသစ်အတွက် သိသာသော အတားအဆီးများ ရှိနေဦးမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ပုဂံဒေသတွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိသော လူစီးမီးပုံးပျံ များအတွက် လေထဲသို့ တစ်ကြိမ်ပျံတက်တိုင်း အရေအတွက် ကို ကန့်သတ်ထားပါသည်။ နောက်ဆုံးသိရသောသတင်း အချက် အလက်များ အရဆိုလျှင် ပုဂံဒေသတွင် လေထဲသို့ လူစီးမီးပုံးပျံ ၃၁ လုံးသာ အများ ဆုံး ပျံသန်းခွင့် ရှိပါမည်။

အချုပ်ဆိုရလျှင်၊ ဧည့်ဝန်ဆောင်မှု နှင့် အပန်းဖြေကဏ္ဍသည်=ယှဉ်ပြိုင်မှု ပြင်းထန်အားကောင်းသည့်ကဏ္ဍ ဖြစ်ပါသည်၊ သို့ရာတွင် ဖွံ့ဖြိုးမှုနှုန်းလည်းမြင့်မားသောကြောင့် ရင်းနှီးမြှုပ်နှံရန် နှင့် တိုးချဲ့ရန်လည်း ကောင်းမွန်

သည့်ကဏ္ဍဖြစ်နေပါသည်။ ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန် ခဲ့သည့် လွန်ခဲ့သော ၁၀ နှစ် အတွင်း မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်ခဲ့သော နိုင်ငံတကာခရီးသွားအရေ အတွက်ကို အောက်ပါ အတိုင်း ဇယားဖြင့် ဖော်ပြထားပါသည်။



Top 10 increase in Int'l tourist arrivals (2019)

1 Myanmar	**40.2%**
2 Puerto Rico	31.2%
3 Iran	27.9%
4 Uzbekistan	27.3%
5 Montenegro	21.4%
6 Egypt	21.1%
7 Vietnam	16.2%
8 Philippines	15.1%
9 Maldives	14.9%
10 Bahamas	14.6%

(Source: UNWTO)

ထို့ပြင်၊ ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) ၏ စာရင်းများအရ ကမ္ဘာတစ်ဝန်း နိုင်ငံတကာခရီးသွားလာရောက်မှု ("ညအိပ်ဧည့်သည်များ" ဟု ဖွင့်ဆိုသည်) မှာ ၂၀၁၉ ခုနှစ်တွင် ၄ % မျှ တိုးတက်လာပြီး သန်း ၁,၅၀၀ မျှရှိလာက မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းတွင် တစ်နှစ်တာ ခရီးသွားလာမှု တိုးတက်မှုအမြန်ဆုံးအဖြစ် သတ်မှတ်ခံခဲ့ရပါသည်(အထက်ပါဇယားကိုကြည့်ပါ)။ ၂၀၁၉ ခုနှစ်တွင် မကြာမီက မြင့်တက်လာသော အရှိန်အဟုန်မှာ ကိုဗစ်-၁၉ ပျံ့နှံ့မှုကြောင့် မလွဲမရှောင်သာ နှေးကွေးသွားခဲ့ပြီး ကာလတိုတွင်း ပြန်လည်နာလန်ထူရေးမှာ ဖြည်းဖြည်း ခြင်းသာ ဖြစ်နိုင်ပါသည်။ သို့ရာတွင် ကာလလတ် နှင့် ကာလရှည် ရှုထောင့်မှ ကြည့်မည်ဆိုပါက ခရီးသွား လာရောက်မှုတိုးတက်မှုအရှိဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံ၏ အလားအလာမှာ အင်မတန် ကြီးမား သည်ဟု မိမိတို့ယုံကြည်ပါသည်။ နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးမဂ္ဂဇင်းကြီးတစ်စောင်ဖြစ်သော Forbes ကလည်း မြန်မာနိုင်ငံသည် ကိုဗစ်အလွန်တွင် ကမ္ဘာ၌ ခရီးသွားများ အဓိက လာရောက်လည်ပတ်ရာနေရာတစ်ခု ဖြစ်လာ မည့် "ခရီးသွားလုပ်ငန်း ၏ ထွန်းသစ်စကြယ်ပွင့်များ" အနက်မှ တစ်ခုအဖြစ် သုံးသပ်ခဲ့ ပါသည် (ကိုးကား - ၂၀၂၀ခုနှစ် မေလ ၃၁ရက် တွင် Forbes.com တွင် လွှင့်တင်ထားသည်)။ ကိုဗစ်-၁၉ ကပ်ရောဂါ လျော့ပါးသွားပါက ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် မျှော်မှန်းရသော တိုးတက်မှုကို အရှိန်ယူအသုံးချနိုင်စွမ်း မိမိတို့တွင် ရှိသည်ဟု ယုံကြည်ထားသကဲ့သို့ ဤကဏ္ဍနယ်ပယ်တွင် မိမိတို့ထိထိ ရောက်ရောက် ဆက်လက်ယှဉ်ပြိုင်နိုင်မည်ဟု ဘုတ်အဖွဲ့က ရှုမြင်ထားပါသည်။ အသေးစိတ်ကို ***"အပိုင်း ၃- ထုတ်ဝေသူ သတင်းအချက်အလက် - စီမံခန့်ခွဲရေး၏ ဆွေးနွေးမှုနှင့် ဆန်းစစ်သုံးသပ်မှု"*** တွင် ကြည့်ပါ။

၃-၂-၅။ အဓိကကျသော ပဋ္ဌာဉ်များ

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာဉ်၏ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
၂၀၁၆ခုနှစ် အောက်တိုဘာလ ၂၂ရက် (နောက်ထပ်သတင်းအချက်အလက် အတွက် အောက်တွင် ပါရှိသော "IFC ချေးငွေဝန်ဆောင်မှု အစီအစဉ်" ကဏ္ဍကိုကြည့်ပါ	United International Group Limited၊ ဦးဝင်းအောင်၊ ဒေါ်နေမြတ်သူအောင် နှင့် IFC	Amata (အင်းလေး) အပန်းဖြေစခန်းသစ် နှင့် Amata ပုဂံ အပန်းဖြေ စခန်းသစ် တည်ဆောက်နိုင် ရေးအတွက် UIG ကို ငွေကြေး ထောက်ပံ့နိုင်ရန် (နှစ်ပိုင်းခွဲ၍) အမေရိကန် ဒေါ်လာ တစ်ဆယ့်တစ်သန်း ငါးသိန်း (ဒေါ်လာ ၁၁,၅၀၀,၀၀ ၀) အထိ ချေးငွေတစ်ရပ် အတွက် အစုရှယ်ယာ အဖြစ် ပြောင်းလဲနိုင်	IFC ချေးငွေဝန်ဆောင်မှု တွင် UIG က ကတိကဝတ်အများအပြားသ ဘောတူညီခဲ့ပါသည် (ဥပမာUIG ၏ စီးပွားရေးလုပ်ငန်းဥပစာများ သို့ IFC ကို ဝင်ရောက်ခွင့်ပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင် ရာသတ်မှတ်ချက်များ၊ နှစ်စဉ်စောင့်ကြည့်စစ်ဆေးရန် သတ်မှတ်ချက်များ လိုက်နာဆောင်ရွက်ခြင်း၊ လိုအပ်သော အာမခံများ ထားရှိခြင်း၊ အခြား စောင့်ကြည့်စစ်ဆေးရန်နှင့် အစီရင်ခံရန် သတ်မှတ်ချက်များ နှင့် ချေးငွေအသုံးချမှုများ ဆောင်ရွက်ခြင်း) အခြားအရာများအနက်၊ UIG က IFC ကို ကတိပြုသည်မှာ (၁) အင်းလေးကန်ထိန်းသိမ်းစောင့် ရှောက်ရေး မြေ၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်	အမေရိကန်ဒေါ်လာ တစ်ဆယ့်တစ်သန်း ငါးသိန်း (ဒေါ်လာ ၁၁,၅၀၀,၀၀) အထိ ပမာဏတစ်ရပ် ချေးငွေ (နှစ်ပိုင်းခွဲခြား၍)။ ပေးဆပ်မှုကို ပြောင်းလဲနိုင်သော ချေးငွေပုံပိုးမှုသဘော တူစာချုပ် ပါ ပြီးမြောက်မှု အဆင့်များ အပေါ် အခြေခံပြီး ချေးငွေပမာဏအ ပေါ် ပုံသေနှင့် ပြောင်းလဲနိုင်သော အတိုးနှုန်းဖြင့် ပေးဆပ်ရန်

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
		သော ပုံပိုးမှု (ချေးငွေ) သဘောတူစာချုပ်	ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံရင်နှီးမြှုပ်နှံမှုကော်မရှင်က သက်ဆိုင်ရာ ခွင့်ပြုချက်များထုတ်ပြန်ပြီးသည့်အခါ) (၂) ငပလီစိုက်ပျိုးမြေ (ယင်းမြေကို အခြားနည်းအသုံးပြုခွင့် ရရန် ပြောင်းလဲပြီးသောအခါ)၊ နှင့် (၃) ငပလီမှပေါင်နှံထားသော မြေ (ရှိပြီး ပေါင်နှံမှု ဆွဲငှားချက်မရှိ စွန့်လွှတ်ပြီးသောအခါ) တို့နှင့်စပ်လျဉ်း၍AIC နှင့် မြေဌားစာချုပ်များ ချုပ်ဆိုရန် ဖြစ်ပါသည်။ UIG က IFC ကို အခြားကတိပြုသည်မှာ ၊ IFC ချေးငွေဝန်ဆောင်မှုတွင် ခွင့်ပြုထားသည်မှလွဲ၍၊ မည်သည့် ကန့်သတ်ထားသော ပေးချေမှုများ တစ်ရပ်ရပ်ကိုမျှ ဖွင့်ဟကြေညာခြင်း သို့မဟုတ် ပေးချေခြင်းမပြုရန်၊ ပုံသေပိုင် သို့မဟုတ် အခြား လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များ အတွက် အသုံးစရိတ်တစ်ရပ်ရပ် ကျခံခြင်းမပြုရန်၊ နောက်ထပ်	

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
			ဘဏ္ဍာရေးကြွေးမြီကျခံခြင်းမပြုရန်၊ အာမခံချက်များ မပေးအပ်ရန်၊ အပေါင်အာမခံများ မပြုလုပ်ရန်၊ အရောင်းအဝယ်လုပ်ငန်းကိစ္စ တစ်ရပ်သို့ မဝင်ရောက်ရန်၊ အရောင်းနှင့် ပြန်လည်ငှားရမ်းသည့် အစီအမံတစ်ရပ်ရပ်သို့ မဝင်ရောက်ရန်၊ အခြားကုမ္ပဏီများနှင့် ပေါင်းစည်းခြင်း၊ သို့မဟုတ် ပြန်လည်ဖွဲ့စည်းမှု မဆောင်ရွက်ရန်၊ ရရန်ပိုင်ခွင့်များ၏ အဓိကကျသောအစိတ်အပိုင်း တစ်ရပ် ကို စွန့်လွှတ်ခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရန်၊ အရေးယူပိတ်ဆို့ခံရနိုင်သော လုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်ခြင်းမပြုရန်လည်း ကတိပြုထားပါသည်။ ယခင်ကမ်းလှမ်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ UIG ၏ တောင်းဆိုမှုအရ ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၉ရက် တွင် IFC သည် ၊ အခြားအရာများအနက်၊ UIG	

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်းခြင်း၏ ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
			ကို ဤကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခု အဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းတွင် IFC ချေးငွေဝန်ဆောင်မှုပါ အချို့သော ပြဋ္ဌာန်းချက်များ အား UIG ၏ လိုက်နာဆောင်ရွက်ရမှုမှ သက်သာခွင့်ပြုပေးခဲ့ပြီး ယင်းတွင် ပေါင်းစည်း၊ ပေါင်းရုံးမှု သို့မဟုတ် ပြင်ဆင်ဖွဲ့စည်းမှု မပြုရန် ကတိကဝတ်၊ ဥပဒေရေးရာစာရွက်စာတမ်းများ လိုအပ်သကဲ့သို့ ပြင်ဆင်ခြင်း၊နှင့် ထပ်တိုးရှယ်ယာအာမခံထားခြင်းအား (၁) ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၉ရက် သက်သာခွင့်ပြုသည့် နေ့ရက် အပြီး ၃ လ နှင့် (၂) ယခင်ကမ်းလမ်းရောင်းချမှု အလျင်ကျသည့်ရက်တွင် ချုပ်ဆို ပြီးမြောက်သော အစုရှယ်ယာကတိကဝတ်များ အပါအဝင်ဖြစ်ပါသည်။	
၂၀၂၀ခုနှစ်၊ ဧပြီလ ၄ရက်	EPG Travels & Tour Co., Ltd. နှင့် Myanmar Ballooning Co., Ltd.	Oriental Ballooning ဝန်ဆောင်မှု အတွက်	Oriental Ballooning Service က EPG Travels & Tour Co., Ltd သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ မှ ၂၀၂၁ အထိ	မရှိ (EPG Travels & Tour Co., Ltd. က ဘိုကင်ကြိုတင်မှာ ကြားမှု ပြုလုပ်သည်နှင့်

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း၏ ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
		ကန်ထရိုက်နှုန်းထား (Contract Rate) သဘောတူစာချုပ်	နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိကစင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ဘိုကင်ကြိုတင်မှာ ကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ဘိုကင်ပယ်ဖျက်မှုနှင့် လာရောက်စီးနင်းမှုမရှိခြင်း မူဝါဒနှင့် ငွေပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်)။	ငွေပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။
၂၀၂၀ခုနှစ်၊ ဇွန်လ ၂၇ရက် ဧပြီ ၂၀၁၉	E-asia Travel Co., Ltd. နှင့် Myanmar Ballooning Co., Ltd.	Oriental Ballooning ဝန်ဆောင်မှု အတွက် ကန်ထရိုက်နှုန်းထား (Contract Rate) သဘောတူစာချုပ်	Oriental Ballooning Service က E-asia Travel Co., Ltd. သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ မှ ၂၀၂၁ ခုနှစ်၊ အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိကစင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ဘိုကင်ကြိုတင်မှာ ကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ဘိုကင်ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ငွေပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်)။	မရှိ (E-asia Travel Co., Ltd. က ဘိုကင်ကြိုတင်မှာကြားမှု ပြုလုပ်သည်နှင့် ငွေပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း၏ ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
၂၀၂၀ခုနှစ်၊ ဧပြီလ ၄ရက်	EXO Travel Myanmar Co., Ltd. နှင့် Myanmar Ballooning Co., Ltd.	Oriental Ballooning ဝန်ဆောင်မှု အတွက် ကန်ထရိုက်နှုန်းထား (Contract Rate) သဘောတူစာချုပ်	Oriental Ballooning Service က EXO Travel Myanmar Co., Ltd. သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ မှ ၂၀၂၁ ခုနှစ်၊ အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိက စင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ဘိုကင်ကြိုတင်မှာ ကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ဘိုကင်ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ငွေပေးချေမှု စည်းကမ်းချက်များ အပါအဝင်ဖြစ်သည်)။	မရှိ (EXO Travel Myanmar Co., Ltd. က ဘိုကင်ကြိုတင်မှာ ကြားမှု ပြုလုပ်သည်နှင့် ငွေပေးချေမှုပြုလုပ်ရ မည်ဖြစ်သည်။
၂၀၂၀ခုနှစ်၊ ဧပြီလ ၉ရက်	Tour Mandalay Co., Ltd. နှင့် Myanmar Ballooning Co., Ltd.	Oriental Ballooning ဝန်ဆောင်မှု အတွက် ကန်ထရိုက်နှုန်းထား (Contract Rate) သဘောတူစာချုပ်	Oriental Ballooning Service က Tour Mandalay Co., Ltd. သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ်၊ မှ ၂၀၂၁ ခုနှစ်၊ အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိက စင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာ ကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့်	မရှိ (Tour Mandalay Co., Ltd. က ဘိုကင်ကြိုတင်မှာ ကြားမှု ပြုလုပ်သည်နှင့် ငွေပေးချေမှုပြုလုပ်ရ မည်ဖြစ်သည်။

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း၏ ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
			လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်)။	
၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီ လ ၇ရက်	E-asia Travel Co., Ltd. နှင့် United International Group Limited	ဟိုတယ်ဝန်ဆောင်မှုများအတွက် ကန်ထရိုက်နှုန်းထား (Contract Rate) သဘောတူစာချုပ်	လုပ်ငန်းစု က ဟိုတယ်ဝန်ဆောင်မှုများ အတွက် E-asia Travel Co., Ltd. သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ်၊ မှ ၂၀၂၁ ခုနှစ်၊ အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိက စင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်)။	မရှိ (E-asia Travel Co., Ltd. က ကြိုတင်မှာကြားမှု ပြုလုပ်သည်နှင့် ပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။
၂၀၂၀ခုနှစ်၊ မတ်လ ၂၀ရက်	EPG Travels & Tour Co., Ltd. နှင့် United International Group Limited	ဟိုတယ်ဝန်ဆောင်မှုများအတွက် ကန်ထရိုက်နှုန်းထား (Contract Rate) သဘောတူစာချုပ်	လုပ်ငန်းစု က ဟိုတယ်ဝန်ဆောင်မှုများ အတွက် EPG Travels & Tour Co., Ltd. သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိက	မရှိ (EPG Travels & Tour Co., Ltd. က ကြိုတင်မှာကြားမှု ပြုလုပ်သည်နှင့် ပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း၏ ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
			စင်းလုံးဌားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်)။	
၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီ လ ၄ရက်	EXO Travel Myanmar Co., Ltd. နှင့် United International Group Limited	ဟိုတယ်ဝန်ဆောင်မှုများအတွက် ကန်ထရိုက်နှုန်းထား (Contract Rate) သဘောတူစာချုပ်	လုပ်ငန်းစု က ဟိုတယ်ဝန်ဆောင်မှုများ အတွက် EXO Travel Myanmar Co., Ltd. သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိက စင်းလုံးဌားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်)။	မရှိ (EXO Travel Myanmar Co., Ltd. က ကြိုတင်မှာကြားမှု ပြုလုပ်သည်နှင့် ပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။
၂၀၂၀ခုနှစ်၊ မတ်လ ၁၆ရက်	Tour Mandalay Co., Ltd. နှင့် United International Group Limite	ဟိုတယ်ဝန်ဆောင်မှုများအတွက် ကန်ထရိုက်နှုန်းထား (Contract	လုပ်ငန်းစု က ဟိုတယ်ဝန်ဆောင်မှုများ အတွက် Tour Mandalay Co., Ltd. သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ	မရှိ (Tour Mandalay Co., Ltd. က ကြိုတင်မှာကြားမှု ပြုလုပ်သည်နှင့်

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း၏ ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
		Rate) သဘောတူစာချုပ်	နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိကစင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်။	ပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။
၂၀၂၀ခုနှစ်၊ ဧပြီလ ၄ရက်	Myanmar Voyages International Tourism Company Limited နှင့် Myanmar Ballooning Co., Ltd.	Oriental Ballooning ဝန်ဆောင်မှုအတွက် ကန်ထရိုက်နှုန်းထား (Contract Rate)သဘောတူစာချုပ်	Oriental Ballooning Service က Myanmar Voyages International Tourism Company Limited သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိကစင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်။	မရှိ (Myanmar Voyages International Tourism Company Limited က ကြိုတင်မှာကြားမှုပြုလုပ်သည်နှင့် ပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။
၂၀၂၀ခုနှစ်၊ ဧပြီလ ၄ရက်	Myanmar Voyages International Tourism Company	ဟိုတယ်ဝန်ဆောင်မှုများအတွက်	လုပ်ငန်းစု က ဟိုတယ်ဝန်ဆောင်မှုများ အတွက် Myanmar	မရှိ (Myanmar Voyages International Tourism Company Limited က

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း၏ ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
	Limited နှင့် United International Group Limited	ကန်ထရိုက်နှုန်းထား (Contract Rate သဘောတူစာချုပ်	Voyages International Tourism Company Limited သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိက စင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်။	ကြိုတင်မှာကြားမှု ပြုလုပ်သည်နှင့် ပေးချေမှုပြုလုပ်ရမည်ဖြစ်သည်
၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၁ရက်	Myanmar Kipling Tour Limited နှင့် United International Group Limited	ဟိုတယ်ဝန်ဆောင်မှုများအတွက် ကန်ထရိုက်နှုန်းထား (Contract Rate သဘောတူစာချုပ်	လုပ်ငန်းစု က ဟိုတယ်ဝန်ဆောင်မှုများ အတွက် Myanmar Kipling Tour Limited သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိက စင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့်	မရှိ (Myanmar Kipling Tour Limited က ကြိုတင်မှာကြားမှု ပြုလုပ်သည်နှင့် ပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။

ရက်စွဲ	စာချုပ်ဝင်များ	ပဋ္ဌာန်း၏ ယေဘုယျသဘာဝ	အဓိကကျသော စည်းကမ်းချက်များ	အဖိုးစားနားပမာဏ
			ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်။	
၂၀၂၀ခုနှစ်၊ ဧပြီလ ၄ရက်	Myanmar Kipling Tour Limited နှင့် Myanmar Ballooning Co., Ltd	Oriental Ballooning ဝန်ဆောင်မှု အတွက် ကန်ထရိုက်နှုန်းထား (Contract Rate) သဘောတူစာချုပ်	Oriental Ballooning Service က Myanmar Kipling Tour Limited သို့ကမ်းလှမ်းသော ကန်ထရိုက်နှုန်း ထားများ (၂၀၂၀ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ နှုန်းထားများ) နှင့် ယင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ (ပုဂ္ဂလိက စင်းလုံးငှားနှင့် အထူးဝန်ဆောင်မှု၊ ကြိုတင်မှာကြားမှု နှင့် အတည်ပြုမှု မူဝါဒ၊ ပယ်ဖျက်မှုနှင့် လာရောက်ခြင်းမရှိမှု မူဝါဒနှင့် ပေးချေမှု စည်းကမ်း ချက်များ အပါအဝင်ဖြစ်သည်။	မရှိ (Myanmar Kipling Tour Limited က ကြိုတင်မှာကြားမှု ပြုလုပ်သည်နှင့် ပေးချေမှုပြုလုပ်ရမည်ဖြစ်သည်။

<u>IFC ချေးငွေထောက်ပံ့မှုအစီအစဉ်</u>

IFC ချေးငွေဝန်ဆောင်မှုအစီအစဉ်အရ ပထမအရစ် အမေရိကန်ဒေါ်လာ ၈.၅ သန်းနှင့် ဒုတိယအရစ် အမေရိကန်ဒေါ်လာ ၃.၀ သန်း အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁.၅ သန်းပမာဏအထိ UIG သို့ ခွင့်ပြုသွားမည်ဖြစ်ပြီး UIG သည် IFC ချေးငွေဝန်ဆောင်မှုအစီအစဉ်၏ ပထမအရစ် အမေရိကန်ဒေါ်လာ ၈.၅ သန်းပမာဏကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ထုတ်ယူပြီးဖြစ်ပါသည်။ UIG အနေဖြင့် IFC ၏ ချေးငွေဝန်ဆောင်မှုအစီအစဉ်မှ ပထမအရစ်အနေဖြင့် ချေးငွေစုစုပေါင်းအမေရိကန်ဒေါ်လာ ၈.၅ သန်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၁) ရက်နေ့တွင် ထုတ်ယူခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ရက်စွဲဖြင့် IFC ထံမှ "ဒုတိယအရစ်ကတိကဝတ်ပြုစာ" နှင့်အညီ ဒုတိယအရစ်အနေဖြင့် အမေရိကန်ဒေါ်လာ ၃ သန်းအနက်မှ

အမေရိကန်ဒေါ်လာ ၂.၂ သန်း ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပထမအကြိမ် ထုတ်ယူခဲ့ပြီး ကျန်ရှိသော အမေရိကန်ဒေါ်လာ ၀.၈ သန်းကို မချေးယူဘဲ ပယ်ဖျက်ခဲ့ပါသည်။IFC ချေးငွေဝန်ဆောင်မှုအစီအစဉ်အရ UIG အနေဖြင့် ပေးဆောင်ရမည့်အတိုးနှုန်းမှာမူ၊ UIG က ချေးငွေထုတ်ယူသည့်အခါတိုင်း ပုံသေနှုန်း သို့မဟုတ် နှုန်းထားအရှင်ဖြင့် ရွေးချယ်ခြင်းအပေါ်တွင် မူတည်မည်ဖြစ်ပါသည်။

ပုံသေနှုန်းဖြင့်ထုတ်ယူသည်ဆိုလျှင်၊ IFC သို့ ပေးပို့မည့် ငွေထုတ်ယူမှုအကြောင်းကြားစာ၌ UIG က ပေးလိုသည့် အလျောက် လက်ခံနိုင်လောက်သည့် အမြင့်ဆုံးနှုန်းထားဖြင့် ပုံသေအတိုးနှုန်းကို ဖော်ပြရမည်။ ထို့နောက်တွင်မှ၊ IFC ချေးငွေဝန်ဆောင်မှုအစီအစဉ်အရ ငွေထုတ်ယူမှုအတွက် အရစ်ကျပြန်လည်ပေးဆပ်မှုအစီအစဉ်ပေါ်တွင် အခြေခံ၍၊ UIG က သတ်မှတ်သော လက်ခံနိုင်လောက်သည့် အမြင့်ဆုံးနှုန်းထားဖြင့် ပုံသေအတိုးနှုန်းထက် မကျော်စေရဘဲ ပေးဆောင်ရမည့် ပုံသေအတိုးနှုန်းကို IFC က ဆုံးဖြတ်သတ်မှတ်နိုင်ရန် ဆောင်ရွက်ရပါမည်။ UIG က သတ်မှတ်သော လက်ခံနိုင်လောက်သည့် အမြင့်ဆုံးနှုန်းထားဖြင့် ပုံသေအတိုးနှုန်းထက် မကျော်သော ပုံသေအတိုးနှုန်းကို IFC က ဆုံးဖြတ်သတ်မှတ်နိုင်ခြင်း မရှိပါက၊ IFC မှ UIG ထံ အကြောင်းကြားမည်ဖြစ်ပြီး၊ UIG အနေဖြင့် တစ်ခု သို့မဟုတ် ထိုထက်ပိုသော နောက်ဆက်တွဲ ငွေထုတ်ယူမှု အကြောင်းကြားစာကို ပေးပို့ခွင့်ရှိပြီး ယင်းအကြောင်းကြားစာအသီးသီး တွင် အခြားပုံသေအတိုးနှုန်းထားတို့ကို ဖော်ပြရမည်။

နှုန်းထားအရှင်ဖြင့်ငွေထုတ်ယူသည်ဆိုလျှင်၊ အဆိုပါ နှုန်းထားအရှင်သည် (၁) တစ်နှစ်လျှင် ၆.၅% အပေါင်း (၂) ဘဏ္ဍာရေးနှစ်တစ်နှစ်၏ ဘဏ္ဍာရေးအစီရင်ခံစာများအရ သတ်မှတ်သည့် ဘဏ္ဍာရေးနှစ်တစ်နှစ်နှစ်တွင် အမေရိကန်ဒေါ်လာ ၂.၅ သန်းထက် ကျော်လွန်သော UIG ၏ EBITDA အပြီး မည်သည့်အချိန်တွင်မဆို စတင်သည့် အတိုးကာလ တစ်ရပ်ရပ်အတွက် တစ်နှစ်လျှင် ၁% အပေါင်း၊ (၃) LIBOR တို့စုစုပေါင်း၍ အတိုးနှုန်းအရှင်အဖြစ် သတ်မှတ်သည်။

အမေရိကန်ဒေါ်လာ ၈.၅ သန်းပမာဏထိရှိသော IFC ချေးငွေဝန်ဆောင်မှုအစီအစဉ်၏ ပထမအရစ်တွင်၊ နှုန်းထားအရှင်ဖြင့် ငွေထုတ်ယူရန် UIG က တောင်းခံခဲ့ပြီး၊ ပေးဆောင်ရမည့်အတိုးသည် အထက်ပါစာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။ အမေရိကန်ဒေါ်လာ ၂.၂ သန်းပမာဏထိရှိသော IFC ချေးငွေဝန်ဆောင်မှု အစီအစဉ်၏ ဒုတိယအရစ်တွင်၊ နှုန်းထားအရှင်ဖြင့် ငွေထုတ်ယူရန် UIG က တောင်းခံခဲ့ပြီး၊ ပေးဆောင်ရမည့်အတိုး သည် အထက်ပါစာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

IFC ချေးငွေဝန်ဆောင်မှုအစီအစဉ်အရ ချေးငွေပြန်လည်ပေးဆပ်မှုဆိုင်ရာ စည်းကမ်းချက်များအရ၊ အောက်ဖော်ပြပါ အတိုးနှုန်းပေးချေမှုနေ့ရက်များတွင် ဖော်ပြပါပမာဏအသီးသီးဖြင့် ပုံသေနှုန်းထားအတိုးနှုန်းဖြင့်ဖြစ်စေ၊ နှုန်းထားအရှင် အတိုးနှုန်းဖြင့်ဖြစ်စေ (သက်ဆိုင်သည့်အလျောက်) ပေးဆပ်မှုအပြင်၊ UIG သည် ပထမအရစ်နှင့် ဒုတိယအရစ် အသီးသီးကို ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

အတိုးပေးချေမှု နေ့ရက်	ပထမအရစ် အတွက် ပေးချေရမည့် အရင်း (US$)	ဒုတိယအရစ် အတွက် ပေးချေရမည့် အရင်း (US$)	စေ့ရောက်သည့် အရင်းငွေပမာဏ (US$)
၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၂၅၅,၀၀၀	၁၈၀,၀၀၀	၄၃၅,၀၀၀
၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၅ ရက်	၂၅၅,၀၀၀	၁၈၀,၀၀၀	၄၃၅,၀၀၀
၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၄၂၅,၀၀၀	၁၈၀,၀၀၀	၆၀၅,၀၀၀
၂၀၂၁ ခုနှစ်၊ ဇွန် လ ၁၅ ရက်	၄၂၅,၀၀၀	၁၈၀,၀၀၀	၆၀၅,၀၀၀
၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၆၃၇,၅၀၀	၁၈၀,၀၀၀	၈၁၇,၅၀၀
၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်	၆၃၇,၅၀၀	၁၈၀,၀၀၀	၈၁၇,၅၀၀
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၆၃၇,၅၀၀	၁၈၀,၀၀၀	၈၁၇,၅၀၀
၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်	၆၃၇,၅၀၀	၁၉၅,၀၀၀	၈၃၂,၅၀၀
၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၆၃၇,၅၀၀	၁၉၅,၀၀၀	၈၃၂,၅၀၀
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်	၆၃၇,၅၀၀	၁၉၅,၀၀၀	၈၃၂,၅၀၀
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၆၃၇,၅၀၀	၁၉၅,၀၀၀	၈၃၂,၅၀၀
၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်	၆၃၇,၅၀၀	၁၉၅,၀၀၀	၈၃၂,၅၀၀
၂၀၂၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်	၇၆၅,၀၀၀	၁၉၅,၀၀၀	၉၉၀,၀၀၀
စုစုပေါင်း	၈,၅၀၀,၀၀၀	၃,၀၀၀,၀၀၀	၁၁,၅၀၀,၀၀၀

IFC သည် ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် UIG ၏ တောင်းဆိုမှုအရ၂၀၁၉ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ တွင် နှင့်၂၀၂၀ခုနှစ် ဇွန်လ ၁၅ ရက်နေ့ တွင် စေ့ရောက်သည့် ချေးငွေ အရင်းပေးချေမှုနှစ်ခုကို ရက်ရွှေ့ဆိုင်းနိုင်ရန် IFC ချေးငွေဝန်ဆောင်မှု အပေါ်ပြင်ဆင်ချက်စာချုပ်ကို အောက်ဖော်ပြပါ အတိုးပေးချေရမည့် နေ့ရက်တွင် အောက် ဖော်ပြ ပါ ပေးချေရမည့် ပမာဏများအတွက် (ဖြစ်စဉ်အပေါ်မူတည်ပြီး) ပုံသေအခြေခံအတိုးနှုန်း သို့မဟုတ် ပြောင်းလဲနိုင်သော အတိုးနှုန်းတို့အပြင် UIG သည် ပထမအပိုင်း နှင့် ဒုတိယအပိုင်း နှစ်ဆိုင်းစလုံးကို ပြန်လည်ပေးဆပ်ရမည်ဟု IFC ချေးငွေဝန်ဆောင်မှု အရ

ချေးငွေပေးဆပ်ခြင်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ပြင်ဆင်ရန် UIG၊ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့နှင့် ချုပ်ဆိုခဲ့ပါသည်။

အတိုးပေးချေမှုရက်စွဲ	ရက်ရွှေ့မှုမတိုင်မီ နှစ်ဆိုင်းစလုံးအတွက် စေ့ရောက်သည့် အရင်းပမာဏ	ရက်ရွှေ့အပြီးနောက် နှစ်ဆိုင်း စလုံးအတွက် စေ့ရောက်သည့် အရင်းပမာဏ
၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၃၈၇,၀၀၀	၀
၂၀၂၀ခုနှစ်၊ ဇွန်လ ၁၅ ရက်	၃၈၇,၀၀၀	၀
၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၅၅၇,၀၀၀	၃၈၇,၀၀၀
၂၀၂၁ခုနှစ်၊ ဇွန်လ ၁၅ ရက်	၅၅၇,၀၀၀	၃၈၇,၀၀၀
၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၇၆၉,၅၀၀	၅၅၇,၀၀၀
၂၀၂၂ခုနှစ်၊ ဇွန်လ ၁၅ရက်	၇၆၉,၅၀၀	၅၅၇,၀၀၀
၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၇၆၉,၅၀၀	၇၆၉,၅၀၀
၂၀၂၃ခုနှစ်၊ ဇွန်လ ၁၅ ရက်	၇၈၀,၅၀၀	၇၆၉,၅၀၀
၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၇၈၀,၅၀၀	၇၆၉,၅၀၀
၂၀၂၄ခုနှစ်၊ ဇွန်လ ၁၅ ရက်	၈၀၂,၅၀၀	၇၈၀,၅၀၀

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်	၈၀၂,၅၀၀	၇၈၀,၅၀၀
၂၀၂၅ခုနှစ်၊ ဇွန်လ ၁၅ရက်	၈၀၂,၅၀၀	၈၀၂,၅၀၀
၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်	၈၀၂,၅၀၀	၈၀၂,၅၀၀
၂၀၂၆ခုနှစ်၊ ဇွန်လ ၁၅ရက်	၈၀၂,၅၀၀	၁,၆၆၈,၇၅၀
၂၀၂၆ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်	၉၃၀,၀၀၀	၁,၆၆၈,၇၅၀
စုစုပေါင်း	၁၀,၇၀၀,၀၀၀	၁၀,၇၀၀,၀၀၀

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် စေ့ရောက်သည့် ချေးငွေ အရင်းပေးချေမှု နှစ်ကြိမ်ကို ရွှေ့ဆိုင်းရန် IFC က သဘောတူခြင်း၏ အဖိုးစားနားအဖြစ် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင် ("**အာမခံသူများ**") နှစ်ဦးစလုံးက IFC ချေးငွေဝန်ဆောင်မှု အောက်ရှိ အာမခံသူများအဖြစ် IFC ကို ကတိအာမခံချက်များ ("အာမခံသူများ၏ ကတိအာမခံချက်များ") ပေးအပ်ရန် လည်း သဘောတူညီခဲ့ကြပါသည်။ အဆိုပါကတိအာမခံချက်များမှ အထူးသဖြင့် ကောက်နှုတ် ဖော်ပြရလျှင်အောက်ပါအတိုင်းဖြစ်ပါသည်။

- ပြန်လည်ဖြည့်စွက်ချက်စာချုပ်ပါ စည်းကမ်းချက်အရ အာမခံသူများသည် ၎င်း၏ အချို့သော ရပိုင်ခွင့်များကို ရောင်းချခြင်း၊ နှင့်/သို့မဟုတ် အာမခံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအသစ်အား UIG သို့ ထည့်ဝင်စေခြင်းနှင့်အတူ အရောင်း သို့မဟုတ် ထည့်ဝင်မှု အမြတ်အစွန်းများဖြင့် UIG က ချေးငွေကြိုတင်ပေးချေမှုအတွက် ဘဏ္ဍာငွေ ရှာဖွေသွားမည်ဖြစ်ကာ အဆိုပါလုပ်ဆောင်ချက်အား UIG အနေဖြင့် ရန်ပုံငွေ မြှင့်တင်ရန် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မတိုင်မီ အကောင်းဆုံးအားထုတ်ဆောင်ရွက်မည်ဟု အာမခံသူများက ကတိအာမခံပါသည်။
- အာမခံသူများအနေဖြင့် IFC ချေးငွေဝန်ဆောင်မှုအရ ပေးရန်ရှိတာဝန်အားလုံးအတွက် အပေါင် အဖြစ်ပေးအပ်ထားသော UIG နှင့် အာမခံသူတို့၏ ရပိုင်ခွင့်များနှင့် သက်ဆိုင်သည့် အာမခံ အားလုံးအား တည်ဆဲဥပဒေနှင့်အညီ ထိန်းသိမ်း၍ ပြီးပြည့်စုံအောင်ဆောင်ရွက်ရန် ကတိပြုပါသည်။

ထို့အပြင် IFC ချေးငွေဝန်ဆောင်မှုအစီအစဉ်အရ၊ IFC သည် အစုရှယ်ယာအဖြစ် ပြောင်းလဲနိုင်ခွင့် အခွင့်အရေး ("CO") ရရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂.၀ သန်း ("ပြောင်းလဲမှုပမာဏ") အထိ

ချေးငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို UIG သို့မဟုတ် UIG ၏ အစုရှယ်ယာ ၅၀% ထက်ပို၍ ပိုင်ဆိုင်ထားသော ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့က ထိန်းချုပ်သည့် ကော်ပိုရိတ်အဖွဲ့အစည်းတစ်ရပ်ရပ် (the "Parent Entity") (အဆိုပါ ကော်ပိုရိတ်အဖွဲ့အစည်းတွင် ကုမ္ပဏီလည်းပါဝင်သည်) ၏ အစုရှယ်ယာများ ("ပြောင်းလဲသောအစုရှယ်ယာများ") အဖြစ် ငွေမတည်သောဖြစ်ရပ် (အောက်တွင်သတ်မှတ် ဖော်ပြထားပါသည်။) တစ်ခု စတင်ဖြစ်လာသည့်နေ့မှစပြီး ယင်းနေ့မှ ရက်ပေါင်း၉၀ အတွင်း ပြောင်းလဲခွင့်ရရှိမည်ဖြစ်သည်။ ငွေမတည်သောဖြစ်ရပ် ဟုဆိုရာတွင် (၁) UIG ၏ ရှယ်ယာ အများပြည်သူသို့ကနဦးကမ်းလှမ်းရောင်းချခြင်း သို့မဟုတ် အခြားအရောင်းအဝယ် ပြုခြင်းတစ်ခုခု အပါအဝင်(မကန့်သတ်ထားပါ) UIG (သို့)ဦးဝင်းအောင်နှင့် ဒေါ်နေမြတ်သူအောင် တို့မှအပ မိခင်ကုမ္ပဏီတွင်ပါဝင်သူများ နှင့် ၄င်းတို့နှင့် ဆက်နွယ်သော အဖွဲ့အစည်းတို့၏ ရှယ်ယာအရင်းအနှီး ၁၀% ထက်ပို၍ ထုတ်ဝေခြင်း (၂) UIG၏ ရှယ်ယာများအများပြည်သူသို့ကမ်းလှမ်းခြင်း (သို့) အရောင်းအဝယ် တစ်ခုခု ပြုလုပ်ပြီးနောက် ကိုဆိုလိုပါသည်။

IFC သို့ ထုတ်ပေးသည့် ပြောင်းလဲသောအစုရှယ်ယာများ ("Y") အရေအတွက်တွင် ကုမ္ပဏီ၏ အဆိုပါ အစုရှယ်ယာများရာခိုင်နှုန်း ("X") ပါဝင်ပြီး (IFC သို့ ထုတ်ဝေမည့် အစုရှယ်ယာများအား ထည့်သွင်းတွက်ချက်ပြီးနောက်) အောက်ဖော်ပြပါနှင့် ညီမျှသောပမာဏဖြစ်သည်။

"X" = (ပြောင်းလဲမှုပမာဏ x 100) / (ပြောင်းလဲမှုတန်ဖိုးနှင့် ပြောင်းလဲမှုပမာဏ ပေါင်းခြင်း)

"ပြောင်းလဲမှုတန်ဖိုး" ဟုဆိုရာတွင် သက်ဆိုင်ရာငွေသားပြောင်းလဲမှုဖြစ်ရပ်သည် ပထမအရစ် ငွေထုတ်မှုနေ့ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်) ပြီးနောက် သုံးနှစ်အတွင်း ပေါ်ပေါက်လျှင် UIG ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သက်ဆိုင်ရာလျှော့ဈေးနှုန်းထားအား သုည ဒသမ ရှစ် (၀.၈) ဖြင့်လည်းကောင်း၊ ထိုနေ့ရက်ပြီးနောက်တွင်မှ ပေါ်ပေါက်လျှင် သုည ဒသမ ခုနစ် (၀.၇) ဖြင့်လည်းကောင်း၊ မြှောက်ခြင်း ဖြစ်သည်။

X = (Y x ၁၀၀) / (Y နှင့် CO ကျင့်သုံး၍ ပြောင်းလဲမှုအကြောင်းကြားစာ ထုတ်ပြန်သည့်နေ့ရက်မတိုင်မီ ကုမ္ပဏီ၏ စုစုပေါင်းအစုရှယ်ယာများ ပေါင်းခြင်း)

UIG မှ IFC သို့ ကတိကဝတ်ပြုထားသည့် အပေါ်တွင် မိမိတို့အနေ ဖြင့် UIG နှင့် သက်ဆိုင်လျက်ရှိသော ဘဏ္ဍာရေးဆိုင်ရာ အချိုးအစား (ratios) များကို ထုတ်နှုတ်တင်ပြလိုပါသည်။ IFC ချေးငွေဝန်ဆောင်မှု အတွင်း UIG သို့ ထုတ်ပေးသော ချေးငွေများ ၏ ပမာဏတို့အပြင် UIG မှ ရယူထား သောအခြား ကြွေးမြီ များ နှင့် IFC ချေးငွေဝန်ဆောင်မှု ရယူ ရန် အလို့ငှာ နောက်ဆုံး UIG မှ IFC ထံ တင်ပြခဲ့သော ဘဏ္ဍာရေးရှင်းတမ်းနောက်ပိုင်း UIG ထံသို့ ထုတ်ပေး ထား သော မည်သည့် ပမာဏကို မဆို ထည့်သွင်းတွက်ချက်ပြီးနောက် အောက်ပါအချိုးအစားများ နှင့် အကြိမ် အရေအတွက်တို့ကို ထိန်းသိမ်းထားရန်-

(၁) အချိန်တိုင်း အတွက်prospective debt service coverage ratio (၁:၀) ထက် မနည်းစေဘဲ၊

(၂) အချိန်တိုင်းတွင် အမေရိကန် ဒေါ်လာ ၅ သန်း ထက် မနည်း သော ပြန်လည်တွက်ချက်ထားသည့် ထိတွေ့နိုင်သော ရပိုင်ခွင့် စုစုပေါင်း အသားတင် တန်ဖိုး (UIG ၏ အသားတင် တန်ဖိုး နှင့် ဦးဝင်းအောင် ၊ဒေါ်နေမြတ်သူအောင် နှင့် UIG တို့ အကြား ချုပ်ဆိုထား သော ချေးငွေ စာချုပ် အရ ရယူထားသော ဘဏ္ဍာရေးကြွေးမြီ တို့ ကို တစ်ပေါင်းတည်း အဖြစ်သတ်မှတ် ပြီး) ၊

(၃) Amata Resort (အင်းလေးကန်) ၌ တည်ဆောက်ဆဲ ဖြစ်သော အခန်း ၅၅ ခန်း နှင့် Amata Resort (ပုဂံ)ရှိ ကျန်ရှိနေသေးသော တည်ဆောက်ဆဲ အခန်း ၇၂ ခန်း အပြင် ဆက်စပ် ဖြည့်ဆည်း တည်ဆောက်မှု စီမံကိန်းများ အပါအဝင် စီမံကိန်းများ ပြီးမြောက်ပြီးနောက်ပိုင်းတွင် အချိန်တိုင်းအတွက် ဘဏ္ဍာရေးကြွေးမြီ နှင့် EBITDA အချိုး (၅:၀) ထက်မကျော်စေရ။

ထို့အပြင် UIG အနေ ဖြင့် အောက်ပါတို့ မှ တပါး အခြား ဘဏ္ဍာရေးကြွေးမြီ များ ထပ်မံရယူ မည် မဟုတ် ပါ။

(၁) IFC ချေးငွေဝန်ဆောင်မှု အောက်ရှိချေးငွေ၊

(၂) IFC ချေးငွေဝန်ဆောင်မှု စာချုပ် မှ ထပ်ဆင့် ချေးပေးသော တစ်ဆင့် ခံIFC ချေးငွေစာချုပ် အရ ရယူသော ချေးငွေများ အဖြစ် သတ်မှတ်ထားသော (က) ဦးဝင်းအောင် ၊ဒေါ်နေမြတ်သူအောင် နှင့် UIG တို့ အကြား ချုပ်ဆိုထား သော ချေးငွေ စာချုပ် အရ ရယူထားသော ချေးငွေ နှင့် (ခ) ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင် တို့၏ ဖက်စပ်ကုမ္ပဏီ တစ်ခု နှင့် UIG အကြား ချုပ်ဆိုထား သော ချေးငွေ စာချုပ် အရ ရယူထားသော ချေးငွေ နှင့်

(၃) လုပ်ငန်း လည်ပတ်ရန် မတည်ရင်နှီးငွေအတွက် ရည်ရွယ်၍ UIG အပေါ်တွင် တင်ရှိနေသော ကြွေးမြီ ပမာဏ၏ စုစုပေါင်းမှာ မည်သည့်အချိန် ၌မဆို အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ ထက် မကျော် သော ကြွေးမြီ။

ဘုတ်အဖွဲ့ အနေ ဖြင့် လည်း IFC ချေးငွေ သဘော တူညီချက် ပါ ကတိကဝတ်များ ကြောင့် အမတ လုပ်ငန်းစုကြီး၏ ဘဏ္ဍာရေးအနေ အထား ကို ထိခိုက် သက်ရောက်စရာ မရှိဟု သုံးသပ်ထား ပြီး ဖြစ်ပါသည်။

IFC မှချေးယူထားသော ချေးငွေအတွက် လိုအပ်သော UIG ၏ တာဝန် နှင့် ပေးရန်တာဝန်များအတွက် လုပ်ငန်းစုမှ အောက်ပါ ပိုင်ဆိုင်မှုများကို အာမခံပစ္စည်းအဖြစ် IFC သို့ ပေးအပ်ထားပါသည်။

(၁) ကမ္ဘောဇဘဏ်လီမိတက်မှ onshore security agent အဖြစ်လည်းကောင်း၊ အာမခံပစ္စည်း ရယူလက်ခံသူ (Chargee) အဖြစ်လည်းကောင်း၊ UIG မှ အာမခံပစ္စည်းများကို ထားရှိသူ (Chargor) အဖြစ် လည်းကောင်း ထားရှိသော သီးသန့်ဖြစ်သည့် ပုံသေ နှင့် ပုံသေမဟုတ်သော အာမခံပစ္စည်းများဟုဆိုရာတွင် (က) ပိုင်ဆိုင်ပြီးဖြစ်သော သို့မဟုတ် ပိုင်ဆိုင်မှုလွှဲပြောင်းနေစဉ် မည်သည့်အခြေအနေမဆို ဖြစ်သော UIG ၏ ပုံသေပစ္စည်းများ၊ မြေဌားရမ်းမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ အရေးကြီးသော စာချုပ်များ၊ ဘဏ်စာရင်းများ၊ မူပိုင်ခွင့်များ၊ အာမခံ၊ စာရင်းရှိကြွေးမြီများ၊ မထည့်ဝင်ရသေးသော မတည်ရင်းနှီးငွေ၊ စက်ပစ္စည်းများ၊

စက်ယန္တရားများ၊ ကိရိယာ၊ တန်ဆာပလာများ၊ မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ နှင့် ကားများ၊ ပရိဘောဂများ နှင့် အခြားကုန်ပစ္စည်းများ (ရောင်းဝယ်နေသော ကုန်ပစ္စည်းများ နှင့် သိုလှောင်ထားသောကုန်ပစ္စည်းများအပါအဝင်) အပေါ် အခွင့်အရေးများအားလုံးကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ၏ အကျိုးအမြတ်အတွက် UIG ၏ ပထမဆုံးပုံသေအာမခံ ပစ္စည်းများအနေဖြင့် အာမခံထားရှိ၍ ပစ္စည်းပြပေါင်နှံခြင်း နှင့် (ခ) UIG ၏ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအားလုံးနှင့် အထက်ပါ အပိုဒ် (က) တွင် ဖော်ပြထားသည်တို့မှတစ်ပါး လက်ရှိ နှင့် အနာဂတ် ပိုင်ဆိုင်မှုများအားလုံးကို ပထမဆုံး နှင့်ပုံသေမဟုတ်သော အာမခံပစ္စည်းများအနေခြင့် အာမခံထားရှိ ခြင်း တို့ဖြစ်ပါသည်။

(၂) ကမ္ဘောဇောဏ်လီမိတက် onshore security agent အဖြစ်လည်းကောင်း၊ အပေါင်ခံသူ (Pledgee) အဖြစ်လည်းကောင်း၊ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့က အပေါင်ထားသူ (နောက်ဆုံးတင်သွင်းသည့် နေ့ရက်အထိ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့သည် UIG ၏ အစုရှယ်ယာ ၁၀၀% ကို ပိုင်ဆိုင်ပါသည်) အဖြစ်လည်းကောင်း၊ ချုပ်ဆိုသော အစုရှယ်ယာအပေါင်ထားမှုအနေဖြင့် သီးသန့်အာမခံထားရှိမှုတွင် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့သည် (က) UIG တွင် ယခုပိုင်ဆိုင်ထားသောရှယ်ယာများ နှင့် အနာဂတ်တွင် ပိုင်ဆိုင်ရန်ရှိသောရှယ်ယာများကို ပထမဦးစားပေး အပေါင်ပစ္စည်းများအဖြစ် UIG တွင် ပိုင်ဆိုင်ထားသော အစုရှယ်ယာလက်မှတ်များကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံသို့ ပေးအပ်ထားပါသည်။ (ခ) UIG တွင် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့ ပိုင်ဆိုင်ထားသော အစုရှယ်ယာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်နှင့်ဖြစ်စေ သက်ဆိုင်သော ရပိုင်ခွင့်များ၊ ပြန်အမ်းငွေ၊ အပိုဆုကြေး၊ ဦးစားပေးရပိုင်ခွင့်၊ အမြတ်ဝေစု သို့မဟုတ် အခြားရရန်ရှိသော ငွေကြေးများအားလုံး၊ ဖော်ပြထားသော နေ့ရက်နှင့် ထိုနေ့ရက်နောက်ပိုင်း ရရန်ရှိသော ရပိုင်ခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ ကောင်းကျိုး၊ အာမခံအဖြစ် ထားရှိ သောနေ့ရက် နှင့် နေ့ရက်နောက်ပိုင်း ပေါ်ပေါက်လာသော မဲပေးပိုင်ခွင့် သို့မဟုတ် သဘောတူညီပိုင်ခွင့် အားလုံးတို့ကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံတွင် အပေါင်ထားရှိရန် နှင့် အာမခံထားရှိရန် သဘောတူညီပါသည်။

(၃) ကမ္ဘောဇောဏ်လီမိတက် onshore security agent အဖြစ်လည်းကောင်း၊ အပေါင်ခံသူ (Pledgee) အဖြစ်လည်းကောင်း၊ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့က အပေါင်ထားသူ (နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့သည် AIC ၏ အစုရှယ်ယာ ၁၀၀% ကို ပိုင်ဆိုင်ပါသည်) အဖြစ်လည်းကောင်း ချုပ်ဆိုသော အစုရှယ်ယာအပေါင်ထားမှုအနေဖြင့် သီးသန့်အာမခံ ထားရှိမှုတွင် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့သည် (က) AIC တွင် ယခုပိုင်ဆိုင်ထားသော ရှယ်ယာများ နှင့် အနာဂတ်တွင် ပိုင်ဆိုင်ရန်ရှိသော ရှယ်ယာများကို ပထမဦးစားပေး အပေါင်ပစ္စည်းများအဖြစ် AIC တွင် ပိုင်ဆိုင်ထားသော အစုရှယ်ယာလက်မှတ်များကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံသို့ ပေးအပ်ထားပါသည်။ (ခ) AIC တွင် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့

ပိုင်ဆိုင်ထားသော အစုရှယ်ယာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်နှင့်ဖြစ်စေ သက်ဆိုင်သော ရပိုင်ခွင့်များ၊ ပြန်အမ်းငွေ၊ အပိုဆုကြေး၊ ဦးစားပေးရပိုင်ခွင့်၊ အမြတ်ဝေစု သို့မဟုတ် အခြားရရန်ရှိသော ငွေကြေးများအားလုံး၊ ဖော်ပြထားသောနေ့ရက် နှင့် ယင်းနေ့ရက်နောက်ပိုင်း ရရှိသော ရပိုင်ခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ ကောင်းကျိုး၊ အာမခံအဖြစ် ထားရှိသောနေ့ရက် နှင့် ထိုနေ့ရက်နောက်ပိုင်း ပေါ်ပေါက်လာသော မဲပေးပိုင်ခွင့် သို့မဟုတ် သဘောတူညီပိုင်ခွင့် အားလုံးတို့ကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံတွင် အပေါင်ထားရှိ၊ အာမခံထားရှိ၍ အပေါင်ထားရန်နှင့် အာမခံထားရန် သဘောတူညီပါသည်။

(၄) ကမ္ဘောဇောဏ်လီမိတက် onshore security agent အဖြစ်လည်းကောင်း အပေါင်ခံသူ (Pledgee) အဖြစ်လည်းကောင်း၊ ဦးဝင်းအောင်က အပေါင်ထားသူ (နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ဦးဝင်းအောင်သည် Myanmar Ballooning Co., Ltd. ၏ အစုရှယ်ယာ ၅၁% ကို ပိုင်ဆိုင်ပါသည်) အဖြစ်လည်းကောင်း၊ ချုပ်ဆိုသော အစုရှယ်ယာအပေါင်ထားမှုအနေဖြင့် သီးသန့်အာမခံထားရှိမှုတွင် ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့သည် (က) Myanmar Ballooning Co., Ltd. တွင် ယခုပိုင်ဆိုင်ထားသောရှယ်ယာများ နှင့် အနာဂတ်တွင် ပိုင်ဆိုင်ရန်ရှိသော ရှယ်ယာများ (နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ဦးဝင်းအောင်သည် Myanmar Ballooning Co., Ltd. ၏ အစုရှယ်ယာ ၅၁% ကို ပိုင်ဆိုင်ပါသည်) ကို ပထမဦးစားပေး အပေါင်ပစ္စည်းများအဖြစ် Myanmar Ballooning Co., Ltd. တွင် ပိုင်ဆိုင်ထားသော အစုရှယ်ယာလက်မှတ်များကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံသို့ ပေးအပ်ထားပါသည်။ (ခ) Myanmar Ballooning Co., Ltd. တွင် ဦးဝင်းအောင် ပိုင်ဆိုင်ထားသော အစုရှယ်ယာများအားလုံးဖြစ်စေ၊ တစ်ရပ်ရပ်နှင့်ဖြစ်စေ သက်ဆိုင် သော ရပိုင်ခွင့်များ၊ ပြန်အမ်းငွေ၊ အပိုဆုကြေး၊ ဦးစားပေးရပိုင်ခွင့်၊ အမြတ်ဝေစု သို့မဟုတ် အခြားရရန်ရှိသော ငွေကြေးများအားလုံး၊ ဖော်ပြထားသော နေ့ရက် နှင့် ထိုနေ့ရက်နောက်ပိုင်း ရ ရန် ရှိသော ရပိုင်ခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ ကောင်းကျိုး၊ အာမခံအဖြစ် ထားရှိသောနေ့ရက်နှင့် ထိုနေ့ရက်နောက်ပိုင်း ပေါ်ပေါက်လာသော မဲပေးပိုင်ခွင့် သို့မဟုတ် သဘောတူညီပိုင်ခွင့် အားလုံးတို့ကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံတွင် အပေါင်ထားရှိ၊ အာမခံထားရှိ၍ အပေါင်ထားရန်နှင့် အာမခံထားရန် သဘောတူညီပါသည်။

(၅) သီးသန့်ဖြစ်သော ပထမဆုံးရယူခွင့်ရှိသည့် စာချုပ်စာတမ်းအာမခံထား၍ ပေါင်နှံမှုအဖြစ် အချို့သောမြေကွက်များ ***("အပိုင်း ၃။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ - ကုမ္ပဏီ၏ အဆောက်အအုံ၊ စက်ပစ္စည်း နှင့် လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ" တွင် ကြည့်ရန်) ၏ ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများ ("ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများ")*** အား အပ်နှံရာတွင်၊ ယင်းပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများကို ကမ္ဘောဇ ဘဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) သို့ လက်ရောက်ပေးအပ်၍ ကမ္ဘောဇ ဘဏ်လီမိတက်မှလည်း ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများကို လက်ခံထိန်းသိမ်းထားမည်ဖြစ်ပါသည်။

လိုအပ်သည့်အလျောက် ဥပဒေရေးရာ စာရွက်စာတမ်းများအားလုံးကို ပြင်ဆင်မှုအပေါ် မူတည်၍၊ အထက်ဖော်ပြပါ အပိုဒ် (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော အစုရှယ်ယာအပေါင်ထားရှိမှုများအား စွန့်လွှတ်မှု နှင့် လွတ်ငြိမ်းခွင့်ပြုခြင်း၊ (၁) ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် လျှောပေါ့ပေးပြီးနောက် သုံးလ နှင့် (၂) ကမ်းလှမ်းမှု မတိုင်မီ အစုရှယ်ယာအပေါင်ထားရှိမှု အသစ်များ ထပ်မံဆောင်ရွက်ခြင်း နှင့် ပြီးပြည့်စုံစေခြင်းတို့အပါအဝင် IFC ချေးငွေဝန်ဆောင်မှုပါ အချို့သော သတ်မှတ်ပြဋ္ဌာန်းချက်များကို UIG က လိုက်နာမှုကို လျှောပေါ့ပေးရန် နှင့် UIG အား ကုမ္ပဏီ၏ လက်အောက်ခံအဖြစ် ပြန်လည်ဖွဲ့စည်းခြင်းစသည်တို့နှင့်သက်ဆိုင်သော ယခင်အစု ရှယ်ယာကမ်းလှမ်းရောင်းချမှုနှင့်ဆက်နွယ်သည့် UIG ၏ တောင်းဆိုချက်အရ၊ IFC သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ တွင် သဘောတူပြီးဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ တွင် IFC က စွန့်လွှတ်ရန် သဘောတူညီပြီးနောက်၊လုပ်ငန်းစု မှ ပေးအပ်ရမည့် အစုရှယ်ယာ အပေါင်ထားရှိမှု အသစ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ကမ္ဘောဇောဏ်လီမိတက် onshore security agent အဖြစ်လည်းကောင်း၊ အပေါင်ခံသူ (Pledgee) အဖြစ်လည်းကောင်း၊ ကုမ္ပဏီ နှင့် ဦးဝင်းအောင်တို့က အပေါင်ထားသူ (ဤ ဖွင့်ဟကြေညာစာတမ်း ကို တင်သွင်းသည့် နေ့ ရက်အထိ ကုမ္ပဏီ နှင့် ဦးဝင်းအောင် တို့သည် UIG ၏ အစုရှယ်ယာ ၁၀၀% ကို ပိုင်ဆိုင်ပါသည်) အဖြစ်လည်းကောင်း၊ ချုပ်ဆိုသော အစုရှယ်ယာအပေါင်ထားမှုအနေဖြင့် သီးသန့် အာမခံထားရှိမှုတွင် ကုမ္ပဏီ နှင့် ဦးဝင်းအောင် တို့သည် (က) UIG တွင် ယခုပိုင်ဆိုင်ထားသောရှယ်ယာများ နှင့် အနာဂတ်တွင် ပိုင်ဆိုင်ရန်ရှိသော ရှယ်ယာများကို ပထမဦးစားပေး အပေါင်ပစ္စည်းများအဖြစ် UIG တွင် ပိုင်ဆိုင်ထားသော အစုရှယ်ယာလက်မှတ်များကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံသို့ ပေးအပ်ထားပါသည်။ (ခ) UIG တွင် ကုမ္ပဏီနှင့် ဦးဝင်းအောင်တို့က ပိုင်ဆိုင်ထားသော အစုရှယ်ယာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်နှင့် သက်ဆိုင်သော ရပိုင်ခွင့်များ၊ ပြန်အမ်းငွေ၊ အပိုဆုကြေး၊ ဦးစားပေးရပိုင်ခွင့်၊ အမြတ်ဝေစု သို့မဟုတ် အခြားရရန်ရှိသော ငွေကြေးများ အားလုံး၊ ဖော်ပြထားသော နေ့ရက် နှင့် ယင်းနေ့ရက်နောက်ပိုင်း ရရန်ရှိသော ရပိုင်ခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ ကောင်းကျိုး၊ အာမခံအဖြစ် ထားရှိသောနေ့ရက် နှင့် ထိုနေ့ရက်နောက်ပိုင်း ပေါ်ပေါက်လာသော မဲပေးပိုင်ခွင့် သို့မဟုတ် သဘောတူညီပိုင်ခွင့် အားလုံးတို့ကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံတွင် အပေါင်ထားရှိရန် နှင့် အာမခံထားရှိရန် သဘောတူညီပါသည်။

(၂) ကမ္ဘောဇောဏ်လီမိတက် onshore security agent အဖြစ်လည်းကောင်း အပေါင်ခံသူ (Pledgee) အဖြစ်လည်းကောင်း၊ ကုမ္ပဏီက အပေါင်ထားသူ (ဤ ဖွင့်ဟကြေညာစာတမ်း ကို တင်သွင်းသည့်နေ ့ရက်အထိ ကုမ္ပဏီ သည် Myanmar Ballooning Co., Ltd. ၏ အစုရှယ်ယာ ၅၁% ကို ပိုင်ဆိုင်ပါသည်) အဖြစ်လည်းကောင်း ချုပ်ဆိုသော အစုရှယ်ယာအပေါင်ထားမှုအနေဖြင့် သီးသန့်အာမခံထားရှိမှုတွင်၊ ဦးဝင်းအောင်နှင့် ဒေါ်နေမြတ်သူအောင်တို့သည် (က) Myanmar Ballooning Co., Ltd. တွင် ယခုပိုင်ဆိုင်ထားသောရှယ်ယာများနှင့် အနာဂတ်တွင် ပိုင်ဆိုင်ရန်ရှိသော ရှယ်ယာများ (နောက်ဆုံးတင်သွင်းသည့်နေ ့ရက်အထိ ဦးဝင်းအောင်သည် Myanmar Ballooning Co., Ltd. ၏

အစုရှယ်ယာ ၅၁% ကို ပိုင်ဆိုင်ပါသည်) ကို ပထမဦးစားပေး အပေါင်ပစ္စည်းများအဖြစ် Myanmar Ballooning Co., Ltd. တွင် ပိုင်ဆိုင်ထားသော အစုရှယ်ယာလက်မှတ်များကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံသို့ ပေးအပ်ထားပါသည်။ (ခ) Myanmar Ballooning Co., Ltd. တွင် ကုမ္ပဏီက ပိုင်ဆိုင်ထားသော အစုရှယ်ယာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်နှင့်ဖြစ်စေ သက်ဆိုင်သော ရပိုင်ခွင့်များ၊ ပြန်အမ်းငွေ၊ အပိုဆုကြေး၊ ဦးစားပေးရပိုင်ခွင့်၊ အမြတ်ဝေစု သို့မဟုတ် အခြားရရန်ရှိသော ငွေကြေးများအားလုံး၊ ဖော်ပြထားသော နေ့ရက်နှင့် ယင်းနေ့ရက်နောက်ပိုင်း ရရှိသော ရပိုင်ခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ ကောင်းကျိုး၊ အာမခံအဖြစ် ထားရှိသောနေ့ရက်နှင့် နေ့ရက်နောက်ပိုင်း ပေါ်ပေါက်လာသော မဲပေးပိုင်ခွင့် သို့မဟုတ် သဘောတူညီပိုင်ခွင့် အားလုံးတို့ကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံတွင် အပေါင်ထားရှိရန် နှင့် အာမခံထားရှိရန် သဘောတူညီပါသည်။

(၃) ကမ္ဘောဇောဏ်လီမိတက် onshore security agent အဖြစ်လည်းကောင်း အပေါင်ခံသူ (Pledgee) အဖြစ်လည်းကောင်း၊ AIC၊ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင်တို့က အပေါင်ထားသူ (ကမ်းလှမ်းခြင်းမတိုင်မီ ဤ ဖွင့်ဟကြေညာစာတမ်း ကို တင်သွင်းသည့်နေ့ရက်အထိ AIC၊ ဦးဝင်းအောင်နှင့် ဒေါ်နေမြတ်သူအောင်တို့သည် ကုမ္ပဏီ ၏ အစုရှယ်ယာ 83.1% ကို ပိုင်ဆိုင်ပါသည်) အဖြစ်လည်းကောင်း ချုပ်ဆိုသော အစုရှယ်ယာအပေါင်ထားမှုအနေဖြင့် သီးသန့်အာမခံထားရှိမှုတွင် AIC၊ ဦးဝင်းအောင် နှင့် ဒေါ်နေမြတ်သူအောင် တို့သည် (က) ကုမ္ပဏီ တွင် ယခုပိုင်ဆိုင်ထားသောရှယ်ယာများ နှင့် အနာဂတ်တွင် ပိုင်ဆိုင်ရန်ရှိသော ရှယ်ယာများကို ပထမဦးစားပေး အပေါင်ပစ္စည်းများအဖြစ် ကုမ္ပဏီ တွင် ပိုင်ဆိုင်ထားသော အစုရှယ်ယာလက်မှတ်များကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံသို့ ပေးအပ်ထားပါသည်။ (ခ) AIC၊ ဦးဝင်းအောင်နှင့် ဒေါ်နေမြတ်သူအောင် တို့က ကမ်းလှမ်းမှုပြုပြီးနောက်ပိုင်း ကုမ္ပဏီ၏မတည်အစုရှယ်ယာ ၆၀% သို့မဟုတ် ထိုထက်ပိုသော ပမာဏကို ပိုင်ဆိုင်မည်ဖြစ်သော ဤကုမ္ပဏီ တွင် ၎င်းတို့ ပိုင်ဆိုင်ထားသော အစုရှယ်ယာများအားလုံး သို့မဟုတ် တစ်ရပ်ရပ် နှင့် သက်ဆိုင်သော ရပိုင်ခွင့်များ၊ ပြန်အမ်းငွေ၊ အပိုဆုကြေး၊ ဦးစားပေးရပိုင်ခွင့်၊ အမြတ်ဝေစု သို့မဟုတ် အခြားရရန်ရှိသော ငွေကြေးများအားလုံး၊ ဖော်ပြထားသော နေ့ရက်နှင့် ယင်းနေ့ရက်နောက်ပိုင်း ရရှိသော ရပိုင်ခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ ကောင်းကျိုး၊ အာမခံအဖြစ် ထားရှိသောနေ့ရက်နှင့် နေ့ရက်နောက်ပိုင်း ပေါ်ပေါက်လာသော မဲပေးပိုင်ခွင့် သို့မဟုတ် သဘောတူညီပိုင်ခွင့် အားလုံးတို့ကို ကမ္ဘောဇောဏ်လီမိတက် (IFC ကိုယ်စား Onshore Security Agent အဖြစ်) ထံတွင် အပေါင်ထားရှိရန်နှင့် အာမခံထားရှိရန် သဘောတူညီပါသည်။

ယခင် အစုရှယ်ယာ ပေါင်နှံထားမှု ကင်းလွတ်ပြီးနောက်တွင်လည်းကောင်း၊ ယခင်အစုရှယ်ယာကမ်းလှမ်းရောင်းချမှုမတိုင်မီတွင်လည်းကောင်း၊ သုံးလထက် နောက် မကျစေဘဲ အထက်ပါ အစုရှယ်ယာအပေါင်ထားရှိမှုများကို ပြီးပြည့်စုံအောင် လိုက်နာဆောင်ရွက် ရမည်ဖြစ်သည်။ အထက်ပါ အစုရှယ်ယာအပေါင်ထားရှိမှုများကို ပြီးပြည့်စုံအောင်ဆောင်ရွက်ရန်ပျက်ကွက်လျှင် IFC ချေးငွေဝန်ဆောင်မှုအရ ပျက်ကွက်မှု အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃-၂-၆။ ကုမ္ပဏီ၏ အဆောက်အအုံ၊ စက်ပစ္စည်း နှင့် လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ

နောက်ဆုံးတင်သွင်းသည့်နေ့ရက် အရ မိမိတို့ အုပ်စု၏ပစ္စည်းပိုင်ဆိုင်မှု စာရင်း များတွင် ဌားရမ်းထားသော မြေများ နှင့် နှစ်ရှည် အသုံး ပြုခွင့် ရသော အရာ များ ပါဝင်နေ ပြီး ယင်းတို့မှာ အောက်ပါ ဇယား တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်ပါသည်။

တည်နေရာ	အဌားသက်တမ်း	ခန့်မှန်းအကျယ်အဝန်း (စတုရန်းပေ)	အသုံးပြုသည့်လုပ်ငန်း	အဌားချထားသူ	ဌားရမ်းသူ
မြေကွက်အမှတ်(၁)၊ ဦးပိုင်အမှတ် ၂၅၊ရင်မင်းပိုက်(အနောက်) ပုဂံမြို့သစ်၊သီရိပစ္စယာရပ်ကွက်၊ ညောင်ဦးမြို့ ညောင်ဦးခရိုင်၊ မန္တလေးတိုင်းဒေသကြီး။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ ၁၅ နှစ်	၀.၉၁၈ ဧက	*"My Bagan Residence"* by Amata	ဦးဝင်းအောင်[၁.၁၅]	UIG[၁]
ဦးပိုင်အမှတ် ၁၅၃၊ ၁၆၁ နှင့် ၁၆၂/၁ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ငပလီ မြို့နယ်၊သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၁၅ နှစ်	၀.၂၂ ဧက (၀.၀၅+၀.၀၅ +၀.၁၂)	Amata Resort (ငပလီ ကမ်းခြေ)	AIC[၂.၁]	UIG[၁]
ဦးပိုင်အမှတ် ၁၅၈/၁ နှင့် ၁၅၉/ ၂၊ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၁၅ နှစ်	၀.၁၁ ဧက (၀.၀၂ +၀.၀၉)	Amata Resort (ငပလီ ကမ်းခြေ)	AIC[၃.၁]	UIG[၁]

မြေတိုင်းအမှတ် ၁၅၅/၂၅၁၊ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၁၇ ရက်နေ့မှ ၁၅ နှစ်	၀.၀၄ ဧက	Amata Resort (ငပလီ ကမ်းခြေ)	AIC[၄,၁၅]	UIG[၁၂]
မြေတိုင်းအမှတ် ၁၄၆/၂၅၂၊ကွင်းအမှတ်၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၁၇ ရက်နေ့မှ ၁၅ နှစ်	၀.၀၅ ဧက	Amata Resort (ငပလီ ကမ်းခြေ)	AIC[၅,၁၅]	UIG[၁၂]
မြေတိုင်းအမှတ် ၁၅၇/၂၄၉၊ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၁၇ ရက်နေ့မှ ၁၅ နှစ်	၀.၀၈ ဧက	Amata Resort (ငပလီ ကမ်းခြေ)	AIC[၆,၁၅]	UIG[၁၂]
မြေတိုင်းအမှတ် ၆၁/၂၅၄၊ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၁၇ ရက်နေ့မှ ၁၅ နှစ်	၀.၁၅ ဧက	Amata Resort (ငပလီ ကမ်းခြေ)	AIC[၇,၁၅]	UIG[၁၂]
မြေတိုင်းအမှတ် ၁၅၄/၂၅၃၊ ကွင်းအမှတ်၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့နယ်၊သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၁၇ ရက်နေ့မှ ၁၅ နှစ်	၀.၂၆ ဧက	Amata Resort (ငပလီ ကမ်းခြေ)	AIC[၈,၁၅]	UIG[၁၂]

မြေတိုင်းအမှတ် ၁၅၆/၂၅၀၊ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြိုနယ်၊သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၁၇ ရက်နေ့မှ ၁၅ နှစ်	၀.၅၇ ဧက	Amata Resort (ငပလီ ကမ်းခြေ)	AIC[ဇ,၁၅]	UIG[၁၂]
မြေကွက်အမှတ်(ဇ)၊မြေတိုင်းအမှတ်ဇ၇၊ သမုဒ္ဒရာဇ်ရပ်ကွက်၊ ပုဂံ၊ ညောင်ဦးခရိုင်၊ မန္တလေးတိုင်းဒေသကြီး။	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၂၇ ရက်နေ့မှ ၁၅ နှစ်	၀.၁၆၁ ဧက	Amata Garden Resort (ပုဂံ)	ဦးဝင်းအောင်[၁၀,၁ ၅]	UIG[၁၂]
ရခိုင်ပြည်နယ်၊သံတွဲခရိုင်၊ ငပလီမြိုနယ်၊ မြပြင်ကျေးရွာရှိ မြေကွက်အမှတ်၂၀၇၊ မြပြင်လယ်မြေ၊ ဦးပိုင်အမှတ် ၂၁၆/၂၁၇၊ ဦးပိုင်အမှတ် ၁၅၆၊ ၁၅၇/၂၊ ဦးပိုင်အမှတ် ၆၂/၁၊ ဦးပိုင်အမှတ် ၅၃/၁ ၊	၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှ ၁၅ နှစ်	၁.၀၇ ဧက	Amata Resort (ငပလီ ကမ်းခြေ)	ဦးဝင်းအောင်[၁၁,၁ ၅]	UIG
အင်းလေးကန် သဘာဝတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သလဲဦး ကျေးရွာ၊ ညောင်ရွှေ-နမ်ပန်ကားလမ်း အနောက်ဘက် ၁၇.၄၈ ဧကရှိမြေ	၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ မှ နှစ် ၅၀ (တစ်ကြိမ်လျှင် ၁၀ နှစ်စီ သက်တမ်းနှင့် နှစ်ကြိမ် တိုးနိုင်ပါသည်)	၁၇.၄၈ ဧက	Amata ဥယျာဉ်အပန်းဖြေစခန်း(အင်းလေးကန်)	သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ကြီးဌာန၊ သစ်တောဌာန	UIG

မြေကွက်အမှတ် ၁၅၄၄၊ မြေတိုင်းအမှတ် ၇၇၊ / သူဌေးကန်၊ ပုဂံ မြို့သစ်၊ ညောင်ဦးခရိုင်၊ မန္တလေးတိုင်းဒေသကြီး	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၂၇ ရက်နေ့ မှ ၂၀၂၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့အထိ	၁.၅၅ ဧက	Amata Garden Resort (ပုဂံ)	ဦးဝင်းအောင်[၁၃]	UIG
မြေကွက်အမှတ် ၁၅၄၄၊ မြေတိုင်းအမှတ် ၇၆၊ / သူဌေးကန်၊ ပုဂံ မြို့သစ်၊ ညောင်ဦးခရိုင်၊ မန္တလေးတိုင်းဒေသကြီး	၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၂၇ ရက်နေ့ မှ ၂၀၂၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့အထိ	၅.၀၀ ဧက	Amata Garden Resort (ပုဂံ)	ဦးဝင်းအောင်[၁၄]	UIG

မှတ်ချက်

၁။ ဦးဝင်းအောင်သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၀၇ ခုနှစ်၊ မတ်လ ၂၇ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြို့မြို့မြေကိုငှားရမ်းထားပါသည်။

၂။ AIC အား ၂၀၁၇ခုနှစ်၊ ဧန်နဝါရီလ ၁၆ရက်နေ့စွဲပါ ပုံစံ၁၀၅ နှင့် ၁၀၆တွင် မြေပိုင်ရှင်အဖြစ် ဖော်ပြထားပါသည်။

၃။ AIC အား ၂၀၁၇ခုနှစ်၊ ဧန်နဝါရီလ ၁၆ရက်နေ့စွဲပါ ပုံစံ၁၀၅ နှင့် ၁၀၆တွင် မြေပိုင်ရှင် အဖြစ်ဖော်ပြထားပါသည်။

၄။ AIC သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၆ခုနှစ်၊ မတ်လ ၂၈ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြို့မြို့မြေကိုငှားရမ်းထားပါသည်။

၅။ AIC သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြို့မြို့မြေကိုငှားရမ်းထားပါသည်။

၆။ AIC သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၆ခုနှစ်၊ သြဂုတ်လ ၁ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြို့မြေကိုငှားရမ်းထားပါသည်။

၇။ AIC သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၆ခုနှစ်၊ မတ်လ ၂၈ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြို့မြို့မြေကိုငှားရမ်းထားပါသည်။

၈။ AIC သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၆ခုနှစ်၊ မတ်လ ၂၈ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြို့မြို့မြေကိုငှားရမ်းထားပါသည်။

၉။ AIC သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၆ခုနှစ်၊ သြဂုတ်လ ၁ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြို့မြေကိုငှားရမ်းထားပါသည်။

၁၀။ ဦးဝင်းအောင်သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၂ခုနှစ်၊ ဧပြီလ ၂ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြို့မြေကိုငှားရမ်းထားပါသည်။

၁၁။ ဦးဝင်းအောင်(AIC)သည် ရခိုင်ပြည်နယ်အစိုးရထံမှ(ပုံစံ၁၅ (က) မြေအသုံးပြုခွင့်ရရှိထားပါသည်။

၁၂။ IFC ချေးငွေဝန်ဆောင်မှု အရ UIG ၏ တာဝန်ဝတ္တရားများ နှင့် ပေးရန်တာဝန်များကို အာမခံချက်ရှိစေရန်အတွက်၊ IFC ၏ အကျိုးဌာ အဆိုပါမြေကွက်များသည် မြေ၊ အဆောက်အအုံ နှင့် တွဲဖက်သော ပုံသေပိုင်ပစ္စည်းများ နှင့် အခြားပုံသေပိုင်ပစ္စည်းများရှိ အခွင့်အရေးများ၊ အမည်ပေါက်ပိုင်ဆိုင်မှု၊ အကျိုးခံစားခွင့်များ၊ အကျိုးစီးပွားများနှင့်အတူ အမည်ပေါက်ပိုင်ဆိုင်မှုစာချုပ်ကို အပ်နှံကာစာချုပ်စာတမ်း ပေးအပ်၍ပေါင်နှံမှုပြုခြင်း (Equitable Mortgage) အားဖြင့် သီးသန့်အပေါင်တစ်ရပ် (Exclusive Charge) အောက်တွင် ရှိသည်။

၁၃။ ဦးဝင်းအောင်သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြေကိုငှားရမ်းထားပါသည်။

၁၄။ ဦးဝင်းအောင်သည် ပြည်ထောင်စုအစိုးရထံမှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ မှစ၍ နှစ်ပေါင်း ၃၀အထိ မြေကိုငှားရမ်းထားပါသည်။

၁၅။ ဤမြေများအတွက် အငှားချထားခြင်းခံရသူမှာ ဦးဝင်းအောင် သို့မဟုတ် AIC (နှစ်ဦးပေါင်း၍ ကုမ္ပဏီ၏ အစုရှယ်ယာ စုစုပေါင်း ၇၉.၆၂% ကိုင်ဆောင်ထားသူ) ဖြစ်ပါသည်။ ကုမ္ပဏီတွင် ဦးဝင်းအောင် နှင့် AIC ၏ ရှယ်ယာပိုင်ဆိုင်မှုကို ထောက်ရှုပါက လက်ရှိထပ်ဆင့်အငှားချထားသည့်သက်တမ်း ကုန်ဆုံးပြီးနောက် တွင်လည်း ဦးဝင်းအောင် နှင့် AIC တို့က ယင်းမြေကွက်များအတွက် အစိုးရထံမှ အငှားပိုင်ဆိုင်မှု အကျိုး ခံစားခွင့် ဆက်လက်ရှိနေသမျှကာလပတ်လုံး တူညီသော အခြေခံဖြင့် နှင့်/သို့မဟုတ် အလားတူစျေးကွက် သတ်မှတ်ချက်များဖြင့် (စာချုပ်ဝင်များအကြား သဘောတူညီမည့် ငှားရမ်းခ ပမာဏ ပြင်ဆင်ချက်တစ်ရပ်ရပ်အရ) အငှားချထားမှုများကို သက်တမ်းတိုးပြီး ဤမြေကွက်များကို ဆက်လက်အသုံးပြုနိုင်စွမ်းရှိမည်ဟု ဒါရိုက်တာအဖွဲ့က ရှုမြင်ပါသည်။ ထို့ပြင် ယင်းငှားရမ်းမှုများသည် စျေးကွက်ပေါက်စျေးအရ ပုံမှန်စျေးကွက်သတ်မှတ်ချက်များအတိုင်း ချုပ်ဆိုငှားရမ်းထားခြင်းဖြစ်ရာ၊ အကယ်၍ ဦးဝင်းအောင် သို့မဟုတ် AIC က မည်သို့သော အကြောင်းပြချက်ဖြင့် မဆို ကုမ္ပဏီရှိ အစုရှယ်ယာများကို ဆက်လက်ကိုင်ဆောင်ပိုင်ဆိုင်ထားခြင်းမရှိတော့သည့်တိုင်၊ အလားတူ အခြေခံဖြင့် (စာချုပ်ဝင်များအကြား သဘောတူညီထားသည့် ငှားရမ်းခ ပမာဏ ပြင်ဆင်ချက်အရ) ဆက်လက် ဤမြေကွက်များကို ဆက်လက်ငှားရမ်းနိုင်စွမ်းရှိမည်ဟု ဒါရိုက်တာအဖွဲ့က ယုံကြည်ပါသည်။

<u>၃-၂-၇။ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဆောင်ရွက်မှုများ(RESEARCH AND DEVELOPMENT)</u>

လွန်ခဲ့သော ဘဏ္ဍာရေးနှစ် ၂နှစ်အပြင် ယခု လက်ရှိအချိန်အထိ မိမိတို့ အနေ ဖြင့် သိသာထင်ရှား သော သုတေသန နှင့် ဖွံ့ဖြိုးရေး လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ မှုမရှိပါ။

၃-၃။ ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

အောက်ပါဆွေးနွေးမှု နှင့် လေ့လာဆန်းစစ်မှုကို ***"အပိုင်း-၄ -ဘဏ္ဍာရေးသတင်းအချက်အလက်"*** ရှိ ၃၁ မတ် ၂၀၁၈ခုနှစ်၊ နှင့် ၂၀၁၉ခုနှစ်၊ အတွင် ကုန်ဆုံးသည့် (ဘဏ္ဍာ)နှစ်များအတွက် နှင့် ၂၀၁၉ခုနှစ်၊ စက်တင်ဘာ ၃၀ရက်နေ့ တွင် ကုန်ဆုံးသည့် (ဘဏ္ဍာ)နှစ်အတွက် မိမိတို့၏ စာရင်းစစ်ထားသော နှင့်/သို့မဟုတ် စာရင်းစစ်အစီရင်ခံစာအစား စာရင်းစစ်က သုံးသပ်ပေးထားသည့် အတိုင်း စာရင်းမစစ်ရသေးသော သုံးသပ်ထားသည့် ခန့်မှန်းရေးဆွဲထားသော ကြိုတင် ဘဏ္ဍာရေးစာရွက်စာတမ်းများ (unaudited reviewed pro forma consolidated financials)နှင့် တိုက်ဆိုင် ဖတ်ရှုစေလိုပါသည်။ မိမိတို့ကုမ္ပဏီမှာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့က ဖွဲ့စည်းထူထောင်သူဖြစ်ရာ ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ် အတွက် (ဆိုလိုသည်မှာ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောဘဏ္ဍာရေးနှစ်) စာရင်းစစ်က သုံးသပ်ထားသည့်အတိုင်း စာရင်းမစစ်ရသေးသော သုံးသပ်ထားသည့် ပေါင်းစည်းထားသောခန့်မှန်း ဘဏ္ဍာရေးစာရွက်စာတမ်းများပုံစံဖြင့်သာ ဘဏ္ဍာရေးအချက်အလက်ကို တင်ပြနိုင်ပါသည်။ ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်၊ အတွက် စာရင်းမစစ်ရသေးသော သုံးသပ်ထားသည့် ခန့်မှန်းဘဏ္ဍာရေးအချက်အလက်များ ကို ၁၂ လ တာ ပုံမှန်ဘဏ္ဍာရေးသတင်းပို့ကာလအပေါ် အခြေခံသော တစ်သတ်မှတ်တည်း ဖွင့်ဟ အသိပေးမှုတစ်ရပ် ပေးအပ်နိုင်ရန် အလို့ငှာနှင့် မိမိတို့ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဖွဲ့စည်းထူထောင်ခဲ့သည်ဆိုပါက နှင့် မိမိတို့ကုမ္ပဏီသည် ဖွဲ့စည်းထူထောင်ပြီးနောက် မိမိတို့လုပ်ငန်းစု ကုမ္ပဏီများနှင့်ပေါင်းစည်းလိုက်ပါက မိမိတို့၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှုရလဒ်များ မည်သို့မည်ပုံရှိနိုင်သည်ဆိုခြင်းကို ဖော်ပြရန်အလို့ငှာ ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ဥပမာ အားဖြင့် ဖော်ပြရန် အလို့ငှာသာပြင်ဆင်ထားခြင်းဖြစ်ပြီး အနာဂတ်ကာလများတွင် ပေါင်းစည်းထားသော ဘဏ္ဍာရေးရပ်တည်ချက် သို့မဟုတ် လုပ်ငန်းလည်ပတ်မှုရလဒ်များအဖြစ် သေချာပေါက် ညွှန်းဆိုခြင်းမျိုး မဟုတ်ပါ။ [ဘဏ္ဍာရေးနှစ် ၂၀၁၉ အတွက်၊ ***"အပိုင်း-၄ - ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ"*** တွင် စာရင်းစစ်ထားသော မိခင်ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများ ပေါင်းစည်းတင်ပြထားသော ဘဏ္ဍာရေး ဆိုင်ရာ အချက်အလက်များ ထည့်သွင်းထားပါသည်။ သို့ရာတွင် ဘဏ္ဍာရေးနှစ် ၂၀၁၉ မှာ ၂၀၁၉ ဧပြီလ ၁ရက်နေ့မှ ၂၀၁၉ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ၆ လတာ ကာလတစ်ရပ်ကိုသာ လွှမ်းခြုံသကဲ့သို့ တိုက်ဆိုင်စွာပင် ယင်းကာလသည် မိမိတို့လုပ်ငန်းအေးသည့် အချိန်နှင့်လည်း တိုက်ဆိုင်နေသည်ကို သတိပြုဖတ်ရှု စေလိုပါသည်။

၃-၃-၁။ လုပ်ငန်း ဆောင်ရွက်မှု ရလဒ်များ

၂၀၁၈ခုနှစ် မတ်လ ၃၁ရက်နှင့် ၂၀၁၉ခုနှစ် မတ်လ ၃၁ရက်နေ့တို့တွင် ကုန်ဆုံးသောနှစ်များအတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ချက်များကို အောက်တွင်ဖော်ပြထားပါသည်။

(ကျပ် သန်းပေါင်း)	**၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)**	**၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)**
လုပ်ငန်းမှရောင်းရရငွေ		
အခန်း	၃,၁၅၁	၂,၉၆၈
လူစီးမီးပုံးပျံ	၃,၂၁၄	၄,၀၃၃
အစားအသောက်နှင့် အဖျော်ယမကာ	၁,၅၂၂	၁,၅၉၃
အခြား	၄၈၃	၄၄၃
စုစုပေါင်း	၈,၄၁၉	၉,၀၄၆
ရောင်းချမှုအတွက်ကုန်ကျစရိတ်		
အခန်းနှင့်လူစီးမီးပုံးပျံ	၂,၂၉၉	၂,၀၁၀
အစားအသောက်နှင့် အဖျော်ယမကာ	၁,၀၃၁	၈၂၈
အခြား	၆၂	၈၄
စုစုပေါင်း	**၃,၃၈၂**	**၂,၉၁၂**
အကြမ်းအမြတ်	**၅,၀၂၈**	**၆,၁၂၉**
အခြားဝင်ငွေ	**၃၁,၂၁၀**	**၃၁,၃၁၂**
အခြားကုန်ကျစရိတ်	**၂,၉၀၄**	**၂,၃၃၂**
EBITDA	**၃၃,၃၃၄**	**၃၄,၆၆၄**
EBIT	**၃၁,၆၄၅**	**၃၃,၃၁၃**
အတိုးစရိတ်	**၂၂၆**	**၉၃၆**
အခွန်မပေးမီ အမြတ်	**၃၁,၄၁၉**	**၃၂,၃၃၃**
နှစ်တစ်နှစ်အတွက် စုစုပေါင်း အသားတင် အမြတ်(အရှုံး)	**၃၃,၁၆၉**	**၃၂,၁၈၅**

မှတ်ချက်။ ဇယားပါ ကိန်းဂဏန်းများမှာ အနီးဆုံး သန်းဂဏန်းအပြည့် ဖြင့် ဖော်ပြ ထားခြင်းဖြစ်သည်။

ကုမ္ပဏီ၏ အဓိက လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းမှာ အပန်းဖြေဟိုတယ်များ နှင့် လူစီးမီးပုံပျံ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုဖြစ်ပါသည်။ အထူးသဖြင့် မိမိတို့ကုမ္ပဏီ၏ ဝင်ငွေမှာ မိမိတို့၏ လက်အောက်ခံလုပ်ငန်းများဖြစ်သော ၉၉.၉၉ ရာခိုင်နှုန်းပိုင်ဆိုင် သည့် UIG နှင့် ၅၁.၀ % ပိုင်ဆိုင် ခွင့်ရှိသည့် MB တို့မှ ရရှိသော ဝင်ငွေများမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဝင်ငွေများကို ဟိုတယ် နှင့် လူစီးမီးပုံပျံလုပ်ငန်းမှ ရငွေ နှင့် အစားအသောက်နှင့် အဖျော်ယမကာ (F&B) နှင့် အခြား (Spa၊ laundry service ၊ အမှတ်တရလက်ဆောင်စသဖြင့်) မှ ရငွေဟူ၍ခွဲခြားနိုင်သည်။ ၁၂ လတာ ကာလနှိုင်းယှဉ်မှုအတွက်

အထက်ဖော်ပြပါ ယူဆချက်အပေါ် အခြေခံပြီး ၊ မတ်လ ၃၁ ရက်နေ့တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ် အတွက်၊ ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ နှင့် ဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ အကြား၊ စုစုပေါင်း လုပ်ငန်းလည်ပတ်မှုမှရရှိသည့်ရောင်းရငွေမှာ ၇.၄ ရာခိုင်နှုန်းတိုးလာခဲ့ပါသည်။ ယင်းတွင် ဟိုတယ်နှင့် မီးပုံပျံလုပ်ငန်းမှ ၁၀% တိုးလာခြင်းက အဓိကဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ယင်းဝင်ငွေများနှင့် ဆက်စပ်သော ကုန်ကျစရိတ်မှာ ၁၃.၉ % မျှကျဆင်းသွားခဲ့ပြီး ကာလတူအတွင်း အကြမ်းအမြတ် ၂၁.၈ % အထိ ရှိခဲ့ပါသည်။ ဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၈ တွင် အခြားဝင်ငွေမှာ လက်အောက်ခံလုပ်ငန်းများ ဝယ်ယူမှု တွင် ညှိနှိုင်းဝယ်ယူရာမှ အမြတ်အစွန်းဖြစ်ပါသည်။ (UIG နှင့် MB) အရောင်းနှင့် စျေးကွက်ရှာဖွေရေး၊ ကွပ်ကဲရေးနှင့်အထွေထွေအသုံးစရိတ်များ အစရှိသော အခြားကုန်ကျစရိတ်များသည် ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ နှင့် ဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်၊ အကြား မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက် ၄.၅ % မျှလျော့ကျသွားခဲ့ပါသည်။ အတိုးအသုံးစရိတ်မှာ ၂၀၁၇-၂၀၁၈ ခုနှစ်၊ဘဏ္ဍာရေးနှစ် တွင် ပထမဆုံးထုတ်ယူခဲ့သော IFC ချေးငွေပုံ့ပိုးမှုနှင့် ပတ်သက်နေပါသည်။ ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်၊ အတွက် EBITDA မှာ ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ အတွက် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄.၀ % မြင့်တက်လာခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ဘဏ္ဍာရေးနှစ် အတွက် စုစုပေါင်း အသားတင် အမြတ် မှာ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ် အလားတူကာလနှင့် ယှဉ်ပါက ၃.၀ % ကျဆင်းသွားခဲ့ပါသည်။ နောက်ထပ် အသေးစိတ်အချက်အလက်များအတွက်၊ "***အပိုင်း ၄ - ဘဏ္ဍာရေးသတင်းအချက်အလက်***" ကို ရည်ညွှန်းပါ။ ယင်းလုပ်ငန်းလည်ပတ်မှုရလဒ်များအပေါ် အခြေခံပြီး၊ ဘုတ်အဖွဲ့က ရှုမြင်သည်မှာ ကုမ္ပဏီ၏ ဝင်ငွေစီးဆင်းမှုသည် လုပ်ငန်းအတွက် ဆောင်ရွက်နိုင်စွမ်းတိုးမြှင့်မှု (ဆိုလိုသည်မှာ ဟိုတယ်ဝန်ဆောင်မှုနှင့် Oriental လူစီးမီးပုံပျံဝန်ဆောင်မှု) နှင့် အပြိုင် ပုံမှန် ကျယ်ပြန့်လာနေပြီး ကုမ္ပဏီသည် တိုးမြှင့်လာသည့် ပမာဏနှင့် အချိုးညီသော သုံးစွဲမှု ပမာဏကို ထိရောက်စွာ စီမံနိုင်သည်ဟူ၍ဖြစ်သည်။ အတိုးသုံးစွဲမှုမှာ IFC ချေးငွေဝန်ဆောင်မှုကို ထည့်တွက်၍ဖြစ်ပြီး IFC ချေးငွေဝန်ဆောင်မှုအောက်မှ ရန်ပုံငွေများကို ဟိုတယ်ဝန်ဆောင်မှုတိုးချဲ့ရန်အသုံးချခဲ့ပါသည်။ နောက်ထပ်တိုးချဲ့မည့် အစီအစဉ်များကို ဂရုတစိုက်လေ့လာလျက်ရှိရာ၊ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ နှင့် ဆက်စပ်ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ဖြစ်ထွန်းနိုင်စွမ်းအကြား စီမံထားသောမျှခြေတစ်ရပ် ရရှိရန် အထူးဂရုပြု ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃-၃-၂။ ဘဏ္ဍာရေးအခြေအနေ

လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များ

မိမိတို့ကုမ္ပဏီ၏ အဓိကကျသည့် လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှု အတွက်ပစ္စည်းများနှင့် ကိရိယာများ ပါဝင်ပါသည်။ လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များ ၇.၄ % ကျဆင်းမှုတွင် အဓိက အားဖြင့် မိမိတို့၏ အဆောက်အအုံ၊ စက်ပစ္စည်း နှင့် လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ တန်ဖိုးလျော့ကျမှု ပမာဏများ စုစုပေါင်းက အဓိက ကျပါသည်။

ကျပ်သန်းပေါင်း	၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)	၃၁ မတ်လ ၂၀၁၉ ခုနှစ် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)
လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များ	၄၉,၂၁၃	၄၅,၅၇၈

မှတ်ချက်

ဇယားပါ ကိန်းဂဏန်းများမှာ အနီးဆုံး သန်းဂဏန်းအပြည့် ဖြင့် ဖော်ပြ ထားခြင်းဖြစ်သည်။

လက်ငင်းရရန်ပိုင်ခွင့်များ

မိမိတို့၏ လက်ငင်းရရန်ပိုင်ခွင့်များတွင် လက်ဝယ်ရှိကုန်ပစ္စည်းစာရင်း၊ ရရန်ရှိငွေစာရင်း၊ စရန်ငွေနှင့် ကြိုပေးငွေများ၊ ဆက်စပ်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများထံမ ရရန်ရှိသည့် ပမာဏ၊ ငွေသား နှင့် ငွေသားအလားတူ များ ပါဝင်သည်။ လက်ဝယ်ရှိပစ္စည်းစာရင်းဟု ဆိုရာတွင် မိမိတို့၏ ဟိုတယ်၊ အခန်းများ၊ F&B နှင့် Spa ဆက်စပ် ကုန်စည်းများ၊ သန့်ရှင်းရေးပစ္စည်းများ၊ နှိပ်နယ်ရာတွင်သုံးသည့်ဆီ၊ ဝန်ထမ်းဝတ်စုံများ၊ ဧည့်သည့် အထောက်အပံ့ပစ္စည်းများ၊ စာရေးကိရိယာများ စသဖြင့် ပါဝင်သည်။ စရန်ငွေများနှင့် ကြိုပေးငွေများတွင် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများဝန်ဆောင်မှုပေးအပ်သူများထံ ပေးချေသော အာမခံ၊ ကြော်ငြာ၊ စပေါ်ငွေများ ပါဝင်သည်။ ဆက်စပ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများထံမှ ရရန်ရှိသည့် ပမာဏမှာ အဓိက အားဖြင့် မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းအောင်ထံမှ ရရန်ရှိသည်များ ဖြစ်သည်။ ငွေသားနှင့် ငွေသားအလားတူ ဆိုရာတွင် လက်ဝယ်ရှိငွေသားနှင့် ဘဏ်များတွင် ကျပ်ငွေ၊ အမေရိကန်ဒေါ်လာ နှင့် ယူရိုငွေဖြင့် အပ်နှံထားငွေများ ပါဝင်သည်။ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်၊ မှ ၂၀၁၈-၂၀၁၉ ခုနှစ်၊ တွင် မိမိတို့၏ လက်ငင်းရရန်ပိုင်ခွင့်များတွင် ၁၅၂.၃ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပါသည်။

(ကျပ်သန်းပေါင်း)	၂၀၁၈ ခုနှစ်၊ မတ် ၃၁ ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)	၂၀၁၉ ခုနှစ်၊ မတ် ၃၁ ရက်တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)
လက်ငင်းရရန်ပိုင်ခွင့်များ	၅,၂၀၀	၁၃,၁၂၁

မှတ်ချက်

ဇယားရှိ ကိန်းဂဏန်းများကို အနီးဆုံး သန်းပေါင်း ကိန်းပြည့်ယူထားသည်။

ဖော်ပြထားသည့်အတိုင်း မိမိတို့၏ လက်ငင်းရရန်ပိုင်ခွင့် တိုးပွားမှုမှာ အဓိကအားဖြင့် ဆက်စပ်သည့် ပုဂ္ဂိုလ်အဖွဲ့အည်းထံမှ ပေးရန်စေ့ရောက်သည့်ပမာဏက အဓိက ပါဝင်ပါသည်။ ယင်းပမာဏများသည်

အဓိကအားဖြင့် ဟိုတယ် ပစ္စည်းဆောက်လုပ်မှု သို့မဟုတ် ပြန်လည်မွမ်းမံရေးလုပ်ငန်းများ နှင့် ဆက်စပ်နေပြီး ယင်းတို့ကို ဆိုခဲ့ပါ ဆက်စပ်သော ပုဂ္ဂိုလ်အဖွဲ့အစည်းထံ အထူးအားဖြင့် အပ်နှံဆောင်ရွက်စေခြင်းဖြစ် သည်။ သံသယကင်းရှင်းစေရန် ဖော်ပြရလျှင် ပေးရန်စေ့ရောက်သည့် ပမာဏများသည် သက်ဆိုင်ရာ ဟိုတယ် သို့ ပေးအပ်ရမည့် ဆောက်လုပ်ရေး သို့မဟုတ် ပြန်လည်မွမ်းမံရေးလုပ်ငန်းများအတွက် ဖြစ်သည်။

ယင်းလုပ်ငန်းဆောင်ရွက်မှုများသည် မိမိတို့၏ ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲမှု နှင့် ဟိုတယ်လုပ်ငန်း လုပ်ကိုင်နိုင်စွမ်း တိုးပွားမှု (ဆိုလိုသည်မှာ ဟိုတယ်စီးပွားရေးလုပ်ငန်း) တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်ဟု မိမိတို့ဘုတ်အဖွဲ့က ရှုမြင်ပါသည်။

လက်ငင်းပေးရန်တာဝန်ရှိမှုများ

မိမိတို့ကုမ္ပဏီ၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးယူမှုမှ လက်ရှိ ပေးဆပ်ရမည့် ပမာဏ၊ ကြိုတင်အသုံးပြုထားသောစရိတ်များအတွက် ပေးရန်တာဝန်များ ၊ ပေးချေရနိုင်သော အခွန်၊ လျာထားအသုံးစရိတ်များ အတွက် ပေးရန်တာဝန် ၊ နှင့် ကြိုတင်တောင်းခံထားသောစရံငွေ နှင့် အခြား ပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင် နှင့် အခြားအထွေထွေအရပ်ရပ် ပါဝင်သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ မှ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် တွင် လက်ငင်းပေးရန်တာဝန်ရှိမှုများမှာ ၅၆.၉ % မြင့်တက်လာခဲ့ပြီး အဓိကအားဖြင့် မိမိတို့၏ ကာလရှည်ချေးယူမှုမှ လက်ရှိပေးဆပ်ရမည့် အပိုင်းတွင် မြင့်တက်လာခြင်းကြောင့် ဖြစ်သည်။

ကျပ်သန်းပေါင်း	၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ရက် တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်(၁၂ လ)	၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ရက် တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်(၁၂ လ)
လက်ငင်းပေးရန်တာဝန်များ	၂,၆၇၅	၄,၁၉၈

မှတ်ချက်

ဇယားပါ ကိန်းဂဏန်းများမှာ အနီးဆုံး သန်းဂဏန်းအပြည့် ဖြင့် ဖော်ပြ ထားခြင်း ဖြစ်သည်။

ကာလရှည်ချေးငှားမှုမှာ IFC ချေးငွေဝန်ဆောင်မှုကို ဆိုလိုပြီး IFC ချေးငွေဝန်ဆောင်မှုမှ ရန်ပုံငွေများကို မိမိတို့၏ Amata Resort (ပုဂံ) နှင့် Amata Garden Resort (အင်းလေးကန်) တို့ ၏ အခန်းအရေအတွက် တိုးမြှင့်ရန် အသုံးချပြီးဖြစ်သည်။ ကုမ္ပဏီသည် ကာလတို နှင့် ကာလရှည် ရှုထောင့် အရ မိမိတို့၏ ဖွံ့ဖြိုးရေးမဟာဗျူဟာ နှင့် ဘဏ္ဍာရေး တည်ငြိမ်မှု အကြား ကောင်းစွာစီမံထားနိုင်သော မျှခြေကို ထိန်းထားနိုင်သည်ဟု ဘုတ်အဖွဲ့က ရှုမြင်ပါသည်။

လက်ငင်းမဟုတ်သောပေးရန်တာဝန်ရှိမှုများ

မိမိတို့၏ လက်ငင်းမဟုတ်သောပေးရန်တာဝန်ရှိမှုများတွင် ကာလရှည် ချေးယူမှုများ၊ အခြား လက်ငင်း မဟုတ်သော ပေးရန်တာဝန်များ နှင့် Finance Lease Obligaitons ပါဝင်သည်။ နောက်ဆုံးတင်သွင်းသည့်ရက်စွဲအထိ မိမိတို့တွင် IFC ချေးငွေဝန်ဆောင်မှု အရ ကာလရှည် ချေးငှားထားမှု မြန်မာကျပ်ငွေ ၁၄,၈၂၃,၆၄၀,၀၀၀ တင်ရှိနေပါသည်။

ကျပ်သန်းပေါင်း	၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)	၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)
လက်ငင်းမဟုတ်သော ပေးရန်တာဝန်ရှိမှုများ	၁၇,၃၂၄	၁၈,၅၉၃

မှတ်ချက်

ဇယားပါ ကိန်းဂဏန်းများမှာ အနီးဆုံး သန်းဂဏန်းအပြည့် ဖြင့် ဖော်ပြ ထားခြင်းဖြစ်သည်။

ကုမ္ပဏီ၏လုပ်ငန်းမှ နှစ်စဉ်ငွေသားစီးဆင်းမှုသည် ချေးငွေပံ့ပိုးမှုအပေါ် နှစ်စဉ်အတိုးနှုန်း အရစ်ကျ ပြန်ဆပ်ရန် လုံလောက်သည်ဟု ဘုတ်အဖွဲ့က ရှုမြင်ပါသည်။ ထို့ပြင်၊ IFC ချေးငွေဝန်ဆောင်မှုအရ၊ IFC သည် အမေရိကန်ဒေါ်လာ ၂.၀ သန်းအထိ ရှိသော ချေးငွေ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသ နှင့် ညီမျှသော ပမာဏကို UIG သို့မဟုတ် ကုမ္ပဏီ၏ ရှယ်ယာများအဖြစ်ပြောင်းလဲပိုင်ခွင့် CO တစ်ရပ် အပ်နှင်းခံရထားရပြီးယင်း CO ကို ကျင့်သုံးပါက ကုမ္ပဏီ၏ ကာလရှည် ဘဏ္ဍာရေးကြွေးမြီတင်ရှိမှုကို လျှော့ချနိုင်ခြေရှိပါသည်။ နောက်ထပ်သတင်းအချက်အလက်အတွက် ***"အပိုင်း ၃ - ထုတ်ဝေသူ သတင်းအချက်အလက် - IFC ချေးငွေ"*** ဝန်ဆောင်မှု ကို ရည်ညွှန်းပါသည်။

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ

မိမိတို့ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များတွင် အစုရှယ်ယာမတည်ငွေ ရင်း၊ ထိန်းသိမ်းထားရှိသောဝင်ငွေများ၊ ငွေကြေးအမျိုးစားပြောင်းလဲခြင်းမှ ဖြစ်ပေါ်လာသောအရန်ငွေ နှင့် ထိန်းချုပ်ထားခြင်းမရှိသော အကျိုးခံစားခွင့်များ ပါဝင်သည်။ ယခင်ကမ်းလှမ်း ရောင်းချမှုတွင်မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူ ၅၉၆ ဦးက အစုရှယ်ယာ ၄၉၇,၅၉၈ စုကို တစ်စုလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့ကြပြီး အစုရှယ်ယာအားလုံးကို အပြည့်အဝပေးချေပြီးဖြစ်ပါသည်။ ထို့အတူ မိမိတို့၏ အစုရှယ်ယာမတည်ငွေရင်းမှာ ကျပ် ၂,၄၈၇,၉၉၀,၀၀၀ သို့ မြင့်တက်လာခဲ့ပါသည်။ အဓိကအားဖြင့် လက်အောက်ခံလုပ်ငန်းများ ဝယ်ယူမှု၊ ဆိုလိုသည်မှာ UIG နှင့် MB ကြောင့် မိမိတို့ထိန်းသိမ်းထားရှိသော

ဝင်ငွေမှာလည်း မြင့်တက်လာခဲ့ပါသည်။ ဝယ်ယူမှု အသေးစိတ် အချက်အလက် အတွက် ***"အပိုင်း ၄ - ဘဏ္ဍာရေးသတင်းအချက်အလက်"*** ကို ရည်ညွှန်းပါသည်။ ရလဒ်အဖြစ် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တို့အတွက် မိမိတို့**ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ**မှာ ၄.၃ % မျှ မြင့်တက် လာခဲ့ပါသည်။

ကျပ်သန်းပေါင်း	၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)	၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)
ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ	၃၄,၄၁၄	၃၅,၉၀၉

မှတ်ချက်

ဇယားပါ ကိန်းဂဏန်းများမှာ အနီးဆုံး သန်းဂဏန်းအပြည့် ဖြင့် ဖော်ပြ ထားခြင်းဖြစ်သည်။

ကုမ္ပဏီ၏မတည်ရင်းနှီးငွေအခြေခံမှာ နေ့စဉ်လုပ်ငန်းများအတွက်ထောက်ပံ့ရုံသာမက တိုးချဲ့ရန် မဟာဗျူဟာ အတွက်ပါ ထောက်ပံ့နိုင်ရန် အားကောင်းတည်ငြိမ်သည်ဟု ဘုတ်အဖွဲ့က ရှုမြင်ပါသည်။

<u>၃-၃-၃။ ငွေကြေးလွယ်ကူမှုနှင့် မတည်ရင်းနှီးငွေရင်းမြစ်များ</u>

အောက်ပါဇယားသည် မိမိတို့ကုမ္ပဏီ၏ ဘဏ္ဍာရေးငွေကြေးလွယ်ကူမှု ကို ညွှန်းပြသော အဓိကအချိုးများကို ဖော်ပြထားသည်။

	၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)	၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)
ကာလတိုပေးဆပ်နိုင်မှု အချိုး	၁.၉၄	၃.၁၃
ကြွေးမြီ နှင့် စုစုပေါင်းပိုင်ဆိုင်ခွင့်အချိုး	၀.၅၈	၀.၆၃
ကြွေးမြီ နှင့်ရရန်ပိုင်ခွင့်အချိုး	၀.၃၇	၀.၃၉

မိမိတို့ကုမ္ပဏီ၏ ဖွံ့ဖြိုးမှု နှင့် တိုးချဲ့မှုကို နှစ်စဉ် အမြတ်အစွန်းများ နှင့် လက်အောက်ခံလုပ်ငန်းများမှ ထိန်းသိမ်းထားသောဝင်ငွေများ အပါအဝင် အတွင်းရင်းမြစ်များဖြင့်သာမက အဓိကအားဖြင့် ရှယ်ယာရှင်

များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များနှင့် ကြွေးမြီ အပါအဝင် ပြင်ပရင်းမြစ်များမှ ပါ ဘဏ္ဍာငွေထောက်ပံ့ထားပါသည်။ နောက်ဆုံးတင်သွင်းသည့်ရက်စွဲ အထိ မိမိတို့သိနားလည်သမျှဆိုရလျှင် မိမိတို့တွင် ကာလတို နှင့် ကာလရှည် စီးပွားရေး လုပ်ငန်းလိုအပ်ချက်များအတွက် သင့်လျော်သော ငွေကြေးလွယ်ကူမှု နှင့် မတည်ရင်းနှီးငွေရင်းမြစ်များ ရှိသည် ဟု ဘုတ်အဖွဲ့က ထင်မြင်ယူဆထားပါသည်။

၃-၄။ ငွေသားစီးဆင်းမှုခန့်မှန်းချက်

အောက်ပါဇယားတွင် မိမိတို့၏ ငွေသားစီးဆင်းမှုရှင်းတမ်းများမှ ရွေးချယ်ထားသော အချက်များကို ဖော်ပြထားပါသည်။ ငွေသားစီးဆင်းမှု ရှင်းတမ်းအသေးစိတ်အတွက် "***အပိုင်း ၄ - ဘဏ္ဍာရေးသတင်းအချက်အလက်***" ကို ရည်ညွှန်းအပ်ပါသည်။

ကျပ်သန်းပေါင်း	၂၀၁၈ခုနှစ်၊ မတ်လ ၃၁ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)	၂၀၁၉ခုနှစ်၊ မတ်လ ၃၁ရက် တွင် အဆုံးသတ်သော ဘဏ္ဍာရေးနှစ်(၁၂ လ)
လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆောင်ရွက်ချက်များ တွင်) ဖြင့် ဖြည့်ဆည်း (အသုံးပြုသော ပံ့ပိုးသော ငွေသား	၂,၉၉၁	(၁,၆၄၁)
ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များ တွင်) (အသုံးပြုသောဖြင့် ဖြည့်ဆည်း ပံ့ပိုးသော ငွေသား	(၁၇,၇၆၉)	(၁,၂၁၄)
ဘဏ္ဍာရေးပံ့ပိုးမှုဆိုင်ရာ ဆောင်ရွက်ချက်များ တွင်) ဖြင့် ဖြည့်ဆည်း (အသုံးပြုသော ပံ့ပိုးသော ငွေသား	၁၅,၂၉၅	၃,၄၈၆
ငွေသားနှင့် ငွေသားအလားတူများ အသားတင် တိုးပွားမှု (လျော့ကျ)/	၅၁၇	၆၃၁
ဘဏ္ဍာရေးနှစ်အစတွင် ငွေသား သို့မဟုတ် ငွေသားအလားတူ	၁,၁၂၇	၆၁၃
ဘဏ္ဍာရေးနှစ်အကုန်တွင် ငွေသား သို့မဟုတ် ငွေသားအလားတူ	၁,၆၄၃	၁,၂၄၅

မှတ်ချက်

ဇယားပါ ကိန်းဂဏန်းများမှာ အနီးဆုံး သန်းဂဏန်းအပြည့် ဖြင့် ဖော်ပြ ထားခြင်းဖြစ်သည်။

အထက်ဖော်ပြပါ ၁၂ လတာ ကာလနှိုင်းယှဉ်မှုအတွက် ယူဆဖော်ပြချက်ကို အခြေခံ၍ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ် တွင် လုပ်ငန်းလည်ပတ်မှုများဖြင့် ဖြည့်ဆည်းပံ့ပိုးသော ငွေသားသည် ကျပ် ၂,၉၉၁ သန်း တိုးလာပြီး ဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ တွင် ကျပ် ၁,၆၄၁ သန်း လျော့ကျလာကြောင်းဖော်ပြထားပါသည်။ လည်ပတ်ရင်းနှီးငွေ၊ တန်ဖိုးလျော့ကျမှု၊ အတိုးအသုံးစရိတ်များ သည် ဘဏ္ဍာရေးနှစ် နှစ်ခုစလုံးရှိ လုပ်ငန်းလည်ပတ်မှု ဆောင်ရွက်ချက်များဖြင့် ဖြည့်ဆည်းပံ့ပိုး သော မိမိတို့၏ ငွေသားပမာဏအတွက် အဓိက ကျပါသည်။ လည်ပတ်ရင်းနှီးငွေတွင် အပြောင်းအလဲမှ တစ်ပါး ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် တွင် အကြီးမားဆုံးအပြောင်းအလဲမှ ဆက်စပ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းထံမှ ပေးရန်စေ့ရောက်သည့် ပမာဏ မြင့်တက်လာခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ဆောက်ရွက်ချက်များတွင် အသုံးပြုသော ငွေသားကို အဓိကအားဖြင့် ဟိုတယ်ဝင်ဆံ့မှု နှင့်/သို့မဟုတ် ဆောက်လုပ်မှု တွင် တိုးမြှင့်ခြင်း၏ ရလဒ်အဖြစ် မိမိတို့၏ လက်အောက်ခံ အဖွဲ့အစည်း UIG က သက်ရောက်မှုရှိစေပါသည်။

ဘဏ္ဍာရေးထောက်ပံ့မှုဖြင့် ဖြည့်ဆည်းပံ့ပိုးသောငွေသားမှာ IFC ချေးငွေ ဝန်ဆောင်မှုမှ ထုတ်ယူမှုကြောင့်ဖြစ်သည်။ ပိုမိုသိရှိလိုပါက ***"အပိုင်း၃ - ထုတ်ဝေသူ၏ သတင်းအချက်အလက် - IFC ချေးငွေ***ဝန်ဆောင်မှု" သို့ ရည်ညွှန်းအပ်ပါသည်။ မိမိတို့၏ ငွေသားစီးဆင်းမှု ခန့်မှန်းခြေအပေါ်တွင် နောက်ထပ်ဆန်းစစ်လေ့လာမှုအတွက် အောက်ပါ အခန်းကို ရည်ညွှန်းအပ်ပါသည်။

ငွေသားစီးဆင်းမှု နှင့် လုပ်ငန်းလည်ပတ်မှုပတ်ဝန်းကျင်များ ခန့်မှန်းချက်

မိမိတို့၏ စီမံခန့်ခွဲရေးသည် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုများ နှင့် ငွေသားစီးဆင်းမှုအပေါ် အဓိကအားဖြင့် သက်ရောက်သော အရေးပါသော အကြောင်းရင်းများ၊ ပုံမှန်မဟုတ်သော သို့မဟုတ် ဖြစ်လေ့ဖြစ်ထ မရှိသော ဖြစ်စဉ်များ သို့မဟုတ် ဖွံ့ဖြိုးဖြစ်ပေါ်မှုများ အပါအဝင်ကို အောက်ပါအတိုင်း လေ့လာဆန်းစစ်ထားပါသည်။

မိမိတို့၏ လုပ်ငန်းလည်ပတ်မှုများနှင့် ငွေသားစီးဆင်းမှုအပေါ် သက်ရောက်သော အကြောင်းရင်းများ

စီးပွားရေးအခြေအနေများ

မိမိတို့၏ လုပ်ငန်းလည်ပတ်မှုများ နှင့် ငွေသားစီးဆင်းမှုရလဒ်များမှာ မြန်မာနိုင်ငံ နှင့် တစ်ကမ္ဘာလုံး၏ အထွေထွေစီးပွားရေးအခြေအနေပေါ်တွင် တည်မှီနေပါသည်။ အရေးအပါဆုံးအနေဖြင့် လက်ရှိတွင် မိမိတို့သိနားလည်ခြင်း မရှိသေးသည့် ဗိုင်းရပ်စ် တစ်မျိုးကြောင့် ကမ္ဘာစီးပွားရေးသည်မမျှော်မှန်းနိုင်သော အတိုင်းအတာအထိ လျင်လျင်မြန်မြန် ရုတ်လျော့ကျဆင်း လာသည်ကို မြင်တွေ့နေရပြီဖြစ်သည်။ ကိုဗစ်-၁၉

ပုံ့နှံ့မှုသည် မြန်မာနိုင်ငံ နှင့် တစ်ကမ္ဘာလုံး၏ အထွေထွေ စီးပွားရေးအခြေအနေအပေါ် ဆိုးကျိုးဆက်လက်သက်ရောက်မှု မည်မျှကြာမည်၊ မည်မျှကျယ်ပြန့်မည်၊ မည်မျှ ဆိုးရွားမည် ဆိုခြင်းကိုလည်း ရှင်းရှင်းလင်းလင်းမသိနိုင်သေးပါ။ မိမိတို့၏ ပြည်တွင်းဖောက်သည်များ အပေါ် အဓိကသက်ရောက်သော မြန်မာ့စီးပွားရေးအလားအလာတစ်ခုတည်းကိုသာ ကြည့်မည်ဆိုလျှင်လည်း မရေရာမှုများစွာရှိနေပါသည်။

ဥပမာအားဖြင့် ကောက်နှုတ်ဖော်ပြရလျှင် အနောက်ဘက် ရခိုင်ပြည်နယ်၏ လက်ရှိမငြိမ်သက်မှု နှင့် အနာဂတ် အခြေအနေ၏ မြန်မာ့စီးပွားရေးအပေါ် ဂယက်ရိုက်မှုမှာ ရှင်းရှင်းလင်းလင်း သိနိုင်မည်မဟုတ်ပါ။ မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အနာဂတ်အလားအလာမှာလည်း လွန်ခဲ့သော နှစ်များလောက် အားကောင်းချင်မှ ကောင်းနိုင်ပါလိမ့်မည်။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည်ဟု မျှော်မှန်းရသော အထွေထွေရွေးကောက်ပွဲ၏ ရလဒ် နှင့် ယင်း၏ စီးပွားရေးအပေါ် ဂယက်ကိုလည်း နောက်ဆုံးလက်တွေ့ကျသည့်ရက်စွဲအထိ ဆက်လက်စောင့်ကြည့်ရမည် ဖြစ်ပါသည်။ ထို့အတူပင် မိမိတို့၏ နိုင်ငံတကာဖောက်သည်များအပေါ် သက်ရောက်မှုရှိသော ကမ္ဘာ့စီးပွားရေးအလားအလာ မှာလည်း သေချာရေရာမှုမရှိပါ။ ဥပမာအားဖြင့်၊ ကောက်နှုတ်ဖော်ပြရလျှင်၊ အင်အားကြီးနိုင်ငံများအကြား အထူးသဖြင့် အမေရိကန်ပြည်ထောင်စု နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုများ၏ အလားအလာနှင့် ယင်း၏ ကမ္ဘာ့စီးပွားရေးအပေါ်ဂယက်သည်လည်း မရေမရာရှိနေဆဲဖြစ်ပါသည်။ ဥရောပသမဂ္ဂ နှင့် ဆက်စပ်နေသော နိုင်ငံများသည်လည်း ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ နုတ်ထွက်မှုကြောင့် ဖြစ်ပေါ်လာမည် မမျှော်မှန်းနိုင်သော စီးပွားရေး မတည်မငြိမ်ဖြစ်မှုနှင့် ရင်ဆိုင်ရနိုင်ပါသည်။

မိမိတို့ဘုတ်အဖွဲ့သည် ယင်းအကြောင်းရင်းများ နှင့် ယင်းတို့၏ မိမိတို့လုပ်ငန်းလည်ပတ်မှု နှင့် ငွေသားစီးဆင်းမှုအပေါ် သက်ရောက်မှုရှိနိုင်သည့် အလားအလာများကို အခြား အကြောင်းရင်းများနှင့်အတူ အထူးဂရုထား ဆက်လက်စောင့်ကြည့်နေပါသည်။ နောက်ထပ်သတင်းအချက်အလက်အတွက် ***အပိုင်း ၂ - စာရင်းဝင်ခြင်းဆိုင်ရာ သတင်းအချက်အလက် -ဆုံးရှုံးနိုင်ခြေရှိသော အန္တရာယ်အလား အလာများ***' တွင် ကြည့်ပါ။

တစ်ချိန်တည်းတွင်ပင် ကိုဗစ်-၁၉ ပုံ့နှံ့မှုကြောင့် ယင်းသို့တိုးချဲ့မှု အရှိန်အဟုန် နှေးကွေးနိုင်သော်လည်း ယေဘုယျ အနေဖြင့် ဆိုရလျှင် ရေရှည်တွင် ဧည့်ဝန်ဆောင်မှုလုပ်ငန်း နှင့် အပန်းဖြေ လုပ်ငန်း အတွက် ပြည်တွင်း နှင့် ကမ္ဘာ ဝယ်လိုအားမှာ ဆက်လက်တိုးပွားလာမည်ဖြစ်သည်ဟု မိမိတို့ဘုတ်အဖွဲ့က ရှုမြင်ထားပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် အာရှတစ်လွှားတွင် ကာလလတ် နှင့် ကာလရှည် အားကောင်းခိုင်မာသော နောက်ထပ်စီးပွားရေးတိုးတက်မှု ဖြစ်ထွန်းလာနိုင်ပြီး သုံးနိုင်စွဲနိုင်သော ဝင်ငွေရှိ ပြီး သုံးစွဲနိုင်သည့် လူလတ်တန်းစားဦးရေ ဆက်လက်တိုးတက်လာမည်ဟု မိမိတို့ ယုံကြည်ထားသည့်အတွက်ကြောင့် ကျန်းမာရေးအရ ပိုမိုဘေးကင်းလုံခြုံသော အပန်းဖြေမှု နှင့် ခရီးသွားလာမှု လိုလားချက်မှာ သိသိသာသာ တိုးတက်လာနိုင်သည့် အလားအလာကောင်းရှိသည်ဟု ယုံကြည်ထားပါသည်။

"အပိုင်း ၃ - ထုတ်ဝေသူ၏ သတင်းအချက်အလက်" တွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ ဧည့်သည် အခန်း အများစုမှာ ဘန်ဂလိုများ၊ ဗီလာများဖြစ်ရာ ကျယ်ဝန်း ခန်းနားသည့် နေရာထိုင်ခင်းမျိုး ပံ့ပိုးပေးနိုင်ပါသည်။ ယင်းသို့ကျယ်ဝန်းသော နေရာထိုင်ခင်းမျိုးသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကို ရင်ဆိုင်ရန် နှင့် ကျန်းမာရေးအတွက် အစိုးရအာဏာပိုင်များကဖြစ်စေ၊ ဖောက်သည်များကဖြစ်စေ ဟိုတယ်များထံမှ မျှော်လင့်ထားနိုင်သော "နေ့စဉ်လူမှုဘဝတွင်ခပ်ခွာခွာနေထိုင်ခြင်း" အစီအမံများကို အလျင်အမြန်ကျင့်သုံးဆောင်ရွက်နိုင်ပါသည်။

ယင်းသို့သော အစီအမံများမှာ ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်တွင်လည်း ဆက်လက်ဆောင်ရွက်သွားနိုင်သည်ဖြစ်ရာ မိမိတို့၏ ကျယ်ဝန်းသောနေရာထိုင်ခင်းသည် ပြိုင်ဘက်များထက် မိမိတို့က ယှဉ်ပြိုင်မှုအသာစီးရစေသော နောက်ထပ်အားသာမှုတစ်ရပ်လည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ မိမိတို့၏ လုပ်ငန်းလည်ပတ်မှုများနှင့် ငွေသားစီးဆင်းမှုရလဒ်များ အလားအလာမှာ ကျိုးကြောင်းဆီလျော်စွာ အကောင်းဘက်တွင်ရှိမည်ဟု မိမိတို့ရှုမြင်ထားပါသည်။

အစိုးရစည်းမျဉ်းစည်းကမ်းများ

မိမိတို့၏ စီးပွားရေးလုပ်ငန်းများသည် အစိုးရ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်ရပြီး လိုင်စင် နှင့် ခွင့်ပြုချက်များ လိုအပ်ပါသည်။ အစိုးရ၏စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲမှုသည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးလည်ပတ်မှု စွမ်းဆောင်ရည် နှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များ အပေါ် သက်ရောက်မှုရှိနိုင်ပါသည်။

အသေးစိတ်ကို ***"အပိုင်း ၂ - စာရင်းဝင်ခြင်းဆိုင်ရာသတင်းအချက်အလက်- ဆုံးရှုံးနိုင်ခြေရှိသော အန္တရာယ်အလားအလာ အကြောင်းရင်းများ"*** နှင့် ***"အပိုင်း-၉ အဓိကကျသော မြန်မာဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများ အနှစ်ချုပ်"*** တွင် ကြည့်ပါ။

မိမိတို့၏ လုပ်ငန်းလည်ပတ်မှုရလဒ်များ နှင့် ငွေသားစီးဆင်းမှု အပေါ် သက်ရောက်သော ထပ်တိုးအကြောင်းရင်းများ

အစဉ်အလာအရ သက်ရောက်မှုရှိသော အဓိကအကြောင်းရင်းများမှာ မိမိတို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များ နှင့် ငွေသားစီးဆင်းမှုအပေါ် ဆက်လက်သက်ရောက်မှုရှိမည်ဖြစ်ပြီး ယင်းတို့မှာ -

- ဧည့်သည်၊ ဟိုတယ်အခန်း နှင့် ဟိုတယ်တည်နေရာ အရေအတွက် တိုးပွားခြင်း၊
- လူစီးမီးပုံပျံစီး ခရီးသည်၊ လူစီးမီးပုံးပျံအရေအတွက် နှင့် လုပ်ငန်းလည်ပတ်သည့်နေရာ အရေအတွက်တိုးပွားခြင်း
- ယှဉ်ပြိုင်မှု၊

ဟိုတယ် ဧည့်သည်၊ ဟိုတယ် အခန်း နှင့် ဟိုတယ်တည်နေရာအရေအတွက် တိုးပွားခြင်း

အထက်တွင်ဖော်ပြထားသည့်အတိုင်း UIG သည် ကုမ္ပဏီက အပြည့်အဝပိုင်ဆိုင်သော လက်အောက်ခံလုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် အဓိကကျသော ဟိုတယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးဖြစ်သကဲ့သို့ မိမိတို့၏ အဓိက လုပ်ငန်းလည်ပတ်မှု ဝင်ငွေစီးကြောင်းတစ်ခုလည်း ဖြစ်ပါသည်။ အခန်းငှားခများသည် ဥပမာအားဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် အတွက် ဆိုပါက မိမိတို့၏ လုပ်ငန်းလည်ပတ်မှု ဝင်ငွေ ၃၂.၈ % ကို ကိုယ်စားပြုပါသည်။ မိမိတို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များ တိုးမြင့်နိုင်ရန် အလို့ငှာဟိုတယ်ဧည့်သည်၊ ဟိုတယ်အခန်း နှင့် ဟိုတယ်တည်နေရာ အရေအတွက် တိုးမြင့်ရန် အထူးအရေးပါပါသည်။ ယင်းနှင့်စပ်လျဉ်း၍ ဤလုပ်ငန်း အပိုင်းကဏ္ဍ ကို တိုးချဲ့ခြင်းမှာ ကုမ္ပဏီ၏ အဓိက အာရုံစိုက်ရမည့် အကြောင်းအရာဟု ဘုတ်အဖွဲ့က ရှုမြင်ပါသည်။ မကြာသေးမီနှစ်များအတွင်း Amata Garden Resort (အင်းလေးကန်)တွင် ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ၌ ဗီလာ၂၀ ဆောက်လုပ်ခဲ့၍ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ၌ ထပ်တိုး ၉၃ခန်း တည်ဆောက်ခြင်းဖြင့် တိုးချဲ့ခဲ့ပါသည်။ Amata Garden Resort (ပုဂံ) တွင်လည်း ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ထပ်တိုး ၁၂ခန်းတည်ဆောက်ပြီးစီးခဲ့ပါသည်။ ထိုနည်းတူ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာတွင် ဘားအံ၌ Amata အမှတ်တံဆိပ်ဖြင့် "*My Hpa-An Residence*" ကိုဗီလာ ၂၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး နောက်လာမည့် ဘဏ္ဍာရေးနှစ်တွင် နောက်ထပ် ဗီလာ ၁၀ လုံး ထပ်မံထည့်သွင်းရန် စီစဉ်ထားပါသည်။ ထို့ပြင် မြိတ် ကျွန်းစုဒေသတွင် Amata အမှတ်တံဆိပ်ဖြင့် နောက်ထပ် ဟိုတယ်များ ထပ်မံဖွင့်လှစ်ရန် စီစဉ်ထားပါသည်။ Awinka အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ၊ မိမိတို့ဘုတ်အဖွဲ့သည် ယင်းတံဆိပ်ကို စတင်သုံးစွဲမည့် အခွင့်အလမ်းနှင့် အချိန်ကောင်းကို ဂရုတစိုက်လေ့လာနေပြီး ၂၀၂၁ ခုနှစ်၊ တွင် မြန်မာနိုင်ငံရှိ နေရာ လေးခု သို့မဟုတ် ငါးခုတွင် အခန်း ၅၀ ခန့်စီဖြင့် စတင်ဖွင့်လှစ်ရန် မျှော်မှန်းထားပါသည်။ "***အပိုင်း ၃ - ထုတ်ဝေသူ၏ သတင်းအချက်အလက် - အားသာချက်များ/မဟာဗျူ ဟာများ - မဟာဗျူဟာများ - အပန်းဖြေစခန်းနှင့် ဟိုတယ် ရွေးချယ်ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် မိမိတို့လုပ်ငန်းတိုးတက်ရေး ကို အာရုံစိုက်ဆောင်ရွက်ခြင်း***" ကိုလည်း ကြည့်ပါ။

မိမိတို့ ဟိုတယ်ဝင်ဆံ့နိုင်စွမ်းနှင့် ခရီးသည်တည်းခိုနိုင်သည့် အရေအတွက်ကို အောင်မြင်စွာတိုးချဲ့ခြင်းဖြင့် ၊ ထုတ်လုပ်မှု မြှင့်တင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေခြင်းဖြင့်၊ REVPAR ကဲ့သို့သော မိမိတို့၏ အဓိက လုပ်ငန်းလည်ပတ်မှု အညွှန်းကိန်းများ နှင့်အတူ မိမိတို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုကို ထပ်မံ မြှင့်တင်နိုင်မည်ဟု ဘုတ်အဖွဲ့က ရှုမြင်ထားပါသည်။

လူစီးမီးပုံပျံစီး ခရီးသည်၊ လူစီးမီးပုံးပျံအရေအတွက် နှင့် လုပ်ငန်းလည်ပတ်သည့်နေရာအရေအတွက် တိုးပွားခြင်း

MB သည် ကုမ္ပဏီ၏ လက်အောက်ခံလုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် လူစီးမီးပုံပျံလုပ်ငန်း လေးခုသာရှိသည့် အနက်တစ်ခုဖြစ်သကဲ့သို့ ကုမ္ပဏီ၏ နောက်ထပ် အဓိကကျသော ဝင်ငွေစီးဆင်းမှု

တစ်ခုဖြစ်ပါသည်။ ၊ ဥပမာအားဖြင့် ဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ တွင် ခရီးသည်ဝင်ငွေသည် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုဝင်ငွေ စုစုပေါင်း၏ ၄၄.၆ % ရှိပါသည်။ မိမိတို့၏ လုပ်ငန်းလည်ပတ်မှုရလဒ် မြှင့်တင်နိုင်ရန်အလို့ငှာ၊ လူစီးမီးပုံပျံစီးခရီးသည် အရေအတွက်၊ လူစီးမီးပုံးပျံ အလုံးရေနှင့် လုပ်ငန်းလည်ပတ်သည့်နေရာ အရေအတွက် မြှင့်တင်ရန်လိုအပ်ပါသည်။ ယင်းနှင့်စပ်လျဉ်း၍ ဤလုပ်ငန်းအပိုင်းကဏ္ဍတိုးချဲ့ရေးသည်လည်း ကုမ္ပဏီ၏ နောက်ထပ်အာရုံစိုက်ရမည့်ကိစ္စဟု ဘုတ်အဖွဲ့က ရှုမြင်ပါသည်။

၂၀၁၉ ခုနှစ် တွင် MB သည် ကမ္ဘာနံပါတ်တစ် လူစီးမီးပုံပျံထုတ်လုပ်သည့် လုပ်ငန်း Cameroon Balloons Ltd. မှ ထုတ်လုပ်သော နောက်ထပ်မီးပုံးပျံ ၃ လုံး ဝယ်ယူခဲ့ပြီး စုစုပေါင်း ၁၅ လုံးအထိ ရှိလာပြီဖြစ်ပါသည်။ လက်ရှိတွင် ယင်း၏ ဝန်ဆောင်မှုများကို အဓိကအားဖြင့် ပုဂံ၊ မန္တလေး၊ အင်းလေးကန် နှင့် ငပလီတို့တွင် ဝန်ဆောင်ပေးလျက်ရှိပါသည်။ ကောက်နှုတ်ဖော်ပြရလျှင်၊ ပုဂံမှ ခရီးသည်အရေအတွက်မှာ အများဆုံးဖြစ်ပြီး ပုဂံသည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ တွင် ကမ္ဘာ့အမွေအနှစ် နေရာတစ်ခု အဖြစ် UNESCO က သတ်မှတ်ခဲ့သကဲ့သို့ ပြည်တွင်းနှင့် နိုင်ငံတကာခရီးသွားများ၏ အဓိက လာရောက်လည်ပတ်ရာနေရာလည်း ဖြစ်ရာ မြန်မာနိုင်ငံတွင် ခရီးသွားအရေအတွက် များပြားလာသည်နှင့် အမျှ စီးနင်းသူ ခရီးသည် အရေအတွက်လည်းများပြားလာမည်ဟု ဘုတ်အဖွဲ့က ရှုမြင်ထားပါသည်။ ထို့ပြင် MB ၏ ဘားအံနှင့် ပင်းတယ လုပ်ငန်းလည်ပတ်မှုများကို တိုးချဲ့ရန် အခွင့်အလမ်းများကိုလည်း ဂရုတစိုက်လေ့လာလျက်ရှိပါသည်။

မိမိတို့၏ ဟိုတယ်အပန်းဖြေလုပ်ငန်းနှင့်အလားတူပင်၊ လုပ်ငန်းစု၏ အထိရောက်ဆုံးတိုးချဲ့မှုနှင့် အကျိုးရလဒ်အကောင်းဆုံး ဖြစ်ရာ၊ မိမိတို့ မီးပုံပျံဝန်ဆောင်မှုမှတစ်ဆင့် လုပ်ငန်းလည်ပတ်မှုရလဒ်နှင့် ငွေသားစီးဆင်းမှုကို မြှင့်တင်နိုင်မည်ဟု ဘုတ်အဖွဲ့က ရှုမြင်ထားပါသည်။

ယှဉ်ပြိုင်မှု

ဧည့်ဝန်ဆောင်မှုလုပ်ငန်းနှင့် အပန်းဖြေလုပ်ငန်း တွင် များစွာသော အသေးစားလုပ်ငန်းများ (သို့သော်လည်း ထိပ်တန်းဖောက်သည် များကို ပစ်မှတ်ထား) မှသည် အလတ်စားနှင့် အကြီးစား စျေးကွက်အခိုင်အမာရရှိပြီးသား လုပ်ငန်းများ၊ နိုင်ငံတကာ တွင်ထင်ရှားသည့် နိုင်ငံခြားလုပ်ငန်းကြီးများပါဝင် လုပ်ကိုင်နေကြသောကြောင့် အထူးယှဉ်ပြိုင်မှု အားကောင်းသည့် ကဏ္ဍဖြစ်ပါသည်။ စိတ်ချယုံကြည်နိုင်သော ဝန်ဆောင်မှု ပေးအပ်သူအဖြစ် ဆယ်စုနှစ်နှစ်ခုနီးပါးမျှ တည်ဆောက်ခဲ့သော ဂုဏ်သတင်းကောင်း၊ အရည်အသွေးတစ်သမတ်တည်းရှိသော ဝန်ဆောင်မှုများ ရှိခြင်း သာမက ကောက်နှုတ်ဖော်ပြရလျှင် အဓိက ခရီးသွားလုပ်ငန်းများ အပါအဝင် သက်ဆိုင်သူအားလုံးနှင့် ဆက်ဆံရေးကောင်း တည်ဆောက်ထားနိုင်ခြင်းတို့ ကြောင့် ပြိုင်ဘက်များနှင့် ထိထိရောက်ရောက်ယှဉ်ပြိုင်နိုင်လိမ့်မည်ဟု မိမိတို့အနေဖြင့်ယုံကြည်ပါသည်။ ထို့ပြင် ဝန်ဆောင်မှု ကဏ္ဍတစ်ခုတွင် ပိုမို ယှဉ်ပြိုင်မှုအားကောင်းလေလေ၊ ဖောက်သည်များသည် အရည်အသွေးပိုမိုကောင်းမွန်သော ဝန်ဆောင်မှုမျိုးကို ရရှိခံစားနိုင်လေလေ ဆိုသော အများလက်ခံထားသည့်

သဘောတရားတစ်ခုရှိပါသည်။ ရေရှည်တွင် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်း ၊ ဧည့်ဝန်ဆောင်မှုနှင့် အပန်းဖြေလုပ်ငန်း မှာ ပိုမို ဆွဲဆောင်နိုင်စွမ်းရှိလာနိုင်ပါသည်။ ဤကဏ္ဍတွင် အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ခြင်းဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်မှုကို ပိုမိုအားကောင်းလာစေမည်ဟု ဘုတ်အဖွဲ့က ရှုမြင်ထားပါသည်။ အသေးစိတ်အချက် အလက်များအတွက် "***အပိုင်း ၃- ထုတ်ဝေသူ၏ သတင်းအချက်အလက် - လုပ်ငန်းဖော်ပြချက် -ယှဉ်ပြိုင်မှု***" ကို ကြည့်ပါ။

<u>အပိုင်း ၄။ အစုရှယ်ယာထုတ်ဝေသည့်ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအဖွဲ့၊ အစုရှယ်ယာရှင်များ၊ အစုရှယ်ယာများဆိုင်ရာ သတင်းအချက်အလက်များ</u>

<u>၄-၁။ ဒါရိုက်တာဘုတ်အဖွဲ့နှင့် ဒါရိုက်တာများ</u>

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အထွေထွေ စီမံအုပ်ချုပ်မှုနှင့် လမ်းညွှန်မှုအတွက် ကျွန်ုပ်တို့၏ ဒါရိုက်တာဘုတ်အဖွဲ့ကို တာဝန်အပ်နှင်းထားပါသည်။ ကျွန်ုပ်တို့၏ ဒါရိုက်တာဘုတ်အဖွဲ့သည် ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်း လည်ပတ် ဆောင်ရွက်မှုများကို စောင့်ကြည့်လျက် လိုအပ်လျှင် လိုအပ်သကဲ့သို့ ဆန်းစစ်သုံးသပ်မည် ဖြစ်ပါသည်။

အောက်ဖော်ပြပါဇယားသည် ကျွန်ုပ်တို့ဒါရိုက်တာများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ဖော်ပြထား ပြီး ဒါရိုက်တာများအားလုံးသည် မြန်မာနိုင်ငံသားများဖြစ်သည်။

အမည်	မွေးနေ့သက္ကရာဇ်/ ကျား၊ မ / လူမျိုး	ကိုယ်ရေးအကျဉ်း၊ရာထူး၊တာဝန် (ပညာရေးနှင့် အခြားကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေပါက တာဝန်ကိုဖော်ပြရမည်)	လုပ်သက်	အစုရှယ်ယာပိုင်ဆိုင်မှုပမာဏ (၁)
ဦးဝင်းအောင် (၂)	၁၉၆၆ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်/	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၂ ရက် နေ့ကခန့်အပ်ခဲ့ပါသည်။	၄,၃၆၀,၀၀၀

	ကျား/ မြန်မာ			
ဒေါ်နေမြတ်သူအောင်	၁၉၇၂ခုနှစ်၊ စက်တင်ဘာလ ၂ရက်/ မ / မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၂ ရက် နေ့က ခန့်အပ်ခဲ့ပါသည်။	၄၀၀,၀၀၀
ဒေါ် နီလာဝင်း	၁၉၇၁ခုနှစ်၊ မေလ ၆ရက် / မ / မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၂ ရက် နေ့က ခန့်အပ်ခဲ့ပါသည်။	၄၀၀,၂၀၀
ဒေါ်သန်းသန်းအောင်	၁၉၄၅ခုနှစ်၊ အောက်တိုဘာလ ၂၆ရက် / မ / မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၂ ရက် နေ့က ခန့်အပ်ခဲ့ပါသည်။	၄၀၀,၀၀၀
ဒေါ်ခင်စုစုဟန်	၁၉၇၁ခုနှစ်၊ အောက်တိုဘာလ ၄ရက် / မ / မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၂ ရက် နေ့က ခန့်အပ်ခဲ့ပါသည်။	၄၀၀,၀၀၀
ဦးကျော်ပိုင်	၁၉၄၉ခုနှစ်	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၈ ခုနှစ်၊ စက်တင်ဘာ	-

	၊ ဇွန်လ ၁၃ရက်/ ကျား/ မြန်မာ 1		လ ၁ ရက်နေ့ တွင် ခန့်အပ်ခဲ့သည်။	
ဒေါ်သီတာအေး	၁၉၈၂ခုနှစ်၊ မတ်လ ၂၃ရက်/ မ/ မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ ၁ ရက်နေ့ တွင် ခန့်အပ်ခဲ့သည်။	-

မှတ်ချက်

(၁)အထက်ဖော်ပြပါဇယားတွင် တိုက်ရိုက်ထည့်ဝင်ထားသော ရှယ်ယာအရေအတွက်များကိုသာ ထည့်သွင်းထားပြီး ဦးဝင်းအောင်နှင့် ဒေါ်နေမြတ်သူအောင်တို့၏ Amata International Company Limited မှတဆင့် ထည့်ဝင်ထားသော သွယ်ဝိုက်ရှယ်ယာထည့်ဝင်ထားမှုများကို ထည့်သွင်းထားခြင်း မရှိပါ။

(၂) ဦးဝင်းအောင်သည် Amata International Co., Ltd ၏ ကိုယ်စားလှယ် ဒါရိုက်တာလည်း ဖြစ်ပါသည်။

ပြီးခဲ့သည့် သုံးနှစ် အတွင်း ကျွန်ုပ်တို့၏ မည်သည့် ဒါရိုက်တာမျှ -

(၁) ၎င်း အပေါ်သို့ သော်လည်းကောင်း၊ ၎င်းက ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် အုပ်ချုပ်မှုကိုယ်စားလှယ် အဖြစ် ဆောင်ရွက်နေသည့် ကုမ္ပဏီ အပေါ်သို့ သော်လည်းကောင်း ဒေဝါလီခံခြင်း (bankruptcy) ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ် အရ ဦးတိုက် လျှောက်ထားခြင်း ခံရမှု မရှိခဲ့ပါ။

(၂) ထောင်ဒဏ် ချမှတ်နိုင်သည့် ပြစ်မှု တစ်စုံတစ်ရာဖြင့် ပြစ်မှု ထင်ရှား စီရင်ခံရခြင်း သို့မဟုတ် ပြစ်မှု ရင်ဆိုင်နေရခြင်း မရှိပါ။

(၃) ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ မန်နေဂျာ သို့မဟုတ် အုပ်ချုပ်မှုကိုယ်စားလှယ် အဖြစ်မှ အရည်အချင်း ပျက်ယွင်းမှု မရှိခဲ့ပါ။ သို့မဟုတ်

(၄) အကျိုးဝင်ဥပဒေ သို့မဟုတ် စည်းမျဉ်း သတ်မှတ်ချက် တစ်စုံတစ်ရာ ထိပါးချိုးဖောက်မှု အတွက် စုံစမ်း စစ်ဆေးခြင်း ခံရသည့် ကုမ္ပဏီ တစ်ခုခုတွင် စီမံ အုပ်ချုပ်ရေး တာဝန် တစ်စုံတစ်ရာ ထမ်းဆောင်ခဲ့ခြင်း မရှိခဲ့ပါ။

၄-၂။ အုပ်ချုပ်မှုဒါရိုက်တာများ၊ မန်နေဂျာများနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များ

ကျွန်ုပ်တို့၏ အမှုဆောင်အရာရှိများသည် နေ့စဉ် စီမံအုပ်ချုပ်မှု နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အောက်ဖော်ပြပါ ဇယားတွင် ကျွန်ုပ်တို့ အမှုဆောင်အရာရှိများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။

အမည်	**မွေးနေ့သက္ကရာဇ်/ ကျား၊ မ / လူမျိုး**	**ကိုယ်ရေးအကျဉ်း၊ရာထူး၊တာဝန် (ပညာရေးနှင့် အခြားကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေပါက တာဝန်ကိုဖော်ပြရမည်)**	**လုပ်သက်**	**အစုရှယ်ယာပိုင်ဆိုင်မှုပမာဏ**
ဦးညွန့်ဝင်းထွန်း (ဘဏ္ဍာရေးအရာရှိချုပ်)	၁၉၆၂ခုနှစ်၊ အောက်တိုဘာလ ၃၁ရက် / ကျား/ မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ က ခန့်အပ်ခဲ့ပါသည်။	၄၀,၀၀၀
ဒေါ်လွင်လွင်ပြိုး (Group Operations Manager)	၁၉၆၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ရက် မ / မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ က ခန့်အပ်ခဲ့ပါသည်။	၁၀၀
ဒေါ်သီတာ (ဘဏ္ဍာရေးအရာရှိ)	၁၉၇၀ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက် / မ / မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ က ခန့်အပ်ခဲ့ ပါသည်။	မရှိ
ဒေါ် ခိုင်ဝင့်ဖြူ အရောင်းနှင့်) ဈေးကွက်မြှင့်တင်ရေးဒါရိုက်(ဂ်တာ	၁၉၇၅ခုနှစ်၊ အောက်တိုဘာလ ၈ရက်/ မ/ မြန်မာ	အောက်တွင်ဖော်ပြထားပါသည်။	၂၀၁၈ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	မရှိ

ဒေါ်နီလာဝင်း အုပ်ချုပ်မှုဒါရိုက်တာ((စီမံ ရေးရာ)	၁၉၇၁ခုနှစ်၊ မေလေ ၆ရက်/ မ/ မြန်မာ	အောက်တွင်ဖော် ပြထားပါသည်။	၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	၄၀၀,၂၀၀
ဦးဇော်ဝင်းလှိုင်)Group Human Resource Manager)	၁၉၇၆ ခုနှစ်၊ မေလ ၁၈ရက်/ ကျား/ မြန်မာ	အောက်တွင်ဖော် ပြထားပါသည်။	၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	မရှိ
ဦးစောတင်ထွဋ်)Group F&B Manager)	.၁၉၇၂ခုနှစ် ဒီဇင်ဘာလ ၁၆ရက်/ ကျား/ မြန်မာ	အောက်တွင်ဖော် ပြထားပါသည်။	၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	မရှိ
ဒေါ်ဆုလင်းနိုင် (လက်ထောက်ဘဏ္ဍာရေး အရာရှိချုပ်)	၁၉၉၃ခုနှစ်၊ မတ်လ ၁၉ရက်/ မ/ မြန်မာ	အောက်တွင်ဖော် ပြထားပါသည်။	၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက် နေ့တွင်ခန့်အပ်ခဲ့ပါသည်။	၁၀၀

ပြီးခဲ့သည့် သုံးနှစ် အတွင်း ကျွန်ုပ်တို့၏ မည်သည့် အမှုဆောင် အရာရှိများမှ -

(၁) ၎င်း အပေါ်သို့ သော်လည်းကောင်း၊ ၎င်းက ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် အုပ်ချုပ်မှု ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်နေသည့် ကုမ္ပဏီ အပေါ်သို့ သော်လည်းကောင်း ဒေါ်လီခံခြင်း ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ် အရ ဦးတိုက် လျှောက်ထားခြင်း ခံရမှု မရှိခဲ့ပါ။

(၂) ထောင်ဒဏ် ချမှတ်နိုင်သည့် ပြစ်မှု တစ်စုံတစ်ရာဖြင့် ပြစ်မှု ထင်ရှား စီရင်ခံရခြင်း သို့မဟုတ် ပြစ်မှု ရင်ဆိုင်နေရခြင်း မရှိပါ။

(၃) ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ မန်နေဂျာ သို့မဟုတ် အုပ်ချုပ်မှုကိုယ်စားလှယ် အဖြစ်မှ အရည်အချင်း ပျက်ယွင်းမှု မရှိခဲ့ပါ။ သို့မဟုတ်

(၄) အကျုံးဝင်ဥပဒေ သို့မဟုတ် စည်းမျဉ်း သတ်မှတ်ချက် တစ်စုံတစ်ရာ ထိပါးချိုးဖောက်မှု အတွက် စုံစမ်း စစ်ဆေးခြင်း ခံရသည့် ကုမ္ပဏီ တစ်ခုခုတွင် စီမံခန့်ခွဲရေး တာဝန် တစ်စုံတစ်ရာ ထမ်းဆောင်ခဲ့ခြင်း မရှိခဲ့ပါ။

၄-၃။ အရေးကြီးသော နောက်ခံသတင်းအချက်အလက်များ

ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ

ဦးဝင်းအောင်

ဦးဝင်းအောင်သည် Amataဟိုတယ်လုပ်ငန်းစု၏ တည်ထောင်သူ နှင့် ဥက္ကဋ္ဌ အဖြစ် ၂၀၀၀ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ပြီး City University of New York မှ BBA (International Marketing) ကိုဝ၉၉၃ ခုနှစ် တွင်ရရှိခဲ့ပါသည်။ ဦးဝင်းအောင်သည် လုပ်ငန်းစု၏ ဦးဆောင်ညွှန်ကြားရေးမှူး ၊ အမတ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်၏ အမှုဆောင်အရာရှိချုပ်နှင့် (မြန်မာနိုင်ငံတွင် ပလက်စတစ် ပုံသွင်းခြင်းစက်ရုံလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သော) The Utility Plastic Industry Co., Ltd ၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။ ဦးဝင်းအောင်သည် ယခင်က ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် ၁၉၉၆ ခုနှစ် မှ ၂၀၁၂ ခုနှစ် အထိ ယူနိုက်တက် ဟုမ်းစင်တာ (United Home Center Co., Ltd) (အိမ်တွင်း၊အိမ်ပြင်နှင့် ပက်သက်သော ပရိဘောဂ ထုတ်လုပ်ဖြန့်ချိရေး) နှင့် (မြန်မာနိုင်ငံတွင် သစ်သားစက်မှုလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သော) United International Group ၏ ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် ၁၉၉၃ခုနှစ်မှ ၂၀၀၀ခုနှစ် အထိ ဆောင်ရွက်ခဲ့ပါသည်။

ဦးဝင်းအောင် အောက်ဖော်ပြပါ အသင်းအဖွဲ့များတွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့အစည်း	ရာထူး
မြန်မာနိုင်ငံ လက်ဆောင်နှင့်အမှတ်တရပစ္စည်း လုပ်ငန်းရှင်များ အသင်း	ဥက္ကဋ္ဌ
မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်	အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း	အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်

ဒေါ်နေမြတ်သူအောင်

ဒေါ်နေမြတ်သူအောင် သည် ၁၉၉၅ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သင်္ချာဘာသာအထူးပြုဖြင့် သိပ္ပံဘွဲ့ (BSc.)ကို ရရှိခဲ့ပြီး ၂၀၀၀ခုနှစ် မှစ၍ Amata ဟိုတယ်လုပ်ငန်းစု၏ ဒါရိုက်တာ အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ယခင်က Green Cross Specialist Center တွင်လည်း အုပ်ချုပ်ရေးမှူး အဖြစ် ၁၉၉၈ခုနှစ် မှ ၂၀၀၀ခုနှစ် အထိ ဆောင်ရွက်ခဲ့ပါသည်။ အုပ်ချုပ်ရေးမှူးအနေဖြင့် ဆေးကုသမှုနှင့်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို လိုအပ်သလို အစီစဉ်များချမှတ်ပေးခြင်း၊ ညွှန်ကြားခြင်း နှင့်

စီစစ်အကဲဖြတ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းဖြင့် လုပ်ငန်း၏ လုပ်ငန်းဆောင်တာကိစ္စရပ်များကို လည်ပတ်စေနိုင်ရန် လိုအပ်သော လုပ်ငန်းအတွေ့အကြုံကို ရရှိခဲ့ပါသည်။

ဒေါ်နီလာဝင်း

ဒေါ်နီလာဝင်းသည် ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒဘာသာအထူးပြုဖြင့်သိပ္ပံဘွဲ့ BSc.)ကိုရရှိခဲ့ပြီး လုပ်ငန်းစု၏ဒါရိုက်တာအဖြစ် ၂၀၀၀ခုနှစ်မှ စတင်တာဝန်ယူခဲ့ပါသည်။ ၁၉၉၃ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ ယူနိုက်တက် ဟုမ်းစင်တာကုမ္ပဏီ လီမိတက် (United Home Center Co., Ltd) တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လုပ်ငန်းစု၏ လုပ်ငန်းဌာနစုအသီးသီးကို စီမံအုပ်ချုပ်လျက်ရှိပြီး ကုန်ပစ္စည်းများ တင်ပို့ခြင်း/တင်သွင်းခြင်း ကိစ္စရပ်များ၊ လုပ်ငန်းအရောင်းအဝယ် နှင့် ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ထုတ်လုပ်ခြင်း နှင့် အခြား လုပ်ငန်းကိစ္စရပ်များတွင် အဓိက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

ဒေါ်သန်းသန်းအောင်

ဒေါ်သန်းသန်းအောင်ကို ကုမ္ပဏီ၏ဒါရိုက်တာအဖြစ် ၂၀၁၇ခုနှစ်၊ သြဂုတ်လ ၂၂ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။ ဒေါ်သန်းသန်းအောင် သည် အင်္ဂလိပ်စာဘာသာရပ်ဖြင့် ပညာရေးဘွဲ့ကို ဆရာအတတ်သင် ကောလိပ်(ရန်ကုန်)မှ ရရှိခဲ့ပြီး အထက်တန်းပြဆရာမအဖြစ် ၁၉၇၂ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်ခင်စုစုဟန်

ဒေါ်ခင်စုစုဟန်ကို ကုမ္ပဏီ၏ဒါရိုက်တာအဖြစ် ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၂ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။ ဒေါ်ခင်စုစုဟန်သည် ၁၉၉၆ခုနှစ်တွင် သတ္တဗေဒဘာသာအထူးပြုဖြင့် သိပ္ပံဘွဲ့ (BSc.(Hons:)) ကို ရရှိခဲ့ပြီး ၂၀၀၀ခုနှစ်တွင် မဟာသိပ္ပံဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့ပါသည်။ ထိုပြင် ၂၀၀၂ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ကို ရရှိခဲ့ပါသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရောင်းဝယ်ရေး ကုမ္ပဏီ တစ်ခုဖြစ်သော နီလာရိုးမ ရောင်းဝယ်ရေး ကုမ္ပဏီ လိမိတက်တွင် လက်ထောက် အမှုဆောင်အရာရှိ (Executive Assistant) အဖြစ် ၂၀၀၀ခုနှစ်မှ စတင် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ဦးကျော်ပိုင်

ဦးကျော်ပိုင်သည် မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Myanmar Construction and Development Public Co., Ltd.) ၏ အမှုဆောင်အရာရှိချုပ် (CEO) အဖြစ်လည်းကောင်း ၊ မြန်မာဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (Myanmar Construction Entrepreneurs Association) ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း လက်ရှိတာဝန်ယူထားသူဖြစ်ပါသည်။ ယခင်က Serge Pun & Associates (Myanmar) Limited နှင့် First Myanmar Investment Company Limited ၏ မန်နေးဂျင်းဒါရိုက်တာအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး ၁၉၉၁ ခုနှစ်ကတည်းက လုပ်ငန်းစုတွင် ပူးပေါင်းပါဝင်ခဲ့သူဖြစ်ကာ ဘဏ္ဍာရေးဝန်ဆောင်မှုဌာနကို စီမံကြီးကြပ်ခဲ့သူဖြစ်သည်။ ရိုးမဘဏ်၏ ဥက္ကဋ္ဌအဖြစ်လည်း ၂၀၁၄ ခုနှစ်မတိုင်မီအထိ တာဝန်ယူခဲ့သူဖြစ်သည်။ ၁၉၇၄ ခုနှစ်မှစ၍ ရှေ့နေ လုပ်ကိုင်ခွင့်

ရခဲ့သူဖြစ်ပြီး မြန်မာကော်ပိုရိတ်နှင့်ဘဏ္ဍာရေးဆိုင်ရာ ဥပဒေနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာနိုင်ငံမှ ၁၉၇၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (ဥပဒေ) ရရှိခဲ့ပြီး ၁၉၇၄ခုနှစ် တွင် ဥပဒေဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

ဒေါ်သီတာအေး

ဒေါ်သီတာအေးသည် ကြွေးမြီ နှင့် ရှယ်ယာ အရင်းအနှီးစျေးကွက်များ နှင့် ကော်ပိုရိတ် အတိုင်ပင်ခံ အကြံပေးမှု သာမက ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးကိုပါ လွှမ်းခြုံသော ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ၁၀ နှစ်ကျော်ကြာ အတွေ့အကြုံများစွာရှိသူဖြစ်သည်။ လက်ရှိတွင် ဖောက်သည် ၆၀,၀၀၀ ကျော်ကို ဝန်ဆောင်ပေးနေသည့် မြန်မာနိုင်ငံတွင် ပထမဆုံး ဒစ်ဂျစ်တယ် ငွေချေးမိုဘိုင်းအက်ပလီကေးရှင်း စနစ်ကို ဖော်ဆောင်နေသည့် "အမေ" ဘဏ္ဍာရေးကုမ္ပဏီလီမိတက် (Mother Finance Co., Ltd) ၏ ယာယီ အမှုဆောင်အရာရှိချုပ် (acting CEO) အဖြစ်တာဝန်ယူလျက်ရှိပါသည်။ ယခင်လုပ်ငန်းအတွေ့အကြုံများတွင် KBZ Group ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ၊ KBZSC Securities (Myanmar) ၏ ဒါရိုက်တာ၊ စင်ကာပူနိုင်ငံရှိ Temasek Holdings ကျောထောက်နောက်ခံပြု Dymon Asia Private Equity Southeast Asia Fund ၏ ဒါရိုက်တာ နှင့် AT Kearney ၏ စေ့စပ်ညှိနှိုင်းရေးမန်နေဂျာ (Engagement Manager)၊ Standard Chartered Bank (Singapore) ကော်ပိုရိတ်အကြံပေးအဖွဲ့၏ တွဲဖက်ဒါရိုက်တာ တာဝန်များ ယူခဲ့ဖူးပြီး ယင်းတွင် အမေရိကန်ဒေါ်လာ ၇.၀ ဘီလျံ ကျော်တန်ဖိုးရှိသော အစုရှယ်ယာများ၊ အများပြည်သူသို့ ကနဦးကမ်းလှမ်းခြင်း၊ နောက်ဆက်တွဲ ဘဏ္ဍာငွေရှာဖွေထောက်ပံ့ခြင်း နှင့် M&A လုပ်ငန်းကိစ္စများကို အထမြောက်အောင်ဆောင်ရွက်ခဲ့ပါသည်။ အောက်စ်ဖို့ဒ် တက္ကသိုလ် (ယူကေ) နှင့် မက်ဆာချူးဆက် နည်းပညာတက္ကသိုလ် (ယူအက်စ်အေ) တို့တွင် ဘွဲ့နှင့် ဘွဲ့လွန် ပညာရေး ဆည်းပူး အောင်မြင်ခဲ့ပါသည်။

တာဝန်ထမ်းဆောင်သည့်သက်တမ်းကာလ

လက်ရှိတွင် ဒါရိုက်တာများ၏ တာဝန်ထမ်းဆောင်သည့် ကာလသက်တမ်းကို ပုံသေ သတ်မှတ်ထားခြင်း မရှိပါ။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ နှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲတွင် ဒါရိုက်တာများ၏ သုံးပုံတစ်ပုံက (သုံးပုံတစ်ပုံမပြည့်လျှင် ၎င်းနှင့်အနီးစပ်ဆုံးသော အရေအတွက်အတိုင်း) အလှည့်ကြ အနားယူကြ ရပါသည်။

တစ်နှစ်ခြင်းစီအလိုက် အလှည့်ကျအနားယူရမည့် ဒါရိုက်တာများမှာ နောက်ဆုံးရွေးချယ် ခံရသော အချိန်မှ စတင်ကာ တာဝန်ထမ်းဆောင်ချိန်အကြာမြင့်ဆုံးသူများ ဖြစ်ကြပါသည်။ သို့သော်လည်း ၎င်းတို့နှင့်အတူ တစ်နေ့တည်းတွင် ဒါရိုက်တာ ဖြစ်လာသူများအကြားတွင်မူ အနားယူရမည့်သူကို (ထိုသူတို့အကြား သဘောတူညီမှုမရရှိပါက) မဲခွဲဆုံးဖြတ်မည် ဖြစ်ပါသည်။

အနားယူထားသော ဒါရိုက်တာသည် ပြန်လည်ရွေးကောက်ပွဲဝင်ခွင့်ရှိပါသည်။

အမှုဆောင်အရာရှိများ

ဦးညွန့်ဝင်းထွန်း

ဦးညွန့်ဝင်းထွန်း သည် United International Group Limited ၏ ဘဏ္ဍာရေးအရာရှိ အဖြစ် ၂၀၁၄ခုနှစ်၊ ဇူလိုင်လ တွင် စတင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ခုနှစ်၊ အောက်တိုဘာလတွင် အလုပ်မှထွက်၍ ထူးလုပ်ငန်းစုကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလတွင် လုပ်ငန်းစုနှင့်ပြန်လည် လက်တွဲခဲ့ပြီး လက်ရှိတွင် လုပ်ငန်းစု၏ ဘဏ္ဍာရေး အရာရှိချုပ် အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဦးညွန့်ဝင်းထွန်း သည် ၁၉၈၆ ခုနှစ်တွင် ရန်ကုန် အဝေးသင် တက္ကသိုလ်မှ ရူပဗေဒအထူးပြုဖြင့် သိပ္ပံဘွဲ့ကို ရရှိခဲ့ပါသည်။ ဦးညွန့်ဝင်းထွန်းသည် M.A.T. Professional Training & Services မှ ကြီးမှူးကျင်းပသော Internal Audit and Risk Management and Financial Management သင်တန်းကို ၂၀၁၁ ခုနှစ် တွင် တက်ရောက်အောင်မြင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် Stamford-City Business Institute မှ ပြုလုပ်သော “Train the Trainer” ဆွေးနွေးပွဲကို လည်း တက်ရောက်ခဲ့ပါသည်။ အင်္ဂလိပ်စာသင်တန်းကို ၂၀၀၀ ခုနှစ်တွင် British Council နှင့် ၂၀၀၀ -၂၀၀၁ခုနှစ်တွင် Renaissance Inya Lake Hotel တွင် တက်ရောက်လေ့လာခဲ့ပါသည်။

ဦးညွန့်ဝင်းထွန်းသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဘဏ္ဍာရေး ကဏ္ဍတွင် နှစ်ပေါင်း ၃၀ ကျော် လုပ်ငန်းအတွေ့အကြုံ ရှိပြီး Clerk ၊ Cost Accountant၊ Cost Controller ၊ Chief Accountant၊ Financial Controller၊ General Manager နှင့် Chief Financial Officer စသည့်ဖြင့် တာဝန် အမျိုးမျိုးထမ်းဆောင်ခဲ့ပါသည်။ လုပ်ငန်းစုတွင် အလုပ်မလုပ်ကိုင်မီ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းတွင် ဂုဏ်သိက္ခာရှိသော ဟိုတယ်များဖြစ်သည့်(Marriott Group ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော) New World Inya Lake Hotel, Dusit Inya Lake Resort, Inya Lake Hotel နှင့် the Htoo Group of Companies (Hotel Business Unit) တို့တွင် အလုပ်လုပ်ကိုင်ခဲ့ပါသည်။

ဒေါ်လွင်လွင်ပြိုး

ဒေါ်လွင်လွင်ပြိုးသည် ၂၀၀၃ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်နေ့တွင် Executive Housekeeper အနေဖြင့် စတင် ဝင်ရောက်ခဲ့ပြီး လက်ရှိတွင် လုပ်ငန်းစု၏ Operation Manager အနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဒေါ်လွင်လွင်ပြိုး သည် ၂၀၀၆ခုနှစ်၊ အောက်တိုဘာလတွင် Room Division Manager အဖြစ်သို့လည်းကောင်း၊ ၂၀၁၀ခုနှစ်၊ အောက်တိုဘာလတွင် Operation Manager အဖြစ်သို့လည်းကောင်း၊ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလတွင် လုပ်ငန်းစု၏ Operation Manager အဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။ ဒေါ်လွင်လွင်ပြိုးသည် ၁၉၈၈ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စာရင်းအင်းပညာစီးပွားရေးဘွဲ့ကို ရရှိခဲ့ပါသည်။

ဒေါ်လွင်လွင်ပြိုးသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတွင် coordinator, floor supervisor နှင့် operation Manager အဖြစ် နှစ်ပေါင်း ၂၀ ကျော်ကြာအလုပ်လုပ်ကိုင်ခဲ့ပါသည်။ Popa Mountain Resort နှင့် Ramada Hotel တွင်လည်းအလုပ် လုပ်ကိုင်ခဲ့ပါသည်။

ဒေါ်သီတာ

ဒေါ်သီတာသည် ယခုအခါတွင် လုပ်ငန်းစု၏ ဘဏ္ဍာရေးအရာရှိအဖြစ် တာဝန်ယူထမ်းဆောင်နေပြီး ၂၀၀၉ခုနှစ်၊ နိုဝင်ဘာလတွင် လက်ထောက်ဘဏ္ဍာရေးအရာရှိအဖြစ် စတင်ဝင်ရောက်ခဲ့ကာ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလတွင် ဘဏ္ဍာရေးအရာရှိအဖြစ် ရာထူးတိုးမြင့်ခန့်အပ်ခြင်း ခံခဲ့ရ ပါသည်။ ၁၉၉၇ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးဘွဲ့ရရှိခဲ့ပြီး ၂၀၀၂ခုနှစ်တွင် မြန်မာနိုင်ငံစာရင်းစစ်အဖွဲ့ချုပ်မှ ပြည်သူ့စာရင်းကိုင်လက်မှတ် ရရှိခဲ့ပါသည်။

ဒေါ်သီတာသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ဘဏ္ဍာရေးနယ်ပယ်တွင် လက်ထောက်စာရင်းကိုင်၊ စာရင်းစစ်ချုပ်၊ လက်ထောက်ဘဏ္ဍာရေးအရာရှိ၊ ဘဏ္ဍာရေးအရာရှိ စသည်ဖြင့် ၁၅ နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ M.G.M Hotel၊ Pansea Hotel နှင့် Ngapali Hotel တွင်လည်း အလုပ်လုပ်ကိုင်ခဲ့ပါသည်။

ဒေါ် ခိုင်ဝင့်ဖြူ

ဒေါ် ခိုင်ဝင့်ဖြူသည် လက်ရှိတွင် အရောင်း နှင့် ဈေးကွက်ရှာဖွေရေး (Sales and Marketing) ဒါရိုက်တာ တာဝန်ယူထားသူဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းစုသို့ ဝင်ရောက်ခဲ့သူဖြစ်ပါသည်။ ဒေါ် ခိုင်ဝင့်ဖြူ သည် ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) ရရှိခဲ့ပါသည်။ ဒေါ် ခိုင်ဝင့်ဖြူသည် ဧည့်ဝန်ဆောင်မှု (hospitality) လုပ်ငန်းနယ်ပယ်တွင် အတွေ့အကြုံ ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး ၂၀၀၆ ခုနှစ်မှစ၍ ရန်ကုန်ရှိ အထင်ကရဟိုတယ်ကြီးများတွင် ဦးစီးဦးဆောင်ရာထူးမျိုးစုံ တာဝန်ယူခဲ့သူဖြစ်သည်။

ဒေါ် နီလာဝင်း

ဒေါ် နီလာဝင်းသည် လုပ်ငန်းစုတွင် ၂၀၀၀ ပြည့်နှစ်ကတည်းက ဒါရိုက်တာ တစ်ဦးဖြစ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (ရူပဗေဒ) ရရှိခဲ့သည်။ လက်ရှိတွင် ဒေါ် နီလာဝင်းသည် စီမံခန့်ခွဲရေးဆိုင်ရာ ဒါရိုက်တာရာထူးရယူထားပြီး ယခင် ၁၉၉၃ခုနှစ် မှ ၂၀၁၂ ခုနှစ်အထိ ယူနိုက်တက် ဟုမ်း စင်တာ ကုမ္ပဏီလီမိတက် (United Home Center Company Limited) ၏ ဒါရိုက်တာတစ်ဦးဖြစ်ခဲ့သည်။ လုပ်ငန်းစုအတွင်း ဌာနမျိုးစုံတွင် စီမံခန့်ခွဲခဲ့ပြီး ပို့ကုန်၊သွင်းကုန် လုပ်ငန်းများ၊ အရောင်း၊ ပစ္စည်းစီမံခန့်ခွဲရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အခြားလုပ်ငန်းလည်ပတ်မှုများတွင် အတွေ့အကြုံရှိသူဖြစ်သည်။

ဦးဇော်ဝင်းလှိုင်

ဦးဇော်ဝင်းလှိုင်သည် လက်ရှိတွင် လုပ်ငန်းစု၏ လူစွမ်းအားအရင်းအမြစ်ဆိုင်ရာမန်နေဂျာ တာဝန်ယူထားသူဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် လုပ်ငန်းစုသို့ ဝင်ရောက်ခဲ့သူဖြစ်သည်။ ဦးဇော်ဝင်းလှိုင်သည် ၂၀၁၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) ရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ဦးဇော်ဝင်းလှိုင်သည် ဧည့်ဝန်ဆောင်မှု(hospitality) လုပ်ငန်းနယ်ပယ်တွင် သာမက လူစွမ်းအားအရင်းအမြစ်ကဏ္ဍတွင်လည်း ကျယ်ပြန့်သော အတွေ့အကြုံရှိသူ ဖြစ်ပြီး ၁၉၉၆ ခုနှစ်မှ စတင်၍ အခြား ထိပ်တန်း မြန်မာဟိုတယ်ကြီးများ နှင့် executive apartments များတွင်

ရာထူးတာဝန်မျိုးစုံ ယူခဲ့ဖူးသူဖြစ်ပါသည်။ ယင်းရာထူး တာဝန်များအနက် Facility Controller၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးလက်ထောက်မန်နေဂျာ၊ လူစွမ်းအားအရင်းအမြစ်ဆိုင်ရာ လက်ထောက်မန်နေဂျာ၊ လူစွမ်းအားအရင်းအမြစ်ဆိုင်ရာမန်နေဂျာ နှင့် အထွေထွေမန်နေဂျာ ရာထူးများ အပါအဝင်ဖြစ်သည်။

ဦးစောတင်ထွဋ်

ဦးစောတင်ထွဋ်သည် လုပ်ငန်းစု၏ လက်ရှိ အစားအသောက်နှင့်အဖျော်ယမကာ (F&B) မန်နေဂျာ ဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် လုပ်ငန်းစုသို့ဝင်ရောက်ခဲ့သူဖြစ်သည်။ ဦးစောတင်ထွဋ်သည် ၂၀၁၈ ခုနှစ်တွင် Institute of Commercial Management (ဘုန်းမောက်၊ အင်္ဂလန်) မှ ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲရေးဆိုင်ရာ Single Subject Diploma ရရှိထားသူဖြစ်သည်။ ဦးစောတင်ထွဋ်သည် ဧည့်ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တွင် ကျယ်ပြန့်သောအတွေ့အကြုံရှိသူဖြစ်ပြီး ၁၉၉၆ ခုနှစ်နောက်ပိုင်း မြန်မာနှင့်ကာတာနိုင်ငံရှိ ထိပ်တန်းဟိုတယ်ကြီးများတွင် ရာထူးမျိုးစုံတာဝန်ယူခဲ့ဖူးသူဖြစ်သည်။ ယင်းရာထူးတာဝန်များအနက် F&B ကြီးကြပ်ရေးမှူး၊ F&B မန်နေဂျာ၊ အော်ပရေးရှင်းမန်နေဂျာ၊ F&B ဒါရိုက်တာ၊Resident Manager နှင့် လုပ်ငန်းစုသို့ ပူးပေါင်းဝင်ရောက်ခြင်းမပြုမီ အထွေထွေမန်နေဂျာရာထူးအထိ တာဝန်ယူ ခဲ့သူဖြစ်ပါသည်။

ဒေါ်ဆုလင်းနိုင်

ဒေါ်ဆုလင်းနိုင်သည် လက်ရှိ လက်ထောက်ဘဏ္ဍာရေးအရာရှိချုပ် (Assistant Chief Financial Officer) ဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ မေလတွင် လုပ်ငန်းစုသို့ ဝင်ရောက်ခဲ့သူဖြစ်သည်။ ဒေါ်ဆုလင်းနိုင်သည် ၂၀၁၁ ခုနှစ်တွင် London Chamber of Commerce မှ Level 3 Diploma in Computerised Accounting & EDI Industry International Qualification၊ ၂၀၁၃ ခုနှစ် တွင် ဒဂုံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) နှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ တွင် Association of Chartered Certified Accountants မှ ACCA Diploma in Accounting and Business ဘွဲ့၊ ဒီပလိုမာများ ရရှိခဲ့ပါသည်။

<u>၄-၄။ ဒါရိုက်တာ နှင့် အမှုဆောင်အရာရှိများ ၏ အကျိုးခံစားခွင့်များ</u>

လတ်တလော ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်များ အသီးသီးအတွက် အခကြေးငွေနှင့် အကျိုးခံစားခွင့်များ အဖြစ် ပေးခဲ့သည့် စုစုပေါင်းပမာဏ နှင့် လက်ရှိဘဏ္ဍာရေးနှစ်တစ်ခုလုံးအတွက် ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အုပ်ချုပ်မှု ဒါရိုက်တာများ၊ မန်နေဂျာများ နှင့် အုပ်ချုပ်ရေးကိုယ်စားလှယ်များကိုပေးရမည့် အခကြေးငွေ နှင့် အကျိုးခံစားခွင့်များ၏ ခန့်မှန်းစုစုပေါင်းပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။

ဒါရိုက်တာအဖွဲ့		
	၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်	၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်
စုစုပေါင်းအခကြေးငွေနှင့် အကျိုးခံစားခွင့်များ	၁၂၈,၄၂၉,၄၁၄ကျပ်	၂၀၉,၁၀၂,၄၀၅ကျပ်

အမှုဆောင်အရာရှိများ

	၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်	၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်
စုစုပေါင်းအခကြေးငွေနှင့် အကျိုးခံစားခွင့်များ	၇၁၇,၉၂၁,၀၀၀ကျပ်	၇၉၀,၆၃၁,၀၀၀ကျပ်

၄-၅။ ကုမ္ပဏီခန့်ခွဲမှုအစီရင်ခံခြင်းပုံစံ (Management Reporting Structure)



၄-၆။ ကော်ပိုရိတ် အုပ်ချုပ်မှုစနစ် (CORPORATE GOVERNANCE)

ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် ကုမ္ပဏီအဖွဲ့အစည်း အုပ်ချုပ်မှုစည်းမျဉ်းမူဘောင်များ၏ အရေးကြီးပုံကို လည်းကောင်း၊ ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များ အပေါ် တာဝန်ခံမှု စံနှုန်းများ မြင့်မားစွာ ထားရှိကျင့်သုံးရန် အရေးကြီးပုံကိုလည်းကောင်း အသိအမှတ်ပြုပြီး နိုင်ငံတကာတွင် လက်ရှိ လက်ခံ ကျင့်သုံးလျက် ရှိသော အခြေခံ သဘောတရားများနှင့် ကိုက်ညီသည့် ကော်ပိုရိတ် အုပ်ချုပ်မှုစနစ် ဆိုင်ရာ အလေ့အထများကို မြန်မာနိုင်ငံ၏ ပြည်တွင်း အခြေအနေများအား ထည့်သွင်းစဉ်းစားပြီး ကျိုးကြောင်းဆီလျော်သော အတိုင်းအတာအထိ လက်ခံကျင့်သုံးပါသည်။

ကျွန်ုပ်တို့၏ဘုတ်အဖွဲ့သို့ လွတ်လပ်သောဒါရိုက်တာ (၃) ဦး ခန့်ထားရန် ရည်ရွယ်ပါသည်။ ယင်း လွတ်လပ်သော ဒါရိုက်တာများမှာ ခိုင်မာလွတ်လပ်သောအမြင်ဖြင့် ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အစုရှယ်ယာအများစုပိုင်ဆိုင်သော ရှယ်ယာရှင်များ၏ လုပ်ဆောင်မှုကို ကောင်းမွန်သောအမြင်ဖြင့် ဆုံးဖြတ်ချက်များချမှတ်ပေးရန် စွမ်းရည်ပြည့်ဝပြီး လွတ်လပ်သောဒါရိုက်များဖြစ်ရန် လိုအပ်ပါသည်။ ဤကိစ္စသည် အရေးကြီးသည်ဟု ဘုတ်အဖွဲ့ကယူဆခြင်းမှာ နောက်ဆုံးတင်သွင်းသည့်နေ့ရက် (Latest Practicable Date) အထိ ကျွန်ုပ်တို့ဒါရိုက်တာဘုတ်အဖွဲ့သည် ဦးကျော်ပိုင်နှင့် ဒေါ်သီတာအေးတို့အားလွတ်လပ်သောဒါရိုက်တာများအဖြစ်ခန့်အပ်ခဲ့ပြီး ဒါရိုက်တာဘုတ်အဖွဲ့သည်

တတိယမြောက် လွတ်လပ်သော ဒါရိုက်တာခန့်အပ်ရန် သင့်တော်သော ကိုယ်စားလှယ်လောင်းများ သတ်မှတ်ရန် လုပ်ဆောင်နေဆဲပင်ဖြစ် သည်။

ကျွန်ုပ်တို့ဘုတ်အဖွဲ့က ကော်မတီ(၃)ရပ်ကို ဖွဲ့စည်းပြီးဖြစ်ရာ (က) စာရင်းစစ်ကော်မတီ (ခ) အမည်စာရင်းတင်သွင်းရေး ကော်မတီ နှင့် (ဂ) အခကြေးငွေသတ်မှတ်ရေး ကော်မတီတို့ ဖြစ်သည်။

စာရင်းစစ်ကော်မတီ

စာရင်းစစ်ကော်မတီဝင်များတွင် ဒေါ်နေမြတ်သူအောင်၊ ဒေါ် နီလာဝင်း၊ဒေါ်ခင်စုစုဟန်နှင့် ဒေါ်သီတာအေး တို့ ပါဝင်ကြသည်။ စာရင်းစစ်ကော်မတီ၏ ဥက္ကဋ္ဌမှာ လွတ်လပ်သောဒါရိုက်တာတစ်ဦး ဖြစ်သည့် ဒေါ်သီတာအေး ဖြစ်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ ဒါရိုက်တာအဖွဲ့က ၎င်း၏တာဝန်များဖြစ်သော ကျွန်ုပ်တို့ကုမ္ပဏီ၏ ရပိုင်ခွင့်များအား ကာကွယ် စောင့်ရှောက်ရေး၊ လုံလောက်သည့် စာရင်းများ ထားရှိ ထိန်းသိမ်းရေး နှင့် ကုမ္ပဏီတွင်း ထိရောက်သော ထိန်းချုပ်ကွပ်ကဲရေးစနစ်များ ဖော်ဆောင် ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်ရာတွင် စီမံအုပ်ချုပ်ရေးအဖွဲ့အား ကျွန်ုပ်တို့ ကုမ္ပဏီအတွင်း ထိရောက်သော ထိန်းချုပ်ကွပ်ကဲရေး ပတ်ဝန်းကျင် တစ်ရပ်ကို တည်ဆောက်ကာ ထိန်းသိမ်းထားနိုင်စေရေး ရည်ရွယ်ချက်ဖြင့် စာရင်းစစ်ကော်မတီက အထောက်အကူပြုပါမည်။

စာရင်းစစ်ခြင်းဆိုင်ရာကိစ္စများ အလို့ငှာ ဒါရိုက်တာအဖွဲ့၊ စီမံအုပ်ချုပ်သူအဖွဲ့ နှင့် ပြင်ပစာရင်းစစ်အဖွဲ့တို့ အကြား စာရင်းစစ်ကော်မတီက ဆက်သွယ် ဆောင်ရွက်ပေးပါမည်။

စာရင်းစစ်ကော်မတီသည် အောက်ပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် အလို့ငှာ အချိန်မှန်မှန် တွေ့ဆုံ စည်းဝေးကြရပါမည် -

(၁) ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိလျှင်) နှင့် ပြင်ပစာရင်းစစ်တို့မှ ကျွန်ုပ်တို့၏ ကုမ္ပဏီတွင်း ထိန်းချုပ်ကွပ်ကဲရေးစနစ် အပေါ် အကဲဖြတ်သုံးသပ်ထားမှု အပါအဝင် ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိလျှင်) နှင့် ပြင်ပ်စာရင်းစစ်တို့၏ လုပ်ငန်း အစီအစဉ်များကို စိစစ်သုံးသပ်ခြင်း။

(၂) နှစ်ပတ်လည် ဘဏ္ဍာရေး ရှင်းတမ်းများ အားလည်းကောင်း၊ ယင်းတို့နှင့် ပတ်သက်၍ ပြင်ပ စာရင်းစစ်တို့၏ အစီရင်ခံစာအား လည်းကောင်း စိစစ်သုံးသပ်ကာ စာရင်းစစ်များက ဆွေးနွေးလိုသော ထူးခြားသည့် စာရင်းညှိပြင်ဆင်ချက်များ၊ အဓိက ဆုံးရှုံးနိုင်ခြေရှိ နယ်ပယ်များ၊ စာရင်းဆိုင်ရာမူဝါဒ အပြောင်းအလဲများ၊ ဘဏ္ဍာရေး အစီရင်ခံစာ ဆိုင်ရာ အကျုံးဝင်သည့် စံနှုန်းများအား လိုက်နာမှု၊ စာရင်းစစ်ရာမှ ပေါ်ပေါက်လာသည့် အလေးထားဂရုပြုဖွယ် အရေးကိစ္စတို့ အပါအဝင် မည်သည့် အကြောင်းအရာတို့ကို မဆို ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ထံ မတင်ပြမီ လိုအပ်လျှင် စီမံအုပ်ချုပ်ရေးအဖွဲ့ မပါဝင်စေဘဲ ဆွေးနွေးခြင်း၊

(၃) အရှုံးအမြတ် ရှင်းတမ်းများ၊ လက်ကျန်ရှင်းတမ်းများနှင့် ဥပဒေ အရ လိုအပ်သော အခြား အလားတူ သတင်းအချက်အလက်များ ပါဝင်သည့် ကာလ အလိုက် ဘဏ္ဍာရေး ရှင်းတမ်းများအား ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ထံ မတင်ပြမီ စိစစ်သုံးသပ်ခြင်း၊

(၄) ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ အပေါ် ဖြစ်စေ၊ ကျွန်ုပ်တို့ စီမံအုပ်ချုပ်သူများ၏ တုံ့ပြန်ဆောင်ရွက်မှု အပေါ် ဖြစ်စေ၊ အရေးပါသော သက်ရောက်မှု ရှိနိုင်သည့် လိမ်လည်ထားကြောင်း မသက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ နည်းလမ်းမကျမှု သို့မဟုတ် ဖောက်ဖျက်မှု တစ်စုံတစ်ရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိလျှင်) ဖြင့် လည်းကောင်း၊ ပြင်ပစာရင်းစစ်များဖြင့် လည်းကောင်း စိစစ်သုံးသပ် ဆွေးနွေးတိုင်ပင်ခြင်း၊

(၅) ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်ရေးအဖွဲ့က ပြင်ပစာရင်းစစ်များဖြင့် ပူးပေါင်းဆောင်ရွက်မှုအား စိစစ်သုံးသပ်ခြင်း၊

(၆) ပြင်ပစာရင်းစစ်များ ခန့်ထားမှု၊ ပြန်လည် ခန့်ထားမှုတို့အား စဉ်းစားသုံးသပ်ခြင်း၊

(၇) အခြားကုမ္ပဏီ နှင့် ပတ်သက်ဆက်နွယ်နေမှုများအား RPT Procedures အရ စိစစ်သုံးသပ် အတည်ပြုပေးခြင်း၊

(၈) အကျိုးစီးပွားပဋိပက္ခရှိနိုင်သော အခြေအနေများအား စိစစ်သုံးသပ်ခြင်း၊

(၉) ငွေရေးကြေးရေး ကိစ္စ အစီရင်ခံ တင်ပြမှုများ သို့မဟုတ် အခြား ကိစ္စများတွင် မသမာမှုများ ရှိနိုင်ခြင်းအား စာရင်းစစ်ကော်မတီ ဥက္ကဋ္ဌထံ ဤကုမ္ပဏီ၏ ဝန်ထမ်းများက လျှို့ဝှက် သတင်းပေးနိုင်စေမည့် လုပ်ထုံးလုပ်နည်းများအား စိစစ်သုံးသပ်ကာ၊ ထိုသို့သော သတင်းများနှင့် စပ်လျဉ်း၍ သီးခြားလွတ်လပ်စွာ စုံစမ်းစစ်ဆေးခြင်း၊ ဆက်လက် အရေးယူ ဆောင်ရွက်ခြင်းတို့ အတွက် သေချာသောအစီအစဉ်များ စီမံထားရှိ စေခြင်း၊

(၁၀) ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့က တောင်းဆိုသော အခြား စိစစ်သုံးသပ်ချက်များနှင့် ပရောဂျက်များကို တာဝန်ယူ ဆောင်ရွက်ခြင်းနှင့်၊ ကျွန်ုပ်တို့ စာရင်းစစ်ကော်မတီ၏ အရေးယူ ဆောင်ရွက်မှု လိုအပ်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကို အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

(၁၁) ဥပဒေ အရ လိုအပ်နိုင်သည့် အခြား လုပ်ငန်းများနှင့် တာဝန်များကို ယေဘုယျအားဖြင့် တာဝန်ယူ ဆောင်ရွက်ခြင်း၊

ကုမ္ပဏီ၏ စာရင်းစစ်လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါ တာဝန်များနှင့်အညီ၊ ဘုတ်အဖွဲ့ထံမှ လွတ်လပ်သော ဆုံးဖြတ်ချက်များ ချမှတ်ရန် အခွင့်အာဏာသည် စာရင်းစစ်ကော်မတီထံတွင် ရှိသည်။ အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ခြင်းအရ၊ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့တို့၏ အထွေထွေအစည်းအဝေးတွင် သဘောတူခွင့်ပြုချက် ရရှိရန်အလို့ငှာ၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် စာရင်းအင်း မှတ်တမ်းများ သင့်မြတ်လျော်ကန်မှုနှင့် စည်းစနစ်တကျဖြစ်မှုတို့ ရရှိရေးအတွက် အခွင့်အာဏာသည် ကော်မတီထံတွင် ရှိသည်။

အထက် ဖော်ပြပါ တာဝန်များ အပြင်၊ စာရင်းစစ်ကော်မတီသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ အပေါ် အရေးပါသော သက်ရောက်မှု ရှိနိုင်သည့် လိမ်လည်မှု ဖြစ်စေ၊ နည်းလမ်းမကျမှု ဖြစ်စေ၊ ကုမ္ပဏီတွင်း ကြေပ်မတ်ထိန်းချုပ်မှုများ မရှိ၍ဖြစ်စေ၊ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း တစ်စုံတစ်ရာအား ဖောက်ဖျက်မှု ဖြစ်စေ စသည်တို့နှင့် စပ်လျဉ်း၍ မသက်ဆိုင်ယ် ကိစ္စ တစ်စုံတစ်ရာ အပေါ် ကုမ္ပဏီတွင်း စုံစမ်းစစ်ဆေးမှုများအား အမိန့်ချမှတ်ကာ ဆောင်ရွက်စေပြီး၊ တွေ့ရှိချက်များအား စိစစ်သုံးသပ်နိုင်သည်။ စာရင်းစစ်ကော်မတီ၏ ကော်မတီဝင်တိုင်းသည် ၎င်း အကျိုးစပ်ဆိုင်မှု ရှိနေသော ကိစ္စများဖြင့် ပတ်သက်သော မည်သည့် ဆုံးဖြတ်ချက်တွင် မဆို ပါဝင်မဲပေးခြင်းမှ ရှောင်ကြဉ်ရပါမည်။

စာရင်းစစ်ကော်မတီ၏ အစည်းအဝေးများကို စာရင်းစစ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည့်အလျောက်နှင့် လိုအပ်သည်ဟုယူဆသောအခါတွင် ကျင်းပသည်။ စာရင်းစစ်ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို "အဖွဲ့ဝင်တစ်ဦးလျှင်မဲတစ်မဲစနစ် (One Member One Vote System)" ဖြင့် မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ မဲတူညီနေခြင်း ဖြစ်ပေါ်သည့်အခါ ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် ဆုံးဖြတ်မဲ ပေးရမည်။

အမည်စာရင်းတင်သွင်းရေးကော်မတီ

အမည်စာရင်းတင်သွင်းရေးကော်မတီတွင် ဦးဝင်းအောင်၊ ဒေါ်နေမြတ်သူအောင်၊ ဒေါ်သန်းသန်းအောင် နှင့် ဦးကျော်ပိုင်တို့ ပါဝင်ကြပါသည်။ အမည်စာရင်းတင်သွင်းရေးကော်မတီဥက္ကဋ္ဌမှာ လွတ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်သည့် ဦးကျော်ပိုင်ဖြစ်သည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည် (က) သက်ဆိုင်ရာ ဒါရိုက်တာ၏ စွမ်းဆောင်ရည် အပေါ် မူတည်လျက် ၎င်းအား ပြန်လည် အမည်တင်သွင်းခြင်း၊ (ခ) ဒါရိုက်တာနေရာ တစ်ခုကို သီးခြားလွတ်လပ်သော ဒါရိုက်တာ ထားရန် သို့မဟုတ် မထားရန် နှစ်စဉ် သတ်မှတ်ခြင်းနှင့် (ဂ) ဒါရိုက်တာ တစ်ဦး အနေဖြင့် ၎င်း၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေခြင်း ရှိမရှိ ဆုံးဖြတ်ခြင်း စသည်တို့ လုပ်ဆောင်ရန် တာဝန် ရှိပါသည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည် ဒါရိုက်တာအဖွဲ့၏ လွှမ်းမိုးမှုမှ လွတ်ကင်းစွာဖြင့် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်ကို သတ်မှတ်ထားသော အကဲဖြတ်စံနှုန်းများဖြင့် သုံးသပ်နိုင်ပါသည်။ ထိုစံနှုန်းများသည် အစုရှယ်ယာရှင်များ၏ ကာလရှည် တန်ဖိုးမြှင့်တင်ပေးနိုင်ခြင်းအစရှိသည့် ဒါရိုက်တာအဖွဲ့ဝင်များမှ ကြိုတင်ချမှတ်ထားသော စံနှုန်းများဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ တစ်ခုလုံး၏ ထိရောက်မှုကို လည်းကောင်း၊ ဒါရိုက်တာ တစ်ဦးချင်းစီက ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ ထိရောက်မှု အလို့ငှာ ပါဝင်ဆောင်ရွက်နိုင်မှုကို လည်းကောင်း၊ အကဲဖြတ်သုံးသပ်ရာတွင် အမည်တင်သွင်းရေးကော်မတီက ကျင့်သုံးရမည့် လုပ်ငန်းစဉ် တစ်ရပ်အား ချမှတ် အကောင်အထည်ဖော်ထားရန် ဒါရိုက်တာအဖွဲ့က ရည်ရွယ်ပါသည်။ အမည်စာရင်းတင်သွင်းရေးကော်မတီဝင်တိုင်းသည် မိမိအပေါ် စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်ခြင်း သို့မဟုတ် မိမိကို ဒါရိုက်တာအဖြစ် အမည်တင်သွင်းခြင်းနှင့် ပတ်သက်သော

အမည်စာရင်းတင်သွင်းရေးကော်မတီ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှ လည်းကောင်း၊ ယင်းတို့အတွက် အကြံပြုခြင်းမှ လည်းကောင်း၊ ယင်းတို့ ဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခု အလို့ငှာ မဲပေးခြင်းမှ လည်းကောင်း ရှောင်ကြဉ်ရပါမည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည် ဒါရိုက်တာအဖွဲ့၏ အမည်စာရင်းတင်သွင်းခြင်း နှင့် ပြန်လည်အမည်စာရင်းတင်သွင်းခြင်းများနှင့် စပ်လျဉ်း၍ အစုရှင်များ၏အထွေထွေအစည်းအဝေးမှ ချမှတ်သော အတည်ပြုချက်ကို ရယူရန်အတွက် အဆိုပြုလွှာတင်သွင်းရန် အခွင့်အာဏာရှိသည်ဟု မှတ်ယူရပါမည်။

အမည်စာရင်းတင်သွင်းရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ မဲအရေအတွက်တူညီနေပါက ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် ဆုံးဖြတ်မဲ ပေးရမည်။

အခကြေးငွေကော်မတီ

အခကြေးငွေကော်မတီတွင် ဦးဝင်းအောင်၊ ဒေါ်နီလာဝင်း၊ ဒေါ်နေမြတ်သူအောင် နှင့် ဦးကျော်ပိုင် တို့ ပါဝင်ကြပါသည်။ အခကြေးငွေကော်မတီ၏ဥက္ကဋ္ဌမှာ လွတ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်သည့် ဦးကျော်ပိုင်ဖြစ်သည်။
အခကြေးငွေကော်မတီသည် ဒါရိုက်တာများနှင့် အရေးပါသော အလုပ်အမှုဆောင်များအတွက် အခကြေးငွေ ဆိုင်ရာ မူဘောင်တစ်ရပ်အား ဒါရိုက်တာအဖွဲ့သို့ အကြံပြု တင်ပြရန်လည်းကောင်း၊ ဒါရိုက်တာ တစ်ဦးချင်းစီနှင့် အလုပ်အမှုဆောင်အရာရှိချုပ် အတွက် အခကြေးငွေ အတိအကျတို့အား သတ်မှတ်ပေးရန် လည်းကောင်း တာဝန်ရှိပါသည်။ ကျွန်ုပ်တို့အခကြေးငွေကော်မတီမှ အကြံပြုတင်ပြချက် အပေါ် ဒါရိုက်တာအဖွဲ့ တစ်ခုလုံး၏ အတည်ပြုချက် ရယူရပါမည်။ ဒါရိုက်တာများ၏အခကြေးငွေ၊ လစာ၊ ခွင့်ပြုစရိတ်၊ ဆုကြေး၊ ရွေးချယ်ပိုင်ခွင့်နှင့် ပစ္စည်းအားဖြင့် အကျိုးခံစားခွင့် အပါအဝင် အခကြေးငွေ ဆိုင်ရာ ရှုထောင့် အားလုံးကို ကျွန်ုပ်တို့၏ အခကြေးငွေကော်မတီက ထည့်သွင်းစဉ်းစားပါသည်။ အခကြေးငွေ ကော်မတီဝင် တစ်ဦးချင်းစီသည် မိမိ၏ အခကြေးငွေခံစားခွင့်အဝဝ (remuneration package) နှင့် ပတ်သက်သော အခကြေးငွေကော်မတီ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှ လည်းကောင်း၊ ယင်းအတွက် အကြံပြုခြင်းမှ လည်းကောင်း၊ ယင်းဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခု အလို့ငှာ မဲပေးခြင်းမှ လည်းကောင်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

အခကြေးငွေကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို "အဖွဲ့ဝင်တစ်ဦးလျှင်မဲတစ်မဲစနစ် (One Member One Vote System)" ဖြင့် မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ မဲတူညီနေခြင်း ဖြစ်ပေါ်သည့်အခါ ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် ဆုံးဖြတ်မဲ ပေးရမည်။

ဌာနတွင်းစာရင်းစစ်အဖွဲ့

ဌာနတွင်းစာရင်းစစ်သည် ကုမ္ပဏီ၏ ဌာနတွင်းထိန်းချုပ်မှု လုပ်ငန်းဆောင်ရွက်ချက်အတွက် တာဝန်ရှိပြီး၊ စာရင်းစစ်ကော်မတီထံ တိုက်ရိုက်အစီရင်ခံရမည်။ ဌာနတွင်းစာရင်းစစ်သည် ၎င်း၏ ပညာရပ်ဆိုင်ရာ ကျင့်ဝတ်များနှင့်အညီ ကုမ္ပဏီကို လွတ်လပ်စွာ စာရင်းစစ်ဆေးရမည်။ ဌာနတွင်းစာရင်းစစ်သည် ၎င်း၏ ရှာဖွေတွေ့ရှိချက်များကို ရှင်းပြချက်နှင့် အကြံပြုချက်များ ဖော်ပြ၍ ဘုတ်အဖွဲ့နှင့် စာရင်းစစ်ကော်မတီထံ လစဉ် အစီရင်ခံရမည်။

ဌာနတွင်းစာရင်းစစ်ဆေးခြင်းကို ဆုံးရှုံးနိုင်ခြေအဆင့်များ ကွဲပြားမှုအပေါ် အခြေခံ၍ လုပ်ဆောင်ရမည်။ ဌာနတွင်း စာရင်းစစ်သည် ဆုံးရှုံးနိုင်ခြေကို ဖော်ထုတ်၍၊ ဆုံးရှုံးနိုင်ခြေအဆင့်အလိုက် မြင့်မားသောအဆင့်၊ အလယ်အလတ်အဆင့်နှင့် အဆင့်နိမ့်ဟူ၍ သတ်မှတ်ရမည်။ ဌာနတွင်းစာရင်းစစ်သည် ဆုံးရှုံးနိုင်ခြေ မြင့်မားသည့် ကိစ္စရပ်များကို ဦးစားပေး လုပ်ဆောင်ရမည်။

<u>၄-၃။ အစုရှယ်ယာရှင်များ</u>

ကျွန်ုပ်တို့ကုမ္ပဏီ (မှတ်ပုံတင်အမှတ် ၁၀၀၄၅၆၁၅) ကို ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ (မြန်မာကုမ္ပဏီများဥပဒေဖြင့် အစားထိုး ဖျက်သိမ်းပြီးဖြစ်သည့်)အရ အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အမည်ဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ၂၀၁၇ခုနှစ် ဇွန်လ ၂၇ရက် တွင် ဖွဲ့စည်းခဲ့ပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက် (Latest Practicable Date) အထိ ကျွန်ုပ်တို့ကုမ္ပဏီ၏ ထုတ်ဝေ၊ ထည့်ဝင်ပြီးသော အစုရှယ်ယာ မတည်ငွေရင်းမှာ ကျပ်ငွေ ၃,၄၈၇,၉၉၀,၀၀၀ ဖြစ်ပြီး အစုရှယ်ယာ ၁၀,၄၉၇,၅၉၈ အစု ခွဲဝေထားပါသည်။

နောက်ဆုံးတင်သွင်းသည့်နေ့ရက် (Latest Practicable Date) ရှိ အနေအထား အရ ကျွန်ုပ်တို့ ကုမ္ပဏီ၌ ထိပ်တန်း အစုရှယ်ယာရှင် (၁၀) ဦး ကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

စဉ်	**အမည်**	**နိုင်ငံသားမှတ်ပုံတင်အမှတ် နှင့် လူမျိုး**	**နေရပ်လိပ်စာ**	**အစုရှယ်ယာ အရေအတွက**	**အစုရှယ်ယာ ရာခိုင်နှုန်း**
၁။	ဦးဝင်းအောင်	၁၂/ပဇတ(နိုင်)၀၂၈၃၃ မြန်မာ	အမှတ် ၇- က၊ ကန်ရိပ်သာလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။	၄,၃၆၀,၀၀၀	၄၁.၅၃
၂။	Amata International Company Limited	၃၇၉၇/၂၀၁၂-၁၃ မြန်မာ	အမှတ် ၇- က၊ ကန်ရိပ်သာလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။	၃,၉၆၀,၀၀၀	၃၇.၇၂

၃။	ဒေါ်နေမြတ်သူအောင်	၁၂/ဒဂန(နိုင်)၀၂၆၇၀၀ မြန်မာ	အမှတ် ၇- က၊ ကန်ရိပ်သာလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။	၄၀၀,၀၀၀	၃.၈၁
၄။	ဒေါ် နီလာဝင်း	၁၂/မဂဒ(နိုင်) ၀၅၇၂၈၆ မြန်မာ	အမှတ် ၄၈၃/၄၈၅၊ ၅ ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။	၄၀၀,၂၀၀	၃.၈၁
၅	ဒေါ်သန်းသန်းအောင်	၉/မထလ(နိုင်)၀၇၉၀၃၁ မြန်မာ	အမှတ် ၂၃၊ ရွှေဥဒေါင်းလမ်း၊ အင်းစိန်မြို့သစ် (ဃ)ရပ်ကွက်၊ ဘုရင့်နောင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။	၄၀၀,၀၀၀	၃.၈၁
၆။	ဒေါ်ခင်စုစုဟန်	၁၂/ဗတထ(နိုင်)၀၀၉၉၂၉ မြန်မာ	အမှတ် ၁၁၁- ခ၊ နှင်းဆီခြံလမ်း၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။	၄၀၀,၀၀၀	၃.၈၁
၇။	ဦးနိုင်အောင်လင်း	၅/မကန(နိုင်)၀၀၂၆၈၄ မြန်မာ	အမှတ်၁၃၅.,က(၃), သံလွင်လမ်း, (၁၀)ရပ်ကွက်, ကမာရွတ်မြို့နယ်	၁၀၀,၀၀၀	၀.၉၅
၈။	ဒေါ်သီရိခိုင် (ခ) Gillian Johnstone	၉/မရမ(နိုင်)၀၃၃၀၅၅ မြန်မာ	အမှတ် ၂၊ ဦးလှထွန်းလွင်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်။	၄၀,၀၀၀	၀.၃၈
၉။	ဦးညွန့်ဝင်းထွန်း	၁၂/သဃက(နိုင်)၀၂၂၆၄၅ မြန်မာ	အမှတ် ၅၅၈၊ မာဃ ၁၀ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်။	၄၀,၀၀၀	၀.၃၈

၁၀။	ဒေါ်မော်မော်ဝင်း	၁၂/ပဇတ(နိုင်)၀၃၀၇၅၇ မြန်မာ	အမှတ် ၇(က) ကန်ရိပ်သာလမ်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့	၃၀,၀၀၀	၀.၂၉

မှတ်ချက်

(၁) IFC ချေးငွေဝန်ဆောင်မှု အရ ပြဋ္ဌာန်းထားသော ပဋ္ဌိညာဉ်ခံချက်များ၏ တစ်စိတ်တစ်ဒေသအဖြစ်၊ ကုမ္ပဏီအစုအောက်ရှိ United International Group Limited နှင့် Myanmar Ballooning Co., Ltd. တို့ကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ရာတွင် IFC ၏ သဘောတူညီချက် လိုအပ်ပါသည်။ ထို့အတွက်ကြောင့် IFC ၏ တောင်းဆိုချက်အရ၊ AIC၊ ဦးဝင်းအောင်နှင့် ဒေါ်နေမြတ်သူအောင်တို့က ၎င်းတို့ပိုင်ဆိုင်သည့် အစုရှယ်ယာများကို အစုရှယ်ယာအပေါင် ထားရှိရန် သဘောတူပါသည်။ အသေးစိတ်အချက်အလက်များကို ***"အပိုင်း ၃။. အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ - IFC ချေးငွေဝန်ဆောင်မှု "*** အပိုဒ်တွင် ကြည့်ရှုပါရန်။

ကျွန်ုပ်တို့ကုမ္ပဏီတွင် သာမန်အစုရှယ်ယာ အမျိုးအစားတစ်မျိုးသာရှိသည်။ ဤထိပ်တန်း အစုရှယ်ယာရှင် ၁၀ ယောက်နှင့် အစုရှယ်ယာရှင်များပိုင်သော အစုရှယ်ယာတို့၏ မဲပေးပိုင်ခွင့်သည် ကွဲပြားခြားနားခြင်း မရှိပါ။

<u>၄-၈။ အမြတ်ဝေစုများ ၊ အမြတ်ဝေစုပေးမည့် အစီအစဉ်</u>

ဤ "အမြတ်ဝေစုများ ၊ အမြတ်ဝေစုပေးမည့် အစီအစဉ်" အပိုင်းတွင် ပါရှိသော ဖော်ပြချက်တို့ အနက် အတိတ်ကာလဆိုင်ရာ မဟုတ်သည့် အချက်များသည် ကြိုတင်မျှော်မှန်းထားသည့်အကြောင်းအရာများ ဖြစ်ကြပါသည်။ အဆိုပါ ဖော်ပြချက်များတွင် အမှန်တကယ် ဖြစ်ပေါ်သည့် ရလဒ်များနှင့် ကြိုတင်ခန့်မှန်းထားသည့် ရလဒ်တို့ အကြား သိသာစွာ ကွာခြားခြင်း ဖြစ်စေနိုင်သည့် မသေချာ မရေရာမှုနှင့် ဆုံးရှုံးနိုင်ခြေများ ပါရှိနေနိုင်ပါသည်။ ထိုသို့သော နောက်ခံ အကြောင်းရင်း အချက်အလက်များ ဆိုင်ရာ ယူဆချက်၏ တိကျမှန်ကန်မှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့ သို့မဟုတ် အခြားသူ တစ်ဦးတစ်ယောက်က ပြုလုပ်သော တင်ပြခြင်း သို့မဟုတ် ကတိပြုခြင်း သို့မဟုတ် ကြိုတင်ခန့်မှန်းခြင်းများအဖြစ် မည်သည့် အခြေအနေတွင်မျှ မယူဆသင့်ပါ။ ဤဖွင့်ဟကြေညာစာတမ်းပါ ရက်စွဲရှိ အနေအထားတွင် မူတည်လျက်သာ ပြုလုပ်ထားသည့် အဆိုပါ ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာ များတွင် ယုံကြည်ကိုးစားမှု မထားကြရန် ရင်းနှီးမြှုပ်နှံသူတို့အား သတိပေးအပ်ပါသည်။ ***"အပိုင်း ၁။ စာရင်းဝင်ခြင်းဆိုင်ရာ အကျဉ်းချုပ် - ကြိုတင်မျှော်မှန်းထားသည့်အကြောင်းအရာများ"*** တွင် အသေးစိတ်ဖော်ပြထားပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက် တွင် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ(မြန်မာကုမ္ပဏီများဥပဒေဖြင့် အစားထိုး ဖျက်သိမ်းပြီးဖြစ်သည့်)အရ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ၅၀ ကျပ်နှုန်းဖြင့် အစုရှယ်ယာရှင်များထံ ကြေညာခဲ့ပါသည်။

လုပ်ငန်းစုသည် Myanmar Ballooning ကုမ္ပဏီလီမိတက်မှ အမြတ်ဝေစု စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၀၀,၀၀၀ ကို ၂၀၁၆ ခုနှစ်တွင် သုံးကြိမ် ခွဲဝေပေးခဲ့ခြင်းမှအပ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် သုံးနှစ်အတွင်း

မည်သည့် အမြတ်ဝေစုမှ ထုတ်ဝေပေးခဲ့ခြင်းမရှိပါ။ အဆိုပါ အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ၅၀ ကျပ်မှာ အစုရှယ်ယာရှင်များထံ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကြေညာခဲ့ ပြီး ဖြစ်ပါသည်။

ကုမ္ပဏီများဥပဒေကို အထောက်အထားပြုလျက် - ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အစုရှင်များ၏ အထွေထွေ အစည်းအဝေးဖြင့် အတည်ပြုချက် အရ အစုရှင်များအား ထုတ်ပေးမည့် အမြတ်ဝေစုကို အခါအားလျော်စွာ ကြေညာနိုင်သည်။ သို့ရာတွင် အမြတ်ဝေစုသည် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့က ထောက်ခံသည့် ငွေပမာဏထက် မကျော်လွန်စေရပါ။ မိမိတို့ကုမ္ပဏီသည် ကုမ္ပဏီများဥပဒေ ပုဒ်မ ၁၀၇ ပါ သတ်မှတ်ချက်များ နှင့် ကိုက်ညီမှသာ အမြတ်ဝေစုကိုခွဲဝေပေးသွားမည်ဖြစ်ပါသည်။ ကုမ္ပဏီများဥပဒေ ပုဒ်မ ၁၀၇ တွင် ဖော်ပြထားသည်မှာ အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ကုမ္ပဏီသည် အမြတ်ဝေစုခွဲဝေပေးခြင်းကို ဆောင်ရွက်နိုင်ခြင်း မရှိစေရ- (၁) ကုမ္ပဏီသည် အမြတ်ဝေစုခွဲဝေပေးပြီးနောက် ချက်ချင်းကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊ (၂) အမြတ်ဝေစုခွဲဝေခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိ ခြင်းနှင့် (၃) အမြတ်ဝေစုပေးချေခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိခြင်း ဟူ၍ဖြစ်ပါသည်။

အမြတ်ဝေစုခွဲဝေခြင်းသည် ကျွန်ုပ်တို့ ဘုတ်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အတိုင်းသာ ဖြစ်သည်။ နောင်တွင် ကျွန်ုပ်တို့ကုမ္ပဏီမှ အစုရှယ်ယာရှင်များအတွက် အကျိုးရှိမည့် အမြတ်ဝေစုခွဲဝေခြင်း မူဝါဒတစ်ခုကို သတ်မှတ်သွားမည်ဖြစ်သော်လည်း နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ၎င်းမူဝါဒကို သတ်မှတ်ထားခြင်း မရှိသေးပါ။ ကျွန်ုပ်တို့သည် အမြတ်ဝေစု ထုတ်ပေးခဲ့ပါက ကျပ်ငွေဖြင့်သာ ထုတ်ပေးပါမည်။

အမြတ်ဝေစုအပေါ် စည်းကြပ်သည့်အခွန်နှင့် ပတ်သက်၍ ***"အပိုင်း ၁၀။ အခွန်ဆိုင်ရာကိစ္စရပ်များ"*** တွင် အသေးစိတ်ဖော်ပြထားပါသည်။

၄-၉။ အစုရှယ်ယာ ထုတ်ဝေသည့်ကုမ္ပဏီ၏ အစုရှယ်ယာများ အကြောင်း

အောက်ဖော်ပြပါဇယားတွင် ဖွင့်ဟကြေညာစာတမ်း ရက်စွဲမှ တစ်ဆက်တည်း ရှေ့အလျင်ကျသော နှစ်နှစ်တာအတွက် အသီးသီး ထုတ်ဝေခဲ့ပြီးဖြစ်သော အစုရှယ်ယာအရေအတွက်နှင့် ပမာဏတို့ကို ဖော်ပြထားပါသည်။

ရက်စွဲ	အစုရှယ်ယာရှင်	အစုရှယ်ယာ အရေအတွက်	အစုရှယ်ယာ တန်ဖိုး (ကျပ်)	ထည့်ဝင်ငွေ (ကျပ်)

၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၁ရက်	ယခင်ကမ်းလှမ်းမှုမှ ရင်းနှီးမြှုပ်နှံသူ ၅၉၆ ဦး	၄၉၇,၅၉၈	၂,၄၈၇,၉၉၀,၀၀၀	၂,၄၈၇,၉၉၀,၀၀၀
စုစုပေါင်း		၄၉၇,၅၉၈	၂,၄၈၇,၉၉၀,၀၀၀	၂,၄၈၇,၉၉၀,၀၀၀

မတည်ငွေရင်း ဖွဲ့စည်းပုံ *(Capital Structure)*

နောက်ဆုံးတင်သွင်းသည့်နေ့စွဲတွင် မိမိတို့ကုမ္ပဏီ၏ စုစုပေါင်း ထုတ်ဝေ ထည့်ဝင်ပြီးသော အစုရှယ်ယာ မတည်ငွေရင်းမှာ ၃,၄၈၇,၉၉၀,၀၀၀ ကျပ်ဖြစ်ပြီး အစုရှယ်ယာပေါင်း ၁၀,၄၉၇,၅၉၈ အဖြစ် ခွဲဝေထားပါသည်။

အောက်တွင်ဖော်ပြထားသောအကြောင်းအရာများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမှ ကောက်နှုတ်ချက်များဖြစ်ပါသည်။ ကောက်နှုတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပြည့်အစုံ မဟုတ်ပါ။ အပြည့်အစုံကို မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၏ရုံးခန်းတွင် ရယူကြည့်ရှုနိုင်ပါသည်။ မတည်ရင်းနှီးငွေအခြေအနေများသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း တွင် ဖော်ပြထားသော အခြေအနေတိုင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

<u>အစုရှယ်ယာရှင်များ၏ ပေးရန်တာဝန်</u>

ကုမ္ပဏီအဖွဲ့ဝင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားပါသည်။

ဒါရိုက်တာများ၏အရည်အချင်း၊ ခန့်အပ်ခြင်း နှင့် ထုတ်ပယ်ခြင်း တို့ဆိုင်ရာပြဋ္ဌာန်းချက်များ

၁၀၃။ ဥပဒေကိုလိုက်နာ၍ ဒါရိုက်တာတစ်ဦးချင်းစီသည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းတို့အား ထုတ်ပယ်ခြင်းမပြုမချင်း ဒါရိုက်တာရာထူးတွင် တည်ရှိသည် သို့မဟုတ် ဥပဒေအရ ဒါရိုက်တာအဖြစ်မှ အလိုအလျောက် ရပ်စဲသည်အထိ ဒါရိုက်တာရာထူးတွင်ဆက်လက်တည်ရှိသည်။

၁၀၄။ ဒါရိုက်တာတစ်ဦးသည် ဒါရိုက်တာရာထူး တာဝန်ထမ်းဆောင်ရေး အရည်အချင်းပြည့်မီရန် အနည်းဆုံး အစုရှယ်ယာ ၆၀,၀၀၀ ကိုင်ဆောင်ထားရန် လိုအပ်သည်။

၁၀၅။ ဒါရိုက်တာများကို သာမန်ဆုံးဖြတ်ချက်ဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူအားလုံးက သို့မဟုတ် ၎င်းတို့ကိုယ်စား လက်မှတ်ရေးထိုးကာ ကုမ္ပဏီသို့ပေးပို့သည့် အကြောင်းကြားစာအရ လည်းကောင်း ခန့်အပ်ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းပြုနိုင်သည်။

၁၀၆။ ဒါရိုက်တာများသည် လစ်လပ်နေရာတွင်ဖြည့်ရန် သို့မဟုတ် ဘုတ်အဖွဲ့တွင် နောက်ထပ် ခန့်ထားရန်အတွက် မည်သူ့ကိုမဆို မည်သည့်အချိန်၌မဆိုဒါရိုက်တာအဖြစ် ခန့်အပ်ပိုင်ခွင့်ရှိသည်။ ခြွင်းချက် အနေဖြင့် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသည့် (ရှိလျှင်) အများဆုံး ဦးရေထက် ကျော်လွန်ခန့်အပ်ခွင့်မရှိပါ။ ယင်းသို့ခန့်အပ်ခံရသော ပုဂ္ဂိုလ်ကို ခန့်အပ်ပြီးနောက် ကျင်းပသည့်၊ ခန့်အပ်မှုအပြီး ခြောက်လအတွင်းတွင် ခေါ်ယူရမည့် နောက်လာမည့် အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက်ရယူရမည်။

၁၁၂။ ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတိုင်းတွင်၊ ရှိနေသော ဒါရိုက်တာများ၏ သုံးပုံတစ်ပုံ သို့မဟုတ် ဒါရိုက်တာအရေအတွက်သည် သုံးဦး သို့မဟုတ် သုံး၏ ဆတိုးကိန်းအရေအတွက် မဟုတ်ပါက၊ သုံးပုံတစ်ပုံနှင့် အနီးစပ်ဆုံးအရေအတွက်သည် ရာထူးတာဝန်မှ အလှည့်ကျ အနားယူရမည် ထိုသို့ဆိုရာတွင် ဒါရိုက်တာအားလုံးသည် ၃ နှစ်တာကာလတိုင်းတွင် အနည်းဆုံးတစ်ကြိမ် ရာထူးမှ အနားယူရမည်ဖြစ်သည်။ အနားယူရ သည့် ဒါရိုက်တာသည် သူအနားယူရန်ဆုံးဖြတ်သည့် အစည်းအဝေး မပြီးဆုံးမီအထိ ရာထူးတာဝန်ကို ရယူထားရမည်။

ဥက္ကဋ္ဌနှင့် ကော်မတီများ ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

၇၃။ အထွေထွေအစည်းအဝေးတိုင်းတွင် ဒါရိုက်တာများ၏ဥက္ကဋ္ဌသည်အစည်းအဝေးဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခွင့်ရှိပြီး အခါအားလျော်စွာ အခြားဒါရိုက်တာတစ်ဦးဦးကို ယင်းသို့သော အစည်းအဝေး၏ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်သည်။ ယင်းဒါရိုက်တာများ၏ဥက္ကဋ္ဌမရှိပါက သို့မဟုတ် ၎င်းသည် အစည်းအဝေးစရန် သတ်မှတ်ချိန်နောက်ပိုင်း မိနစ်၃၀အတွင်းတက်ရောက်လာခြင်းမရှိလျှင် သို့မဟုတ် အစည်းအဝေးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လိုခြင်းမရှိလျှင်၊ သို့မဟုတ် ယင်းအစည်းအဝေးအတွက် အခြားဒါရိုက်တာတစ်ဦးဦးကို အစည်းအဝေးဥက္ကဋ္ဌအဖြစ်ခန့်အပ်ထားခြင်းမရှိလျှင်၊ တက်ရောက်လာကြသည့် ဒါရိုက်တာများက အစည်းအဝေးဥက္ကဋ္ဌကို ရွေးချယ်နိုင်သည်။ ဒါရိုက်တာများက ထိုသို့ရွေးချယ်ပေးခြင်းမရှိလျှင် တက်ရောက်လာကြသည့် ကုမ္ပဏီတွင်ပါဝင်သူများက ဒါရိုက်တာတစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။ အကယ်၍ ဒါရိုက်တာတစ်ဦးမျှတက်ရောက်လာခြင်းမရှိလျှင် သို့မဟုတ် ဒါရိုက်တာတစ်ဦးတစ်ယောက်ကမျှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လိုခြင်းမရှိလျှင် ကုမ္ပဏီတွင်ပါဝင်သူများသည် ကုမ္ပဏီတွင်ပါဝင်သူများထဲမှ တစ်ဦးကို (သို့မဟုတ်၎င်းတို့၏ ကိုယ်စားလှယ်၊ တရားဝင်လွှဲအပ်ထားသောရှေ့နေ သို့မဟုတ် ကုမ္ပဏီကိုယ်စားပြု ပုဂ္ဂိုလ်) ကို ဥက္ကဋ္ဌအဖြစ်ရွေးချယ်ရမည်။

၇၄။ အထွေထွေအစည်းအဝေး၏ဥက္ကဋ္ဌသည် အကျိုးစီးပွားဆိုင်ရာ ပဋ္ဌိပက္ခဖြစ်ပွားခြင်း သို့မဟုတ် ၎င်းတို့၏ ဆင်ခြင်တုံတရားအရ အစည်းအဝေး၏အစီအစဉ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစီအစဉ်များတွင် ဆောင်ရွက်ရန် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ရန် တစ်စုံတစ်ဦးကို (ဒါရိုက်တာဖြစ်ရန်မလို)ကို ဥက္ကဋ္ဌအဖြစ်ခန့်အပ်နိုင်သည်။ ထိုသို့ဥက္ကဋ္ဌ တာဝန်ခန့်အပ်ခြင်းခံရသူသည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေတို့အရ အပ်နှင်းသော ဥက္ကဋ္ဌ၏ အခွင့်အာဏာနှင့် ဆင်ခြင်တုံတရားကို ကျင့်သုံး

နိုင်သည်။ ထိုသို့ခန့်အပ်သည့် တာဝန်ပြီးဆုံးပြီးနောက်တွင် ၎င်းသည် ဥက္ကဋ္ဌနေရာတွင် ပြန်လည်၍ ဆက်လက်ဆောင်ရွက်ရသည်။

၁၁၃။ နှစ်စဉ်နှစ်တိုင်း အနားယူရမည့် ဒါရိုက်တာသည် ၎င်းတို့၏ နောက်ဆုံးရွေးချယ်ခန့်အပ်ချိန်မှ စ၍ရာထူးတာဝန်အရှည်ကြာဆုံးရယူထားသူများ ဖြစ်ရမည်ဖြစ်သည်။ သို့ရာတွင် တစ်နေ့တည်း အတူတူ ဒါရိုက်တာ ဖြစ်လာသူများအကြား မည်သူအနားယူရမည်ဆိုခြင်းမှာမူ (၎င်းတို့အကြား အခြားနည်း သဘောတူထားခြင်းမရှိပါက) အစည်းအဝေးဥက္ကဋ္ဌက ဆုံးဖြတ်ရမည်။

အစုရှယ်ယာရှင်များ၏ မဲပေးပိုင်ခွင့်နှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

၈၁။ အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်တိုင်းကို လက်ပြမဲပေးခြင်းမပြုမီ သို့မဟုတ် မဲရလာဒ်ကို ကြေညာခြင်းမပြုမီ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မဲခွဲဆုံးဖြတ်ခြင်း ပြုလုပ်ရန် တောင်းဆိုခြင်း မပြုလျှင် လက်ပြမဲပေးခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။

၈၄။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အစုရှယ်ယာအမျိုးအစား၏ မဲပေးခြင်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးများနှင့် ကန့်သတ်ချက်များကို အထောက်အထားပြုလိုက်နာလျက်-
(က) လက်ပြမဲပေးခြင်းပြုရာတွင် အစည်းအဝေးတက်ရောက်သော ကုမ္ပဏီတွင် ပါဝင်သူတိုင်း ဆန္ဒမဲတစ်မဲကျစီဖြစ်ပြီး။
(ခ) မဲခွဲဆုံးဖြတ်ခြင်း ပြုရာတွင်အစည်းအဝေးတက်ရောက်သော ကုမ္ပဏီတွင်ပါဝင်သူတိုင်းသည် အဆိုပါကုမ္ပဏီတွင် ပါဝင်သူပိုင်ဆိုင်သည့် အပြည့်အဝပေးချေပြီးသော အစုရှယ်ယာတစ်ခုအတွက် ဆန္ဒမဲတစ်မဲကျစီဖြစ်သည်။

၈၅။ မဲခွဲဆုံးဖြတ်ခြင်း ပြုရာတွင်တစ်မဲထက် ပိုပေးခွင့်ရှိသူသည် ၎င်း၏ ဆန္ဒမဲအားလုံးကို အသုံးပြုရန် မလိုပါ သို့မဟုတ် အသုံးပြုသည့် မဲအားလုံးကို တူညီသောနည်းလမ်းဖြင့် ပေးရန်မလိုပါ။

၈၆။ အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်အတွက် မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူသည် ကိုယ်စားလှယ်ခန့်အပ်နိုင်ပြီး ယင်းကိုယ်စားလှယ်သည် ကုမ္ပဏီတွင်ပါဝင်သူကိုယ်စား အစည်းအဝေး တက်ရောက်နိုင်ပြီး ကိုယ်စားမဲလည်းပေးခွင့်ရှိသည်။

၈၇။ ကိုယ်စားလှယ်သည် မဲခွဲဆုံးဖြတ်ခြင်း ပြုလုပ်ရန် တောင်းဆိုနိုင်သည် သို့မဟုတ် တောင်းဆိုခြင်းတွင် ပါဝင်နိုင်သည်။

၉၁။ ကုမ္ပဏီတွင်ပါဝင်သူသည် အစည်းအဝေးကျင်းပချိန်တွင် ကုမ္ပဏီသို့ငင်းရယူထားသည့် အစုရှယ်ယာအတွက် ပေးချေရန် ကာလစေ့ရောက်နေပြီး ပေးချေခြင်းမပြုရသေးပါက ထိုအစုရှယ်ယာအတွက် အထွေထွေအစည်းဝေးတွင် မဲပေးခြင်းမပြုနိုင်ပါ။ အခြားအစုရှယ်ယာများအတွက် မဲပေးခွင့်ကိုမူ ကန့်သတ်ခြင်းမရှိပါ။

အစုရှယ်ယာပူးတွဲပိုင်ဆိုင်သူများကမဲပေးခြင်း

၉၂။ အပိုဒ်-၉၃ ကိုအထောက်အထားပြုလိုက်နာလျက် အစုရှယ်ယာပူးတွဲပိုင်ဆိုင်သော ပူးတွဲအစုရှယ်ယာရှင် တစ်ဦးသည် အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်အပေါ် ပူးတွဲအစုရှင်ဖြစ်သည့် အားလျော်စွာအစု ရှယ်ယာများအားလုံးအတွက်မဲပေးနိုင်သည်။

၉၃။ အထွေထွေအစည်းအဝေးတွင် ပူးတွဲအစုရှယ်ယာရှင်တစ်ဦးထက်ပို၍ အစည်းအဝေးတက်ရောက်ပါက မဲပေးရာတွင် မှတ်ပုံတင်စာရင်း၌ ဦးစွာအမည်စာရင်းပါဝင်သူ ပူးတွဲအစုရှယ်ယာရှင်၏ မဲကိုသာ ထည့်သွင်းတွက်ရမည်။

၉၄။ အစုရှယ်ယာတစ်ဆင့်ခံလွှဲပြောင်းရရှိခြင်းကြောင့် အစုရှယ်ယာပိုင်ဆိုင်ခွင့်ရှိသူသည် ဥပဒေအတိုင်းလိုက်နာကျင့်သုံး၍ အထွေထွေအစည်းအဝေး (သို့မဟုတ် ရှေ့ဆိုင်းသည့်အစည်းအဝေး) မစတင်မီ အနည်းဆုံး ၄စနာရီ ကြိုတင်၍ ဒါရိုက်တာများက တောင်းဆိုသည့် သက်သေခံချက်များကို ကုမ္ပဏီထံပေးပို့ပါက ထိုသူသည် အစုရှယ်ယာ (အစုရှယ်ယာအလိုက်မဲပေးခြင်းအပါအဝင်) နှင့်စပ်လျဉ်း၍ အစည်းအဝေးတွင် အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်းသွင်းပြီးသူကဲ့သို့ အခွင့်အရေးများကို ကျင့်သုံးခွင့်ရှိသည်။

၉၅။ လူတစ်ဦးသည် မဲပေးရန်ရည်ရွယ်သူကို မဲပေးပိုင်ခွင့်ရှိမရှိ သို့မဟုတ် အစည်းအဝေးသို့ တက်ရောက်ပြီး မဲပေးပိုင်ခွင့်ရှိသူ (မဲပေးပိုင်ခွင့်ရှိသူဖြစ်ကြောင်းတောင်းဆိုသူ) တစ်ဦးအား ခွင့်ပြုသင့်သည် သို့မဟုတ် ငြင်းပယ်သင့်သည် ဆိုသည့်အပေါ်တွင် မဲပေးရန် ရည်ရွယ်သူက မဲပေးရန် ဆန္ဒရသည့် သို့မဟုတ် ကန့်ကွက်သည့်မဲကို ပေးရသည့်အစည်းအဝေး၌ သာကန့်ကွက်နိုင်သည်။ ထိုသို့ကန့်ကွက်ခြင်းကို အထွေထွေအစည်းအဝေး၏ ဥက္ကဋ္ဌက ဆုံးဖြတ်ရမည်ဖြစ်ပြီး ယင်း၏ဆုံးဖြတ်ချက်သည် အပြီးသတ် နှင့် အတည်ဖြစ်စေရမည်။ ခွင့်ပြုခဲ့သည့်မဲတစ်မဲသည် ဥပဒေနှင့်ညီညွတ်ပြီး ရည်ရွယ်ချက်အားလုံးအတွက် အကျိုးသက်ရောက် စေရမည်။

၉၇။ ကိုယ်စားလှယ်ခန့်အပ်သည့် စာချုပ်ကိုစာဖြင့်ရေးသား၍ ခန့်အပ်သူများက လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်နှင့်နေရပ်လိပ်စာ၊ ကုမ္ပဏီအမည်၊ ကိုယ်စားလှယ်၏အမည်၊ ကိုယ်စားလှယ်ကို အသုံးပြုမည့်အစည်းအဝေးများ (အစည်းအဝေးအားလုံးဖြစ်နိုင်သည်) စသည်တို့ပါဝင်ရမည်။ ကိုယ်စားလှယ်တစ်ဦးသည် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦး ဖြစ်ရန်မလိုအပ်ပါ။

၉၈။ ကိုယ်စားလှယ်ခန့်အပ်ခြင်းသည်အမြဲတမ်းတည်ရှိနိုင်သည်။

၉၉။ လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်ခန့်အပ်သည့်စာချုပ်နှင့်ရှေ့နေကိုယ်စားလှယ်လွှဲစာ (ရှိလျှင်) ကိုအထွေထွေအစည်းအဝေးမကျင်းပမီအနည်းဆုံး (၄၈)နာရီကြိုတင်၍ ကုမ္ပဏီက လက်ခံရရှိပြီးဖြစ်ရမည့်အပြင် အောက်ပါအတိုင်းပေးပို့နိုင်သည် –

(က) ရုံးသို့ပေးပို့၍လည်းကောင်း။

(ခ) ရုံးသို့ဖက်စ်ဖြင့်လည်းကောင်း၊ အစည်းအဝေး၏ အကြောင်းကြားစာတွင် ဤကိစ္စလို့ဌာ သတ်မှတ်ဖော်ပြထားသော ဖက်စ်နံပါတ်သို့ပေးပို့၍လည်းကောင်း။

(ဂ) အစည်းအဝေး၏ အကြောင်းကြားစာတွင် ဤကိစ္စလို့ဌာ သတ်မှတ်ဖော်ပြထားသော အီလက်ထရောနစ် လိပ်စာသို့အီးလ်မေးလ်ဖြင့်လည်းကောင်း၊ အခြားအီလက်ထရောနစ် နည်းလမ်းဖြင့် ပေးပို့၍လည်းကောင်း။

(ဃ) အစည်းအဝေး၏ အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသော မည်သည့် နည်းလမ်းဖြင့်မဆို လည်းကောင်း၊ ကုမ္ပဏီမှအချိန်နှင့်တပြေးညီ အသိပေးထားသည့် သို့မဟုတ် ဥပဒေအရခွင့်ပြုနိုင်သည့် နည်းဖြင့်လည်းကောင်း။

၁၀၀။ ဥပဒေကိုအထောက်အထား ပြုလိုက်နာလျက် ကိုယ်စားလှယ်ခန့်အပ်သည့် စာချုပ်၏ တရားဝင် ခိုင်မာမှု သို့မဟုတ် ရှေ့နေကိုယ်စားလှယ်စာ (ရှိလျှင်) ၏ ခိုင်မာမှုနှင့် စပ်လျဉ်း၍ အထွေထွေအစည်းအဝေး ဥက္ကဋ္ဌ၏ဆုံးဖြတ်ချက်၊ ၎င်းမရှိကဒါရိုက်တာများ၏ ဆုံးဖြတ်ချက်သည်အပြီးသတ်နှင့် အတည်ဖြစ်သည်။

အစုရှယ်ယာများ ထုတ်ဝေခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် အသုံးပြုခြင်းနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

၉။ ဥပဒေကိုလိုက်နာလျက်ကုမ္ပဏီသည် –

(က) ဒါရိုက်တာများ ဆုံးဖြတ်သည့် စည်းကမ်းချက်နှင့် ဆုံးဖြတ်သည့် အချိန်ကာလတွင် ပုဂ္ဂိုလ် တစ်ဦးဦးထံ အစုရှယ်ယာများကိုထုတ်ဝေခြင်း၊ခွဲဝေခြင်းပြုနိုင်သည်။

(ခ) ဒါရိုက်တာများဆုံးဖြတ်သည့် စည်းကမ်းချက်နှင့် ဆုံးဖြတ်သည့် မည်သည့်အချိန်ကာလအတွင်းမဆို ပုဂ္ဂိုလ်တစ်ဦးဦးထံ အစုရှယ်ယာတစ်ရပ်ရပ်ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍အော့ပ်ရှင် (Option)ပေးနိုင်သည်။

(ဂ) အပိုဒ်-၉ (က) အရကန့်သတ်ခြင်းမရှိဘဲ ဒါရိုက်တာများဆုံးဖြတ်သည့်အတိုင်းကုမ္ပဏီသည် ဦးစားပေးအစုရှယ်ယာ၊ ဆိုင်းငံ့ထားသောအစုရှယ်ယာ သို့မဟုတ် အထူးအခွင့်အရေးများ ပါရှိသော အစု ရှယ်ယာ သို့မဟုတ် အခြားကန့်သတ်ချက် တစ်ရပ်ရပ်ပါရှိသော အစုရှယ်ယာများ (အမြတ်ဝေစုများ နှင့် အခြားခွဲဝေခြင်းများ၊မဲပေးခြင်းများနှင့် သက်ဆိုင်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ကို ထုတ်ဝေခြင်း နှင့် ခွဲဝေခြင်းများ ပြုလုပ်နိုင်သည်။

၁၀။ ဥပဒေကိုလိုက်နာ၍ အပိုဒ်-၉အရ ကန့်သတ်ခြင်းမရှိဘဲ ဒါရိုက်တာများ ဆုံးဖြတ်သည့် စည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီသည် အခါအားလျော်စွာ ဦးစားပေးအစုရှယ်ယာများကို ထုတ်ဝေ နိုင်သည်။ ဦးစားပေးအစုရှယ်ယာများကို ကုမ္ပဏီကဖြစ်စေ၊ အစုရှယ်ယာပိုင်ရှင်ကဖြစ်စေ၊ နှစ်ဦးလုံးက ဖြစ်စေ မိမိတို့ရွေးချယ်သည့်အတိုင်း ပြန်လည်ရွေးနှုတ်ခြင်း သို့မဟုတ် သာမန်အစုရှယ်ယာအဖြစ်သို့ ပြောင်းလဲခြင်းပြုနိုင်သည်။

အစုရှယ်ယာလက်မှတ်များနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

၁၅။ ကုမ္ပဏီသည် အစုရှယ်ယာလက်မှတ်များကို ဥပဒေနှင့်အညီ သို့မဟုတ် စတော့အိတ်ချိန်း တစ်ရပ် ရပ်၏ စည်းမျဉ်းများအရ ထုတ်ပေးရန် လိုအပ်ပါက ထုတ်ပေးရမည်ဖြစ်ပြီးအစုရှယ်ယာလက်မှတ်များတွင်

ဥပဒေအရလိုအပ်သည့်အတိုင်း သတင်းအချက်အလက်အားလုံး ပါဝင်စေရမည်။ သံသယကင်းရှင်းစေရန် ဖော်ပြရလျှင် အစုရှယ်ယာတစ်ခုခုအတွက် သက်သေခံလက်မှတ်ကို လိုအပ်ပါက ကုမ္ပဏီ၏ အစုရှယ်ယာများရောင်းဝယ်သည့် သက်ဆိုင်ရာစတော့အိတ်ချိန်းက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ပေးရမည်။

၂၀။ သက်ဆိုင်ရာနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအရ၊ ကုမ္ပဏီ၏အစုရှယ်ယာများကို စတော့အိတ်ချိန်းတစ်ခုတွင် စာရင်းသွင်းထားပြီး ကုမ္ပဏီတွင်ပါဝင်သူများထံ အစုရှယ်ယာသက်သေခံလက်မှတ်များ ထုတ်ပေးရန်လိုအပ်ခြင်း မရှိပါက ကုမ္ပဏီသည် ယင်းသို့သောအစုရှယ်ယာသက်သေခံလက်မှတ်များကို ထုတ်ပေးရန်မလိုအပ်ဘဲ၊ ယင်းအစုရှယ်ယာများနှင့်စပ်လျဉ်းသော အခွင့်အရေးအားလုံးကို သက်ဆိုင်ရာ စတော့အိတ်ချိန်း ၊ ငွေကြေးသက်သေခံလက်မှတ်များထိန်းသိမ်းထားရှိရာနေရာ (securities depository) သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ က အီလက်ထရောနစ်နည်းလမ်းအားဖြင့် စီမံခန့်ခွဲရမည်။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှတစ်ဆင့် ကိုင်ဆောင်ထားသော ယင်းအစုရှယ်ယာများ ("သက်သေခံလက်မှတ်မလိုအပ်သောအစုရှယ်ယာများ") ပိုင်ဆိုင်မှုအတွက် အစုရှယ်ယာသက်သေခံလက်မှတ်တစ်ခုဖြင့် သက်သေပြရန်မလိုအပ်သကဲ့သို့ အစုရှယ်ယာသက်သေခံလက်မှတ် မထုတ်ပေးဘဲ လွှဲပြောင်းနိုင်သည်။

မတည်ငွေရင်းအပြောင်းအလဲနှင့်ပတ်သက်သော ပြဋ္ဌာန်းချက်များ

၅၆။ ကုမ္ပဏီသည် ဥပဒေကခွင့်ပြုသည့် အပြုအမူအတိုင်း ၎င်း၏ မတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်နိုင်သည်။ ဥပဒေကိုအထောက်အထားပြု လိုက်နာလျက် ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်မှုရှိစေရန် ဒါရိုက်တာများက လိုအပ်သကဲ့သို့ ဆောင်ရွက်နိုင်သည်။

မိမိတို့ကုမ္ပဏီရှိ အစုရှယ်ယာများ လွှဲပြောင်းခြင်း နှင့် လွှဲအပ်ခြင်းနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

၄၇။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ဥပဒေ နှင့် သက်ဆိုင်ရာ စတော့အိတ်ချိန်းတစ်ရပ်ရပ်၏ စည်းမျဉ်းစည်းကမ်းတို့ကိုလိုက်နာလျက် ကုမ္ပဏီတွင် ပါဝင်သူတစ်ယောက်သည် သင့်လျှော်စွာ တံဆိပ်ခပ်နှိပ်ထားသော လွှဲပြောင်းခြင်းဆိုင်ရာ စာရွက်စာတမ်းကို ကုမ္ပဏီသို့ ပေးပို့၍ အစုရှယ်ယာများကို လွှဲပြောင်းနိုင်သည်။ လွှဲပြောင်းခြင်းဆိုင်ရာ စာရွက်စာတမ်းတွင် အောက်ပါအတိုင်း ဖော်ပြ ဆောင်ရွက်ရမည် –

(က) အသုံးပြုလေ့ရှိသည့် သာမန်ပုံစံဖြင့် သို့မဟုတ် ဒါရိုက်တာများက ဆုံးဖြတ်သတ်မှတ်သည့် သို့မဟုတ် လက်ခံရန် သဘောတူညီသည့် အခြားပုံစံဖြင့် ရေးသားဖော်ပြရမည်။

(ခ) လွှဲပြောင်းသူ၏ သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူ၏ (သို့မဟုတ်နှစ်ဦးလုံး၏) လွှဲပြောင်းမှု ရလာဒ်အရ နိုင်ငံခြားကော်ပိုရေးရှင်း သို့မဟုတ် အခြားနိုင်ငံခြားသား (သို့မဟုတ် ၎င်းတို့ပေါင်းစပ်၍) လက်ခံရရှိမည်ဖြစ်ကြောင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာအကျိုးအမြတ်ပိုင်ဆိုင်ခြင်းမှ ရပ်စဲကြောင်းတို့ အပါအဝင် ဥပဒေအရ လိုအပ်သော သတင်းအချက်အလက် အားလုံးပါဝင်ရမည်။

(ဂ) လွှဲပြောင်းပေးသူနှင့်လွှဲပြောင်းခြင်းကို လက်ခံရယူသူတို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တို့က ဖြစ်စေ လက်မှတ်ရေးထိုးရမည် သို့မဟုတ် ဥပဒေကခွင့်ပြုသည့် အခြားနည်းအတိုင်း ဆောင်ရွက်ရမည်။

(ဃ) လွှဲပြောင်းမည့် အစုရှယ်ယာအတွက် အစုရှယ်ယာလက်မှတ် (ဥပဒေအရ လိုအပ်ပြီး ထိုအစုရှယ်ယာ လက်မှတ်ကို ထုတ်ပေးထားပြီးဖြစ်လျှင်) နှင့်လွှဲပြောင်းသူ ပိုင်ဆိုင်ကြောင်း အထောက်အထား သို့မဟုတ် အစုရှယ်ယာကို လွှဲပြောင်းခွင့်ရှိကြောင်း အထောက်အထားစသည့် ဒါရိုက်တာက လိုအပ်သည် ဆိုသော သက်သေခံအထောက်အထားများ ပူးတွဲပါဝင်ရမည်။

ထိုသို့ဆိုရာတွင် မည်သို့ပင်ဆိုစေ သင့်လျော်စွာ ဖွဲ့စည်းထူထောင်ထားသည့် စတော့အိတ်ချိန်းတစ်ခုတွင် စာရင်းသွင်း၊ ရောင်းဝယ်မှုပြုလုပ်နေသည့် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်လွှဲပြောင်းမှုသည် သက်ဆိုင်ရာ စတော့အိတ်ချိန်း သို့မဟုတ် စတော့အိတ်ချိန်းက ရွေးချယ်သော အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း အဖွဲ့အစည်းက သတ်မှတ်သည့် ပုံမှန် သို့မဟုတ် ရိုးရိုပုံစံဖြင့် သာဖြစ်ရမည်။

၄၈။ အပိုဒ်-၄၉ကို အထောက်အထားပြု လိုက်နာလျက်အပိုဒ်-၄ရအရ ကုမ္ပဏီသည် အစုရှယ်ယာများ လွှဲပြောင်းမှု တစ်ခုချင်းစီကို မှတ်ပုံတင်စာရင်းသွင်းရမည်ဖြစ်ပြီး ထိုသို့ မှတ်ပုံတင် စာရင်းဝင်ခြင်းကို အခမဲ့ဆောင်ရွက်ပေးရမည်။ သင့်လျော်စွာ ဖွဲ့စည်းထူထောင်ထားသော စတော့အိတ်ချိန်း တစ်ခုတွင် စာရင်းသွင်းပြီးရောင်းဝယ်မှုပြုလုပ်နေသည့် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်လွှဲပြောင်းမှုသည် စတော့အိတ်ချိန်းက ရွေးချယ်တာဝန်ပေးအပ်ထားသော အပ်နှံမှုလက်ခံခြင်း နှင့် စာရင်းရှင်းလင်းခြင်း အဖွဲ့အစည်း၏ ချမှတ်သည့် စည်းကမ်းချက်များအပါအဝင် သက်ဆိုင်ရာစတော့အိတ်ချိန်းက ချမှတ်သည့် စည်းကမ်းချက်များနှင့် အညီ ဖြစ်စေရမည်။

၄၉။ ဥပဒေကို အထောက်အထားပြု လိုက်နာလျက် ဒါရိုက်တာများသည် အစုရှယ်ယာလွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းသွင်းပေးရန် ဤအခန်း-၇ အရ လိုအပ်သော အခြားစာရွက်စာတမ်းများနှင့်အတူ တင်ပြသော လွှဲပြောင်းရန်အတွက် လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှစ၍ ၂၁ရက်အတွင်း ငြင်းပယ်နိုင်ပြီး ဘုတ်အဖွဲ့က အစုရှယ်ယာလွှဲပြောင်းခြင်း ငြင်းပယ်ကြောင်း အကြောင်းပြချက်ပါရှိသည့် ဆုံးဖြတ်ချက် ချမှတ်ရမည်။ ကုမ္ပဏီသည် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို အကြောင်းပြချက်နှင့်တကွ ထုတ်ပြန်ပြီး နောက်ရရက်အတွင်း လွှဲပြောင်းလက်ခံမည့်သူနှင့်လွှဲပြောင်းမည့်သူတို့ထံ အကြောင်းကြားရမည်။

၅၂။ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးသေဆုံးပါက –

(က) အစုရှယ်ယာကို ပူးတွဲပိုင်ဆိုင်ခဲ့လျှင် အသက်ရှင်ကျန်ရှိသူကိုသာ အဆိုပါ အစုရှယ်ယာများကို အကျိုးခံစားခွင့်ရှိသူ အစုရှယ်ယာပိုင်ဆိုင်ခွင့်ရှိသူအဖြစ် ကုမ္ပဏီက အသိအမှတ်ပြုမည်။

(ခ) အစုရှယ်ယာကို တစ်ဦးတည်းပိုင်ဆိုင်ခဲ့လျှင် သေဆုံးသွားသော ကုမ္ပဏီတွင်ပါဝင်သူ၏ ဥပဒေအရ ကိုယ်စားလှယ်ကိုသာ အဆိုပါအစုရှယ်ယာများကို အကျိုးခံစားခွင့်ရှိသူ အစုရှယ်ယာ ပိုင်ဆိုင်ခွင့်ရှိသူအဖြစ် ကုမ္ပဏီက အသိအမှတ်ပြုမည်။

၅၃။ အပိုဒ်-၅၂ ပါဖော်ပြချက်မှာ ကုမ္ပဏီတွင်ပါဝင်သောသေဆုံးသူ၏ တရားဝင်ဆက်ခံခွင့်ရှိသူသည် ၎င်းတစ်ဦးတည်းဖြစ်စေ ပူးတွဲ၍ဖြစ်စေ အစုရှယ်ယာများကို ပိုင်ဆိုင်စေကာမူ ကုမ္ပဏီသို့ အစုရှယ်ယာ နှင့်စပ်လျဉ်း၍ မပေးချေရသေးသည့် ပမာဏ သို့မဟုတ် အခြားပေးရန် တာဝန်ရှိမှုကို စွန့်လွှတ်ခြင်းမရှိစေရ။

၅၄။ ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦး သေဆုံးမှု သို့မဟုတ် လူမွဲခံယူမှု၏ အကျိုးဆက်အဖြစ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သည် အစုရှယ်ယာတစ်ရပ်ကို ပိုင်ဆိုင်ခွင့်ရှိလာပါက ယင်းပုဂ္ဂိုလ်သည် အဆိုပါ အစုရှယ်ယာနှင့်စပ်လျဉ်း၍ ကုမ္ပဏီ တွင်ပါဝင်သူအဖြစ် မှတ်ပုံတင်ရန်ဖြစ်စေ၊ သေဆုံးသူ သို့မဟုတ် လူမွဲခံယူသူ က ပြုလုပ်သည့်အလား အစုရှယ်ယာများ လွှဲပြောင်းမှု ပြုလုပ်ရန်ဖြစ်စေ အခွင့်ရှိစေရမည်။ ဖြစ်စဉ်အသီးသီးတွင်၊ ဒါရိုက်တာများသည် သေဆုံးသူ သို့မဟုတ် လူမွဲခံယူသည့် ပုဂ္ဂိုလ် မသေဆုံးမီ သို့မဟုတ် လူမွဲမခံယူမီက အစုရှယ်ယာလွှဲပြောင်းမှု ပြုလုပ်သည့် ဖြစ်စဉ်တွင်ကဲ့သို့ပင် မှတ်ပုံတင်မှုကို ငြင်းဆိုရန် သို့မဟုတ် ဆိုင်းငံ့ရန် အခွင့်ရှိစေရမည်ဖြစ်ပြီး သေဆုံးမှု သို့မဟုတ် လူမွဲခံယူမှုဆိုင်ရာ ခိုင်လုံသော သက်သေ အထောက်အထားတင်သွင်းရန်လည်း တောင်းခံနိုင်သည်။

၅၅။ အပိုဒ် ၅၄ တွင်ဖော်ပြထားသည့်အတိုင်း အစုရှယ်ယာ တစ်ရပ် ပိုင်ခွင့်ရှိလာသည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်ထားသော အစုရှယ်ယာကိုင်ဆောင်သူ အတိုင်း အလားတူ အခွင့်အရေးပိုင်ဆိုင်ခွင့်ရှိမည်ဖြစ်သည်။ သို့ရာတွင် မှတ်ပုံမတင်ရသေးသည့် အစုရှယ်ယာ ကိုင်ဆောင်သူသည် လွှဲပြောင်းမှုကို သင့်လျော်စွာ မှတ်ပုံမတင်ရသေးမီအထိ ကုမ္ပဏီအစည်းအဝေးများနှင့်စပ်လျဉ်း၍ အခွင့်အရေးတစ်ရပ်ရပ် ပိုင်ဆိုင်ခွင့်မရှိစေရ။

အမြတ်ဝေစုများနှင့် အရန်ငွေတို့နှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

၁၅၅။ ဒါရိုက်တာများသည်အမြတ်ဝေစုများ (ကြားကာလအမြတ်ဝေစုအပါအဝင်) ကို ပေးရန်ဆုံးဖြတ်နိုင်ပြီး ပမာဏ၊အချိန်နှင့်အမြတ်ဝေစုမည်သို့ခွဲဝေမည်ကိုလည်းသတ်မှတ်နိုင်သည်။

၁၅၆။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ အစုရှယ်ယာအမျိုးအစားအတွက် စည်းနှောင်မှုရှိသော ပူးတွဲပါဝင် သောအခွင့်အရေးနှင့်ကန့်သတ်ချက်များ၊ ဥပဒေတို့ကိုအထောက်အထားပြု၍၊ အမြတ်ဝေစုများကိုကုမ္ပဏီတွင် ပါဝင်သူများအားပိုင်ဆိုင်သည့် အစုရှယ်ယာအလိုက် အချိုးကျခွဲဝေပေးရန်ဖြစ်သည်။

၁၅၇။ သက်ဆိုင်ရာဥပဒေများကို အထောက်အထားပြု၍ လိုက်နာလျက်၊ဒါရိုက်တာများသည် အမြတ် ဝေစုများ သို့မဟုတ် အခြားခွဲဝေခြင်းများကို သတ်မှတ်ပစ္စည်းများ နှင့် ခွဲဝေခြင်းဖြင့် တစ်ရပ်လုံး သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း (ပေးချေပြီးအစုရှယ်ယာများ၊ ဒီဘင်ချာ ငွေချေးလက်မှတ်များ သို့မဟုတ် ကုမ္ပဏီ၏ သို့မဟုတ် အခြားကုမ္ပဏီ၏ အာမခံပစ္စည်းများ၊ ယုံမှတ် အပ်နှံသည့်ပစ္စည်းများ၊ အဆောက်အအုံတို့အပါအဝင်) ဆုံးဖြတ်ပေးနိုင်သည်။

၁၅၈။ ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးချင်းစီသည် ကုမ္ပဏီ၏ သို့မဟုတ် အခြားကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာငွေချေးလက်မှတ်များ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ အပါအဝင် အပိုဒ်-၁၅ရအရမည်သည့်ပစ္စည်းကိုမဆို ၎င်းတို့အားခွဲဝေပေးခြင်းကို သဘောတူလက်ခံရမည်။

၁၅၉။ ပစ္စည်းများ၊ရပိုင်ခွင့်များ တန်ဖိုးဖြတ်ခြင်းအပါအဝင် အမြတ်ဝေစု သို့မဟုတ် အခြားခွဲဝေခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်အားလုံးကို ဒါရိုက်တာများမှ ဆုံးဖြတ်သတ်မှတ်မည်ဖြစ်ပြီး ဒါရိုက်တာများသည် အောက်ပါဆောင်ရွက်ချက်များကို ပြုလုပ်နိုင်သည် –

(က) အမြတ်ဝေစုများ/အခြားခွဲဝေခြင်းများနှင့်ပတ်သက်သည့်အခက်အခဲများ၊အငြင်းပွားမှုများ၊ သို့မဟုတ် အခြားကိစ္စများတို့ကို ဖြေရှင်းနိုင်သည်။

(ခ) ပစ္စည်း သို့မဟုတ် ရပိုင်ခွင့် သို့မဟုတ် ပစ္စည်း သို့မဟုတ် ရပိုင်ခွင့်၏အစိတ်အပိုင်း တစ်ရပ်ရပ်ကိုခွဲဝေခြင်းပြုရာတွင် တန်ဖိုးသတ်မှတ်ပေးနိုင်သည်။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူများထံ သို့မဟုတ် ၎င်း၏ညွှန်ကြားချက်အရ သတ်မှတ်တန်ဖိုးအပေါ် အခြေပြု၍ငွေဖြင့် ပေးချေခြင်းပြုရန်ဆုံးဖြတ်နိုင်သည်။

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများအတွက်ပစ္စည်း သို့မဟုတ် ရပိုင်ခွင့်ကိုယုံမှတ်အပ်နှံလက်ခံမည့်သူထံ အပ်နှံပေးခြင်းပြုနိုင်သည်။

၁၆၀။ အမြတ်ဝေစုများ နှင့် အခြားခွဲဝေပေးခြင်းများအတွက် အတိုးငွေကို ကုမ္ပဏီအနေဖြင့်ပေးရန်မလို အပ်ပါ။

၁၆၁။ ဥပဒေအရအစုရှယ်ယာများတစ်ဆင့်လွှဲအပ်ခြင်းကြောင့်တစ်ဦးဦးကပိုင်ဆိုင်ထိုက်သောအစုရှယ်ယာ နှင့်သက်ဆိုင်သောအမြတ်ဝေစုများနှင့်အခြားခွဲဝေပေးခြင်းများကိုသတ်မှတ်ထားသည့်လွှဲပြောင်းလက်ခံသူ ကိုအစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်းဝင်ခြင်း မပြုရသေးသည့်အချိန်ထိ ကုမ္ပဏီကထိန်းသိမ်းထားနိုင် သည်။

၁၆၂။ ကုမ္ပဏီတွင်ပါဝင်သူမှ ပေးရန်ရှိသော အမြတ်ဝေစုများကို လည်းကောင်း၊ အခြားခွဲဝေပေးခြင်းများကိုလည်းကောင်း တောင်းခေါ်မှု သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူမှကုမ္ပဏီသို့ပေးချေရန် စေ့ရောက်သည့် ပမာဏများမှ လျှော့ချဖြတ်တောက်နိုင်သည်

၁၆၃။ ကုမ္ပဏီသည်အစုရှယ်ယာနှင့်စပ်လျဉ်း၍ ပေးရန်ရှိသောပမာဏ၊ အမြတ်ဝေစုနှင့် အခြားနည်းခွဲဝေ ပေးခြင်းတို့ကို ဒါရိုက်တာများက ဆုံးဖြတ်သည့်နည်းဖြင့် ပေးချေနိုင်သည်။

၁၆၄။ အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ပေးရန်ရှိသောအမြတ်ဝေစုများအားလုံး သို့မဟုတ် အခြားငွေကြေး တစ်ရပ်ရပ်နှင့်ဆုံးဖြတ်ကြေညာပြီးနောက်တောင်းဆိုခြင်းမရှိသော သို့မဟုတ်

ပေးချေရန်ကျရောက်သောခွဲဝေ ခြင်းများကို တောင်းဆိုသည့်အချိန်အထိ ကုမ္ပဏီ၏အကျိုးအမြတ်အတွက် ဒါရိုက်တာများက ရင်းနှီးမြှုပ်နှံနိုင်သည် သို့မဟုတ် အခြားနည်းအသုံးပြုနိုင်သည်။

၁၆၅။ အမြတ်ဝေစု တစ်ရပ်ရပ် မကြေညာမီ သို့မဟုတ် မဆုံးဖြတ်မီ၊ ဒါရိုက်တာများသည် ၎င်းတို့သင့်လျော်သည်ဟု မှတ်ယူသော ပမာဏတစ်ရပ်ရပ်ကို အရေးပေါ်သုံးရန်၊ အမြတ်ဝေစုများ ညီမျှစွာခွဲဝေရန်၊ အထူးအမြတ်ဝေစုများ ပေးရန်၊ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုပစ္စည်းတစ်ရပ်ရပ် ပြုပြင်ရန်၊ အဆင့်မြှင့်ရန် သို့မဟုတ် ထိန်းသိမ်းရန်၊ သို့မဟုတ် ကုမ္ပဏီ၏ အကျိုးစီးပွား ဖြစ်သည်ဟု ဒါရိုက်တာများက ၎င်းတို့၏အကြွင်းမဲ့ဆုံးဖြတ်ချက်ဖြင့် မှတ်ယူသော အခြားသော ရည်ရွယ်ချက်တစ်ရပ်ရပ်အတွက် အသုံးချရန် ကုမ္ပဏီ၏ အမြတ်အစွန်းများမှ နေ၍ အရန်ငွေအဖြစ် ဖယ်ထုတ်ထားနိုင်သည်။ ယင်းသို့အသုံးချမှု မတိုင်မီအတောအတွင်း၊ အရန်ငွေများကို၊ ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့်၊ ကုမ္ပဏီ၏ လုပ်ငန်းတွင် အသုံးပြုနိုင်သည်၊ သို့မဟုတ် ဒါရိုက်တာများက ဆုံးဖြတ်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုခု (အစုရှယ်ယာများ ဝယ်ယူမှုအပါအဝင်) တွင် ရင်းနှီးမြှုပ်နှံနိုင်သည်။ ဒါရိုက်တာများသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် ယင်းရင်းနှီးမြှုပ်နှံမှုများကို ကိုင်တွယ်နိုင်၊ ပြောင်းလဲနိုင်၊ စွန့်လွှတ်နိုင်ပြီး၊ ၎င်းတို့ဆုံးဖြတ်သည့်အတိုင်း အရန်ငွေများကို အထူးအရန်ငွေများအဖြစ် ခွဲခြားနိုင်သည်။

၁၆၆။ (က) ဘုတ်အဖွဲ့ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သည့် နည်းလမ်းဖြင့်၊ ကုမ္ပဏီသည် ကုမ္ပဏီ၏ အရန်ငွေစာရင်းများရှိ စာရင်းရှိငွေတစ်ရပ်ရပ် သို့မဟုတ် အရှုံးအမြတ်ငွေစာရင်းရှိ စာရင်းရှိငွေတစ်ရပ်ရပ်ကို မတည်ရင်းနှီးနိုင်သည်။ ယင်းစာရင်းရှိပမာဏ ကို ကုမ္ပဏီတွင်ပါဝင်သူများ အကြား ခွဲဝေရရှိနိုင်သော၊ သက်ရောက်နိုင်သော သို့မဟုတ် အမြတ်ဝေစုများပေးချေရာတွင် ကျင့်သုံးနိုင်သော ပမာဏ အချိုးအတိုင်း လျာထားခြင်းဖြင့် မတည်ရင်းနှီးမှုကို ဖြစ်ပေါ်စေနိုင်သည်။ သက်ဆိုင်ရာ အချိုး ကို ကုမ္ပဏီတွင်ပါဝင်သူအသီးသီးထံသို့ မပေးချေရသေးသော အစုရှယ်ယာများ၊ ရှိပါက၊ ပေးချေမှုအတွက် ဖြစ်စေ၊ ကုမ္ပဏီ၏ မထုတ်ဝေရသေးသော အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ (ငွေချေးလက်မှတ်) အပြည့်အဝပေးချေမှုအတွက် ဖြစ်စေ သို့မဟုတ် တစ်နည်းအားဖြင့် တစ်စိတ်တစ်ဒေသ၊ အခြားနည်းအားဖြင့် တစ်စိတ်တစ်ဒေသ ပေးချေမှုအတွက်ဖြစ်စေ သက်ရောက်စေရမည်။ မထုတ်ဝေရသေးသော အစုရှယ်ယာများ ပေးချေမှု ဖြစ်စဉ်တွင်၊ ခွဲဝေပြီး အပြည့်အဝပေးချေပြီးဖြစ်သည်ဟု အသိအမှတ်ပြုမည့် ယင်းအစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများကို အဆိုပါ ကုမ္ပဏီတွင် ပါဝင်သူများအကြားတွင် အထက်ပါအချိုးအတိုင်း ခွဲဝေရမည်။

(ခ) ဒါရိုက်တာများသည် အပိုဒ် ၁၆၆ (က) အရ ယင်းသို့ မတည်ရင်းနှီးမှုတစ်ခု သက်ရောက်မှုရှိစေရန် (အစိတ်အပိုင်းလိုက်ခံစားပိုင်ခွင့် (fractional entitlements) တစ်ရပ်ရပ်ကို မျက်ကွယ်ပြုသော သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသော အကျိုးအမြတ်သည် သက်ဆိုင်ရာ ကုမ္ပဏီတွင်ပါဝင်သူများထက်ကုမ္ပဏီအပေါ်တွင်သာ စုပေါင်းတင်ရှိစေသော ပြဋ္ဌာန်းချက်များအပါအဝင်) အထက်ဆိုခဲ့ပါ အခြေခံအရ ပေါ်ထွက်လာနိုင်သော အစိတ်အပိုင်းလိုက်ခံစားပိုင်ခွင့် (fractional entitlements) တစ်ရပ်ရပ်အတွက် ဒါရိုက်တာများ သင့်လျော်မည်ဟု ထင်သော ပြဋ္ဌာန်းချက်များ ချမှတ်ရန် အာဏာအပြည့်အဝဖြင့် လိုအပ်သည် သို့မဟုတ် သင့်လျော်သည်ဟု ယူဆသော လုပ်ဆောင်ချက်များနှင့်

အရာအားလုံးကို ဆောင်ရွက်နိုင်သည်။ ဒါရိုက်တာများ သည် ယင်းသို့သော ဆုကြေးကိစ္စများ သို့မဟုတ် မတည်ရင်းနှီးမှုအတွက် သတ်မှတ်ထားသော ကုမ္ပဏီနှင့် သဘောတူစာချုပ် တစ်ရပ်ရပ်တွင် အကျိုးစီးပွားရှိသော ကုမ္ပဏီတွင်ပါဝင်သူအားလုံးကိုယ်စား လူပုဂ္ဂိုလ်တစ်ဦးက ချုပ်ဆိုမှုပြုလုပ်နိုင်ရန် ခွင့်ပြုနိုင်ပြီး ယင်းသို့သောလုပ်ပိုင်ခွင့်အရ ပြုလုပ်သော သဘောတူစာချုပ်တစ်ရပ်ရပ်သည် သက်ဆိုင်သူအားလုံးအပေါ် သက်ရောက်မှုရှိပြီး စည်းနှောင်မှုရှိစေရမည်။

ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် အခြားစာရွက်စာတမ်းများကို စစ်ဆေးရန် အစုရှယ်ယာရှင်များ၏ အခွင့်အရေးနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များ

၁၅။ ဒါရိုက်တာများသည် သက်ဆိုင်ရာဥပဒေနှင့် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ လိုအပ်သည့်အတိုင်း ငွေကြေးဆိုင်ရာစာရင်းနှင့် အခြားမှတ်တမ်းများကို ပြုလုပ်သိမ်းဆည်းရမည်။

၁၇၁။ ဥပဒေကိုအထောက်အထားပြု၍လိုက်နာလျက်၊ ဒါရိုက်တာများသည်ကုမ္ပဏီ၏ စာရွက်စာတမ်းများ နှင့်မှတ်တမ်းမှတ်ရာများကိုမည်သူမဆိုသင့်လျော်သော အခကြေးငွေပေး၍ ကြည့်ရှုစစ်ဆေးနိုင်ရန် မည်သည့် အတိုင်းအတာထိဖွင့်လှစ်ပြသမည်ကို ဆုံးဖြတ်နိုင်သည်။ဤအခန်း-၂စသည်ဥပဒေအရ သို့မဟုတ် ကုမ္ပဏီနှင့် သဘောတူညီချက်အရ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦး သို့မဟုတ် ဒါရိုက်တာတစ်ဦး သို့မဟုတ်ဒါရိုက်တာဟောင်း တစ်ဦး၏အခွင့်အရေးကိုကန့်သတ်ခြင်းမရှိပါ။

<u>အပိုင်း ၅။ ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက်ချက်များ</u>

<u>၅-၁။ ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ နှင့် ပြုလုပ်ထားသည့် အရေးကြီးသည့် ငွေရေးကြေးရေးကိစ္စရပ်များ</u>

ကျွန်ုပ်တို့ ကုမ္ပဏီသည် အစုရှယ်ယာ အနည်းစုသာပိုင်ဆိုင်သည့် ရှယ်ယာရှင်များပါဝင်သော အများပိုင်ကုမ္ပဏီဖြစ်ပြီး ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ရန် ရည်ရွယ်သည့်အားလျော်စွာ ကျွန်ုပ် တို့ ဒါရိုက်တာအဖွဲ့ဝင်များသည် ကောင်းမွန်သော ကော်ပိုရိတ် အုပ်ချုပ်မှုစနစ်ကို ရည်ရွယ်၍ ၎င်းတို့၏ သဘောဆန္ဒသက်သက်ဖြင့် အောက်ပါတို့ကို ဖွင့်ဟကြေညာရန်ဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၀ခုနှစ် စက်တင်ဘာလ ၃၀ရက်နေ့အရ ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်သို့မဟုတ် ကုမ္ပဏီနာမည်	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ဆက်နွယ်မှုအ ကြောင်း	မဲပေးပိုင်ခွင့် အချိုး အစား	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် ဆက်စပ်လုပ်ကိုင်နေသည့် လုပ်ငန်း အကျဉ်းချုပ်	လုပ်ငန်း အကြောင်းအ ရာများ၊ လိုက်နာရမည့် စည်းကမ်းများ၊ လိုက်နာရမည့် စည်းကမ်းများ ကို ချမှတ်သည့် မူဝါဒ	လုပ်ငန်းတန်ဖိုး ပမာဏ(ကျပ်)	အ ကြောင်းအရာ	ဘဏ္ဍာရေးနှစ် အကုန်ရှိ လက်ကျန်ငွေ
ဦးဝင်းအောင်	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ(ဥက္ကဋ္ဌ)၊ UIG ၏ ဒါရိုက်တာ ၊ MB၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ	ကုမ္ပဏီ၏ ၄၁.၅၃ % **MB**၏ ၃၀%	(၁ရက်နေ့ အောက်တိုဘာ ၂၀၁၉အရ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အဆုံးတွင် ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း (ဦးဝင်းအောင်)သို့ **UIG**မှ ပေးချေရမည့် ပမာဏ	ပေးရန်ကျန်ရှိ နေမှုများ	၁,၄၄၇,၂၈၅,၉၈ ၇		၁,၅၈၄,၈၈၈,၆၈၀

		(မှတ်ချက်။ ။ ဦးဝင်းအောင်ပိုင်ဆိုင်သော MB၏ ၃၀%ကို စာရင်းဝင်သည့်အချိန်တွင် သို့မဟုတ် စာရင်းဝင်ခြင်းပြီးမြောက်ပြီး မကြာမီတွင် ကုမ္ပဏီသို့ လွှဲပြောင်းမည်ဖြစ်ပါသည်။)	UIGမှ ဦးဝင်းအောင်သို့ ဟိုတယ်ဆောက်လုပ်ရန်နှင့် တိုးချဲ့ရန်အတွက် ကြိုတင်ပေးချေမှုများ	ငွေကြေးပေးအပ်မှု (မှတ်ချက် ၁) သက်ဆိုင်ရာ ဟိုတယ် အဆောက်အအုံများတွင် ဆောက်လုပ်မှုနှင့် ပြင်ဆင်မှုလုပ်ငန်းများ ပြီးစီးလွှဲပြောင်းပြီးဖြစ်ပါသည်။ (မှတ်ချက် ၁)	၅,၀၀၅,၈၂၆,၆၉၉ ၂,၀၈၈,၈၅၄,၇၂၃	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ ရရန်ကျန်ရှိနေသေးသော ပမာဏ (လက်ငင်းရရန်ပိုင်ခွင့်များ)	
			UIGသည် ဦးဝင်းအောင်ထံမှ မြေနှင့် အဆောက်အအုံကို ဝယ်ခဲ့ပါသည်။	မပေးချေရသေးသော ပမာဏအားလျာထားမှု (မှတ်ချက် ၃)	၁,၅၁၇,၈၆၁,၉၂၂		
			UIGသည် ဦးဝင်းအောင်ထံမှ ဟိုတယ်မြေနှင့် အဆောက်အအုံကို ငှားရမ်းခဲ့ပါသည်။	ငှားရမ်းခ ပေးချေမှု မပေးချေရသေးသော ငှားရမ်းခ အားလျာထားမှု (မှတ်ချက် ၄)	၂၅၁,၇၇၈,၆၇၅ ၆၆,၀၀၀,၀၀၀		

			MBသည် ဦးဝင်းအောင်ကို ဟိုတယ်ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံရန် ငွေထုတ်ချေးခဲ့ပါသည်။	ချေးယူငွေ ပြန်လည်းပေးဆပ်မှု (မှတ်ချက် ၂)	၁၁၀,၁၄၄,၁၉၅	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ ရရန်ကျန်ရှိနေသေးသော ပမာဏ (လက်ငင်းရရန်ပိုင်ခွင့်များ)	၇၇၁,၇၃၅,၂၇၈
ဦးခင်ဇော်	MB ၏ ရှယ်ယာရှင်	**MB**၏ ၁၉%	**MB**သည် ဦးခင်ဇော်ကို ၎င်း၏ စီးပွားရေးလုပ်ငန်းအတွက် ငွေထုတ်ချေးခဲ့ပါသည်။	ချေးယူငွေ ပြန်လည်ပေးဆပ်မှု (မှတ်ချက် ၅)	၃၁၄,၃၀၂,၈၇၀	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ ရရန်ကျန်ရှိနေသေးသော ပမာဏ (လက်ငင်းရရန်ပိုင်ခွင့်များ)	၁၈၃,၅၉၆,၁၁၃

အဝက်ဟိုးဒင်း ကုမ္ပဏီလီမိတက်	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာဖြစ်သော ဦးဝင်းအောင်နှင့် ၎င်း၏ဇနီး ဒေါ်နေမြတ်သူ အောင်တို့က ၁၀၀%ထိန်းချုပ်ထားပါသည်။		**MB**သည် အဝက် ကို ၎င်း၏ စီးပွားရေးလုပ်ငန်းအတွက် ငွေထုတ်ချေးခဲ့ပါသည်။	ငွေချေးပေးမှု (မှတ်ချက် ၆)	၄၈,၆၆၉,၉၀၂	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ ရရန်ကျန်ရှိနေသေးသော ပမာဏ (လက်ငင်းရရန်ပိုင်ခွင့်များ)	၁၃၃,၆၃၀,၅၄၅
AIC		ကုမ္ပဏီ၏ ၃၇.၂၂%	(၁ရက်နေ့ အောက်တိုဘာ ၂၀၁၉အရ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အဆုံးတွင် ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း (**AIC**)သို့ **UIG**မှ ပေးချေရမည့် ပမာဏ	ပေးရန်ကျန်ရှိနေမှုများ	၁၆,၄၄၆,၀၀၉		၃၂,၉၉၆,၉၁၂

	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာဖြစ်သော ဦးဝင်းအောင်နှင့် ၎င်း၏ဇနီး ဒေါ်နေမြတ်သူ အောင်တို့က ၁၀၀%ထိန်းချုပ်ထားပါသည်။		**UIG**သည် **AIC**သို့ မတော်တဆ မှားယွင်း၍ ပေးခဲ့ပါသည်။	ငှားရမ်းခ မတော်တဆ မှားယွင်းပေးအပ်မှု	၁၂,၁၀၇,၉၈၁	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံသို့ ပေးရန်ကျန်ရှိနေသေးသော ပမာဏ (လက်ငင်းပေးရန်ရှိမှုများ)	
			UIGသည် **AIC**ထံမှ ဟိုတယ်မြေနှင့် အဆောက်အအုံကို ငှားရမ်းခဲ့ပါသည်။	မပေးချေရသေးသော ငှားရမ်းခ အားလျာထားမှု (မှတ်ချက် ၇)	၁၈,၀၀၀,၀၀၀		
			UIGသည် **AIC**သို့ မတော်တဆ မှားယွင်း၍ ပေးခဲ့ပါသည်။	**UIG**က **AIC**အစားဝင်ငွေခွန် မတော်တဆ မှားယွင်းပေးအပ်မှု	၂၇,၁၀၄,၈၉၃		

				Amata Garden Resort (Inle Lake) ဟိုတယ်လုပ်ငန်းဝယ်ယူမှု၏ အစိတ်အပိုင်း အဖြစ် ဘဏ္ဍာစာရင်းအတွင်းရှိ ငွေများကို **UIG**သို့ လွှဲပြောင်းရာတွင် မတော်တဆ မှားယွင်းသော စာရင်းတွက်ချက်မှု			
			UIGသည် **AIC**ထံမှ ရယူပိုင်ဆိုင်ခွင့်များ၊ ပေးရန်ရှိမှုများ၊ တည်ရှိပြီးသား ပရောဂျက်များနှင့် **Amata Garden Resort (Inle Lake)**၏ ဟိုတယ်လုပ်ငန်းကို လုပ်ကိုင်ခွင့် တို့ကို ဝယ်ယူခဲ့ပါသည်။	အတိတ်ကမြေနှင့် အဆောက်အအုံ ဝယ်ယူမှုအတွက်ပေးရန်ရှိများ အား တဖြည်းဖြည်း စာရင်းချေသွားမည်။	၁,၀၀၀,၀၀၀,၀၀၀	အခြားသော လက်ငင်းမဟုတ်သည့် ပေးရန်ရှိမှုများ	၂,၀၀၀,၀၀၀,၀၀၀

(မှတ်ချက် ၁) ဆောက်လုပ်ရေးသဘောတူညီချက်အရ ဟိုတယ်ဆောက်လုပ်ရေးနှင့်တိုးချဲ့ရေးအတွက် ဦးဝင်းအောင်သို့ ငွေကြေးပေးအပ်မှုနှင့် စပ်လျဉ်း၍ လုပ်ငန်းအားလုံးသည် ၂နှစ်တာ အချိန်အတွင်း ပြီးမြောက်ပါမည်။

(မှတ်ချက် ၂) ဦးဝင်းအောင်အား ချေးငွေပေးအပ်မှုနှင့် စပ်လျဉ်း၍ အတိုးနှုန်းများ သက်မှတ်ထားခြင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန်ကာလ ကဲ့သို့သော ချေးငွေပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများကိုလည်း ချမှတ်ထားခြင်းမရှိပါ။ ကုမ္ပဏီအနေဖြင့် ဤချေးငွေအတွက် မည်သည့်အပေါင်ပစ္စည်းကိုမျှ လက်ခံသိမ်းဆည်းထားခြင်း မရှိပါ။

(မှတ်ချက် ၃) ဦးဝင်းအောင်ထံမှ မြေနှင့် အဆောက်အအုံ ဝယ်ယူမှုနှင့် စပ်လျဉ်း၍ ထို မြေနှင့်အဆောက်အအုံတို့၏ စာရင်းပါတန်ဖိုးအတိုင်း ဈေးနှုန်းသတ်မှတ်ခဲ့ပါသည်။ ပြန်လည်းပေးဆပ်ရန်ကာလကို ထိုအထဲတွင် သတ်မှတ်ထားခြင်းမရှိပါ။

(မှတ်ချက် ၄) ဦးဝင်းအောင်ထံမှ မြေနှင့် အဆောက်အအုံ ငှားရမ်းမှုနှင့် စပ်လျဉ်း၍ ငှားရမ်းခသည် သက်ဆိုင်သည့် မြေနှင့်အဆောက်အအုံ၏ အနီးပတ်ဝန်းကျင်ရှိ ဆင်တူသော လုပ်ဆောင်မှုများ အပေါ်မူတည်၍ လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း သတ်မှတ်ထားပါသည်။ ပေးဆပ်ရန်ကာလကို သတ်မှတ်ထားခြင်း မရှိသည့်အတွက် **UIG**သည် ငှားရမ်းခကို ကာလအပိုင်းအခြားအလိုက် ပေးအပ်နေခြင်းမဟုတ်ပါ။ မပေးအပ်ရသေးသော ငှားရမ်းခပမာဏကို ပေးရန်ရှိအဖြစ် စာရင်းရေးသွင်းထားပါသည်။

(မှတ်ချက် ၅) ဦးခင်ဇော်အား ချေးငွေပေးအပ်မှုနှင့် စပ်လျဉ်း၍ အတိုးနှုန်းများ သက်မှတ်ထားခြင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန်ကာလ ကဲ့သို့သော ချေးငွေပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများကိုလည်း ချမှတ်ထားခြင်းမရှိပါ။ ကုမ္ပဏီအနေဖြင့် ဤချေးငွေအတွက် မည်သည့်အပေါင်ပစ္စည်းကိုမျှ လက်ခံသိမ်းဆည်းထားခြင်း မရှိပါ။ ဤလုပ်ဆောင်မှုအား စာရင်းဝင်သည့် ရက်စွဲမှ ၁ နှစ်အတွင်း ရပ်စဲမည်ဖြစ်ပြီး ချေးငွေကို လည်းအပြည့် ပြန်လည်ပေးအပ်မည် ဖြစ်ပါသည်။

(မှတ်ချက် ၆) အဝက် ဟိုးဒင်း ကုမ္ပဏီလီမိတက်အား ချေးငွေပေးအပ်မှုနှင့် စပ်လျဉ်း၍ အတိုးနှုန်းများ သက်မှတ်ထားခြင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန်ကာလ ကဲ့သို့သော ချေးငွေပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများကိုလည်း ချမှတ်ထားခြင်းမရှိပါ။ ကုမ္ပဏီအနေဖြင့် ဤချေးငွေအတွက် မည်သည့်အပေါင်ပစ္စည်းကိုမျှ လက်ခံသိမ်းဆည်းထားခြင်း မရှိပါ။ ဤလုပ်ဆောင်မှုအား စာရင်းဝင်သည့် ရက်စွဲမှ ၁ နှစ်အတွင်း ရပ်စဲမည်ဖြစ်ပြီး ချေးငွေကို လည်းအပြည့် ပြန်လည်ပေးအပ်မည် ဖြစ်ပါသည်။

(မှတ်ချက် ၇) **AIC**ထံမှ မြေနှင့် အဆောက်အအုံ ငှားရမ်းမှုနှင့် စပ်လျဉ်း၍ ငှားရမ်းခသည် သက်ဆိုင်သည့် မြေနှင့်အဆောက်အအုံ၏ အနီးပတ်ဝန်းကျင်ရှိ ဆင်တူသော လုပ်ဆောင်မှုများ အပေါ်မူတည်၍ လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း သတ်မှတ်ထားပါသည်။ ပေးဆပ်ရန်ကာလကို သတ်မှတ်ထားခြင်း မရှိသည့်အတွက် **UIG**သည် ငှားရမ်းခကို ကာလအပိုင်းအခြားအလိုက် ပေးအပ်နေခြင်းမဟုတ်ပါ။ မပေးအပ်ရသေးသော ငှားရမ်းခပမာဏကို ပေးရန်ရှိအဖြစ် စာရင်းရေးသွင်းထားပါသည်။

(မှတ်ချက် ၈) ၂၀၁၈ခုနှစ် ဧပြီလ ၁ရက်နေ့တွင် **UIG**သည် **AIC**ထံမှ ရယူပိုင်ဆိုင်ခွင့်များ၊ ပေးရန်ရှိမှုများ၊ တည်ရှိပြီးသား ပရောဂျက်များနှင့် **Amata Garden Resort (Inle Lake)**၏ ဟိုတယ်လုပ်ငန်းကို လုပ်ကိုင်ခွင့်တို့ကို ဝယ်ယူခဲ့ပါသည်။ ဤ ရယူပိုင်ဆိုင်ခွင့်များ၊ ပေးရန်ရှိမှုများ၊ တည်ရှိပြီးသား ပရောဂျက်များနှင့် ဟိုတယ်လုပ်ငန်းကို လုပ်ကိုင်ခွင့်များကို တန်ဖိုးဖြတ်ရာတွင် ဧည့်ကြိုဝန်ဆောင်မှုလုပ်ငန်းရှိ အိမ်ခြံမြေအတွက် နိုင်ငံတကာက အသိအမှတ်ပြုသော **third-party** တန်ဖိုးဖြတ်သူက လုပ်ဆောင်သည့် တန်ဖိုးဖြတ်မှုအပေါ် အခြေခံထား၍ ထိုမြေနှင့်အဆောက်အအုံတို့၏ စာရင်းပါတန်ဖိုးအနေဖြင့် ကျပ်၃,၀၀၀,၀၀၀,၀၀၀ သတ်မှတ်ထားပါသည်။ တဖြည်းဖြည်း စာရင်းချေသွားမည့် ပေးရန်ရှိမှုအတွက် အချိန်ဇယားကို မသတ်မှတ်ထားရသေး သော်လည်း နောင်လာမည့် ၅နှစ်အတွင်း အလုံးစုံကျေသွားမည်ဟု ခန့်မှန်းထားပါသည်။ ၂၀၂၀ခုနှစ် စက်တင်ဘာလ ၃၀ရက်နေ့ အရ ကျပ်၁,၀၀၀,၀၀၀,၀၀၀ ကျေခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စာရင်းစစ်ထားသော မိခင်ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများ ပေါင်းစည်းတင်ပြထားသောဘဏ္ဍာရေးရှင်းတမ်းများ (audited consolidated financial statements) အရ ၁၀,၁၉၀,၇၆၆,၆၃၉ကျပ်ကို ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းများမှ ရရန်ရှိပြီး

၃၆,၀၀၀,၀၀၀ကျပ်ကို ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း များကို ပေးရန်ရှိပါသည်။ အသေးစိတ် အချက်အလက်များကိုအောက်ပါဇယားတွင်ကြည့်ရှုပါ။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ (financial statements) အရ ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ပေးရန်ရှိသော ၃၆,၀၀၀,၀၀၀ကျပ် အပြင် ကုမ္ပဏီအတွင်း ဖွဲ့စည်းပုံပြန်လည်ပြင်ဆင် ခြင်းကြောင့် ၃,၀၀၀,၀၀၀,၀၀၀ကျပ်ကို AIC သို့ ပေးရန်ရှိပါသည်။ အသေးစိတ် အချက်အလက်များကို **အပိုင်း ၆။ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ**တွင် ကြည့်ရှုနိုင်ပါသည်။

အမှတ်စဉ်	အမည်	ရာထူး	ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းမှရရန်ရှိသောပမာဏ (ကျပ်)	ဖော်ပြချက်
၁။	ဦးဝင်းအောင်	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ၊ UIG ၏ ဒါရိုက်တာ	၆,၀၈၁,၀၂၂,၉၁၄	ဤတွင် ဦးဝင်းအောင် နှင့် UIGတို့ အကြားကိစ္စရပ်များပါဝင်သည်။

				ဤကိစ္စရပ်တွင် UIG ၏ ငွေကြေးများကို ဟိုတယ် ဝန်ဆောင်မှု အတွင်းမှ အခန်းများ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းတို့ အတွက် ဦးဝင်းအောင်က ဆောက်လုပ်ရေး ကုမ္ပဏီကို ဦးစွာပေးချေရာတွင် အသုံးပြုခဲ့ပါသည်။ ဤကိစ္စရပ်ကိုသက်ဆိုင်ရာ ဟိုတယ်အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း သို့မဟုတ် အဆင့်မြှင့်ခြင်း အတွက် ရရန်ရှိသော ပမာဏအဖြစ် စာရင်းသွင်း သတ်မှတ်ထားပါသည်။(မှတ်ချက်။ ။ ဤငွေများကို Amata Garden Resort (Inle) My Hpa An Residence နှင့် Amata Resort (Ngapali Beach) တို့ အတွက် သုံးစွဲခဲ့ပါသည်။ ၂၀၂၀ခုနှစ် စက်တင်ဘာလ ၃၀ရက်နေ့ အရ (၁) Amata Garden Resort (Inle)၊ (၂) My Hpa An Residence နှင့် (၃) Amata Resort (Ngapali Beach)ရှိ ဆောက်လုပ်ပြီးလုပ်ငန်းကို UIGသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။) ထို ၆,၀၈၁,၀၂၂,၉၁၄ကျပ်သည် အောက်ပါ UIGမှ ဦးဝင်းအောင်ကို ပေးရန်ရှိသောပမာဏများကို ထည့်တွက်ပြီး UIGက ဦးဝင်းအောင်ထံမှ အသားတင် ရရန်ရှိသော ပမာဏ ဖြစ်ပါသည်။

				• မြေကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၂၅၊ ရင်မင်းပိုက် (အနောက်) ပုဂံမြို့သစ်၊ သီရိပစ္စယာရပ်ကွက်၊ ညောင်ဦးခရိုင်၊ မန္တလေးတိုင်း ဒေသကြီး နှင့်ပတ်သက်၍ ဦးဝင်းအောင်)အဌားချ ထားသူ (နှင့် UIG (ဌားရမ်းသူ(တို့အကြား ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်နေ့ တွင်ချုပ်ဆို ထားသော မြေနှင့် အဆောက်အအုံ ဌားရမ်းစာချုပ်အတွက် ပေးရန်ရှိသော ဌားရမ်းခ • (၁) မြေကွက် အမှတ် ၉၊ မြေတိုင်းအမှတ် ၉၇၊ သမုဒ္ဒရာဇ် ရပ်ကွက်၊ ပုဂံ၊ ညောင်ဦးခရိုင်၊ မန္တလေးတိုင်း ဒေသကြီး (၂) မြေကွက်အမှတ် ၁၅၄၄၊ မြေတိုင်းအမှတ် ၇/၇၊ သူဌေးကန်၊ ပုဂံမြို့သစ်၊ ညောင်ဦးခရိုင်၊ မန္တလေးတိုင်း ဒေသကြီး

				• (၃) မြေကွက်အမှတ် ၁၅၄၄၊ မြေတိုင်းအမှတ် ၇/၆၊ သူဌေးကန်၊ ပုဂံမြို့သစ်၊ ညောင်ဦးခရိုင်၊ မန္တလေးတိုင်း ဒေသကြီး တို့နှင့်ပတ်သက်၍ ဦးဝင်းအောင်)အဘားချ ထားသူ (နှင့် UIG (ဘားရမ်းသူ(တို့အကြား ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်နေ့ တွင်ချုပ်ဆိုထားသော မြေနှင့် အဆောက်အအုံ ဘားရမ်းစာချုပ်အတွက် ပေးရန်ရှိသော ဘားရမ်းခများ

				• ဦးပိုင်အမှတ် ၂၁၆/၂၁၇၊ ဦးပိုင်အမှတ် ၁၅၆၊ ဦးပိုင်အမှတ် ၁၅၇/၂၊ ဦးပိုင်အမှတ် ၆၂/၁၊ ဦးပိုင်အမှတ် ၅၃/၁၊ အကွက်အမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြပြင်ကျေးရွာအုပ်စု၊ ငပလီမြို့ သံတွဲခရိုင်၊ ရခိုင်ပြည်နယ် တို့နှင့်ပတ်သက်၍ ဦးဝင်းအောင်)အဘွားချ ထားသူ နှင့် UIG (ဘွားရမ်းသူ) တို့အကြား ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်နေ့တွင်ချုပ်ဆို ထားသော မြေနှင့် အဆောက်အအုံ ဘွားရမ်းစာချုပ်အတွက် ပေးရန်ရှိသော ဘွားရမ်းခ
၂။	ဦးဝင်းအောင်	MB၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ	၂၇၁,၈၄၂,၇၇၆	MBမှ ၎င်း၏ ရှယ်ယာရှင်များအား ချထားပေးသော ချေးငွေ
၃။	ဦးခင်ဇော်	MB၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ	၄၂၁,၆၈၉,၀၉၇	MBမှ ၎င်း၏ ရှယ်ယာရှင်များအား ချထားပေးသော ချေးငွေ

၄။	ဦးအောင်နိုင်	MB၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ	၂၉၆,၅၅၀,၈၀၉	MBမှ ၎င်း၏ ရှယ်ယာရှင်များအား ချထားပေးသော ချေးငွေ(မှတ်ချက်။ ။ ဤချေးငွေကို ၂၀၁၉ခုနှစ် မေလ ၃၁ရက်နေ့တွင် ပေးဆပ်ပြီး ဖြစ်ပါသည်။)
၅။	အဝက် ဟိုးဒင်း ကုမ္ပဏီလီမိတက်	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ နှင့် MB၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ ဖြစ်သော ဦးဝင်းအောင် လက်အောက်ရှိ ကုမ္ပဏီအဖွဲ့အစည်းတစ်ခု	၂၂,၇၈၆,၂၃၆	အဝက် ဟိုးဒင်း ကုမ္ပဏီလီမိတက်နှင့် MB တို့အကြား ချေးငွေ
၆။	ဦးဝင်းအောင်	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ	၃,၀၉၆,၃၉၂,၁၂၅	ဤတွင် ဦးဝင်းအောင်နှင့် ကုမ္ပဏီတို့ အကြားကိစ္စရပ်များပါဝင်သည်။

				ဤကိစ္စရပ်တွင် ငွေကြေးများကို အနာဂတ်ကာလ၌ မြိတ်တွင် ဟိုတယ်လုပ်ငန်း တိုးချဲ့ခြင်းအစီအစဉ်များ အတွက် ဦးဝင်းအောင်က ဆောက်လုပ်ရေးကုမ္ပဏီကို ဦးစွာပေးချေရာတွင် အသုံးပြုခဲ့ပါသည်။ ဤကိစ္စရပ်ကိုသက်ဆိုင်ရာ ဟိုတယ်အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း သို့မဟုတ် အဆင့်မြှင့်ခြင်း အတွက် ရရန်ရှိသော ပမာဏအဖြစ် စာရင်းသွင်းသတ်မှတ်ထားပါသည်။
၇။	-	-	၄၈၃,၁၀၄	ဤကိစ္စရပ်ကို ဘဏ္ဍာရေးရှင်းတမ်းများတွင် ပတ်သက်ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းများနှင့် ပြုလုပ်ထားသည့် ငွေရေးကြေးရေးကိစ္စရပ်အဖြစ် သတ်မှတ်ထားပါသည်။ သို့သော် ဤကိစ္စရပ်မှာ ကုမ္ပဏီအတွင်း ကုန်ပစ္စည်းများ ဝယ်ယူမှုအတွက် (ဆိုလိုသည်မှာ UIG၏ မတူညီသော ဌာနများနှင့် ဟိုတယ်များ အကြားလုပ်ဆောင်မှု) ငွေပေးချေမှုပြုလုပ်ရာတွင် လမ်းခုလတ်တွင်ရှိနေသော ငွေရေးကြေးရေးကိစ္စရပ်များ (Cash in transit) သာဖြစ်ပါသည်။

အမှတ်စဉ်	အမည်	ရာထူး	ပတ်သက်ဆက်နွယ်နေသည့် ပုဂ္ဂိုလ်၊အဖွဲ့အစည်းကို ပေးရန်ရှိသော ပမာဏ (ကျပ်)	ဖော်ပြချက်
Retained earnings	28,114,847,135	30,978,867,418	30,976,247,781
Exchange translation reserve	-	(2,619,637)	-

2. Consolidated statement of profit or loss and other comprehensive income

	01-Apr-19 to 30-Sep-19	01-Apr-18 to 31-Mar-19	
		Previously reported	Restated
Exchange rate differential (unrealized)	(155,281,513)	-	(5,347,145)
(Loss)/Profit for the period/year	**(3,095,402,655)**	**32,190,252,791**	**32,184,905,646**
Other comprehensive income			
Exchange rate differential (unrealized)	-	(5,347,145)	-
Total comprehensive income for the period/year	**(3,095,402,655)**	**32,184,905,646**	**32,184,905,646**

39. Comparative Information

Certain Figures of the year ended 31 March 2019 were reclassified and shown in the financial statements to facilitate comparison.

40. Authorisation of Financial Statements

The consolidated financial statements for the period from 01 April 2019 to 30 September 2019 were authorized by the Board of Directors for issue.

၆-၃။ ဥပဒေကြောင်းအရဆောင်ရွက်သွားရန်ကိစ္စများ

ဖွင့်ဟကြေညာစာတမ်းပါနေ့ရက် မတိုင်မီ ၁၂ လ အတွင်း ဖြစ်ပွားသော သို့မဟုတ် ဖြစ်ပွားခဲ့သည့် လူမဲ့ခံယူခြင်း၊ ပစ္စည်းထိန်း၏လက်ဝယ်ဖြစ်ခြင်း သို့မဟုတ် အလားတူမှုခင်းများ အပါအဝင် တရားရုံးမှုခင်းဆောင်ရွက်မှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့်ဖြေရှင်းခြင်း စသည့် မှုခင်းဆောင်ရွက်ချက်တို့သည် ထုတ်ဝေသူ၏ ဘဏ္ဍာရေးအခြေအနေ သို့မဟုတ် အမြတ်အစွန်း ရှိနိုင်မှုအပေါ် သိသိသာသာ အကျိုးသက်ရောက်ဖွယ်ရှိနိုင်ပါက သို့မဟုတ် ထိုသို့အကျိုးသက်ရောက်ခဲ့ပါက အဆိုပါ မှုခင်းဆောင်ရွက်မှု နှင့်စပ်လျဉ်း ၍ ကျွန်ုပ်တို့က ပါဝင်ပတ်သက်ခြင်းမရှိပါ။

ဤတွင် မပြီးပြတ်သေးသော သို့မဟုတ် ဆောင်ရွက်ရန် ရည်ရွယ်ထားသည်ဟု သိရှိထားသော အစိုးရဆိုင်ရာ အမှုဆောင်ရွက်ချက်များလည်း ပါဝင်သည်။

၆-၄။ နောက်ဆက်တွဲဖြစ်ရပ်များ

နောက်ဆုံးတင်သွင်းသည့်နေ့ရက် အရ ဤ ဖွင့်ဟကြေညာစာတမ်း တွင် ပါဝင်သော နောက်ဆုံးနှစ်ပတ်လည်ဘဏ္ဍာရေးရှင်းတမ်းထုတ်ပြန်သည့် နေ့ရက်မှ စတင်၍ ကျွန်ုပ်တို့၏ ဒါရိုက်တာများအနေဖြင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေတွင် သိသာထင်ရှားသော သို့မဟုတ် ကြီးမားသော အပြောင်းအလဲများ မတွေ့ရှိရပါ။

ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်တို့ ဟိုတယ် နှင့် အပန်းဖြေစခန်းစာရင်း၏ နောက်ဆုံး ထည့်သွင်းမှု ဖြစ်သော “My Hpa An Residence” by Amata သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာတွင် ဧည့်သည်များကို စတင်လက်ခံခဲ့ပါသည်။ “My Hpa An Residence” by Amata သည် နောက်ဆုံးတင်သွင်းသည့်နေ့ရက် အရ ဗီလာ (၂၀) သာ ရှိသေးပြီး ကျွန်ုပ်တို့ ကုမ္ပဏီက ၎င်း၏ ဟိုတယ် နှင့် အပန်းဖြေစခန်း (၅) ခုတွင် လက်ရှိလည်ပတ်နေသော အခန်းအရေအတွက်ကို ကြည့်ခြင်းအားဖြင့် ၎င်း၏ဝင်ငွေ နှင့် လုပ်ငန်းလည်ပတ်ကုန်ကျစရိတ်သည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေကို ကြီးကြီးမားမား ပြောင်းလဲမှု ပေးမည်ဟု ဒါရိုက်တာများ အနေဖြင့် မယူဆပါ။

အပိုင်း ၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရှိ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များအတွက်၊ ***“အပိုင်း ၈။ မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်”*** ကို ရည်ညွှန်းအပ်ပါသည်။ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေရှိသည့် အချက်များ နှင့် ပတ်သက်ဆက် နွယ်သော သတင်းအချက်အလက်များအတွက် ***“အပိုင်း ၂။ စာရင်းဝင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ -***

ဆုံးရှုံးနိုင်ခြေရှိသည့် အချက်များ - -မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေရှိသည့်အချက်များ ”ကို ရည်ညွှန်းအပ်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီနှင့်သက်ဆိုင်သော သက်ဆိုင်ရာဥပဒေများ နှင့် စည်းမျဉ်းများဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များအတွက် ***“အပိုင်း ၉။ လုပ်ငန်းနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ ဥပဒေများ နှင့် စည်းမျဉ်းများ အကျဉ်းချုပ်ဖော်ပြချက်”*** ကို ရည်ညွှန်းအပ်ပါသည်။

<u>အပိုင်း ၈။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်</u>

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး စတင် အာဏာ သက်ရောက်ခဲ့ပါသည်။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ များကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့ပြီး ငွေချေး သက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ နှင့် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ များကို အကောင်ထည်ဖော် ဆောင်ရွက်ရန် အတွက် အချို့သော အမိန့်ကြော်ငြာစာများ (မြန်မာနိုင်ငံ ဥပဒေပြဋ္ဌာန်းမှုတွင် တစ်ဆင့်ခံ ဥပဒေ) ကိုလည်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည့် အပြင် ဆက်လက်၍လည်း ထုတ်ပြန်မည် ဖြစ်ပါသည်။

<u>စည်းကမ်းထိန်းသိမ်းသူများ နှင့် ဥပဒေအရစည်းနှောင်မှုရှိစေခြင်း</u>

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ သြဂုတ်လတွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် မြန်မာနိုင်ငံ အရင်းအနှီး ဈေးကွက် များ (Capital Markets) ၏ အဓိက စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တွင် များပြားလှစွာသော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်များရှိပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊ စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာ ဈေးကွက်ဆိုင်ရာ ခွင့်ပြုမိန့်တစ်ရပ်ကို ထုတ်ပေးခြင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း နှင့် ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း တို့ကို အတည်ပြု ပေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန (ယခင် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) (“MOPF”) သည် မြန်မာနိုင်ငံ၊ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် နှင့် ပူးတွဲ၍ နည်းဥပဒေရေးဆွဲပြဋ္ဌာန်းရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပါသည်။စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန သည် မြန်မာနိုင်ငံ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက် ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်

ရောင်းဝယ်ရေးနည်းဥပဒေများ နှင့် အခြား ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ခွင့်အာဏာ ရှိပါသည်။ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် တို့သည် အမိန့်ကြော်ငြာစာ များ နှင့် အခြားစည်းကမ်းသတ်မှတ်ချက်များကိုလည်း ထုတ်ပြန်ခွင့် အာဏာရှိ ပါသည်။ ထို့အတူ ပြည်ထောင်စုအစိုးရမှ ငွေချေး သက်သေခံလက်မှတ် စျေးကွက်ကို မြန်မာနိုင်ငံ၌ ထင်ရှားပေါ်လွင်စွာ တည်ထောင်ပြီးစီး၍ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန တွင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း ဆုံးဖြတ်သတ်မှတ်ခြင်း မပြုမီ ကြားကာလ အတွင်း စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း နှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် တို့ကို ကြီးကြပ် ကွပ်ကဲမည် ဖြစ်ပြီး အမိန့်ကြော်ငြာစာများ နှင့် အခြားစည်းကမ်းသတ်မှတ် ချက်များကို ထုတ်ပြန်နိုင်သည့် သီးသန့် အာဏာတစ်ရပ် လည်း ၎င်းထံ တွင် ရှိပါသည်။ ဥပဒေအရစည်းနှောင်မှုရှိစေခြင်းကဏ္ဍတွင် လိုင်စင် ပြန်လည် ရုပ်သိမ်းခြင်း စသည့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်မှုများပြုလုပ် ခြင်း နှင့် ပြစ်မှု ကျူးလွန်သူ များကို စီမံခန့်ခွဲရေးနည်းလမ်းအရ ငွေဒဏ်၊ ပြစ်ဒဏ်များ ချမှတ်ခြင်း တို့ကို ပြုလုပ်ရန် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အား အာဏာ အပ်နှင်းထားပါသည်။ ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် သက်သေခံချက် ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးထံမှ သက်သေခံ ချက် ရယူခွင့်၊ စစ်ဆေးခွင့် နှင့် ဆင့်ခေါ်ခွင့်တို့ လည်းမြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်တွင် ရှိပါသည်။ သို့သော် ထိုသို့ စုံစမ်းစစ်ဆေး ခွင့်အာဏာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (BSI) သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့မှ ဆောင်ရွက်ရမည့် ပစ္စည်းများသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်း စသည့် လုပ်ပိုင်ခွင့် အာဏာ မရှိပါ။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေဖြင့် စည်းကမ်းသတ်မှတ်ထားသော ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းများတွင် ငွေချေးသက်သေခံလက်မှတ်များ ကိုယ်တိုင် ရောင်းဝယ်ခြင်း၊ ငွေချေး သက်သေခံ လက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်း၊ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှု အတွက် အကြံဉာဏ်ပေးခြင်း၊ ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်း နှင့် စာရင်းရှင်းလင်းခြင်း စသည်တို့ ပါဝင်ပါသည်။ ယင်းစကားရပ် များကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။ ထို့အပြင် အမိန့်ကြော်ငြာစာ တစ်ရပ် ထုတ်ပြန်ခြင်းဖြင့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းအမျိုးအစား[သစ်]တစ်ရပ် ထပ်ပေါင်း ထည့်ရန် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တွင် လုပ်ပိုင်ခွင့်ရှိပါသည်။ ငွေချေး သက်သေခံလက်မှတ် လုပ်ငန်း အမျိုးအစား တစ်ရပ်ချင်းစီကို လုပ်ကိုင်ဆောင်ရွက်ရန် အတွက် ယေဘုယျအားဖြင့် သီးခြား လိုင်စင်တစ်ခုစီ လိုအပ်ပါသည်။ မည်သူမဆို လိုင်စင် မရှိဘဲ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြု ရန် တားမြစ်ထားပါသည်။

ယင်းတားမြစ်ချက်ကို ချိုးဖောက်ပါက ပြစ်မှုကြောင်း အရ အပြစ်ပေးအရေးယူခြင်း ခံရမည်ဖြစ် ပါသည်။ ငွေချေးသက်သေခံလက်မှတ်များ ကိုယ်တိုင်ရောင်းဝယ်ခြင်း၊ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း နှင့် ငွေချေးသက်သေခံ လက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း လုပ်ငန်းများကို လိုင်စင်ရ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီကသာလျှင် လုပ်ကိုင် ဆောင်ရွက်နိုင်ပါသည်။ မြန်မာနိုင်ငံ ဥပဒေအရ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီသည် အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထား သည့် ကုမ္ပဏီတစ်ရပ် ဖြစ်ရ ပါမည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ တစ်ခုသည် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး နည်းဥပဒေအရ ခွင့်ပြုမတည်ရင်းနှီးငွေ နှင့် အနည်းဆုံး ထည့်ဝင်ပြီး မတည်ရင်းနှီးငွေများ ရှိခြင်းစသည့် သတ်မှတ်ချက်များနှင့် ပြည့်မီရမည်ဖြစ်ပါသည်။ ငွေချေး သက်သေခံ လက်မှတ် ကုမ္ပဏီက လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းနယ်ပယ် အတိုင်းအတာသည် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ၎င်း၏ လိုင်စင်ရကိုယ်စားလှယ်များမှ တစ်ပါး အခြားသူ တစ်ဦးဦးကို ၎င်း၏ အမည်ဖြင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ဆောင်ရွက်လုပ်ကိုင်ခွင့် မပြုနိုင်ပါ။ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်မှတ်ချက်ကို ချိုးဖောက်ပါက ပြစ်မှုကြောင်း အရ အပြစ်ပေးအရေးယူခြင်း ခံရမည် ဖြစ်ပါသည်။ သို့ဖြစ်သည့်အားလျော်စွာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီအနေဖြင့် မိမိတို့ ကုမ္ပဏီ အတွက် ဆက်သွယ်ဆောင်ရွက်သူများနှင့် ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ဖောက်ကားမှုများ ဆောင်ရွက်နေသည့် ၎င်း၏ အရာထမ်းများနှင့် ဝန်ထမ်းများသည် မိမိတို့ကုမ္ပဏီ၏ ကိုယ်စားလှယ်များအဖြစ် လိုင်စင်ရယူထားကြောင်း သေချာစေရမည် ဖြစ်သည်။ သီးခြားအနေဖြင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီမှ တာဝန်ခံ သို့မဟုတ် ဝန်ထမ်း တစ်ဦးဦးသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ အခြား ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ တစ်ရပ်ရပ်တွင် ဖြစ်စေ အခြား ကုမ္ပဏီ တစ်ရပ်ရပ်တွင် ဖြစ်စေ အခြား စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်တွင် ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းကို တားမြစ်ထားပါသည်။ လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ငွေချေး သက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းကို သီးခြားလိုင်စင်မရှိဘဲ ဆောင်ရွက် လုပ်ကိုင် နိုင်သည်။ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသူ အခြားသူ တစ်ဦးဦးသည် လိုင်စင်ရယူရန် လိုအပ်ပါသည်။

လိုင်စင်ကိုင်ဆောင်ထားသူ တစ်ဦးသည် ဥပမာအားဖြင့် လိုင်စင်ပါ စည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ လိုက်နာဆောင်ရွက်ရမည့် ၎င်း၏ လုပ်ငန်းဆောင်တာများနှင့် တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ဖြစ်စေ၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ နှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများ တွင် ပြဋ္ဌာန်းထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ ကာလသတ်မှတ်ချက်ဖြင့် လိုင်စင် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင် ပယ်ဖျက်ခြင်းတို့ ပြုလုပ်ခွင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် ထံတွင် ရှိသည်။

ဖွင့်ပွဲကြေငြာခြင်း

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အရ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ တစ်ခုသည် ၎င်း၏ ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ကမ်းလှမ်း ရောင်းချခြင်း မပြုမီတွင် အလားအလာညွှန်းတမ်း အပါအဝင် အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် သို့ တင်ပြရမည် ဖြစ်ပြီး ထိုသို့ ကမ်းလှမ်းရောင်းချခြင်း အတွက် မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံမှ သဘောတူခွင့်ပြုချက်ကိုလည်း တောင်းခံရမည်။ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ တစ်ခုသည်ကုမ္ပဏီများ ဥပဒေ (ယခင် ၁၉၁၄ ခုနှစ်၊ ကုမ္ပဏီများအက်ဥပဒေ)၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ နှင့် ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေတို့ အရ ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာများတွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရမည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ၂၀၁၆ခုနှစ်၊ ဧပြီလ ၇ ရက်နေ့စွဲဖြင့် ညွှန်ကြားချက်အမှတ် ၅/၂၀၁၆ ကို ထုတ်ပြန်ခဲ့ပါသည်။ ကုမ္ပဏီများ ဥပဒေပါ သတ်မှတ်ချက်များကို သိလျက်နှင့် မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်ဖောက်ဖျက်ခြင်း တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အလားအလာညွှန်းတမ်း ထုတ်ပြန်မှုတွင် တာဝန်ရှိသူသည် ငွေဒဏ် ပေးဆောင်ရမည်။ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ချိုးဖောက်သူ တစ်ဦးဦးကို ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေပါ အလားအလာညွှန်းတမ်း သတ်မှတ် ချက် များကို မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်ဖောက်ဖျက်ခြင်း အတွက် အထက် ဖော်ပြပါ ပြစ်ဒဏ်ကိုချမှတ် ခြင်းခံရမည်။ ထို့ပြင် အလားအလာညွှန်းတမ်းတွင် မှားယွင်းသော ဖော်ပြချက် တစ်ရပ်ရပ် ရှိပါက ကုမ္ပဏီများ ဥပဒေ အရ သတ်မှတ်သည့် သီးခြား အကြောင်းအရာ အချက်အလက်များ တွင် ထိုသို့ မှားယွင်းသော ရေးသားတင်ပြချက်ကို တမင် ပြုလုပ်သူသည် ကုမ္ပဏီများ ဥပဒေ အရ ထောင်ဒဏ် သို့မဟုတ်ငွေဒဏ် ချမှတ်ခြင်းခံရမည့်အပြင် ထိုသို့ မှားယွင်းစွာ ဖော်ပြခြင်းသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ အပိုင်း(၉) အရ တားမြစ် ထားသော ဆောင်ရွက်ချက် တစ်ရပ်ဖြစ်သည့်အတွက် ယင်းကိစ္စ အတွက် တာဝန်ရှိသူသည် ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ချမှတ်ခြင်း ခံနိုင်သည်။ တရားမကြောင်း အရ တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် ပြဋ္ဌာန်း ထားခြင်းမရှိသော်လည်း အလားအလာ ညွှန်းတမ်းတွင် အဓိပ္ပါယ် လွဲမှားစေနိုင်သော သို့မဟုတ် မမှန်ကန်သော ဖော်ပြချက် တစ်ရပ်ရပ် ရှိလျှင် အလားအလာညွှန်းတမ်း ထုတ်ပြန်ချိန်တွင် [တာဝန်ယူထားသည့်] ဒါရိုက်တာများ နှင့် ယင်းအလားအလာ ညွှန်းတမ်းကို ထုတ်ပြန်ခွင့်ပြုသူများသည် ကုမ္ပဏီများ ဥပဒေ အရ ယင်း အလားအလာညွှန်းတမ်းကို ယုံကြည်၍ အစုရှယ်ယာများ ဝယ်ယူထားသူများတွင် ဖြစ်ပေါ်သည့် ဆုံရှုံးနစ်နာမှုများ သို့မဟုတ် ထိခိုက်နစ်နာမှုများ အားလုံး အတွက် အတန်အသင့် ခုခံချေပချက်များဖြင့်

တာဝန်ရှိစေရမည်။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး နည်းဥပဒေများ အရ အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီသည် ဆင့်ပွားစျေးကွက်တွင် အစုရှယ်ယာ ရောင်းခြင်း သို့မဟုတ် ဝယ်ယူခြင်း ပြုနေကြသော ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးခံစားခွင့် နှင့် စပ်လျဉ်းသော အထူး အစီရင်ခံစာများ၊ နှစ်ပတ်လည်အစီရင်ခံစာ နှင့် နှစ်ဝက်အစီရင်ခံစာ တို့ကိုမြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းစာရွက် စာတမ်းများမိတ္တူ ကိုကုမ္ပဏီ၏ တရားဝင်မှတ်ပုံတင်ထားသောရုံးတွင် ဖြစ်စေ၊ ဝက်ဘ်ဆိုက် တွင် ဖြစ်စေ ထားရှိစေရမည်။

<u>တားမြစ်ထားသည့် မမှန်မကန် လိမ်လည်ပြုလုပ်မှု</u>

တားမြစ်ထားသည့် ပြုလုပ်မှုများကို ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အပိုင်း (၉) တွင် ဖော်ပြထားပြီး အများပြည်သူအကျိုး နှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသော ပြုလုပ်မှုများဖြစ်သည်။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသာမက ရင်းနှီးမြှုပ်နှံသူ တစ်ဦး သို့မဟုတ် အများနှင့် သက်ဆိုင်သောကုမ္ပဏီ တစ်ရပ်တို့ အပါအဝင် မည်သူမဆို တားမြစ်ထားသည့် ပြုလုပ်မှုများကို လုပ်ဆောင်ခြင်းမပြုရန် တားမြစ်ထားပြီး ချိုးဖောက်ပါက ၁၀ နှစ်ထက် မပိုသော ထောင်ဒဏ်ကိုသော်လည်းကောင်း ထောင်ဒဏ် နှင့် ငွေဒဏ် နှစ်ရပ်လုံး သော်လည်းကောင်း ချမှတ်ခြင်းခံရမည်။ တားမြစ်ထားသည့် ပြုလုပ်မှုများမှာ –

- ငွေချေးသက်သေခံလက်မှတ်နှင့် ဆက်နွယ်သည့် ဆောင်ရွက်ချက်များ နှင့် ငွေချေးသက်သေခံလက်မှတ် စျေးကွက်တွင် ကြီးလေးသော လိမ်လည် လှည့်ဖျားမှု သို့မဟုတ် သက်ရောက်မှု ရှိစေသည့် လိမ်လည်မှု၊ လှည့်ဖျားမှု၊ မှားယွင်းစွာ ဖော်ပြမှု သို့မဟုတ် အရေးကြီး သတင်း အချက်အလက်များကို ထိမ်ချန်မှု တို့ကဲ့သို့သော လုပ်ဆောင်မှု တစ်ရပ်ရပ်တွင် ပတ်သက် ဆက်နွယ်ခြင်း။

- ငွေချေးသက်သေခံလက်မှတ်များကို ရောင်းရန် သို့မဟုတ် ဝယ်ရန် အတွက် အခြားသူများကို လှုံ့ဆော်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်း ပြုရန်အလို့ငှာ မမှန်ကန်သော သတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် စျေးကွက် အတွင်း ငွေချေးသက်သေခံလက်မှတ်စျေးနှုန်းကို ကြီးလေးစွာ သက်ရောက်စေသည့် မပြည့်စုံသော သို့မဟုတ် အချိန်အခါ မသင့်သော သတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း။

- မိမိ အတွက် ဖြစ်စေ၊ အခြားသူများ အတွက် ဖြစ်စေ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းရန် သို့မဟုတ် ဝယ်ရန် အလို့ငှာ အတွင်းသတင်းအချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် အတွင်းသတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် ပုံပိုးပေးခြင်းသို့မဟုတ် ထုတ်ဖော်အသိပေးခြင်းမရှိသော အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ ငွေချေးသက်သေခံလက်မှတ်များ ရောင်းခြင်း သို့မဟုတ် ဝယ်ခြင်း ဆိုင်ရာ အကြံဉာဏ်များကို အခြားသူများထံ ပေးခြင်း။

- မမှန်ကန်သော ရောင်းလိုအား နှင့် ဝယ်လိုအားကို ဖန်တီး၍ ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းတို့တွင် ပူးပေါင်းကြံစည်ခြင်း၊ သို့မဟုတ် ငွေချေး သက်သေခံ လက်မှတ်များ၏ စျေးနှုန်းကို ကြိုးကိုင်ခြယ်လှယ်ရန်အလို့ငှာ အခြားသူများနှင့် ပူးပေါင်းကြံစည်၍ ဖြစ်စေ၊ အခြားသူများကို သွေးဆောင်ဖြားယောင်း၍ ဖြစ်စေ စဉ်ဆက်မပြတ်ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် အရောင်းအဝယ်နည်းလမ်းများကို အသုံးပြုခြင်း။

<u>မြန်မာနိုင်ငံရှိ ငွေချေးသက်သေခံလက်မှတ်စျေးကွက်ကို ခြုံငုံသုံးသပ်ချက်</u>

ရန်ကုန်စတော့အိပ်ချိန်း ကို နိုင်ငံပိုင်ဘဏ် တစ်ခု ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်ကုမ္ပဏီများ ဖြစ်သည့် Daiwa Institute of Research နှင့် Japan Exchange Group တို့က ဖက်စပ် ပိုင်ဆိုင်သော ကုမ္ပဏီ တစ်ခု ဖြစ်သည့် ရန်ကုန်စတော့ အိတ်ချိန်းဖက်စပ် ကုမ္ပဏီလီမိတက်က ပိုင်ဆိုင် ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာများ ရောင်းဝယ်ဖောက်ကားခြင်းကို ၂၀၁၆ခုနှစ်၊ မတ်လ ၂၅-ရက်နေ့တွင် စတင်ခဲ့ပါသည်။ ဤဖွင့်ဟကြေညာစာတမ်း တင်သွင်းသည့်နေ့ရက်၌ ရန်ကုန် စတော့အိပ်ချိန်း တွင် First Myanmar Investment Co. Ltd. ၊ Myanmar Thilawa SEZ Holdings Public Ltd. ၊ Myanmar Citizens Bank Limited ၊ First Private Bank Limited. ၊ TMH Telecom Public Co.Ltd နှင့် Ever Flow River Group Public Company Limited.ဟူ၍ စာရင်းတင်သွင်း ထားသည့် ကုမ္ပဏီ ခြောက်ခု ရှိပါသည်။

Myanmar Securities Exchange Centre Co., Ltd. ကို မြန်မာနိုင်ငံ၌ ၁၉၉၆ခုနှစ် တွင် အရင်းအနှီးစျေးကွက် ဖွံ့ဖြိုးစေရန် အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ၏ လမ်းညွှန်ချက်နှင့် အညီ မြန်မာ့စီးပွားရေးဘဏ် နှင့် ဂျပန် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ တစ်ခု ဖြစ်သော Daiwa Securities Group Inc တို့ အကျိုးတူ ပူးပေါင်း တည်ထောင် ခဲ့ပါသည်။ MSEC သည် ရန်ကုန်စတော့အိပ်ချိန်း မတည်ထောင်နိုင်မီ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ ၂-ခု၏ အစုရှယ်ယာများကို ၁၉၉၀ခုနှစ် နောက်ပိုင်းကာလ ကတည်းက စတင်၍ ရောင်းဝယ်ခဲ့ကြပါသည်။

အောက်တွင် ဖော်ပြထားသည့် စတော့အိပ်ချိန်းအပြင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးဥပဒေတွင် ကောင်တာစျေးကွက် သို့မဟုတ် စာရင်း မဝင်သော ငွေချေးသက်သေခံလက်မှတ် များကို ရောင်းဝယ်ခြင်း အတွက် ဖွဲ့စည်းထားသည့် စျေးကွက်နှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကိုလည်း သတ်မှတ် ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သုံးခုထက်မနည်းစေရဘဲ ယင်းစျေးကွက်ကို ဖွဲ့စည်းနိုင် ပါသည်။ ခွင့်ပြုချက် ရရှိရန်အတွက် သတ်မှတ်ချက်များ နှင့် လုပ်ထုံးလုပ်နည်းများအပြင် ဖွဲ့စည်းမှု ဆိုင်ရာကိစ္စရပ်များ၊ ၎င်း၏လုပ်ငန်း ဆောင်တာများနှင့် တာဝန်ဝတ္တရားများကို ငွေချေးသက်သေခံ လက်မှတ် များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

စတော့အိပ်ချိန်းသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်စျေးကွက်၏ မဏ္ဍိုင် တစ်ရပ် ဖြစ်ပါသည်။ ယင်းကို မြန်မာနိုင်ငံဥပဒေအရ ပေးရန်တာဝန်ကန့်သတ်ထားသောကုမ္ပဏီ သို့မဟုတ် အကျိုးတူဖက်စပ်

လုပ်ငန်းအဖြစ် ဖွဲ့စည်းနိုင်ပါသည်။ စတော့အိပ်ချိန်းအတွက် မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံမှ ခွင့်ပြုမိန့် ရယူရမည်ဖြစ်ပြီး ၎င်း၏ ပဋ္ဌာန်းစာတမ်းကို ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းစည်းမျဉ်းများကို ဖြစ်စေ၊ ပြင်ဆင်ဖြည့်စွက်မှု တစ်ရပ်ရပ် အတွက် ခွင့်ပြုချက် အပါအဝင် ၎င်း၏ ကြီးကြပ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အာဏာကို လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။ ခွင့်ပြုမိန့်အတွက် သတ်မှတ်ချက်များ နှင့် လုပ်ထုံးလုပ်နည်း အသေးစိတ်တို့ကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ စတော့အိပ်ချိန်း သည် ရောင်းဝယ်မှုတွင် ပါဝင်သူများနှင့် စပ်လျဉ်း၍ စာရင်းတင်သွင်းမှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိစ္စရပ်များကို ဆုံးဖြတ်သတ်မှတ်ရန်အပါအဝင် ၎င်းကိုယ်တိုင် စည်းကမ်းထိန်းသိမ်း ခွင့်ရှိပါသည်။

ရန်ကုန်စတော့အိပ်ချိန်း ကဲ့သို့သော စတော့အိပ်ချိန်း တစ်ခုသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိသော်လည်း မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ထံသို့ အကြောင်းကြားစာ ပေးပို့ရမည်။ စာရင်းဝင်သော အစုရှယ်ယာများနှင့် စပ်လျဉ်း၍ အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင် စာရင်းရေးသွင်း လွှဲပြောင်းခြင်းစနစ် (Book-Entry Transfer System) ကို မြန်မာနိုင်ငံတွင် စတင် အသုံးပြုနေပြီ ဖြစ်ပြီး ရန်ကုန်စတော့အိပ်ချိန်း သည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်း ဆိုင်ရာ ဗဟိုဌာန ဖြစ်လာမည်ဖြစ်သည် ။ ကုမ္ပဏီများ ဥပဒေတွင် အစုရှယ်ယာလက်မှတ်များကို ထုတ်ပေးမည်ဟု ပြဋ္ဌာန်းထားပြီး ကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အီလက်ထရောနစ် နည်းဖြင့် မှတ်တမ်းတင် စာရင်းရေးသွင်း လွှဲပြောင်းခြင်းစနစ်တို့တွင် ကွာဟချက် ကျဉ်းမြောင်းစေရန် အတွက် ၂၀၁၅ခုနှစ်၊ သြဂုတ်လ ၇-ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ် ရေးကော်မရှင်က ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၆ခုနှစ်၊ မတ်လ ၂၈-ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၈၆/၂၀၁၆ ကို ဘဏ္ဍာရေးဝန်ကြီးဌာန က ထုတ်ပြန်ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်း တွင် စာရင်း တင်သွင်းထားသော ကုမ္ပဏီများအနေဖြင့် အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များ နှင့်ယင်းနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီး ဌာနထံတွင် မှတ်ပုံတင်ရန် ယင်းအမိန့်ကြော်ငြာစာတွင် ခွင့်ပြုထားပါသည်။

ထို့ပြင် SECM သည် YSX တွင် နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ကို အထူးတလည်အားဖြင့် ခွင့်ပြုရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ ကို ထုတ်ပြန်ခဲ့ပြီး၊ YSX တွင် တစ်ဦးချင်း နှင့် ကုမ္ပဏီများ အပါအဝင် နိုင်ငံခြားသားများ အရောင်းအဝယ်လုပ်ခြင်းကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သော်လည်း စတော့ အိတ်ချိန်းတွင် နိုင်ငံခြားသားပါဝင်မှုအတွက် လုပ်ထုံးလုပ်နည်းများကို YSX က သီးခြားဖော်ပြ သွားမည်ဖြစ်ကြောင်းလည်း ဖော်ပြခဲ့သည်။ ထို့ပြင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ တွင် ဖော်ပြထား သည်မှာ အစုရှယ်ယာတစ်မျိုးတစ်စားတည်းကိုသာ အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ပြီး ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီများသည် စာရင်းဝင်ကုမ္ပဏီတစ်ခု၌ နိုင်ငံခြားသား အစုရှယ်ယာပိုင်ဆိုင်မှုကို တွက်ချက်သည့်အခါ ကုမ္ပဏီတွင်

ယင်းနိုင်ငံခြားသား၏ တိုက်ရိုက်ပိုင်ဆိုင်မှုကိုသာ နိုင်ငံခြားပိုင်ဆိုင်မှုဟု သတ်မှတ်တွက်ချက်ရမည်ဟုလည်း ညွှန်ကြားထားပါသည်။ ထိုပြင် စာရင်းဝင်ကုမ္ပဏီများအနေဖြင့် မိမိတို့ကုမ္ပဏီတွင် နိုင်ငံခြားသားများ၏ ရောင်းဝယ်မှုကို ၎င်းတို့၏ရှယ်ယာ မည်သည့်ရာခိုင်နှုန်းအထိ ခွင့်ပြုသွားမည်ဆိုခြင်းကိုလည်း YSX သို့ တင်ပြရမည်ဟု ညွှန်ကြားထားပါသည်။ SECM က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်နေ့ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ တွင် YSX ရှိ စာရင်းဝင် ကုမ္ပဏီအစုရှယ်ယာများ ကို နိုင်ငံခြားသားများ နေ့စဉ်အစုရှယ်ယာရောင်းဝယ်မှုပြုလုပ်နိုင်ရန် ငွေချေး သက်သေခံလက်မှတ်စာရင်းများ ဖွင့်လှစ်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ လိုက်နာ ရမည့်သတ်မှတ်ချက်များကို ဖော်ပြထားပါသည်။ ထိုပြင် ပြည်တွင်း၌နေထိုင်သူ နှင့် ပြည်ပတွင်နေထိုင်သူ နိုင်ငံခြားသားများ အမှန်တကယ်စတင်ရောင်းဝယ်နိုင်သည့် ရက်စွဲကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်တွင် စတင်မည်ဟု လည်း ဆုံးဖြတ်ပေးထားပါသည်။

ထိုပြင် SECMသည် ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ရက်နေ့တွင် ထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၊ အပိုဒ် ၁၀၇၏ လုပ်ငန်းဆောင်တာကို ရှင်းလင်းခဲ့ပါသည်။ ထိုညွှန်ကြားချက်တွင် အများပိုင်ကုမ္ပဏီများက ငွေချေး သက်သေခံလက်မှတ်များရောင်းချရာတွင် အလားအလာညွှန်းတမ်း တင်ပြရန်မလိုသည့် ဥပမာဖြစ်ရပ်များ၊ SECM၏ ခွင့်ပြုချက်ကိုတောင်းခံရန်မလိုသည့် ဥပမာဖြစ်ရပ်များကို ဖော်ပြထားပါသည်။

<u>အပိုင်း ၉။ လုပ်ငန်းနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံဥပဒေများ နှင့် စည်းမျဉ်းများအကျဉ်းချုပ်</u>

မြန်မာနိုင်ငံတွင် ခရီးသွားလာမှု နှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကို ဟိုတယ် နှင့် ခရီးသွား လာရေးဝန်ကြီးဌာနမှ ကြီးကြပ် ကွပ်ကဲလျှက်ရှိပါသည်။

"My Hpa An Residence" by Amata အတွက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ယာယီဟိုတယ်လုပ်ငန်းလိုင်စင် (အမှတ် H(KYN)-0030) ကို မကြာသေးမီက ရရှိထားပြီး ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်အကုန် သို့မဟုတ် လာမည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ် ဟိုတယ်လုပ်ငန်းလိုင်စင် ရရှိနိုင်ခြေများသည်ဟု မျှော်မှန်း ထားပါသည်။ထို လုပ်ငန်းများ နှင့် စပ်လျဉ်း၍ ပြည်ပခရီးသွား များ သွားလာပို့ဆောင်ရေးလိုင်စင်၊ လူစီးမီးပုံးပျံ လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်၊ ဟိုတယ် ခေါင်းစဉ်အောက်မှ စားသောက်ဆိုင် နှင့် အရောင်းဆိုင်များ အတွက် သက်ဆိုင်ရာ လုပ်ငန်း လိုင်စင်များ၊ ဟိုတယ် လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ကို ၂၀၂၀ နှစ်ကုန်ပိုင်း သို့မဟုတ် နောင်ဘဏ္ဍာရေးနှစ် အကုန် တွင် ရရှိလိမ့် မည် ဟု ယုံ ကြည် ထား ပါသည်။

<u>၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ</u>

ပြည်ထောင်စု လွှတ်တော်သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ယခင် ဟိုတယ် နှင့် ခရီးသွားလာရေး ဥပဒေ (၁၉၉၃) ကို ရုပ်သိမ်းပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈) ("MTL") ကို အတည်ပြုခဲ့ ပြဋ္ဌာန်းခဲ့ပါသည်။

ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူ မည်သူမဆို တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် အခြားနည်းဖော်ပြထားခြင်းမရှိလျှင် လုပ်ငန်းစတင်အကောင်အထည်မဖော်မီ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခုဆောက်လုပ်ခြင်း နှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်လိုပါက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ကြိုတင် ခွင့်ပြုချက်ရရှိရန်လျှောက်ထားရမည်။

ထိုပြင် အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစား တစ်ခုခြင်းစီအတွက် ခရီးသွားလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူမည်သူမဆို လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ သို့လျှောက်ထားရမည်-

- ခရီးလှည့်လည်ရေးလုပ်ငန်း၊
- ဟိုတယ်လုပ်ငန်း၊
- တည်းခိုရိပ်သာလုပ်ငန်း၊
- ဧည့်လမ်းညွှန်လုပ်ငန်း၊
- ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်း။

ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ပြီးနောက်-

- သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူထံမှ သတ်မှတ်ထားသော လိုင်စင် ကြေးကို ရရှိသည်နှင့် ကြန့်ကြာမှုမရှိစေဘဲ လိုင်စင်ထုတ်ပေးရမည်။
- သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ် ရပ်ကို ဖောက်ဖျက်လျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအရေးယူဆောင်ရွက်မှု တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

- သတိပေးခြင်း၊
  - လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊
  - လိုင်စင်ကိုပယ်ဖျက်ခြင်း၊
  - အမည်ပျက်စာရင်းတင်သွင်းခြင်း။

မည်သူမဆို လိုင်စင်မရှိဘဲ ခရီးသွားလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။

၂၀၁၂ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် ၂၀၁၄ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ

၂၀၁၂ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဥပဒေ၏ ရည်ရွယ်ချက်မှာ 'မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် အခြေခံမူဝါဒနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျစုစည်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းညွှန်ချက်များ ချမှတ်ရန်၊ နောင်အနာဂတ် မျိုးဆက်သစ်များ နှင့် ပစ္စုပ္ပန်အကျိုးအတွက် သန့်ရှင်းကျန်းမာသော သဘာဝပတ်ဝန်းကျင်ဖန်တီးပေးရန်အတွက်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လည်းကောင်း၊ ဂေဟစနစ်ပျက်စီးယိုယွင်းခြင်းမှ ကာကွယ်ရန်အတွက် လည်းကောင်း၊ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းအတွက်လည်းကောင်း၊ နိုင်ငံတော်၏ ပစ္စုပ္ပန် နှင့် အနာဂတ် မျိုးဆက်သစ်များအကျိုးအတွက် မူဝါဒများချမှတ်ထိန်းသိမ်းပေးရန် နှင့် သဘာဝ ပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ အကြံဉာဏ်များ ဝေမျှရန်အတွက်လည်းကောင်း ပညာပေးအစီစဉ်များ လုပ်ဆောင်ရန် နှင့် အများပြည်သူသို့ အသိပညာဖြန့်ဝေခြင်းမြင့်တင်ရန် နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်တွင်း၊ပြည်ပ နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တစ်ဦးချင်းသော်လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အဖွဲ့အစည်းများ နှင့် အစိုးရဌာနများကြား ပူးပေါင်းလုပ်ဆောင်နိုင်ရန်ရည်ရွယ်ပါသည်။

၂၀၁၂ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၏ပုဒ်မ ၄ အရ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပညာပေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရန်၊ အစိုးရဌာနများ နှင့် အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်များသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေ ပါကတားမြစ်ရန် နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံ၏သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ မူဝါဒများချမှတ် ဆောင်ရွက်ရန် စသည့်လုပ်ပိုင်ခွင့်တို့ရှိပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရ၏ခွင့်ပြုချက်အရ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သော စီးပွားရေးလုပ်ငန်းအမျိုးအစားတွင် ပါဝင် သောလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်အရည်အသွေးကိုထိခိုက်စေပါက ၎င်းစီးပွားရေး လုပ်ငန်း ၏လုပ်ဆောင်ချက်တစ်ခုခု မစတင်မီ ကြိုတင် ခွင့်ပြုမိန့်ရယူရန်နှင့် အဆိုပါလုပ်ငန်းကို တားမြစ် နိုင်သည်။ ဝန်ကြီးဌာနသည် အဆိုပါစီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ၎င်းတို့၏ဆန္ဒအရ ဆုံးဖြတ်နိုင်သည်။ မည်သူမဆို ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် မရှိဘဲ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ပြီး ထိုလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင် အရည်အသွေးကို ထိခိုက် စေပါက ထိုသူအား ၃နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ်တစ်သိန်းမှ ငွေကျပ်တစ်ဆယ်သိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၀၁၆ခုနှစ်တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် (လူသားမျိုးနွယ်ကျန်းမာရေး နှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး နှင့် ကိုက်ညီသော သဘာဝပတ်ဝန်းကျင် အ ရည်အသွေးအတွက် စံသတ်မှတ်ချက်များပါဝင်သော) မူဝါဒ ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ၎င်းမူဝါဒအရ ပတ်ဝန်းကျင် ဆိုင်ရာ အဆင့်အတန်းသတ်မှတ်ချက်များ နှင့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု စိစစ်အကဲဖြတ်မှုလုပ်ထုံးလုပ်နည်း (EIAP) စည်းမျဉ်း ကို ချမှတ်ခဲ့သည်။ အဆိုပါ (EIAP) စည်းမျဉ်းတွင်ဆောင်ရွက်မည့်လုပ်ငန်းသည် (တင်ပြလာသော စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု နှင့် လုပ်ငန်းများသည်) ပတ်ဝန်းကျင် ရုပ်ပိုင်းဆိုင်ရာ နှင့် ဂေဟစနစ်၊ လူသား နှင့် အခြားသက်ရှိများ (ကျန်းမာရေး ကိုထိခိုက်စေခြင်း သို့မဟုတ် လူနေမှုပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းများအပါအဝင်)ကို သိသာထင်ရှားစွာ ထိခိုက်စေခြင်း ရှိ၊မရှိ နှင့် အဆိုပါ စီမံကိန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်များကို ခွင့်ပြုရန် သင့်၊ မသင့်ကို ဆုံးဖြတ်ရန် စနစ်တကျစိစစ် အကဲဖြတ်ခြင်းတို့ ပါဝင်ပါသည်။)

သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု စိစစ်အကဲဖြတ်မှု လုပ်ထုံးလုပ်နည်းများ (EIAP) အရ ကုမ္ပဏီများသည် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးအကဲဖြတ်လေ့လာ ဆန်းစစ်မှု(IEE) သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်ခြေ အကဲဖြတ်လေ့လာဆန်းစစ်မှု (EIA) မှ ချမှတ်ထားသော EIAP ၏နောက်ဆက်တွဲ ၉ယား(၁)တွင် ဖော်ပြထားသော စီးပွားရေးလုပ်ငန်း အမျိုးအစားများ နှင့်အညီ ဆောင်ရွက်ရမည်။ အကယ်၍ IEE သို့မဟုတ် EIA ကို လိုအပ်သည်ဟု ဆုံးဖြတ်ပါက ရရှိလာသော စီစစ်မှုရလဒ်အရ ခွင့်ပြုမိန့် နှင့် ထောက်ခံချက် ရရှိရန်အတွက် အဆိုပါ စီမံကိန်း သို့မဟုတ်လုပ်ငန်းနှင့် စပ်လျဉ်း ၍ သင့်တော်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန်လိုအပ်ပါသည်။ IEE သို့မဟုတ် EIA ကို လိုအပ်သော စီမံကိန်းများအတွက် ဝန်ကြီးဌာနမှ သို့မဟုတ် ၎င်းစီမံကိန်း အကောင်အထည်ဖော်ရန် အဆိုပြုလွှာ တင်သွင်းရသည့် အစိုးရအာဏာပိုင်မှ ခွင့်ပြုမိန့်တစ်စုံ တစ်ရာ ထုတ်ပြန်ခြင်းမပြုမီ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနမှ ပထမဦးစွာ သဘာဝပတ်ဝန်းကျင်နှင့်အညီ စောင့်ထိန်း လိုက်နာ ဆောင်ရွက်မှု အသိအမှတ်ပြုလွှာ ထုတ်ပေးရမည်ဖြစ်ပါသည်။

<u>ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ</u>

ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေတွင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ၊ လူတို့ပြုလုပ်မှုကြောင့်ဖြစ်စေ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ပျက်စီးယိုယွင်းခြင်းမှ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန် ပြဋ္ဌာန်းထားပါသည်။

အထူးသဖြင့် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေသည် ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာ၊ တည်းခိုဆောင်၊ စက်မှုလုပ်ငန်းဆိုင်ရာအဆောက်အအုံတို့ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ၎င်းတို့၏ နယ်နိမိတ် ကို တိုးချဲ့ လိုသူတစ်ဦးသည် ရှေးဟောင်း သုတေသန ဦးစီးဌာန (ယခု ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက် နှင့် စာကြည့်တိုက် ဦးစီးဌာန)မှ

သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပြီး အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များ ကို လိုက်နာရမည်ဖြစ်ကြောင်းပြဋ္ဌာန်းထားပါသည်။ ကြိုတင်ခွင့်ပြုချက်တောင်းခံရန် ပျက်ကွက်ခဲ့လျှင် ငွေဒဏ် ၅၀,၀၀၀ကျပ် အထိဖြစ်စေ၊ ထောင်ဒဏ် ၅နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ

၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ တွင် အရက်တင်သွင်းမှု၊ တင်ပို့မှု၊ သယ်ဆောင်မှု၊ ထုတ်လုပ်မှု၊ လက်ဝယ်ထားရှိမှု၊ ရောင်းချမှုတို့နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပါသည်။

၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ ခွင့်ပြုထားသော လိုင်စင်ပါ စည်းကမ်းချက်များ လိုက်နာခြင်းမှအပ အရက်ပုလင်းကို ဖြစ်စေ ယစ်မျိုးပစ္စည်းတစ်မျိုးမျိုးကိုဖြစ်စေ ရောင်းချခြင်းမပြုရ။

၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပါ သတ်မှတ်ချက်များကို ချိုးဖောက်သူ မည်သူမဆို ထောင်ဒဏ် အနည်းဆုံး ခြောက်လ မှ အများဆုံး နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး တစ်ဆယ်သိန်းကျပ် မှ အများဆုံး သိန်းနှစ်ဆယ်ကျပ်အထိဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၀၁၆ခုနှစ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ

၂၀၁၂ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့် ၂၀၁၃ခုနှစ်၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့အား ပေါင်းစည်း ပယ်ဖျက်ပြီး ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ အသစ် ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု ဥပဒေ သစ်အရ ရင်းနှီးမြှုပ်နှံလုပ်ငန်း အမျိုးအစား လေးခု ရှိပါသည်။ ၄င်းတို့မှာ (၁) နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု နှစ်မျိုးစလုံးကို တားမြစ်ထားပြီး နိုင်ငံတော်ကသာ ဆောင်ရွက်ခွင့် ရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ (၂) နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ခွင့် မရှိသည့် လုပ်ငန်းများ၊ (၃) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းရှိ နိုင်ငံသား တစ်ဦးဦး သို့မဟုတ် နိုင်ငံသားပိုင် လုပ်ငန်း တစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နှင့် (၄) နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဖြစ်စေ၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ဖြစ်စေ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတို့ ဖြစ်ပါသည်။ ကန့်သတ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစား တစ်ခုခုတွင် ရင်းနှီး မြှုပ်နှံလိုသည့် နိုင်ငံခြားသားတစ်ဦးအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission- MIC) ထံမှ သီးခြား အတည်ပြုချက် ရယူရန် လိုအပ်ပါသည်။ ယင်းကန့်သတ်ချက်တို့မှ လွဲ၍ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတို့သည် အခြားကဏ္ဍတို့တွင် အတည်ပြုချက် ရယူရန်မလိုဘဲ ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်တွင် ဆောင်ရွက်ရမည့် စည်းကမ်းချက်အသစ်တစ်ရပ် မှာ "အတည်ပြုချက်လျှောက်ထားလွှာ" ဖြစ်ပါသည်။ ကန့်သတ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစား တစ်ခုခုတွင် မပါဝင်သည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူသည် MIC ထံမှ အတည်ပြုမိန့် (Endorsement)

တစ်ခုကို အတည်ပြုချက်လျှောက်ထားလွှာဖြင့် လျှောက်ထား ရယူနိုင်သည်။ MIC ၏ အတည်ပြုမိန့် ရရှိလျှင် ယခင် နိုင်ငံခြားသား နှင့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ အရ ခွင့်ပြုမိန့် (Permit) ထုတ်ပေးခြင်းခံရသူသာ ရရှိနိုင်သော မြေအသုံးပြုခွင့်၊ အခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် စသည့် အကျိုး ခံစားခွင့်များကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူက ရရှိခံစားနိုင်မည် ဖြစ်ပါသည်။ ထိုပြင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နည်းပါး ပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော ဒေသများတွင် ရင်းနှီးမြှုပ်နှံသူသည် ပုံမှန် နှစ်ပေါင်း-၅၀ (နှင့် နှစ်ပေါင်း-၂၀ သက်တမ်းတိုးခွင့်တို့) ထက် ပိုမို သက်တမ်း ကြာမြင့်သော မြေငှားရမ်းခွင့် ရရှိရန် လျှောက်ထား နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်တွင် ဖွံ့ဖြိုးမှု နည်းပါးသော တိုင်းဒေသကြီး၊ ပြည်နယ်တို့၌ ရင်းနှီး မြှုပ်နှံလျှင် ဝင်ငွေခွန် ကင်းလွတ်ခွင့် ၇-နှစ် အထိ တိုးမြှင့် ခွင့်ပြုနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ပါ အခြားသော မှတ်သားဖွယ်ရာ ပြဋ္ဌာန်းချက်တို့မှာ - နိုင်ငံသား နှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတို့ကို ခွဲခြားမှု မရှိဘဲ အခွင့်အရေး တန်းတူပေး ဆက်ဆံရန် အာမခံထားခြင်း၊ ရင်းနှီးမြှုပ်နှံမှုမှ ထွက်ပေါ်လာသော အကျိုးအမြတ်များ၊ အစုပေါ် အမြတ်များကို ပြည်ပသို့ လွှဲပြောင်းခွင့် အာမခံထားခြင်း နှင့် နိုင်ငံတော် နှင့် နိုင်ငံသားများ အကျိုး အတွက် အမှန်တကယ် လိုအပ်မှသာ မျှတ ပြည့်စုံလုံလောက်သော လျော်ကြေးပေး၍ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံပိုင်ပြုလုပ်ရမည်ဟု ပါရှိခြင်းတို့ ဖြစ်ပါသည်။

<u>၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ</u>

၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ကို ရုပ်သိမ်းပယ်ဖျက်ပြီး ကုမ္ပဏီများ ဥပဒေကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် စတင်အာဏာတည်ခဲ့ ပါသည်။

ကုမ္ပဏီများဥပဒေသည် မြန်မာနိုင်ငံတွင် ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်း၊ မှတ်ပုံတင်ခြင်း၊ အစုရှယ်ယာ မတည်ငွေရင်း၊ စီမံခန့်ခွဲမှု နှင့် အုပ်ချုပ်ကွပ်ကဲမှု၊ စာရင်းရှင်းဖျက်သိမ်းမှုများတို့ကို ပြဋ္ဌာန်း ထားပါသည်။ ထိုပြင် ကုမ္ပဏီများဥပဒေအရ အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည် အောက်ဖော်ပြပါ အထူးသတ်မှတ်ချက်အချို့နှင့် ကိုက်ညီရန်လိုအပ်ပါသည်-

(၁) အနည်းဆုံးဒါရိုက်တာ သုံး(၃) ဦးရှိရမည်ဖြစ်ပြီး ၎င်းတို့အနက်မှ တစ်ဦးသည် နိုင်ငံတော်အတွင်း အမြဲနေထိုင်သူ မြန်မာနိုင်ငံသားတစ်ဦးဖြစ်ရမည်။

(၂) (MCL တွင် အထူးခွင့်ပြုထားသည်မှအပ) ကုမ္ပဏီအစုရှယ်ယာတစ်ရပ်ရပ်ကို ပုဂ္ဂိုလ် တစ်ဦးဦးက ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်မည်ဖြစ်သော ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သို့မဟုတ် ဝယ်ယူရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချေးငွေ၊ အာမခံချက်၊ အာမခံအကျိုးခံစားခွင့် သတ်မှတ်ချက် သို့မဟုတ် အခြားနည်းသတ်မှတ်ချက်၊ ငွေကြေးအထောက်အပံ့တစ်စုံတစ်ရာကို ပေးအပ်ခြင်းမှ တားမြစ်ထားပါသည်။

(၃) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာများ သို့မဟုတ် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခု၏ ဒါရိုက်တာများသည် အထွေထွေ အစည်းအဝေး တွင် သဘောတူညီချက်ဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်မှအပ အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ-

(က) ကုမ္ပဏီ၏ အဓိကလုပ်ငန်းဆောင်ရွက်မှုများကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖယ်ရှားခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာတစ်ဦးက ပေးချေရမည့် ကြွေးမြီတစ်ရပ်ရပ်ကို ပေးချေခြင်း။

(၄) အများနှင့်သက်ဆိုင်သောကုမ္ပဏီများ (ဆိုလိုသည်မှာ အများနှင့်မသက်ဆိုင်သောကုမ္ပဏီများမပါ) ၏ အစုရှယ်ယာရှင်များအစည်းအဝေးများအပေါ်သာ သက်ရောက်မှုရှိသည့် အထူးသတ်မှတ်ချက်များ၊ အစည်းအဝေးအကြောင်းကြားစာ၊ အကြောင်းကြားကာလ နှင့် မဲခွဲရန်တောင်းဆိုမှုတို့ အပါအဝင်ဖြစ်သည်၊

(၅) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး သို့မဟုတ် ယင်းဒါရိုက်တာက ဖက်စပ်လုပ်ကိုင်သူအဖြစ်ပါဝင်သော လုပ်ငန်း သို့မဟုတ် ယင်းဒါရိုက်တာက ဒါရိုက်တာတစ်ဦးအဖြစ်ပါဝင်သော အများနှင့်မသက်ဆိုင်သောကုမ္ပဏီ တစ်ခုခု သို့ ချေးငွေပေးအပ်ခြင်း သို့မဟုတ် ချေးငွေပေးအပ်ရန်အာမခံခြင်း တို့ မှ တားမြစ်ထားပါသည်၊

(၆) ကုမ္ပဏီများဥပဒေအရ အတိအလင်းခွင့်ပြုထားသည်မှတစ်ပါး အများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် ၎င်းက တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ သက်ဆိုင်သော အကျိုးစီးပွားပတ်သက်သော ပဋိညာဉ် သို့မဟုတ် စီမံဆောင်ရွက်မှုတစ်ခုခုတွင် ဒါရိုက်တာတစ်ဦးအဖြစ် မဲပေးခွင့်မရှိစေရ သက့ဲသို့ ယင်းသို့သော မဲခွဲဆုံးဖြတ်မှုအတွက် ထိုအချိန်တွင် အစည်းအဝေး အထမြောက်ရန်လိုအပ်သည့် ဦးရေ ရရှိရေးအတွက် ၎င်း၏တက်ရောက်မှုကို ထည့်သွင်းတွက်ချက်ခြင်းမပြုရ သက့ဲသို့ မဲပေးခဲ့ပါကလည်း အဆိုပါမဲကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

<u>အပိုင်း ၁၀။ အခွန်ဆိုင်ရာ ကိစ္စရပ်များ</u>

မြန်မာနိုင်ငံတွင် နိုင်ငံတော်မှ ချမှတ်ထားသော ကော်ပိုရိတ်ဝင်ငွေခွန်၊ အခြေပြုပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကောက်ခံသည့်အခွန် နှင့် တံဆိပ်ခေါင်းခွန်တို့နှင့်စပ်လျဉ်း၍ ကုမ္ပဏီ အစုရှယ်ယာရှင်များ အနေဖြင့် ရှယ်ယာပိုင်ဆိုင်မှု၊ ဝယ်ယူမှု နှင့် ထုခွဲရောင်းချခြင်းတို့မှ ပေါ်ပေါက်လာမည့်အခွန်အခဆိုင်ရာ အရေးပါသော အကျိုးဆက်များ အကြောင်းတို့ကို အောက်တွင် ရှင်းလင်းတင်ပြထားပါသည်။ ထိုတင်ပြချက်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများ ပိုင်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ ဖြစ်လာနိုင်ဖွယ်ရှိသော အခွန်အခဆိုင်ရာအကျိုးဆက်များအားလုံးကို အကြွင်းမဲ့ ပြည့်စုံစွာ ဆန်းစစ်လေ့လာချက်အဖြစ် ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ် သက့ဲသို့ ဥပဒေရေးရာ အကြံပြုချက် သို့မဟုတ် အခွန်အခ ဆိုင်ရာအကြံပြုချက်လည်း မဟုတ်ပါ။ ဤဆွေးနွေးတင်ပြချက်သည် နောက်ဆုံးသတင်းအချက်အလက် ရရှိသည့် ရက်စွဲရှိ တည်ဆဲ ဥပဒေများ အပေါ် မှန်ကန်စွာ အဓိပ္ပာယ် ဖွင့်ဆိုကြောင်း မှတ်ယူသော်လည်း ထို ဥပဒေများအား ကျင့်သုံးရန် တာဝန် ရှိသော တရားရုံး သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ အာဏာပိုင်တို့ အနေဖြင့်

ယခု အဓိပ္ပာယ် ဖွင့်ဆိုချက် အတိုင်း သဘော တူညီလိမ့်မည်ဟု လည်းကောင်း၊ ထို ဥပဒေများတွင် အပြောင်းအလဲ တစ်စုံတစ်ရာ မဖြစ်ပေါ်ဟုလည်းကောင်း အာမခံနိုင်ခြင်း မရှိပါ။ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း အများပြည်သူသို့ ထုတ်ပြန် မထားသော သို့တည်းမဟုတ် ယေဘုယျအားဖြင့် အများပြည်သူက မသိရှိနိုင်သော ဥပဒေ နှင့် အခြား နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် တရားဝင် အတည်ပြုနိုင်သည့် အမိန့်ကြော်ငြာစာများ သို့မဟုတ် တရားဝင် အတည်မပြုနိုင်သည့် ရုံးတွင်း လမ်းညွှန်ချက်များလည်း ရှိနေနိုင်ပြီး ယင်းတို့က အောက်ပါ ဆွေးနွေးတင်ပြ ချက်အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၏အခွန်အခ သို့မဟုတ် အခြား အခွန်အခတို့ ကြောင့် အစုရှယ်ယာများပိုင်ဆိုင်ခြင်း နှင့် ထုခွဲရောင်းချခြင်းတို့မှ ပေါ်ပေါက်နိုင်သည့် အခွန်အခ ဆိုင်ရာ အကျိုးဆက်များ နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏အစု ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံလိုသူတို့ အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် အခွန်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူခြင်း၊ ပိုင်ဆိုင်ခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာနိုင်သော အခွန်အခ ဆိုင်ရာ အကျိုးဆက် သို့မဟုတ် ပေးရန် တာဝန်တစ်စုံတစ်ရာတို့အတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဦး သို့မဟုတ် ယခု စာရင်းတင်သွင်းခြင်းတွင် ပါဝင်ပတ်သက်သည့် အခြား မည်သူတစ်ဦးတစ်ယောက်ကမျှ တာဝန် ယူမည် မဟုတ်ပါ။

ကော်ပိုရေးရှင်း ဆိုင်ရာ ဝင်ငွေခွန်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ မြန်မာနိုင်ငံ ၌ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီဖြစ်လျှင် သော်လည်းကောင်း၊ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းအားလုံးကို မြန်မာနိုင်ငံသားတို့ကသာ ပိုင်ဆိုင်လျှင်သော်လည်းကောင်း၊ ဝင်ငွေခွန် ဆိုင်ရာ ကိစ္စများ အလို့ငှာ ယင်းကုမ္ပဏီကို မြန်မာနိုင်ငံသားတစ်ဦး အနေဖြင့် မှတ်ယူသည်။ ဤကုမ္ပဏီများကို ပြည်တွင်းနေ နိုင်ငံသားဟု မှတ်ယူ၍ စုစုပေါင်း ဝင်ငွေ အပေါ် အခြေခံပြီး အခွန် စည်းကြပ် ပါသည်။ ထို အခွန် စည်းကြပ်ထိုက်သော စုစုပေါင်း ဝင်ငွေတွင် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ နှင့် အခြားဝင်ငွေရလမ်းများမှ ရသော ဝင်ငွေတို့ အားလုံး ပါဝင်ပါသည်။ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ တည်ထောင်ထားသည့် ကုမ္ပဏီကို ၎င်း၏ အခွန် စည်းကြပ်ထိုက်သည့် အသားတင် ဝင်ငွေ အပေါ် အခွန် နှစ်ဆယ့်ငါး ရာခိုင်နှုန်း (၂၅%) စည်းကြပ်ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၇ အရ ရန်ကုန်စတော့အိပ်ချိန်း တွင် စာရင်းတင်သွင်းသော အများပိုင်ကုမ္ပဏီများအတွက် ဝင်ငွေခွန်နှုန်းထားကို ၂၅% မှ ၂၀% အထိ လျှော့ချပေးထားပါသည်။

အမြတ်ဝေစု ခွဲဝေခြင်း

အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီ အပါအဝင် ပြည်တွင်းအခြေစိုက်မြန်မာကုမ္ပဏီ တစ်ခု ခုမှ ခွဲဝေပေးသော အမြတ်ဝေစု ရရှိသည့် အစုရှယ်ယာရှင်များသည် ၎င်းတို့ရရှိသည့် ထိုအမြတ်ဝေစု အပေါ် ဝင်ငွေခွန် ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ရရှိပါသည်။

အစုရှယ်ယာများ ရောင်းချခြင်းမှ မြတ်စွန်းငွေ

မြန်မာနိုင်ငံသားများက အစုရှယ်ယာများ ရောင်းချခြင်းမှ မြတ်စွန်းငွေ အပေါ် (ရေနံ နှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍရှိ ကုမ္ပဏီများအား ခြွင်းချက်ပြု၍) အခြေပစ္စည်းမှ မြတ်စွန်းငွေ အဖြစ် အခွန် တစ်ဆယ် ရာခိုင်နှုန်း (၁၀%) ပေးဆောင်ရမည် ဖြစ်ပါသည်။ အစုရှယ်ယာများ ရောင်းရင်းမှ အစုရှယ်ယာများအတွက် ကုန်ကျခဲ့သည့် စရိတ်ကို နုတ်ခြင်းအားဖြင့် အခွန် စည်းကြပ်ထိုက်သော အခြေပစ္စည်းမှ မြတ်စွန်းငွေကို တွက်ချက်ရမည်ဖြစ်ပါသည်။

တံဆိပ်ခေါင်းခွန်

အစုရှယ်ယာများ ဝယ်ယူသူ အနေဖြင့် ဝယ်ယူသည့် အစုရှယ်ယာများ၏ တန်ဖိုး အပေါ် တံဆိပ်ခေါင်းခွန် ၀.၁ ရာခိုင်နှုန်း (၀.၁%) ထမ်းဆောင်ရန်လိုအပ်ပါသည်။

<u>အပိုင်း ၁၁။ အခြားသတင်းအချက်အလက်များ</u>

သဘောတူခွင့်ပြုချက်များ

၁။ မြန်မာနိုင်ငံ၏ဥပဒေများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ကုမ္ပဏီ၏ ဥပဒေအကြံပေး ဖြစ်သည့် Allen & Gledhill (Myanmar) Co., Ltd. အနေဖြင့် ဤ ဖွင့်ဟကြေညာ စာတမ်းတွင် ဖော်ပြပါရှိသည့် ပုံသဏ္ဌာန်၊ စကားစပ်အနေအထားတို့အတိုင်း ၎င်း၏ အမည် နှင့် ရည်ညွှန်းချက်များပါဝင်သည့် ဤ ဖွင့်ဟကြေညာစာတမ်းကို ထုတ်ဝေရန် နှင့် ဤ ဖွင့်ဟကြေညာစာတမ်း အလို့ငှာ ထိုကဲ့သို့သော အခန်းကဏ္ဍမှဆောင်ရွက်ရန်၎င်း၏ ပြန်လည် ရုပ်သိမ်းထားခြင်းမရှိ သည့် စာဖြင့်ရေးသားသဘောတူခွင့်ပြုချက်ကို ပေးအပ်ထားပြီး ဖြစ် ပါသည်။

၂။ ကျွန်ုပ်တို့ကုမ္ပဏီ၏ မြန်မာဥပဒေများဆိုင်ရာအကြံပေးအဖွဲ့ နှင့် ဘဏ္ဍာရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ် အသီးသီး တို့ သည် ဤဖွင့်ဟကြေငြာစာတမ်းတွင် သို့မဟုတ် ဤဖွင့်ဟကြေငြာစာတမ်းအပေါ် အခြေပြုဖော်ပြသော မည်သည့် ဖော်ပြချက်၊ ကိုးကားချက်တစ်စုံတစ်ရာကိုမျှပြုလုပ် ထားခြင်း၊ ပြုလုပ်ရန်ရည်ရွယ် ထားခြင်းမရှိပါ။ ထိုပြင် ဤဖွင့်ဟကြေငြာစာတမ်းပါ ဖော်ပြချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် အကြံပြုချက်များ နှင့် ယင်းတို့ ကို အခြေပြုသည့် သို့မဟုတ် ယင်းတို့ မှဆက်စပ်ဖြစ်ပေါ် လာသည့် မည်သည့်အကျိုးဆက် ကိုမဆိုအဆိုပါပုဂ္ဂိုလ် တစ်ဦးဦးက မည်သည့်

တာဝန်မျှမရှိကြောင်း နှင့် တာဝန်ယူမည် မဟုတ်ပါကြောင်း တာဝန်ရှိသည်ဟု လုံးဝ လက်မခံဘဲ ဥပဒေနှင့်အညီ ငြင်းဆိုပါသည်။

ဘာသာစကား

ဤဖွင့်ဟကြေညာစာတမ်းကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ပြန်ပါသည်။ ဤဖွင့်ဟကြေညာစာတမ်း၏ အင်္ဂလိပ်နှင့် မြန်မာနှစ်ဘာသာတို့အကြား ကွဲလွဲမှု တစ်စုံတစ်ရာသို့မဟုတ် ရှေ့နောက်မညီညွတ်မှု တစ်စုံတစ်ရာရှိလျှင် အင်္ဂလိပ် ဘာသာ စကားဖြင့် ထုတ်ပြန်ထားသည့် ဖွင့်ဟကြေညာစာတမ်းက လွှမ်းမိုးစေရမည်။

ကျွန်ုပ်တို့ ကုမ္ပဏီ ဒါရိုက်တာများ၏ တာဝန်ယူမှု၊တာဝန်ခံမှုဖော်ပြချက်

ဤ ဖွင့်ဟကြေညာစာတမ်းကို ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာများမှ ကြည့်ရှုအတည်ပြုပြီး ဖြစ်၍ တစ်ဦးချင်းစီအနေဖြင့်လည်းကောင်း၊ အားလုံး စုပေါင်း၍သော် လည်းကောင်း၊ ဤဖွင့်ဟ ကြေညာစာတမ်းပါ ဖော်ပြချက်တို့၏ တိကျမှန်ကန်မှုအပေါ် အပြည့်အဝ တာဝန်ယူ ပါသည်။ ထို့ပြင် သင့်လျော်သည့် စုံစမ်းမေးမြန်းမှုအားလုံး လုပ်ဆောင်ပြီးနောက် ၎င်းတို့၏ အကောင်းဆုံး သိရှိတတ်ကျွမ်းမှု နှင့် ယုံကြည်ချက်တို့အရ ဤဖွင့်ဟကြေညာစာတမ်းတွင် ဖော်ပြပါရှိသော အချက်အလက်များ နှင့် ထင်မြင်ယူဆချက်များသည် မှန်ကန်၊ မျှတမှု၊ရှိ ကြောင်း နှင့် ဤဖွင့်ဟ ကြေညာစာတမ်း ပါ ဖော်ပြချက်တစ်ခုခုအပေါ် ထင်ယောင်ထင်မှား ဖြစ်စေနိုင် မည့် မည်သည့်အရေးကြီးအချက်အလက်ကိုမျှ ထိန်ချန်ထားခြင်း မရှိကြောင်း အတည်ပြုပါသည်။ ထုတ်ပြန်ထားသော သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူ သိရှိနိုင်သော ဇာစ်မြစ်တို့မှ ကောက်နုတ် ထားသည့် သတင်းအချက်အလက်တို့အတွက်မူ ယင်းတို့ကို အဆိုပါဇာစ်မြစ်တို့မှ တိကျမှန်ကန်စွာ ကောက်နုတ်ထားမှု နှင့်/သို့မဟုတ် ဤဖွင့်ဟကြေညာစာတမ်းတွင် ထိုက်သင့်သည့် ပုံသဏ္ဌာန်၊ စကားစပ် တို့ အတိုင်း တစ်ဖန် ပြန်လည်၍ ကောင်းစွာ ထည့်သွင်းထား ကြောင်း ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာများက တာဝန်ယူပါသည်။

ကြည့်ရှုစစ်ဆေးနိုင်သော ကုမ္ပဏီ၏စာရွက်စာတမ်းများ

ဤ ဖွင့်ဟကြေညာစာတမ်း၏ ရက်စွဲမှ ခြောက်လအတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏ တရားဝင်ရုံးခန်း (အမှတ်၁၀၊ အင်းယားရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ) ၌ ပုံမှန်ရုံးချိန်များအတွင်း အောက်ပါ စာရွက်စာတမ်းမိတ္တူများကို ကြည့်ရှု စစ်ဆေးနိုင်ပါသည် -

(က) ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

<u>အပိုင်း ၁၂။ အမတဟိုး(လ်)ဒင်း အမျှားနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဒါရိုက်တာများ၏ လက်မှတ်များ</u>

ဦးဝင်းအောင်

ဒေါ်နေမြတ်သူအောင်

ဒေါ်နီလာဝင်း

ဒေါ်သန်းသန်းအောင်

ဒေါ်ခင်စုစုဟန်

ဦးကျော်ပိုင်

ဒေါ်သီတာအေး